www.burmeseclassic.com

# လရောင်ကျူးရှင်

သက်တံမျက်စောင်း




www.burmeseclassic.com

www.burmeseclassic.com


# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် – ၅၀၀၈၀၄၀၆၀၉

မျက်နှာဖုံးခွင့်ပြုချက် – ၅၀၀၈၀၀၇၀၉

အကြိမ် – ပထမအကြိမ်၊ ၂၀၀၉ ခုနှစ်၊ ဩဂုတ်လ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀ိ/–

ထုတ်ဝေသူ – ဒေါ်ကေခိုင်ဦး (မြ–၀၃၇၆၉)
ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်း။

အတွင်း/အဖုံးပုံနှိပ်သူ – ဦးဝင်းဖေ (မြ–၀၇၆၅၀)
စိုးထက်ကျော်ပုံနှိပ်တိုက်
တိုက် (၂၀၆)၊ အခန်း (အေ)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃

လရောင်ကျူးရင့်
သက်တံမျက်စောင်း/ လရောင်ကျူးရင့်၊ – ရန်ကုန်။
ရွှေသမင်စာပေ၊ ၂၀၀၉။
၃၀၄ – စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။
( ၁ ) သက်တံမျက်စောင်း




## အခန်း (၁)

"လှလိုက်တာ"

ပြတင်းပေါက် သံပန်းတံခါးကနေ ခြံထဲကိုငုံ့ကြည့်ရင်း တစ်ယောက်တည်းပြောမိသည်။ တစ်နေ့ကုန်နေလို့မှ တစ်ခါပြုံးဖြစ်ဖို့ခဲယဉ်းခဲ့သည့် နှုတ်ခမ်းလေးတွေမှာ ပြုံးရိပ်ထင်နေသည်က မပြီးနိုင်။

ကြက်သွေးရောင် ကတ္တီပါဒေလီယာပွင့်ကြီးတွေက ခေါင်းတညိတ်ညိတ်နှင့်ဆိုတော့ ကိုယ့်ကို လက်ယပ်ခေါ်နေသည်လို့ ခံစားမိလာပြီး ခစ်ခနဲရယ်မိ၏။

ဒီဘက်ကို မျက်လုံးဝေ့လိုက်တော့လည်း ကြက်သွေးရောင်၊ ဗေဒါရောင်၊ အပြာ၊ အဝါ၊ ရောင်စုံသစ်ခွတွေက တစ်ရောင်ချင်း အတန်းလိုက်ရှိနေကြသည်။

သစ်ခွတွေကို ကိုကြီးအောင်ဖော် က ဝါသနာအရရော၊ စီးပွားရေးအတွက် အထောက်အကူဖြစ်ဖို့ပါ နှစ်မျိုးစပ်ရည်ရွယ်၍ အကြီးအကျယ်တိုးချဲ့ထားခြင်းဖြစ်သည်။

မမစိမ်း ခေါ် ရွှက်စိမ်းနု ကတော့ သိမ်ကြီးဈေးထဲမှာ နှစ်ခန်းတွဲ ရွှေဆိုင်ကြီးနှင့် ကျောက်မျက်ရတနာတွေ ရောင်းဝယ်ရေးတွေလည်း လုပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးဦးစိမ်းအောင် က အင်ဂျင်နီယာ၊ ကန်ထရိုက်လုပ်ငန်းတွေနှင့် မိုးလင်းက မိုးချုပ် အိမ်ကပ်သည်မရှိပေ။

'မြရွက်စိမ်း'စံအိမ်ကြီးသည် ဆိတ်ငြိမ်ရပ်ကွက်တစ်ခုထဲမှာ တခမ်းတနားကြီးရှိနေသလောက် စီးပွားရေးလုပ်ငန်းကိုယ်စီ ရှိနေကြသည့် ရွက်စိမ်းနုတို့ သားအဖသုံးယောက်၏ မာန်မာနတွေကလည်း သေးသေးကွေးကွေးမဟုတ်ပေ။

ဒေလီယာပင်တန်းတွေဆီသို့ မျက်လုံးပြန်ရောက်ရင်း နှင်း၏နှုတ်ခမ်းလေးက ပြုံးယောင်သမ်းနေဆဲဖြစ်သည်။

မိုင်ညာတံတစ်ခိုင်မှာ အပွင့်ကြီးတစ်ပွင့်ကို ထမ်းပိုးရင်း တလှုပ်လှုပ်ခေါင်းညိတ်၍ ဒေလီယာပွင့်ကြီးတွေက ဖော်ရွေနေသည်။

မဖစိမ်းနဲ့တော့ ကွာလိုက်ပါဘိဟု နောက်ထပ်တွေးမိကာ အပြုံးတို့ပျောက်ကွယ်သွားခဲ့၏။

စီးပွားရေးလောကမှာ မောင်နှမနှစ်ယောက် သူ့ထက်ငါ နေရာလုရင်း ရွက်စိမ်းနို ဆိုသည့် မမစိမ်း၏မျက်နှာထက်မှာ နူးညံ့သည့် အပြုံးအရယ်ဆိုတာ ဘယ်တော့မှမရှိတတ်ပေ။ လပေမယ့် ရင့်သန်မှုတွေက ဖုံးလွှမ်းနေ၏။ ပြုံးရယ်သည့်အခါရှိသော်လည်း အများသူငါလို နှသစ်ပျို ရှယ်သွားတာမျိုး မရှိ။

ဒါပေမယ့် သတင်းကြီးလာတော့ 'ရွက်စိမ်းနု'သိပ်လှသည်တဲ့ ...။

'မလှပါဘူး'လို့ တစ်ယောက်တည်း လွှတ်ခနဲပြောမိကာ နှင်း မျက်နှာလေး တည်သွား၏။

"ဟယ် ... နှင်း ... အမယ်လေး၊ အမြင့်ကြီးမှာတက်ထိုင်ပြီး ဘာလုပ်နေတာလဲ၊ ဒုက္ခပါပဲ"

တစ်ယောက်တည်းနေလိုပါသည်ဆိုမှ အသံတစ်ချက်က စူးခနဲ ဝင်လာသည်။ ငုံ့ကြည့်လိုက်တော့ ထမင်းချက် ခင်အုန်း ဖြစ်၏။





"နှင်းရယ် ပန်းအိုးတင်တဲ့ခုံပေါ်မှာ တီဗွီတွေရော၊ စောင်တွေ့ ခေါင်းအုံးတွေရော ထပ်ဆင့်ပြီးထိုင်နေလိုက်တာ၊ ဆင်း ... ဆင်း"

"ဘာဖြစ်လို့လဲ၊ လိမ့်ကျမှာစိုးလို့လား။ တီဗွီကွဲမှာစိုးတာလား"

"နှစ်ခုစလုံးပေ့ါ နှင်းရယ်၊ မမလေး ပြန်လာရင် ဆူတော့မှာပဲ၊ လာ၊ လာ ခင်အုန်းကိုမှီပြီးဆင်း"

"ဖယ်ပါ"

နှင်း က ဆံပင်တွေပါအောင်ခါပစ်လိုက်ပြီး အော်သည်။ ပြီးတော့ ရိပ်ခနဲခုန်ချ၏။

"အမယ်လေး ..."

ခင်အုန်း အော်လိုက်မိပြီးမှ ပါးစပ်ကိုလက်နဲ့ပိတ်သည်။ အိမ်နေရင်းဘောင်းဘီရှည်ပွပွ၊ အကျီပွပွကြီးနှင့် ခုန်ချလိုက်တော့ မျက်လုံးထဲမှာ ဘာကြီးနဲ့တူသွားမှန်းမသိ။ ခင်အုန်း မျက်လုံးပြူးနှင့်ကြည့်နေဆဲ ...

"ဘာဖြစ်သွားလို့ ပြူးပြဲကြည့်နေတာလဲ"

"အမြင့်ကြီးက ခုန်ချလိုက်တာ ရဲလွန်းလို့ပေ့ါ နှင်းရယ်၊ မတော်တဆ ကျိုးပဲ့သွားမှဖြင့် ..."

နှင်းက မျက်နှာလေးမော့၍ ဆံပင်တွေကို ခါထုတ်ပစ်လိုက်သည်။ ပခုံးအောက်သာသာဆံပင်တွေက မျက်နှာလေးပေါ်မှာ အမြဲတမ်း ကပိုကရိုဆင်းနေဖြစ်ကာ ခါထုတ်ပစ်လိုက်ပေမယ့် တအိအိပြန်ကျခြင်းဖြင့် ဒီတိုင်းပြန်ဖြစ်၏။ ထိုအခါ လက်တစ်ဖက်နှင့် ထပ်မံ၍ ထိုးသိပ်တင်လိုက်ပြီး ...

"ဒီလောက်လဲမမြင့်ပါဘူး၊ ကျိုးပဲ့တယ်ဆိုတာလဲ ပစ္စည်းကမှ ကျိုးပဲ့လို့ရတာ၊ ဒီမှာလာပြီး အပိုတွေရှုတ်ပြမနေပါနဲ့၊ ဟိုတီဗွီကြီး သွားပြန်ချလိုက်"

"နှင်း ..."



www.burmeseclassic.com

www.burmeseclassic.com



တံခါးဝရောက်သွားပြီးမှ နှင်း က မျက်မှောင်ကြုတ်နှင့် လှည့်ကြည့်၏။

"အုန်းကို လာကူဦးလေ။ တီဗွီကြီးကို တစ်ယောက်တည်း ဘယ်လို လုပ်ရွှေ့မလဲ"

"ရအောင်ရွှေ့လေ၊ သူများ ဒီလိုပဲရွှေ့တာ တစ်ယောက်တည်း"

အေးအေးဆေးဆေးပဲပြောပြီး အပြင်ထွက်သွား၏။ ခင်ဘုန်း ဘာလုပ်ရမှန်းမသိတော့ဘဲ ရှုံ့တွတွကျန်ရစ်ခဲ့သည်။

"မိနှင်း ..."

ခေါ်သံနှင့်အတူ လူက အနားရောက်လာသည်။ နှင်း က ခြေစုံရပ်လိုက်ပေမယ့် တစ်ချက်မှလှည့်မကြည့်ဘဲနေသည်။

"အခန်းထဲမှာ ဘာလုပ်ပစ်ခဲ့ပြန်ပြီလဲ"

နှင်းက မဖြေပါ။ လက်သီးဆုပ်လေးနှစ်ဖက်ဆုပ်လျက် မျဉ်းပြိုင် နှစ်ကြောင်းသဖွယ် ဆန့်ချကပ်ထားပြီး တောင့်မတ်စွာရပ်နေသည်။

"တောက် ..."

အောင်ဇော် က တက်ခေါက်ပြီး နှင်း ထွက်လာသည့်အခန်းထဲကို ခြေလှမ်းကျဲကြီးများနှင့်လှမ်းဝင်သွား၏။ နှင်း ကလည်း ရပ်နေရာမှ တစ်ဖဝါးမှမရွှေ့ဘဲနေခဲ့၏။

"မိနှင်း"

သိပ်မကြာလိုက်ဘဲ အောင်ဇော် တလွှားလွှားပြန်ထွက်လာကာ ...

"နင်က ဘာလဲ၊ ဒီအိမ်မှာရှိတဲ့ပစ္စည်းတွေကို အိုးပုတ် ချိုးရုပ်တွေ မှတ်နေလို့လား။ တီဗွီကို ဖင်ခုထိုင်ပြီး ပြတင်းပေါက်နားမှာ ဘာလုပ်နေတာလဲ"

နှင်း က မဖြေ။

"နှင်းသက်တန့် မေးနေတာ မကြားဘူးလား။ ငါ ... တယ် ..."





ဘယ်တုန်းကမှ မရိုက်ဖြစ်ခဲ့တဲ့ အောင်ဇော် လက်တစ်ဖက်ကို အားရှိပါးရှိလွှဲသည်။ ပေကပ်ကပ်မျက်နှာလေးနားကို ကျမလာဘဲ လွှဲမြှောက်ထားသည့်နေရာမှာပဲ လက်က ရပ်တန့်နေလျက် ...

"စိတ်ရှိလက်ရှိ ဆွဲဆုတ်ပင်ရရင် နှင် တစ်စစီဖြစ်သွားတော့မယ်၊ တောက် ..."

"ဘာလို့ကြိမ်းမောင်းနေတာလဲ၊ ရိုက်ပစ်လိုက်"

စိမ်း ရောက်လာတော့ အခြေအနေက ပိုဆိုးသွားသည်။ ရေမွှေး အလွန်ကြိုက်သည့် စိမ်းက လူ မလာခင် ရေမွှေးနံ့က အရင်ရောက်နှင့်သည်။

အိမ်မှာနေလျှင် တော်သေးသည်။ အပြင်သွားပြီဆို ခေါင်းကနေစ၍ ချိုင်း၊ ရင်၊ ခါးမကျန် အားရှိပါးရှိဆွတ်သည်။

ဘယ်သူ ကဲ့ရဲ့ရဲ့ နှာခေါင်းရှုံ့ရှုံ့ သူမကိုယ်မှာ ကြိုင်လှိုင်နေမှကြိုက်၏။ အနားမှာလာရပ်တော့ လက်ပိုက်ထားလျက်သားဖြစ်ကာ ငွေမှင်ရောင် ကိုယ်ကျပ်ဝတ်စုံက သူမကိုယ်ပေါ်မှာ ကပ်ချပ်နေသည်။

ပလက်တီနမ်တွေချည်း ကွင်းပါးလေးတွေ ကွင်းနှစ်ဆယ်ခန့်ဝတ်ထားသော ဝင်းနှစ်သည့် လက်ကောက်ဝတ်ဆီ နှင်း မျက်ဝန်းလေး ဖွေကြည့်သည်။

မျက်နှာကိုမော့ကြည့်ဖို့တော့ စိတ်မကူးပါ။ သူမသည် 'မြရွက်စိမ်း'မှာ နေပေမယ့် စံအိမ်၏အရှင်သခင် ဦးသက်တန့်၏သမီးပဲဖြစ်သော်ငြား ...

"မျက်နှာကြောကို နည်းနည်းလျှော့ထားလိုက် မိနှင်း၊ ဒီအိမ်မှာ နင် ဒီလိုမျက်နှာနဲ့ဆက်ဆံရလောက်တဲ့လူ မရှိဘူး၊ နင့်ကိုယ်နင် ဘာဆိုတာ သိရဲ့လား"

နှင်း ပါးစပ်ပိတ်ထားဆဲပင်။ 'နင့်ပါးစပ်ကို အမြဲတမ်းပိတ်ထား' ကြိမ်းမောင်းကာ အခန်းထဲမှာ ထမင်းမကျွေးဘဲ ထည့်ပိတ်ထားခဲ့ဖူး



www.burmeseclassic.com

www.burmeseclassic.com



သည်။

ထိုအဖြစ်ကို နှင်း ဘယ်တော့မှမမေ့နိုင်။ ထမင်းမစားရတာကိုမဟုတ်ပါ။ လူတွေ၏ရက်စက်ခြင်းကိုပဲဖြစ်၏။

ထို့နောက်မှာ ဒီအိမ်သားသုံးဦးကို တတ်နိုင်သမျှ ဘာမှပြန်မပြောမိအောင်နေခဲ့ရင်း ဒီပုံစံအတိုင်းပဲဖြစ်ခဲ့ရသည်။

မပြောဘဲနေတော့ မလေးစားတာ၊ ပြန်ပြောလိုက်တော့ 'စုန်းမ'တဲ့။

"မိနှင်း ..."

စိမ်း က နှင်းကို စူးစိုက်ကြည့်၍ခေါ်ကာ ...

"နင်က ငါတို့ကို ရွဲ့တာထင်တယ်၊ ဒါပေမယ့် ကောင်းတယ်၊ နှင့်ပါးစပ်အဲဒီလိုပဲပိတ်ထား၊ ဆန်း မကြာခင် ပြန်ရောက်တော့မယ်၊ သူ ပြန်လာရင်မင်္ဂလာကိစ္စ အိမ်မှာ လုပ်ရှုပ်ဦးမှာ၊ အခန်းထဲမှာပဲ တတ်နိုင်သမျှနေ ထွက်လာရင်လဲ စကားမပြောနဲ့၊ ဒီတစ်ခါ ဟိုအရင်ကပြဿနာမျိုးတွေ ထပ်ရှိလာရင် နှင့်ကို လုံးဝ ခွင့်မလွှတ်ဘူး"

ကြိမ်းဝါးပြီး စူးစိုက်ကြည့်နေသေးသည်။ အောင်ဇော် က တက်ခေါက်၏။ အခန်းထဲကထွက်လာသည့် ခင်အုန်း က ဒီဘက်တည့်တည့်ကို လာမလိုပြင်ပြီးမှ အခြေအနေကို လှမ်းမြင်ကာ နောက်လမ်းကလေးထဲကို လှစ်ခနဲလှည့်ဝင်သွား၏။

အနားမှာ တစ်ယောက်မှမရှိတော့တဲ့အထိ တောင့်တောင့်လေးရပ်နေရင်း ကျန်ခဲ့တာ နှင်း တစ်ယောက်ပဲရှိတော့သည်။

ဒီအိမ်မှာ နှင်း ကိုဆို လိုလားကြည်ဖြူတာ ဘယ်သူရှိလို့လဲ၊ ဘယ်သူမှမရှိပါ။ ဦးလေးအရင်းခေါက်ခေါက်ဖြစ်သည့် ဦးစိမ်းအောင်ကိုယ်တိုင်က ဖက်လဲတကင်း နွေးထွေးခဲ့ဖူးတာမရှိ။

သူမသည် 'မြရွက်စိမ်း'၏မိသားစုဝင် မှန်သော်လည်း မဟုတ်ဘဲဖြစ်နေ၏။ 'မြရွက်စိမ်း'၏ မူလအရှင်သခင်ဖြစ်သော သူဌေးကြီး ဦးသက်တန့်





က နှင်းရဲ့ဖေဖေပါ။ ဒါပေမယ့် နှင်း က 'မြရွက်စိမ်း'မှာ ချက်မြှုပ်ကြီးပြင်းခဲ့ရတာမဟုတ်ပေ။

တွေးကြည့်လိုက်တိုင်း နှင်းရဲ့ဘဝဟာ ဇွင့်ကားလန်းဆန်းနေသော်လည်း ရိုးတုံ့ညှာမရှိသော ပန်းတစ်ပွင့်လိုပင်။

သူဌေးကြီး ဦးသက်တန့်၏ သမီးဖြစ်ပေမယ့် ရွှေအိမ်စံမဟုတ်။ အိမ်ဖော်အလုပ်သမားတို့အပေါ်မှာ သူမဟာ အရှင်သခင်ဖြစ်နေတတ်သော်လည်း မိသားစုဝင်အားလုံးရှေ့မှာ သူမက ကျေးကျွန်သာသာ။

ဒါတွေဟာ ဘာဖြစ်လို့လဲဆိုလျှင် နှင်းရဲ့မေမေက ဦးသက်တန့် တရားဝင်လက်ထပ်ခဲ့သည့် မဟေသီထိပ်ထား မဟုတ်ခဲ့၍ဖြစ်၏။

မေမေ ဆုံးသွားတော့ နှင်း က ငါးတန်းကျောင်းသူလေးပဲရှိသေးသည်။ နှင်း ကို ကိုယ်ဝန်လွယ်ရကတည်းက မေမေ့မှာ ဒုက္ခတွေ ပင်လယ်ဝေခဲ့ရသည်ဟု ကြီးကြီးညိုတို့ ခဏခဏပြောသည်။

"တိုက်ကြီးမက်တော့ ဘာဖြစ်တယ်ဆိုလား၊ ဟွန်း ... ပြော မပြောချင်ဘူး၊ ဘယ်သူတားတား ဂရုမစိုက်ခဲ့တဲ့မိန်းမ၊ သူ နှင်းကိုချစ်တာ နှင်းသိတယ်ဆိုတာတွေလေ၊ ခုတော့ ကလေးတစ်ကောင်နဲ့ အရှုံးမဖြစ်ကျန်ခဲ့တာပေါ့"

ညီအစ်မဝမ်းကွဲတွေမို့ထင်သည်။ မေမေ့ကို မကောင်းတတ်လို့ ကြည့်ရှုစောင့်ရှောက်ထားကြပေမယ့် ဘယ်သူကမှ မကြင်နာ၊ ဂရုတစိုက် မရှိ။

"ကြီးကြီးညို မေမေ ဘယ်သွားလဲ"

လို့ မေမေ့ကို မတွေ့လို့မေးလိုက်မိလျှင် ...

"နှင့်အမေ အရှုံးမ သွားချင်ရာသွားမှာပေါ့၊ သူက လင်တရှုံးပဲ"

နှင်း နားထဲမှာ ရုန့်ရင်းကြမ်းတမ်းသောစကားတွေနဲ့သာ အမြဲတမ်းရင်းနှီးနေခဲ့၏။ ထို့ကြောင့် နှင်း၏အယူအဆ စိတ်ဓာတ်တွေလည်း နူးညံ့သည်မရှိခဲ့ပေ။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဘာမှ သွေးသားမတော်စပ်သော မေမေ့သူငယ်ချင်းဆိုသည့် ဒေါ်ယုနွယ်ကတော့ နှင်း ကို နီးစပ်တိုင်း ဂရုစိုက်ကျွေးမွေးသည်။

ဆုံးမပြောပြတာတွေလည်းရှိ၏။ ကလေးချင်း ကစားကြလို့ အမြင်မတော်တာက အစ နှင်း ဘက်ကနေ ဖေးဖေးမမ ဝင်ပြောပေးခဲ့သည်။

"ကလေးရယ် ... ကလေးရဲ့အမေက အရှမ်းကိုလှပြီး သွက်လက်တဲ့မိန်းကလေးပါ။ ဟိုတုန်းကဆို နှင်း နဲ့ သူတို့ ညီအစ်မတွေ သိပ်မတည့်ကြဘူးလေ၊ ဆွေမျိုးတွေထဲမှာ နှင်း က အလှဆုံး၊ ပြီးတော့ ပြည့်စုံတယ် စကားပြောလဲထက်တယ်၊ ကလေးရဲ့ ဖေဖေနဲ့ လက်ထပ်လိုက်ကာမှ ဟိုရောက်ဒီရောက်တွေဖြစ်၊ မိဘနှစ်ပါးက ဆုံး၊ ကစဥ့်ကလျားတွေဖြစ်ကုန်တာလေ၊ ကုသိုလ်ကံ တိမ်းစောင်းပြီဆိုရင် ဘာနဲ့မှ ပြန်ပြီးတည့်မတ်နိုင်ဖို့မလွယ်ဘူး၊ နှင်းတို့မိသားစု စီးပွားပျက်တာများ အရှမ်းကို သံဝေဂရဖို့ကောင်းတာပဲ"

နှင်းရဲ့ပခုံးလေးကိုဖက်ထားပြီး ဒေါ်ယုနွယ်က အရှည်ကြီးစိတ်ရှည်လက်ရှည် ပြောပြခဲ့သည်။ သူမရဲ့ စေတနာက ဒီအိမ်ခြံမြေဟာ နှင်း ရဲ့မိဘပိုင်သောမြေယာဖြစ်သည်မို့ ဒေါ်ညိုတို့ ညီအစ်မတွေ ဘာပြောပြော၊ ဘယ်လိုနှိမ်နှိမ် စိတ်ပျက်အားငယ်မသွားဖို့ဖြစ်သည်။

"ကလေးရဲ့မေမေ ကလေးကိုမွေးတော့ မျက်နှာချင်းဆိုင်လမ်းထဲမှာ မီးတွေ အကြီးအကျယ်လောင်တယ်လေ၊ သွေးနုသားနုနဲ့ထိတ်လန့်ပြီး အဲဒီမှာ စိတ်တွေကယောင်ချောက်ချားဖြစ်ကုန်ရှာတာ၊ ခံစားရတဲ့သောကကလဲ နည်းလို့လားကွယ်၊ ချစ်သူက ထားရစ်ခဲ့တယ်၊ မိဘတွေ ဆုံးကုန်ကြတယ်၊ စီးပွားပျက်ပြီး အိမ်တစ်အိမ်လုံးကို မသင့်မြတ်ဖူးတဲ့လူတွေလက်ထဲ ထည့်ပေးထားရတယ်"

တကယ်တော့ အိမ်ကတော့ ကိုယ့်အိမ်ပါပဲ။ စိတ်မနှံ့တဲ့မိန်းမနဲ့ကလေးကို စောင့်ရှောက်ရမည်ဟူသော ခေါင်းစဥ်နှင့် ဆွေမျိုးတွေ အိမ်





ရောက်လာကြတာဖြစ်သည်။

ကြာလာတော့ သူတို့ကပဲဝယ်ထားသလိုလို၊ နှင်းသက်တန့်ကို အနစ်နာခံပြီး ကျွေးမွေးစောင့်ရှောက်နေရသလိုလို ...။

ရန်ကုန်၏အထာအတိုင်း အိမ်ပိုင်ရှင်ထက် အိမ်ငှားတွေသာများကြသည့် ဆင်းရဲသားရပ်ကွက်ငယ်လေးထဲမှာ အိမ်ငှားသမားတော်ကြ တစ်ဦးဆင်းသွားရင် တစ်ဦးတက်နေကြ၏။

လမ်းတစ်လမ်း၊ ရပ်ကွက်တစ်ခုထဲက အတိတ်ဟောင်းတစ်ခုကို ...င်လူဟောင်းတွေလောက်ပဲ သေချာ ဂဃဏန သိကြသည်။ အမြဲ...း ပြောင်းလဲဝင်လာနေကြသည့်လူသစ်တွေက မသိနိုင်ပေ။

ထို့ကြောင့် ဒေါ်ညိုညိုတို့ ဖုံးဖိပိုင်စိုးထားသမျှ ရပ်ကွက်ထဲမှာ ပြောင်း အရာထင်နေသည်။ အမှန်တရားက ပျောက်ကွယ်နေခဲ့၏။

နှင်းပုလဲ ဆုံးသွားသည့်အခါမှ ဆက်လက်ပြီး ကံဆိုးမိုးမှောင်ကျသူ ...နှင်းသက်တန့် ဖြစ်ချင်တော့ နှင်းလေးက စိတ်ဆတ်သည်။ နှင်းပုလဲ ...ငယ်တုန်းကအတိုင်း ထက်ထက်မြက်မြက်နှင့် ပြောရဲဆိုရဲရှိ၏။

ဒါပေမယ့် မိဘမဲ့လေးဖြစ်နေသည့်အချက်ကြောင့် ဘာပြောပြော ...နိုင်းသည်။ မိ မဆုံးမ၊ ဖ မဆုံးမ ဆိုသည့် အသံပဲ ထွက်ခဲ့၏။

ကလေးတစ်ယောက်၏ ပတ်ဝန်းကျင်စရိုက်သဘာဝက ကြမ်းတမ်း...သည့်အပြင် ထိုကလေးက တုံ့ဏှိဘာဝေ၊ ရေငုံနှုတ်ပိတ်နေတတ်တာ...း မဟုတ်။

နှင်းလေးက ရောက်လေရာမှ ဆတ်ဆတ်ကြဲ။

ထိုအဖြစ်များနှင့်ပတ်သက်၍ ...



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

"ဟဲ့ ... ငါတို့ လယ်ပုစွန်လုံး သွားနှိုက်မလား"

"ဘယ်မှာလဲ"

"တောင်ကန်စွန်းခင်းကြီးဘေးမှာ"

"သွားမယ်"

ကလေးတွေ စုရုံး၍ တက်ညီလက်ညီ ထွက်သွားကြသည်။ လူကြီးတွေက မတားသည့်အပြင် 'ဟဲ့ ဦးထုပ်ဆောင်းသွားဦး'၊ 'အပြန် ထင်းခြောက်ကောက်ခဲ့ဦးနော်' စသဖြင့် မှာကြားကြသေးသည်။

နှင်းတို့အိမ်ကတော့ 'သွားချင်တဲ့နေရာသွား၊ တစ်နေကုန် မမြင်ရရင် ပိုကောင်းတယ်' ဟု လွှမ်းဖော်ရပါ၏။

ခြောက်တန်း၊ ခုနစ်တန်း ဆိုသည့် အရွယ်တွေက ကလေးတော့ မဟုတ်ကြတော့ပေ။ ဒါပေမယ့် မပြည့်စုံကြသည့်လူငယ်တွေချည်းပဲမို့ လှပပြိုင်ဆိုင်ဖို့တွေ ခေါင်းထဲမဝင်နိုင်။





လွယ်အိတ်လွယ်ပြီး ကျောင်းတက်နေကြသော်လည်း ဆရာမ အိမ်စာစစ်လို့ မပြီးလျှင် အရိုက်ခံဖို့ လက်ဖဝါးတွေမှာ မြေဖြူမှုန့်တွေတင်၊ အင်္ကျီတွေနဲ့ပွတ်၊ နောက်နေ့ , နောက်လ , နောက်နှစ်တွေမှာ ဘာဖြစ်ဖို့ ဘာလုပ်ဖို့ဆိုတာ ဘာဆို ဘာမှ မပါကြပေ။

ကျောင်းပြန်မှာ ထင်းကောက်ပြီးပြန်လျှင် အမေ ကျေနပ်သည်။ အိုင်တွေ့လို့ ငါးပက်ပြီး ငါးရသွားလျှင် အမေ့အတွက် ဟင်းစားရ၏။ ဘဝတွေက ဤသို့သောနည်းဖြင့် အမိပွာယ်တွေဖြစ်နေခဲ့ကြသည်၊ ရန်ကုန်ဆိုသည့်နယ်ပယ်မှာ ဖြစ်ပေမယ့် အလွန်ဆင်းရဲနိမ့်ကျစွာဖွဲ့တည်နေကြသော နေရာရပ်ဝန်းလေးတွေ အများကြီးပါပဲ။ ချမ်းသာနေတဲ့လူတွေကျတော့ ချမ်းသာပြီးရင်းချမ်းသာ၊ ဆင်းရဲတဲ့လူတွေကျတော့ နွံနစ်သူလို လူးပ်လေမြုပ်လေ။

နေကလည်းပူနေသည်။ နွံနှင့်ရေစပ်စပ်ရှိနေသော လယ်ကွက်ထဲမှာ ဘစွတ်စွတ်သွားလာရင်း နှင်းတို့အုပ်စု ပျော်နေကြသည်။ မိန်းကလေးက သုံးယောက်တည်းနှင့် ယောကျ်ားလေးတွေက လေးယောက်။

ငယ်သူငယ်ချင်းတွေမို့ ယောကျ်ား , မိန်းမ ဆိုတာကိုတောင် မေ့နေကြပါပြီ။ အားလုံးမှာ ငါ့အိမ်အတွက်၊ ငါ့အမေအတွက် ဆိုသည့် လောဘများနှင့် ကွင်းစပ်ရေတွေမှာ ထင်းရှာတဲ့သူက ရှာ၊ ပုစွန်လုံးနှိုက်သူကနှိုက်။

အိမ်အတွက်ဆိုသည့် သံယောဇဉ်မပါခဲ့သော နှင်း က ဘာမှ မည်းညည်ရရမလုပ်ဘဲ ဒူးကျဘောင်းဘီပွပွကို နှစ်ဖက်စ,မ၍ ဗွက်ကိုနင်းသည်။ ပြီးတော့ လောဘတကြီး ကုန်းရုန်းရှာဖွေနေကြသည့် မောင်မောင်တို့လူစုကို မခံချင်အောင် ပြောလိုက်၊ စ,လိုက်။

"မိနှင်း ... နှင် ငြိမ်ငြိမ်နေစမ်းပါ၊ ဒီမှာ ဘာမှမရသေးရတဲ့အထဲ ..."

ကန်သင်းပေါ်အစပ်က ပူစီဖောင်းထွက်နေသည့်နေရာကို သန်းထွတ်က ထိုးနှိုက်စမ်းရင်း ဒေါသတွေထွက်နေ၏။ နှင်း က တဟားဟားပြော



www.burmeseclassic.com

www.burmeseclassic.com



သည်။

အိမ်ကပ်သည်သိပ်မရှိဘဲ နေပူစပ်ခါးမှာပဲ သွားနေလွန်းလို့ နှင်းရဲ့ ဆံပင်ပါးပါးက ဖွာလန်ကြဲကာ မြင်းမြီးကမှ လှပါဦးမည်။

ဖြူသောအသားက ကြေးနီရောင်ထက် ပိုညစ်နေ၏။ ချွေးတွေ ရွှဲနေတာကလည်း သူများတွေကို လောဘဇောနှင့် သည်းမည်းရှာဖွေနေလို့ မဟုတ်ပေ။

အားလုံးကို လိုက်နှောင့်ယှက်ရင်း ပင်ပန်းနေတာဖြစ်၏။

"ငါမှာလဲ နှင်တို့ပုံချထားတဲ့လွယ်အိတ်တွေ၊ တောင်းစုတ်ခွက်စုတ်တွေကို စောင့်ရှောက်နေရတာ မောတာပဲ"

ဟု ပြောရင်း မြတ်နိုး ဝမ်းသာအားရ ငုံ့နှိုက်ဖို့ပြင်သည့် ပုစွန်လုံးကျင်းဝကို မြေကြီးခဲကြီးနှင့် လှမ်းပစ်၏။

"တုံး"

"အား"

"ဟား ဟား ဟား"

မြတ်နိုး တစ်ကိုယ်လုံးမှာ ရွှံ့တွေနှင့် မြင်မကောင်း။ ထိုပြင် ငုံ့နေဆဲမို့ မျက်နှာပြင်မှာရော ပေကျံကာ မျက်လုံးထဲဝင်ကုန်၏။

"အား စပ်တယ်၊ လုပ်ကြပါဦး"

"မိနှင်း စိတ်ပုပ်မ"

"အဖျက်ကောင်"

အားလုံးပဲ မြတ်နိုးထံ စုပြုံသွားကာ နှင်းကို မေ့ထားပို့သံတွေ ဆူညံသွား၏။

ထိုရန်ပွဲလေးမှ အစပြုခဲ့သော နှင်းဘဝ၏ ပြောင်းလဲမှုကြီးဟာ ဘဝတစ်လျှောက်လုံး နှစ်မွန်းမြုပ်ကွယ်ဖို့အတွက်လား။

"စိတ်ကောင်းက တစ်စက်မှမရှိဘူး၊ သူများကိုယုတ်မာဖို့ဆို အကြံ





ဉာဏ်တွေ သူ့ခေါင်းထဲမှာ အပြည့်ပဲ"

ခင်သန္တာက မြတ်နိုး မျက်လုံးထဲ ဝင်ကုန်သည့် ရွှံ့တွေကို ဂရုစိုက်ထုတ်ပေးရင်း နှင်း ကို မျက်စောင်းထိုးပြောသည်။ ဒီလိုပါပဲ သူငယ်ချင်းတွေရယ်လို့ တွဲဖြစ်နေကြပေမယ့်-တကယ့်အရေးအကြောင်းရှိပြီဆို သူတို့က စည်းလုံးကုန်ကြသည်။

နှင်း တစ်ယောက်တည်းက ဘေးမှာ သပ်သပ်။

"ဘာယုတ်မာတာလဲ၊ အဲဒီကျင်းမှာ သန်းထွတ် နှိုက်ပြီးသွားပြီ၊ ဘာမှ မရှိဘူး၊ အပိုပင်ပန်းမှာစိုးလို့ ငါက ဝင်တားလိုက်တာ"

"ဟာ ... အဲဒါ ပါးစပ်က ပြောပါလား"

"သူက နှိုက်တော့မှာဉစ္စာ၊ ရွှံ့တွေပဲနှိုက်နေပြီး ရွှံ့ပေတာ ဘာဖြစ်သွားမှာမို့လို့လဲ၊ ချက်ချင်းပဲ ကန်းတော့မှာကျနေတာပဲ"

"အံမယ် မဟုတ်တာလုပ်ပြီး သူက ရန်ပြန်တွေ့နေသေးပါတယ်၊ နှင်ပြန်တော့ သွား၊ ငါတို့နဲ့ အတူမလိုက်နဲ့"

"ဩော် ... ဩော် ... ဝမ်းနည်းစရာကြီးပဲ၊ ငါက ပုစွန်လုံးပါမှ အိမ်ပြန်ရဲမှာဆိုတော့လေ ..."

နှင်း က ခါးထောက်မဲ့ရွဲ့ပြောတော့ အားလုံး ဆတ်ဆတ်ခါဖြစ်ကုန်ကြ၏။

ထိုအခါ သူ့ထက်ငါ အနိုင်လုပြောဖို့သာ အမိကဖြစ်ကုန်ကြကာ ...

"အေးပါ၊ နှင်က ဘာမှမပါလဲပြန်နိုင်တာပေါ့၊ မိဘမရှိ၊ အိမ်မရှိ၊ ယာမရှိလေ"

"အေးလေ၊ သူများ မသထာရေစာတွေ ကျွေးတာစားပြီး အလိုက်လဲမသိဘူး၊ သူက အခြောက်တိုက် မာန်တက်နေသေးတယ်"

"ဟွန်း ... ရုပ်က အင်္ဂလိပ်မသာရုပ်နဲ့"

"အင်္ဂလိပ်မသာဖြစ်တော့ ဘာဖြစ်လဲ၊ နှင်တို့ကို ကုပ်ချိုးသတ်လို့



www.burmeseclassic.com

www.burmeseclassic.com



တောင်ရသေးတယ်၊ အသေမဆာချင်ရင် ကြည့်ပြော"

မနိုင်နိုင်ရာပြောပစ်လိုက်ကာ နှင်း က သူတို့စုပုံချထားသည့် လွယ်အိတ်နှင့်ပစ္စည်းတွေကို ရောက်ချင်ရာရောက် ဆွဲလှဲလွှင့်ပစ်၏။

"ဟာ ... မိနှင်း အစုတ်ပလုတ်မ၊ ငါ့ဟာကို ချလိုက်"

"ငါ့အိတ်ကို မလုပ်နဲ့နော်"

အားလုံး ဝိုင်းတားသော်လည်း ဟိုတစ်ခု ဒီတစ်ခု လွင့်ထွက်ကုန်သည့် ပစ္စည်းတွေက သံယောဇဉ်ပြတ်ကြသည်။ အတော်ဝေးဝေးမှာ အေးအေးစွာ အနားယူကုန်ကြသည်။

ထိုဘက်မှာ ချုံဖုတ်၊ မြက်ဖုတ်တွေရှိသည်။ ဟိုတစ်ဖက်မှာ အမဲသတ်ရုံကြီး ရှိနေသဖြင့် အနံ့အသက်တွေလည်း မကောင်းပေ။

သရဲခြောက်သည်၊ ဘာညာ အသံတွေကြားသဖြင့် သူတို့လည်း မသွားရဲ။ အဝေးကြီးထိ ရောက်ကုန်သည့်ပစ္စည်းတွေကို လှမ်းကြည့်နေကြကာ ဒေါသတွေက အထွတ်အထိပ်ထိ တက်ဆောင့်ကုန်ကြ၏။

"အယုတ်တမာ ကြည့်စမ်း"

ခင်သန္တာက နှင်းကို ပြေးဝင်လုံး၏။

"ချ ... နိုင်အောင်ချ"

မောင်မောင်တို့က ဝိုင်းမြှောက်ပေးကြသည်။ မကြီးမငယ်တွေ ရန်ဖြစ်ကြတော့ ရွံ့ကိုရှောင်ကာ မြက်ခင်းပေါ်မှာဖြစ်၏။

ခင်သန္တာက ပိန်ပိန်သေးသေးလေးဖြစ်ကာ နှင်းက ပိန်ပေမယ့် အရပ်ပိုမြင့်၏။ လက်သည်းရှည်တွေလည်းရှိလျက် အစကတည်းက အသည်းငယ်တတ်သူမဟုတ်တော့ ဖြစ်ပြီဆိုကတည်းက သူမက ခွစီးထားပြီး ဖြစ်သည်။

ပက်လက်ကနေ တွန်းထိုးရိုက်ပုတ်နေပေမယ့် ခင်သန္တာ ဘာမှ မထိရောက်ပေ။





"တော်တော်လက်သွက်နေလား နိုင်က ..."

မြတ်နိုး ခင်သန္တာ့ဘက်က ဝင်ကူ၏။ နှင်းရဲ့ဆံပင်ဖုတ်သိုက်ကို နောက်ကနေ ဆွဲဂါန်ပစ်လိုက်သဖြင့် နှစ်ယောက်တစ်ယောက် ဖြစ်သွားသည်။

ဒီနှစ်ယောက်ကို နိုင်လျှင်တောင်မှ မောင်မောင်တို့လူစုက ဝိုင်းလုပ်ကြမှာပဲဖြစ်သည်။ အသားကနာ၊ ရင်ကနာနှင့် နှင်းရဲ့ရင်ဘတ်က ဒေါသကြီးနေသည့် ဖားပြုတ်ကြီးတစ်ကောင်လိုဖြစ်လာသည်။

"ဖယ်နော်၊ ငါ ညာမှာမဟုတ်ဘူး"

မျက်လုံးတွေပါ နီရဲတွတ်လာကာ ခင်သန္တာ့ရင်ဘတ်ကို အားရှိုးပါးရှိ တွန်းချပစ်လိုက်သည်။

"အား ..."

ခင်သန္တာ ရင်ဘတ်ကိုယှက်အုပ်ကာ လဲကျသွား၏။

"လုပ်ပစေ၊ လုပ်ပစေ၊ အားလုံးကိုနိုင်ပြီဆိုမှ ဝိုင်းချုပ်ပြီး ရွံ့ထဲနှစ်သတ်ကြမယ်"

သန်းထွတ် က ပြန်ကောက်လာသည့်လွယ်အိတ်ကို ခြေရင်းနားမှာ ချလိုက်ပြီး လက်သီးလက်မောင်းတန်း၏။ မောင်မောင်တို့ကလည်း ပစ္စည်းတွေလွင့်ထွက်ကုန်သည့်ဘက်သို့ ပြေးလွှားကောက်ကြ၏။

အားလုံး၏အရိပ်တွေကို မြင်လိုက်ရသဖြင့် ဒေါသမီးခိုးမွှန်သည့် နှင်းမျက်လုံးထဲမှာ အနီ၊ အပြာ အရိပ်တွေပဲဖြစ်နေ၏။

တစ်အုပ်စုတည်း လာဆော့ကစားနေခဲ့ကြပြီး အတူကြုံပြီဆို ကိုယ့်ဘက်မှာ တစ်ယောက်မှမရှိကြသော သူငယ်ချင်းဆိုတာတွေကို စိတ်နာမိသည်။

မိဘမဲ့၊ ခင်မင်သူမဲ့ရင်း ဖြတ်သန်းနာကျင်ခဲ့ရသမျှ ဒီအချိန်မှာ နာကျင်ဆုံးဖြစ်သွားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်ဝိုင်းလုပ်သဖြင့် လည်ပင်းမှာ သွေးစွန်းခဲ့ရသော ထ
သည်းရာကို ပြန်စမ်းမိကာ ဝုန်းခနဲ ခုန်ထလိုက်သည်။

"လာပါ၊ လာစမ်းပါ၊ နင်တို့တစ်အုပ်စုလုံး တစ်ခါတည်းဝိုင်းလာ
ငါ မကြောက်ဘူး"

"ဘယ်ကြောက်မလဲ၊ နင်က စနေဂြိုဟ်မ၊ သရဲမပဲ"

"ဟုတ်တယ်၊ သရဲမ , စုန်းမ ဆိုတာရော မသိကြဘူးလား၊ ဒီ
နင်တို့ ပြန်ကောက်လိုက်တဲ့အိတ်တွေထဲနှိုက်လိုက်၊ ငါ မြွေတွေဖန်
ထည့်ထားတာ"

"သေလိုက်"

"နင် သေရမှာ ထွေတ်ရဲ့၊ မယုံရင် နှိုက်လိုက်၊ နှိုက်လိုက်စမ်းပါ၊
ထဲမှာ မြွေပွေးရှိတယ်"

"အေး နှိုက်မယ်၊ ရှိရင် နင့်လည်ပင်းမှာ လာပတ်ပေးဦးမှာ"

ဒေါသတကြီးဖြစ်ကာ လွယ်အိတ်ကို ငုံ့ကောက်ပြီး သန်းထွတ်
လက်တစ်ဆုံးနှိုက်ပစ်လိုက်၏။

"အား ..."

"ဟာ ..."

"အမယ်လေး ... မြွေကြီး"

လက်မခွကြားမှာ အမြီးတကြီးကိုက်ခဲလျက်တန်းလန်းနှင့် မြွေ
ကြီးပါလာကာ သန်းထွတ် တုံ့ခနဲ လဲကျသွားလေသည်။





<u>အခန်း (၃)</u>

အိမ်နှစ်အိမ်၊ ၊ သိပ်အလှမ်းမကွာပေ။ နှစ်အိမ်စလုံးမှာ လူတွေ စည်
နေသဖြင့် ရပ်ကွက်ငယ်လေးထဲမှာ ထူးထူးခြားခြားဖြစ်သွားခဲ့၏။

"သေတော့မသေပါဘူး၊ ဒါပေမယ့် သေတာကမှ ကောင်းဦးမယ်"

"ဘာဖြစ်လို့လဲ"

"မြွေကိုက်ခံရတဲ့ ကိုယ်တစ်ခြမ်းလုံး ။ ကြာဆွဲသွားတယ်လေ"

"ဟုတ်လို့လားဟယ်"

"သြော်... ဟုတ်ပါတယ်ဆိုမှ၊ မငြိမ်းတို့သားအမိဆိုတာ ငိုလိုက်ကြ
ပြောမနေနဲ့"

သန်းထွတ်တို့အိမ်လေးဘက်က ပြန်လာကြတဲ့သူတွေ ၊ ထက်ငါ
ချိတ်ဆက်သတင်းပေးရင်း တိုးတိုးပြောတာမဟုတ်ဘဲ ကျယ်ကျယ်
လောင်တွေဖြစ်လာသည်။

ဒီဘက်ကအိမ်ကိုရောက်လာကြပြော့ စပ်စုပုံက တစ်မျိုး။



www.burmeseclassic.com

www.burmeseclassic.com



"သူ့ဟာသူ ဒီလိုဖြစ်ရမယ့်အဖို့ပါလို့ ဖြစ်တာပါ၊ ဝဋ်ကြွေး ရှိရင် ဘုရားဘောင်မှာ ရှောင်လို့လွတ်လို့လား၊ သူတို့ကတော့ ပြောနေတာပဲ သီလာဒေ မိန့်နှင်းကို ထောင်ကျအောင်ချမှာတဲ့။

"ဘာဆိုင်လို့လဲ၊ လယ်ကွင်းစပ်စပ်၊ ချုံပုတ်တွေမှာ မြွေရှိတာ ဘာဆန်းလို့လဲ၊ လွယ်အိတ်ထဲ မြွေဝင်နေတဲ့ဥစ္စာ၊ ဒီလောက်မိန်းကလေးငယ်က မြွေကိုင်ပြီး တမင်ထည့်ထားလို့ရသလား၊ ဒီလိုသာလုပ်ရင် မြွေက မိန့်နှင်းကို အရင်ကိုက်မှာပေါ့"

"အေးလေ၊ ဪ ... မညို၊ မညိုရဲ့တူမက သန်းထွတ်ရဲ့လွယ်အိတ်ကို သူကိုင်ထားတာလား၊ သူ လှမ်းပေးလိုက်တာလား"

သိချင်လို့စပ်စုပုံက ကိုယ့်ဘက်က မခံချင့်သလိုလို၊ သိချင်လို့ တမင်အစ်အောက်သလိုလို၊ ပတ်ဝန်းကျင်ကပါးစပ်တွေက ကြောက်စရာပါ။

"ကျွန်မ အားလုံး မေးပြီးပါပြီ၊ လွယ်အိတ်က အသေးကြီးမှာပါ၊ သူ့ဟာသူ သွားကောက်လာတာတဲ့၊ ကောက်လာကတည်းက ပါလာတာဖြစ်မှာပေါ့"

ဒေါ်ညိုညိုသည် နှင်းကို ပူပင်လွန်းလို့မဟုတ်ပေမယ့် သွေးသားသံယောဇဉ်က ရှိသေးသည်မို့ ဒုက္ခရောက်မှာကျတော့ ကြည့်မနေရက်ပေ။

"လူကို စုန်းလိုလို၊ ပြုစားသလိုလိုနဲ့ သားသမီးချင်း မစာနာဘူး လူငယ်တွေပါးစပ်ဆိုတာ ဒီလိုပဲ ဟိုပြော ဒီပြောတွေ၊ ပေါ့ပေါ့ပါးပါးပြောထွက်နေကြတာပဲ၊ ထန်းသီးကြွေခိုက် ကျီးနင်းခိုက်ဆိုတာ ရှိတာပဲ"

လူကြီးတွေ ဟိုဘက် ဒီဘက် စကားတွေများကြ၊ အချင်းပွားကြနှင့်ကြာလာလေ ပိုဆိုးလေ။ သန်းထွတ် ကျန်းမာလာပြီဆိုတော့ ရန်စမီးကမငြိမ်းသောမီးဖြစ်သွားခဲ့၏။ ဘာဖြစ်လို့လည်းဆိုလျှင် သန်းထွတ် လမ်းလျှောက်တော့ ခြေတစ်ဖက် တရွတ်တိုက်ဆွဲလျက်၊ လက်တစ်ဖက်ကခါးမှာကပ်ပြီး တွဲလွဲကျနေ၏။





"စုန်းမ ...၊ အဲဒီကောင်မကို ရွာထဲမှာမနေနိုင်အောင် နှင်ထုတ်မယ်"

သန်းထွတ်တို့ဘက်က အိမ်ရှေ့က ဖြတ်သွားတိုင်း ကြားအောင်ပြောသည်။ ဘေးလူတွေကလည်း ပြဿနာဖြစ်စကတော့ သူငယ်ချင်းမို့ နှစ်ဖက်စလုံးမှာ အပြစ်ရှိသည်ဟု တွက်ကြတဲ့လူရှိသည်။

ဒါပေမယ့် ကြာလာတော့ သန်းထွတ်၏အဖြစ်ဆိုးကိုပဲ မြင်ကြည့်ရက်နိုင်ဖြစ်ကြကာ 'နှင်းသက်တန့်' ဆိုသည့် ကောင်မလေးဆို အရှုံးသရဲမလေး အတိုင်း ...

"အဲဒီကောင်မလေးက ပါးစပ်နဲ့သာ ဘာလဲ၊ ယယ်ယယ်တွန်းကတော့ အကောင်းကြီးပါ"

"ဒါမျိုးက ဒီလိုပဲလေ၊ အချိန်တန်မှပေါ်လာတာ ကိုယ့်ကိုယ်ကိုတောင် မသိဘူးတဲ့"

"မဟုတ်နိုင်တာအေ၊ လယ်ကွင်းထဲမှာ ကောက်ကာခံရတဲ့ဥစ္စာ ဘာဆန်းလို့လဲ"

လူအများ ဟိုပြောဒီပြောဖြစ်လာ၍ လူမှုဆက်ဆံရေး သားတွေအားလုံးကလည်း ပို၍မကြည်ဖြူဖြစ်လာကြသည်။

ဒေါ်ညိုညို က အခန်းတံခါးပိတ်ပြီး မေးမေးချိကာ ဘာလည်း နေ့တိုင်းလိုလိုပင်။

"ညည်းက လူတွေရှေ့မှာ 'ဟုတ်တယ် ကျွန်မလုပ်လိုက်တာ'လို့ ပြောတယ်ဆို၊ ညည်း ရူးနေသလား မိနှင်း၊ ညည်း အရူးဟား ဟင် ... ကိုယ့်ကိုယ်ကို စုန်းမဖြစ်နေတာ ဂုဏ်ယူစရာလို့ထင်နေသလား၊ ကဲဟယ် ... ကဲဟယ် ... သေစမ်း"

"ရိုက် သေအောင်သတ်၊ ရုပ်ကလေး သနားစရာလေးနဲ့ ဖြေပုံက အရူးလိုလို၊ ကြောင်လိုလို"



www.burmeseclassic.com

www.burmeseclassic.com



အိမ်သားအားလုံးထဲမှာ မိနှင်းဆိုလျှင် သနားဖို့နေနေသာသာ သူ့ထက်ငါ ဦးအောင်ရိုက်ချင်နေကြသူချည်းပဲဖြစ်သည်။

အိမ်မှာ နှင်းနဲ့သွေးသားရင်းချာ မရှိတော့ပေမယ့် ဆွေမျိုးတွေ စုရုံးနေကြတာမို့ မောင်နှမ၊ ညီအစ်မဝမ်းကွဲတွေ အများကြီးရှိသည်။

ဒေါ်ညိုညို မွေးတာချည်းပဲ သုံးယောက်၊ မောင်လုပ်သူက မွေးထားတာ ခြောက်ယောက်နှင့် အိမ်ထောင်ကွဲနေသည့် လူလွတ်တွေလည်း ရှိသည်။

အကုန်လုံးမှာ နှင်း ထက် အသက်ငယ်တာဆိုလို့ သုံးနှစ်ကော် အမြွှာညီအစ်ကိုနှစ်ယောက်ပဲ ရှိ၏။

ဒါပေမယ့် နှင်း က ရိုက်နေလျှင် ခံသည်။ ဆူနေလျှင် ပြန်မပြော၊ ကြောက်ရွံ့ရှိသေနေသည့်မျက်နှာပိုးတော့ လုံးဝမရှိပေ။

လူစုံတက်စုံ ဆူနေ ရိုက်နေလျှင် ခေါင်းငုံ့ခံနေပြီး တစ်ယောက်ချင်း မျက်နှာချင်းဆိုင်၍ပြောဆိုမာန်မဲလျှင် စူးစူးဝါးဝါးပြန်ကြည့်ပြီး မကြောက်မရွံ့ပြန်ပြောသည်။

"သူ့ဟာသူ ဖြစ်သွားတာမို့လို့ နှင်း ကို သူတို့ ဘာမှတောင်လုပ်လို့မရတဲ့ဥစ္စာ၊ ဘာဖြစ်လို့ ဒါပဲပြောပြောပြီးရိုက်နေတာလဲ"

ဆိုတာမျိုး။ ကြားတဲ့လူက မခံချင်ဖြစ်ပြီး ဇွေ့ဇွေ့ခုန်အောင် လက်တွေပြင် ...။

"ငါတယ် ..."

"နင်နော် သေတော့မယ်"

စသဖြင့် ရိုက်မှသာရိုက်စေ၊ တော်ရုံနှင့် လက်မရောက်ဖြစ်ဘဲလည်း ရှိပြန်၏။ ဒါလည်း အကောင်းမပြောကြပေ။

"အဲဒီကောင်မလေးမျက်နှာက ဟိတ်ရှိတယ်နော်၊ အရမ်းကျက်သရေရှိတာပဲ"





"ဟုတ်တယ်၊ တော်ရုံဒေါသဖြစ်လို့များ ရိုက်ကိုမရိုက်ဖြစ်ဘူး။ သူ့နားရောက်သွားတာနဲ့ ဘာဖြစ်မှန်းမသိပါဘူး"

ဟိုအရင်ကဆို ကြီးကြီးညို ခေါ် ဒေါ်ညိုညို က ညည်းသည်တွေနှင့်အားပြောချိန် စိတ်ကလေးရှင်ပျပျရှိနေတုန်းဆို ဤသို့ဤနှယ် ပြောဖော်လေးတော့ရသည်။

ခုကျတော့ ဒီလိုမဟုတ်ပြန်။

"ကိုယ့်အိမ်ကခွေးတောင် ကိုယ့်ကိုပြန်ပြီးမာန်ဖီရင် မကြောက်ရတဲ့အရွာ၊ သင်းက ခွေးထက်ကြောက်ဖို့ကောင်းတယ်၊ ပြန်ကြည့်ပုံက ဘယ်လူကြီးမှ လူမထင်တဲ့အကြည့်၊ တဝင်းဝင်းတလက်လက်နဲ့"

နှင်း ကို အချို့ကတော့ မျက်လုံးလှလွန်းလို့ ထိုင်ကြည့်နေချင်သည်လို့တောင်မှ ပြောဖူး၏။ တချို့ကျတော့ 'အရည်ကိုလဲ့နေတာပဲ'၊ 'စိန်ပွင့်ကိုအလိုက်ထိုးထားသလိုပဲ' တဲ့။

ခုချိန်မှာတော့ ဒီမျက်လုံး၊ ဒီအကြည့်တွေက သရဲမ ဖြစ်သွားပြန်ပြီ။ အပြင် ပြောသမျှဖြစ်တဲ့ 'စုန်းမ'ဆိုတာတွေ ...။

နှင်းဟာ တကယ်တော့ မိခင်ရှိစဉ်ကလည်း မိခင်က စိတ်ဝေဒနာရှင်မို့ မကြင်နာ၊ ထင်သလိုပြော၊ နေချင်သလိုနေ။

ဘေးမှာရှိကြသည့် ပတ်ဝန်းကျင်အသိုင်းအဝိုင်းဆိုတာကလည်း ကျောင်းရေး၊ လူမှုရေးကအစ အားလုံး နိမ့်ကျ ကြမ်းတမ်းကြသူတွေပဲဖြစ်သည်။

ထို့ကြောင့် သူမဘဝမှာ နူးညံ့တာယဉ်ကျေးတာ ဘာမှမရှိ။ ဘဝသည် စာရွက်တစ်ရွက်နှင့်တူသည်ဆိုလျှင်တောင် နှင်း၏စာရွက်ချောမဟုတ်၊ အနုအကြမ်းခဲတာ မပါ။ နှစ်ဖက်စလုံးဟာ အတြမ်းချည်းပဲဖြစ်လိမ့်မည်။ ထိုအခါ 'အသက်တန်' ဆိုသည့် မိန်းကလေးသည်။ ဘာကိုမှ ဂရုမစိုက်တတ်သော၊ သူများတကာထက် ပိုမို၍ စူးစိုက်ခံစားလွယ်သော၊ မငြိမ်မသက်



www.burmeseclassic.com

www.burmeseclassic.com



မတည်မြဲသည့် 'နှင်းသက်တန့်'ဖြစ်လာခဲ့၏။ ထို့ပြင် မဆင်မခြင်ပြောတတ်ခြင်းကြောင့် ကိုယ့်လည်ပင်းကို ကြိုးကွင်းစွပ်သလိုဖြစ်ခဲ့ရခြင်းသည်...

ကလေးတွေ ပုံပြင်ပြောကြသလို တစ်နေ့သ၌လို့ ပြောရမည်လား။

"မိနှင်း လာဦး၊ ငါ့ကို အောက်ထပ် လွယ်အိတ်သွားယူပေးစမ်း"

ကိုယ်နှင့်ရွယ်တူ မောင်နှမဝမ်းကွဲဖြစ်သည့် ကျော်ဦး က ဘောပင်နဲ့ ခဲတံကို တစ်စစီဖြုတ်၍ ပြန်ကပ်၊ ပြန်ဖြုတ်လုပ်နေရင်း လှမ်းခိုင်း၏။

နှင်းကလည်း ကာတွန်းစာအုပ်ထဲက ပုံလှလှလေးတွေရွေးကာ ပုံထပ်ဆွဲနေတာကို စိတ်ဝင်တစားဖြစ်နေတုန်းမို့ မျက်နှာက မကြည်ပေ။ ဒါပေမယ့် ညဘက်ဆို ဆယ့်လေးလက်မတီဗွီတစ်လုံးပဲ အိမ်ပေါ်ထပ်မှာရှိတာကို စုပြုံကြည့်နေကြတာမို့ လူကြီးတွေ အကုန်ရှိနေကြတော့ ဘာမှ မပြောသာ။ ထို့ပြင် ...

လွယ်အိတ်ဆင်းယူပေးပြီးတော့လည်း မဟုတ်သေးပေ။

"ဟာ လွယ်အိတ်ဆို လွယ်အိတ်ပဲယူလာတယ်၊ အထဲမှာ စာအုပ်မှ အစုံမပါဘာ၊ ဘေးမှာ အထပ်လိုက်ချထားတဲ့စာအုပ်တွေ မမြင်ခဲ့ဘူးလား သွားယူ ... သွား"

"နင့်စာအုပ် နင်ပဲသိတာ ကိုယ့်ဘာသာကိုယ် သွားယူပါလား"

"ငါ မဆင်းချင်လို့ခိုင်းတာပေါ့၊ ခိုင်းရင် အေးအေးဆေးဆေးလုပ်တာ မဟုတ်ဘူး"

"ဟဲ့ ဘာဖြစ်နေတာလဲ၊ ဒီမှာ ဓာတ်လမ်းကြည့်နေတာ ကောင်းကောင်းမကြည့်ရဘူး"

ဒေါ်ညိုညို က လှမ်းအော်သည်။

"ကျော်ဦးက ဒီည အဖေနဲ့သွားအိပ်မှာဆို"

"ဟုတ်တယ်၊ အဲဒါ စာကျက်စရာတွေရှိတာ ယူသွားပြီး ဟိုမှာကျက်





မလို့"

ဒေါ်ညိုညို့ယောကျ်ား ဦးလှမောင်က နေ့ဘက်လည်း အလုပ်လုပ်သည်။ ညကျတော့လည်း ဘော်ဒါဆောင်တစ်ခုမှာ ညစောင့်အလုပ်လုပ်၏။ ဟိုမှာက ရေမီး အဆင်သင့်ဖြစ်သည့်အပြင် နေရာလည်းကျယ်သည်။ ထို့ကြောင့် ဒီမှာရှိတဲ့ကျောင်းသားငယ်တွေ ဦးလှမောင်ဆီမှာ မကြာခဏ သွားအိပ်ဖြစ်ကြ၏။

ဒီထဲမှာ နှင်းသက်တန့် တော့ မပါပေ။

"သွားမှာဖြင့်သွားတော့လေ၊ တော်ကြာ ညဥ့်နက်သွားရင် ကားမရဘဲ နေမယ်"

ပြောလိုက်ပြီး အကြီးဆုံးအစ်မက ငါးဆယ်တန်စုတ်စုတ်လေး တစ်ရွက်ကို ခက်ခက်ခဲခဲ ရှာဖွေထုတ်လာ၏။ ဟိုကအပြန် အရုဏ်တက် အတွက်က အဖေ့တာဝန်ဖြစ်၏။

ကျော်ဦးက ပိုက်ဆံကိုလှမ်းယူပြီး လူကြီးတွေ သတိထားမိအောင် မျက်စောင်းကြီးရွယ်ပြီး နှင်း ကို မကျေမနပ်စိုက်ကြည့်၏။

"ကြည့်ပါလား၊ လူတွေကို ဘာထင်နေလဲမသိဘူး၊ ခုထိမထဘူး"

နှင်း က ပုံဆွဲနေရာကနေ ဆတ်ခနဲမော့ကြည့်၏။

"ကိုယ့်ဟာကိုယ်သွားယူပါဆို၊ ငါ မသိဘူး"

"မရှည်နဲ့၊ ခု သွားယူပေး၊ ခိုင်းလိုက်ရင် ပေါ့ပေါ့ပါးပါးမရှိဘူး"

"နင်ကရော ဒုက္ခိတဖြစ်နေလို့လား၊ လူကြီးလဲမဟုတ်ဘဲနဲ့"

နှင်း က တစ်ခွန်းမခံတော့ ကျော်သီး ခေါသွက်သွား၏။ ဘာဖြစ်ဖြစ် ကိုယ့်ဘက်ကပဲပါလာကြမှာကိုသိတော့ ဒေါသက လိုတာထက် ပိုသည်။

"မိနှင်း ... အလေနတော့မ၊ ခု ထ, ဆိုထ"

"ငါ့ကို မဆဲနဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဆဲတော့ဘာဖြစ်လဲ၊ လူကဖြင့် သူများအိမ်မှာနေ၊ သူများကျွေးတာစားပြီး သူ့ကိုယ်သူ ဘာအောက်မေ့နေလဲမသိဘူး"

ကြမ်းပေါ်မှာ ဝမ်းလျားမှောက်လေးပုံဆွဲနေသည့် နှင်းကိုယ်လေး တောင့်သွား၏။ လူကြီးတွေဆီ လှမ်းကြည့်တော့ 'ဒီလိုမပြောနဲ့ မတော်ဘူး'လို့ ဝင်ရောက်ဆုံးမမည့်သူ မရှိ။

ကျော်ဦး က နှင်း မျက်လုံးရောက်သွားတာကိုသိသည်။ ပစ်ပစ်နှစ်နှစ် မဲ့လိုက်ပြီး ပခုံးတွန့်ကာ ...

"ကိုယ့်ဘဝကို နားလည်ရင် ပြောတာဆိုတာ ဆင်ခြင်၊ စားထားသလောက် တာဝန်ကျေအောင်လုပ်၊ ဒါပဲ"

"လုပ်ပေးဘူး၊ လုံးဝ မလုပ်ဘူး"

နှင်းရဲ့ ဒေါသကလည်း လစ်မစ်မရှိပေ။ ဒေါသမီးက ဟုန်းခနဲ ထ၊ တောက်ကာ ဆွေမျိုးနီးတာ မနီးတာ၊ အရင်းအဖျား ဘယ်လိုပဲတော်တော် ပက်ခနဲပြောပြီးသား။

"ဟွန်း ... သူ့ကျတော့ အပျင်းကြီးပြီး သူများကို မစာမနာပြောဖို့ဆို သိပ်သွက်တယ်"

"အံမာ ..."

"ဘယ်သူ့ထမင်းစားစား စားထိုက်လို့စားရတာ၊ လာမပြောနဲ့"

"ပြောမယ်၊ ပြောတော့ဘာလုပ်ချင်လဲ နှင်က ..."

ကျော်ဦးက ပြောရင်း အနားရောက်သွားကာ နှင်းခေါင်းလေးကို ခေါက်ခနဲခေါက်ချလိုက်၏။

"ဟဲ့ ..."

"သြော် ... ဒီကောင်လေး ..."

မလွဲမကင်းသာသည့် ညည်းညူသံနှင့် လူကြီးတွေက ဆူတော့မလိုလို၊ တားမလိုလို၊ တကယ်တမ်းကျတော့ 'နာတာတောင်နည်းသေးတယ်'လို့





ပြောသည့်အကြည့်တွေနှင့် မျက်နှာလွှဲ၏။

ရှုံ့ထက်သည့်အရာတစ်ခုခုနှင့် အထိုးခံလိုက်ရသလို ပြင်းထန်စွာနာကျင်သွားသည့်ခေါင်းကို လက်တစ်ဖက်နှင့် ဖိပွတ်နေရင်း နှင်း မျက်ရည်တွေလည်လာသည်။

ဘယ်သူပြောပြော မခံတတ်တာပဲရှိသည်၊ ပြိုင်ဆိုင်လက်ပါပြီဆို နှင်း ခံလိုက်ရတာပါပဲ။ ဒီအိမ်သားအားလုံးဟာ နှင်း ကိုဆိုလျှင် အဆိပ်ရှိသတ္တဝါ တစ်ကောင်ကို ခေါင်းမထောင်နိုင်အောင် တစ်ယောက်တစ်ချက် ဝိုင်းရိုက်နေကြတာနှင့်တူ၏။

အိမ်မှာ လူတွေရှိသလောက် အားလုံးက နိုင်ကြသည်။ နှင်းအောက်က ငယ်တဲ့ကလေးတွေကပါ ဗိုလ်ကျချင်ကြ၏။

မီးရောင်အောက်မှာ မြင်မြင်သမျှမျက်နှာတွေကို လိုက်ပတ်ကြည့်ကာ နှင်းမျက်လုံးတွေက ကျော်ဦးမျက်နှာဆီ ပြန်ရောက်လာသည်။ ကျော်ဦး က အားရပါးရ ခေါက်ပစ်လိုက်ပြီး 'ဘာတတ်နိုင်သေးလဲ' ဆိုသည့်အကြည့်နှင့် ခါးထောက်ကြည့်နေတာမို့ မျက်လုံးချင်းဆုံတော့လည်း မလွှဲတမ်းစိုက်ကြည့်နေ၏။

"ကဲ ကဲ မျက်နှာချင်းဆိုင်ပြီး ရန်ဖြစ်မနေကြနဲ့၊ ကျော်ဦး သွားစရာရှိတာ သွား"

"ဟိုတစ်ယောက်က ဘာပေစောင်းပေစောင်းကြည့်တာလဲ၊ အဲဒါကြောင့် တစ်ဖက်က လက်ပါတာ၊ ပုံစံကိုက အပိုးမှမကျိုးတဲ့ဥစ္စာ"

တစ်ယောက်တစ်မျိုးဝင်ပြောတော့ ကျော်ဦး က လှည့်ထွက်သွားပြီးမှ နောက်ပြန်လှည့်ကြည့်၍ ...

"အပိုးကျိုးအောင်ကိုလုပ်မှာ၊ ခြေပဲကျိုးကျိုး၊ လက်ပဲကျိုးကျိုး ဒုက္ခိတဖြစ်နေရင် ပိုတောင်ကောင်းသေးတယ်"

"သူများကို အဲဒီလောက်စေတနာထားမနေပါနဲ့၊ လောကလာဆယ်



www.burmeseclassic.com

www.burmeseclassic.com



ကားလမ်းပေါ် ထွက်ရမှာက ငါမဟုတ်ဘူး နှင်း ကားတိုက်ခံရပြီး အသက် ပါထွက်သွားဦးမယ်"

"ကြည့်စမ်း၊ ငါ့ကို ..."

"အမယ်လေး မှိုနှင်း ...၊ ညည်း မိုက်ရိုင်းလှချည်လားဟင်၊ သွားမယ့် လာမယ့်လူကို ..."

"ခွေးပါးစပ် ... ပါစေ"

ကစ်အိမ်လုံး ဆူညံညံတွေ ... ဖြစ်ကုန်သည်။ သူတို့ဟာထိတော့ နာတတ်ကြပါလား။

ကိုယ့်ကို ကျိုးပါစေ၊ ကန်းပါစေလို့ ပြောနေတာကျတော့ နာမယ့်သူ မရှိ။

ကျော်ဦး က ပြန်လှည့်လာပြီး ထိုးမယ်၊ ကြိတ်မယ် တကဲကဲဖြစ်နေ သေးသည်။ နှင်း က ဂရုမစိုက်ပါ။ အဲဒီလို စိတ်ရှိလက်ရှိပြောပေးလိုက်ပြီး ရင် ရင်ထဲမှာ ဘာမှမကျန်တော့။

ကျော်ဦး ထွက်သွားပြီး သိပ်မကြာလိုက်ပေ ...

"ဒေါ်ကြီးညို ... ဒေါ်ကြီးညို"

"ဟေး ဘယ်သူလဲ"

"လမ်းဆုံမှာ ဒေါ်ကြီးညိုသား ... တိုက်ခံရလို့"

"ဘာ ..."

အိမ်သားတွေ ဝရုန်းသုန်း ... ထွက်သွားကြတော့ နှင်း တစ် ယောက်တည်း ချောင်ကပ်ကျန်ခဲ့၏။ ဘာတွေဖြစ်လာတော့မည်ဆိုတာ ကိုယ့်ကံကြမ္မာကို ကြိုတင်သိမြင်လိုက်ပြီမို့ လက်ပိုက်လေးရပ်ရင်း ငြိမ် သက်နေမိ၏။ တမင်တကာ ဘာမှမပါခဲ့။ ဒါပေမယ့် ...

❀ ❀ ❀





အခန်း (၄)

"ခေါ်သွားပါ၊ သူ့အဖေခေါ်တာပဲဟာ ဘာမပေးနိုင်စရာရှိလဲ၊ ကျွန်မ တို့ကလဲ ကိုယ့်တူမလေးမို့လို့ စောင့်ရှောက်ထားရတာပါ။ ဒီလူအုပ်ကြီးနဲ့ ရှမ်းကန်နေကြတာ လောက်တယ်လို့မရှိပါဘူးရှင်"

အပြောလေးကတော့ မဆိုးပါ။ ကျေးဇူးတင်ဖို့လည်းကောင်းသည်။ နောက်ထပ် ကျေးဇူးဆပ်တာပါဆိုပြီး ငွေတွေ အထပ်လိုက်ချပေးချင်လာ အောင် အမူအရာကလည်းပိုင်သည်။

တကယ်ဆို ကျော်ဦး ခြေထောက်ကျိုးသွားကာ ဆေးရုံကပင် မဆင်း ရသေးပါ။ နှင်း ကို သူတို့ အိမ်ပေါ်က ဆွဲချကြမလား၊ လမ်းဆုံလမ်းခွကနေ ခေါင်းလောင်းထိုးလှူပါသည်ဟု ကြေညာကာ လာခေါ်တဲ့သူနဲ့ ထည့် လိုက်မလား။

ဆိုးရွားဆုံးသော ကံကြမ္မာတစ်ခုကို ပတ်ဝန်းကျင်နဲ့ လောင်းကစား သည်ရင်း ဆုံးဖြတ်အံ့ဆဲဆဲဖြစ်သည်။ ထိုအချိန်မှာ နှင်းအတွက် အဆုံး



www.burmeseclassic.com

www.burmeseclassic.com



အဖြတ်ကို 'ဖေဖေ'ဆိုသော သူဌေးကြီးတစ်ဦး ဘွားခနဲပေါ်လာခြင်းဖြ အတည်ပြုနိုင်ခဲ့လေသည်။

"ကျွန်တော်က သူဌေးကြီး 'ဦးသက်တန့်'ရဲ့ လူယုံတော်ပါ"

ဟု ကိုယ့်ကိုယ်ကို မိတ်ဆက်ထားသော အသားညိုညို၊ ခပ်ပိန်ပ ရှေ့နေကြီး နှစ်ခေါက်လာသည်။ နောက်တစ်ခေါက်မှာ ငွေတွေအထ လိုက်ကိုထားခဲ့ပြီး နှင်း ကို ခေါ်သွားခဲ့၏။

ရပ်ကွက်ထဲမှာ ဘယ်လိုအတင်းအဖျင်းတွေဖြစ်ကျန်ခဲ့သည်ကို နှ သိသည်။

ဒေါ်ညိုညိုတို့ကိုယ်တိုင် မလိုလားသောအတင်းအဖျင်းတွေကို သေ မြောပါး ဖုံးဖိပြီး ထိုးကြိတ်ထည့်လိုက်တာ စေတနာရှိလွန်းလို့တော့ မဟု ပေ။

ငွေတွေကိုလည်းမြင်နေသည်၊ နှင်း ကို တွင်းတူးမြှုပ်ပစ်ဖို့ထိ မုန်း စွာ စွန့်ပစ်ချင်နေသည်မို့ သိကြားမင်း လာခေါ်တာပဲဖြစ်ဖြစ်၊ မဟာအ ရဲ့ကို ကြိုးမပါဘဲ ဒိုင်ပင်ထိုးဆင်းတော့မယ်ဆိုဆို အိမ်မှာမရှိတော့ဖို့သ အဓိက။

နှင်းရဲ့ မကောင်းကြောင်း၊ ဘာညာသာရကာ တွေမပြောခြင်းဖြင့် နှ သူဌေးသမီးမဖြစ်ရေးက ကိုယ့်အိမ်မှာ သောင်တင်နေမည့်အဖြစ်ထ တော့မဆိုနိုင်ပေ။ ထို့ကြောင့် ဝမ်းသာအားရ ထိုးကြိတ်ထည့်ပေးလို ကြသည်။

သူဌေး ဦးသက်တန့် ဆိုတာ ဖြူသလား၊ မည်းသလား၊ နှင်းရဲ့ အ ဆိုတာ တကယ်ဟုတ်နိုင်ပါ့မလား၊ မဟုတ်ခဲ့ရင် ဘယ်လိုလုပ်မလဲ၊ ဘာ ဘာမှ မစူးစမ်းခဲ့ပေ။ နှင်းကလည်း ဂရုမစိုက်ပါ။

"သမီးရဲ့ဖေဖေက ခေါ်ခိုင်းလိုက်တယ်၊ လိုက်မယ်မဟုတ်လားသ လို့ ရှေ့နေကြီးက မေးတော့ 'လိုက်မယ်'လို့ ချက်ချင်းခေါင်းညိတ်သည်





ရှေ့နေကြီး စကားပြောနေတုန်း ကားပေါ်တက်ထိုင်နေလိုက်တာ ဒေါ်ညို ညိုကိုယ်တိုင် အကျီတွေထည့်ထားသည့် သံသေတ္တာလေးကို ကားပေါ် လိုက်တင်ပေးရ၏။

ဒါတောင်မှ သူ့ပစ္စည်းလေးတွေ ပါ့ပါစေဆိုပြီး စေတနာနဲ့ အလွမ်း သယ်ချင်တာမဟုတ်ပါ။ သေတ္တာကို နောက်ခန်းထဲမှာထည့်ပေးနေစဉ် နှင်းရဲ့ဘေးနားကို လာကပ်ပြီး ...

"ဟိုမှာ သင့်တင့်အောင်နေနော် မိနှင်း၊ မနေချင်လို့ , မတည့်လို့ ဘာ ဖြစ်ဖြစ် ပြန်မလာနဲ့၊ ဒီမှာ ညည်းကို အသေသတ်မယ့်လူနဲ့၊ အစိမ်းလိုက် ဝါးစားချင်တဲ့လူနဲ့ သိတယ်မဟုတ်လား" တဲ့။

နှင်း အံကြိတ်ရင်း နားထောင်နေခဲ့ရသည်။ ကိုယ်လည်း ကလေးပိစိ ကွေးလေးမှမဟုတ်တော့တာ ဘယ်သူ့အရိပ်အခြည် ဘယ်လိုဆိုတာ မသိဘဲနေမလား။

ထို့ကြောင့် ကိုယ့်ဘဝဟာ ဒီအိမ်၊ ဒီဝန်းကျင်ကလွန်ပြီး ဟိုဘက်မှာ ဘယ်လောက်ယိ ဆိုးရွားနေပါစေ ဒီကနေလွတ်လပ်သွားဖို့သာ အဓိက ဖြစ်နေခဲ့သည်။

နှင်းရဲ့ ကံကြမ္မာပဥ္စလက်တွေက ဒီနေရာမှာ တစ်ခန်းရပ်၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

"ကြားရတဲ့ သတင်းစကားတွေကတော့ မျိုးစုံပါပဲ၊ ဒါပေမယ့် ကိုသက် သိချင်တဲ့ ကလေးရဲ့ စာရိတ္တပိုင်းဆိုင်ရာမှာ အထိအခိုက်မရှိတာတော့ သေချာပါတယ်။ ဒေါ်ညိုညိုတို့တစ်အိမ်သားလုံး ကျပ်ကျပ်တည်းတည်း ရုန်းကန်စားသောက်နေကြရပေမယ့် စာရိတ္တဖောက်ပြန်တဲ့သူ မရှိဘူး။ ဥပမာ အိမ်ထောင်သည်က အိမ်ထောင်ရေးဖောက်ပြန်တာ၊ လူငယ်တွေက သောက်စားမိုက်ရူးတာမျိုး။ မိန်းကလေးတွေက ဆင်းရဲဒဏ်မခံနိုင်တဲ့ ပြဿနာတွေ အားလုံး ကင်းရှင်းတယ်။ 'နှင်းသက်တန့်'ဆိုတဲ့ မိန်းကလေး က ဖူးဖူးသန့်သန့်လေး၊ တစ်သွေးတစ်မွေးဖြစ်နေတော့ အားလုံးထဲမှာ ပေါ်လွင်နေတာပဲထင်ပါတယ်၊ ဟိုပြော ဒီပြောသံတွေအများကြီးပဲ"

"ခင်ဗျားပြောသလိုဆိုရင် သမီးက ပါးစပ်ကြမ်းတယ်၊ စိတ်ဓာတ်မနူး ညံ့ဘူး၊ ဒီလိုလား"

"ဟုတ်တယ်၊ မလိုတဲ့မျက်လုံးနဲ့ကြည့်တော့ ရိုးရိုးထဘီမနဲ့လဲ ဝါကို စိန်ခေါ်တယ်၊ သူ့ဟာသူ တံတွေးထွေးလဲ ငါ့ကိုထွေးတယ်ဆိုတာမျိုး။ ကလေးကို မလိုလားကြတော့ အရပ်စကားတွေ ဟိုပြော ဒီပြောပေါ့"





"သိပြီ သိပြီ၊ ဟုတ်တာပေါ့၊ သမီးလေးက မိဘမဲ့လေးဖြစ်နေတော့ မျက်နှာငယ်ရှာမှာပေါ့။ ကျန်ခဲ့တဲ့မိသားစုကို ကျေနပ်အောင်ပေးလိုက်ပါ။ ဒီကလိပ်စာ လုံးဝမသိဘူးမဟုတ်လား"

"မသိဘူး။ မေးရင်တောင် ကိုသက်က မပြောခိုင်းလို့ တခြား အဆင် ပြေတာတစ်ခုခု ပြောခဲ့ဖို့ပါ။ သူတို့က မမေးကြဘူး၊ ကလေးရဲ့အဖေဆိုတာ နဲ့ပဲ အတင်းကိုထည့်ချင်နေကြတာ"

စကားသံတွေကြားလိုက်ရသဖြင့် ရပ်နားထောင်နေရင်း နှင်း ချောင်း ကြည့်လိုက်တော့ ဖေဖေ့မျက်နှာပေါ်မှာ ပြုံးနေတာနှင့်တူလျက် ပြုံးတာ မဟုတ်သော ကြေကွဲခြင်းတစ်ရပ်ကို မြင်နေရသည်။

ထိုစဉ်ကတော့ နှင်း မဝေခွဲတတ်ပါ။ 'ဖေဖေ ပြုံးတာကြီးကလည်း ငိုတော့မလိုဘဲ'ဟု တွေးမိခဲ့တာဖြစ်သည်။

မြို့ရှကစ်မ်း စအမကြီးမှာ သူဌေးကြီး ဦးသက်တန့် က အသက် သိပ် ကြီးတာမဟုတ်ဘဲနှင့် အိမ်ထဲမှာပဲ ရောဂါသည်ကြီးလိုနေသည်။ ဆရာဝန် က တစ်ပတ်တစ်ခါ ကျန်းမာရေး လာလာစစ်ပေးရ၏။ အိမ်သားတွေက ပြောတော့ သူဌေးကြီးက 'စိတ်ကျရောဂါ'အပြင်းထန်ဖြစ်ထားဖူးတယ်တဲ့။

ဒီလောက်ထိ ထားစရာမရှိအောင် ချမ်းသာနေလျက်နှင့် 'စိတ်ကျ ရောဂါ'ဖြစ်ရသည်ဆိုတော့ နှင်း အံ့ဩမိ၏။ စိတ်ကျရောဂါဆိုတာ စိတ် ဓာတ်ကျခြင်းဆိုတာလောက်ပဲ သိထားသူမို့ လိုတာရနေသည့်ဘဝမှာ ဘာ တွေ စိတ်ဓာတ်ကျဖို့ရှိလို့လဲဟု တွေးမိခြင်းဖြစ်သည်။

ပြီးတော့ ငါ့အဖေ ဆိုသည့် ပီတိစိတ်လေးနှင့် မက်မက်မောမော တစ်ခါပဲ ငေးကြည့်ခွင့်ရလိုက်သည်။ နောက်ထပ် ဖေဖေ့နားကို နှင်း မကပ် ရတော့ပေ။

"ဟဲ့ ကောင်မလေး၊ အဲဒီအခန်းရှေ့မှာ ဘာရပ်ရပ်လုပ်နေတာလဲ၊ ချေ့နေဝင်သွားပြီဆို သူ ဒီနားမှာ တဝဲဝဲနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒက်ဒီမယားငယ်ရဲ့သမီးဆိုတော့ အမွေလိုချင်လို့ဖြစ်မှာပေါ့ မာမီ အက်ဒီကလဲ ဘယ်ချောင်ဘယ်ကြားကနေ သတင်းကြားပြီး ဆွဲထုတ်လာလာတဲ့မသိဘူး"

ဒေါ်ခင်သဇင် က ဦးသက်တန့်၏ တရားဝင်ဇနီးဖြစ်သည်။ မြသဇင်ဆိုသည့် တစ်ဦးတည်းသောသမီးလေးက နှင်း ရောက်လာပြီဆိုတော့ မကြည်လင်။

နှင်း ထက် သုံးနှစ်လောက်ငယ်တာတောင်မှ လူကြီးတွေကွယ်သည်နှင့် 'နှင်နဲ့ငါနဲ့ပဲ ပြောသည်။ 'နှင်က ဒက်ဒီ့သမီးဆိုလဲ ဒီအိမ်မှာ အရှင်သခင်မဟုတ်ဘူး၊ အဲဒါ မှတ်ထား'ဆိုသည့် စကားကို ခဏခဏပြော၏။

'မြရှက်စိမ်း'မှာ ဦးသက်တန့် က ကြည့်ရှုစောင့်ရှောက်ထားသည့်မိသားစုတစ်စုရှိသည်။

ဒါက ညီဝမ်းကွဲဖြစ်သော ဦးစိမ်းအောင်တို့သားအဖပဲဖြစ်၏။ ဦးစိမ်းအောင်က တည်ကြည်ဖြောင့်မတ်သည်။ အလုပ်လုပ်သည့်နေရာမှာ စည်းကမ်းရှိ၏။ ဒါကို သဘောကျကာ အလုပ်ထဲမှာ နေရာပေးခဲ့ရင်း နောက်ကျတော့ လုပ်ငန်းတွေ လွှဲအပ်ထားရသည့်အဆင့်ထိ ဦးသက်တန့် က ယုံကြည်ခဲ့၏။

ဒေါ်ခင်သဇင်ကလည်း ဦးစိမ်းအောင်တို့သားအဖကိုကျတော့ကြည်ဖြူသည်။ ကွယ်ရာမှာ သားအမိနှစ်ယောက် ပြောနေကြသံကို နှင်း ကြားဖူးခဲ့၏။ ရှက်စိမ်းနှတို့ မောင်နှမနှစ်ယောက်၏ အစကတည်းက ဆောင့်ကြွားကြွားနေတတ်ပုံကြောင့် 'မြသဇင်'က မကျေနပ်ခဲ့ပေ။

"ဘာဖြစ်လဲ သမီးရယ်၊ ညည်း ဒက်ဒီက ရောဂါသည်၊ အိမ်ထဲက အိမ်ပြင်ထွက်လို့ရသလား၊ လေစိမ်းတိုက်မခံတဲ့ဟာ၊ စီးပွားတိုးတက်အောင် ဘယ်လိုရှာနိုင်မှာလဲ၊ မာမီကလဲ ပြေးလွှားရှာဖွေနေရတာတွေ စိတ်မဝင်စားဘူး၊ အဲဒီတော့ သူ့ရှာလို့ ကိုယ် သက်သာနေတာ၊ သည်းခံ





ခံမ်းပါ၊ ဘယ်သူက အရှင်သခင် ဘယ်သူက ကပ်ပါးဆိုတာ လူတိုင်းသိတယ်"

"မသိပါဘူး၊ သူက ရှက်စိမ်းနုဆိုတော့ 'မြရှက်စိမ်း'စံအိမ်က အရှင်သခင်ပဲ မှတ်တာပေါ့၊ မာမီ က သမီးကိုကျတော့ စိမ် ဆိုတာ ပါအောင်မည်မှည့်မပေးဘူး၊ ကြည့်ပါသီး၊ သူ့အဖေကလဲ ဦးစိမ်းအောင် တဲ့၊ သမီးတို့မိသားစုမှာ ..."

"သြော် ... သမီးက မြသဇင်၊ 'မြ'ပါတာပဲဟာ"

သားအမိ စကားပြောနေတာတွေကို ကြားရတိုင်း ဒီလို သဝန်တိုမှုတွေပဲများကာ ဖေဖေနဲ့ ရှေ့နေကြီး ပြောတာကျတော့ နှင်းနဲ့ပတ်သက်နေတာတွေပဲများ၏။

သူတို့ပြောကြသလို အဆင့်အတန်းမရှိဘူးလို့ပဲပြောပြော မတတ်နိုင်။ စကားတွတ်ထိုးပြောသံကြားပြီဆို နှင်းကတော့ နားစွင့်ပြီးသား ဖြစ်သွားတတ်သည်သာ။

မကြားရလျှင် ကြားရတဲ့နေရာအထိ နားကပ်လိုက်သေးသည်။ ဘယ်မှာလည်း ဒီအလုပ်တစ်ခုပဲ ရေးကြီးခွင်ကျယ်ဖြစ်နေတာမျိုး။ စံအိမ်ကြီးတစ်ခုလုံးမှာ စကားပြောဖော်လည်းမရှိ ပြောဖြစ်တော့လည်း ဖော်ရွေသူ မပါ။

ထိုအခါ စကားပြောဖော်ရှာတာထက် နားထောင်ဖို့ကိုပဲ အာရုံစိုက်တော့သည်။ ပြီးတော့ ရယ်စရာကောင်းတာရှိသေးသည်။

"မာမီ သမီးကျတော့ ဒက်ဒီနဲ့ ဘယ်နေရာမှာမှမတူဘဲနဲ့ နှင်း က ဘာဖြစ်လို့တူနေတာလဲ။ သူ့ကိုမြင်တဲ့လူတိုင်းက ဘာမှမပြောပြဘဲနဲ့ ဦးသက်ရဲ့သမီးလားလို့ မေးတယ်။ သူ ရောက်လာကာမှ သူ့ကိုပဲ ဦးသက်သမီးလားလို့ မေးမေးနေကြတာ သမီးက ဒက်ဒီသမီး မဟုတ်တဲ့အတိုင်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



"သမီးရယ် ဒါလေးကို သဝန်တိုနေတယ်၊ သူ့မှာ အဲဒီမျက်နှာလေး ကယ်လို့ တဲစုတ်ထဲကနေ ဒီစံအိမ်ကြီးပေါ် ရောက်လာတာပေါ့၊ သမီးက ဦးသက်တန့်ရဲ့သမီးပဲလေ၊ ဘယ်သူ ယုံကြည်ဖို့လိုလို့လဲ"တဲ့။

ဒေါ်ခင်သဇင် က အိမ်မှာနေတဲ့အချိန်တိုင်းလည်း သူ့ကိုယ်သူ တသ သနင့် ပြင်ဆင်နေတတ်သလို အပြင်ထွက်သွားပြီဆို ရုပ်ရှင်မင်းသမီး ... အောင် ပြင်၏။ သိပ်လှတာမဟုတ်ဘဲ ပြင်လွန်းတော့လည်း ကြည့်ကောင်း သည်။ ခင်သဇင် ဆိုတာ နာမည်ကြီး၏။

ဦးသက်တန့် က လူမမာလို အခန်းအောင်းသည်။ ဒေါ်ခင်သဖင် က အိမ်မမြဲ။ ဦးစိမ်းအောင်ကလည်း လုပ်ငန်းနဲ့အိမ်ပဲဖြစ်၏။ ကျန်ခဲ့သူကလေး တွေထဲမှာ ရွှက်စိမ်းနတို့မောင်နှမက ကလေးကြီးတွေဖြစ်ကာ မြသဇင် ကို တယုတယစောင့်ရှောက်ကြပြီး နှင်း ကိုကျတော့ အနားကပ်တာ တောင် မကြိုက်ပေ။

ထို့ပြင် ဘယ်က ဘယ်လိုကြားလာခဲ့မှန်းမသိသော နှင်း ကို လူတွေ ကဲ့ရဲ့ခဲ့ကြသည့်နောက်ကြောင်းတွေ မကြားတကြားပြော၍ နှိမ့်ချတာတွေ လည်းရှိ၏။

"ပုံစံလေးကိုက ဖြူဖပ်ဖပ် မျက်လုံးပြူးပြူးနဲ့ ဥစ္စာစောင့်လိုလို၊ အရှ လိုလိုနဲ့ လူတွေပြောကြတာ ဟုတ်မှာပဲ"ဟု ပြောပြီး ဘာတွေပြောကြ တယ်ဆိုတာ မပါ။

အိမ်မှာ လူစုံသည်ဖြစ်စေ၊ မစုံသည့်အချိန်မှာဖြစ်စေ နှင်းမှာ အဖော် မရှိပေ။ ဖေဖေ့အခန်းထဲကို ဝင်ခွင့်ရသည့်အခန်လေးဟာ ကန္တာရအလယ် မှာမြင်ရသည့် အိုအေစစ်လေးပါပဲ။

"သမီး အားမငယ်ရဘူး၊ 'မြရွှက်စိမ်း'ဟာ ဖေဖေ့ဘက်က ဘိုးဘွားပိုင် စံအိမ်၊ ဖေဖေ့ရင်သွေးဖြစ်တဲ့ သမီး ပိုင်တယ်"

ဦးသက်တန့်သည် အသက်အရွယ်အားဖြင့် အိုမင်းသည်မဟုတ်သ





စပ်ချောင်ချောင်မျက်နှာမှာ အသားအရေက မစိုပြည်။ မျက်ဝန်းများမှာ စူးရဲတက်ကြွမှုတွေ ပျောက်ဆုံးနေခဲ့၏။

သူသည် နှင်း ဆိုသေး မျက်ဝန်းအိမ်နက်နက်၊ မျက်တောင်ရှည်ကြီး များနှင့် မိန်းမငယ်လေးကို ကြေကွဲဆို့နင့်သောမျက်ဝန်းများဖြင့် ငေးကြည့် တာ ...

"သမီးတို့သားအမိကိုသာ လွှန်ခဲ့တဲ့ ဆယ်နှစ်လောက်ကတည်းက ဖေဖေ ပြန်ရခဲ့ရင်၊ ဒါမှမဟုတ် သမီး ဖေဖေ့လက်ထဲကို ငါးနှစ်လောက် စောပြီးရောက်လာခဲ့ရင် ..."

ဘာမှဆက်မပြောဘဲ အကြာကြီးနေသည်။ ပြီးမှ ...

"ဖေဖေတို့ ဒီထက်ပိုပြီးပျော်ရွှင်ကြရမှာ၊ ခုတော့ ..."

တမ်းတကြေကွဲနေတာ ဘာကိုရော်ရည်မှန်း၍ပြောနေတာမှန်း မသိ ပေ။ ဖေဖေနဲ့ မျက်နှာချင်းဆိုင်နေခွင့်ရသည့်အချိန်လေးမှာ ဖေဖေ ပြော သမျှကို နှင်း ကုန်စင်အောင်နားမလည်၊ ပြန်မေးဖို့လည်း မေ့နေခဲ့၏။

ထိုအခါ နှင်း ဟာ ဖေဖေ့ရှေ့မှာ ဆွံ့အ ငေးမောနေခြင်းဖြင့်သာ ရှိနေ တတ်ခဲ့သည်။ ကလေးဆုံကြပြီဆိုတော့ မဟုတ်တာပြောလဆင် နည်း နည်းလေးမှမခံတတ်သည့်စိတ်ကြောင့် ...

ထစ်ခနဲဆို ရန်ဖြစ်၊ စကားများ။ နှင်း က တစ်အိမ်လုံး၏မျက်မုန်း ကလေးသာ။

"မျက်နှာမြင်ရင် ဆဲချင်ပါစေဆိုတဲ့ ဆုတောင်းပြည့်လာသာ ထင် တယ်၊ အဲဒီကောင်မလေးကို ကျွန်တော် လုံးဝကြည့်မရဘူး"

အောင်ဇော် က ကိတ်မုန့်စားနေသည့် နှင်း ကို တည့်တည့်ကြည့်၍ ပြောသည်။ မနက် လက်ဖက်ရည်ဝိုင်းမှာ လူစုံကြသည်။ ဖေဖေကိုယ်တိုင် ထ လူစုံမှုကြိုက်လို့ပါ။

ဒီထဲမှာ ဖေဖေနဲ့အတူ မထိုင်ဖြစ်ဘဲ နှင်း ကျုံ့ခဲ့ပြီးသို့ ...



www.burmeseclassic.com

www.burmeseclassic.com



အေးချမ်းစွာ စားသောက်ပြီးဆုံးရသည် မရှိ။

ဒေါ်ခင်သဇင် ခရီးသွားမည်ဆိုတော့ ဖေဖေနဲ့ စကားပြောသံ ကျယ်ကျယ်တွေ ထွက်လာသည်။ ဒီတစ်ခါ နှင်း တင်မကဘဲ အားလုံး နားစွင့်နေခဲ့ကြ၏။

မနက်ကျတော့ ဒေါ်ခင်သဇင် က မြသဇင်ကိုပါ ခေါ်သွားရမည့်အဖြစ် မကျေနပ်သည့်မျက်နှာနှင့် ပါးစပ်ကလည်းပြောသည်။

"ကလေး အိမ်မှာကျန်ခဲ့တော့ သူ ထိန်းနေရတာ ကျနေတာပဲ၊ မိဘနေမကောင်းလို့ ခဏတစ်ဖြုတ် သတင်းသွားမေးမှာကို ကလေး တိုးလိုးတွဲလောင်းနဲ့ လူနာကို အားမနာပါးမနာ ..."

"ဩော် ... ကိုသက်ကလဲ ကလေးနဲ့ သူ့ဘိုးဘွားတွေ တွေ့စေချင်လို့နေမှာပါ"

ဦးစိမ်းအောင် ကတောင် ကားပေါ် လိုက်တင်ပေးရင်း နှစ်သိမ့်သလိုပြောလိုက်သေးသည်။ မြသဇင် က လေဒီရှူးဖြူဖြူ၊ ပခုံးချိတ်နောက်ကွဲဂါဝန်အဖြူကျပ်ကျပ်လေးနှင့် ခေါင်းစည်းကြိုးလေးစည်းထား၏။

ဒေါ်ခင်သဇင် ဒေါပွလို့ကောင်းနေတုန်းမှာ သူမက ရှက်စိမ်းနုတို့မောင်နှမကို ရယ်မောနှုတ်ဆက်နေသည်။ နှင်း ကို လှမ်းမြင်လိုက်တာနှင့် မျက်နှာလေးတည်သွားကာ ...

"ဘာကြည့်နေတာလဲ၊ ငါက မမကြီးတို့ကို နှုတ်ဆက်နေတာ၊ နင့်မျက်နှာကို လုံးဝကို မြင်ချင်တာမဟုတ်ဘူး"

ကိုယ့်ထက်ငယ်ရွယ်သူက ရင့်ရင့်သီးသီးပြောတော့ နှင်း စိတ်ထဲမှာထောင်းခနဲဖြစ်သွားသည်။

"ငါကလဲ မမြင်ချင်ပါဘူး၊ ပြန်မလာတော့ရင် ပိုတောင်ကောင်းသေးတယ်"

"ဟေး .. နှင်းသက်တန့် ခရီးသွားမယ့်သူကို အဲဒီလို နိမိတ်မကောင်း





တဲ့စကား မပြောရဘူး"

ဒေါသနှင့်ပြောတာမဟုတ်ပေမယ့် ဦးစိမ်းအောင် က နဂိုကတည်းကခပ်တည်တည်ပဲနေတတ်သူမို့ မာန်မဲတာနှင့်တူနေသည်။

"သမီး မြသဇင် သွားတော့လေ၊ ဟိုမှာ မေမေ စောင့်နေတယ်"

နှင်း ကို ဆူလိုက်ပြီး မြသဇင်ကို လှည့်ပြောသည်။ ပြီးတော့ အိမ်ထဲကိုဝင်သွားခဲ့၏။ မြသဇင် က ဦးစိမ်းအောင်ကို ဘာမှမပြောဘဲ မြင်ကွင်းထဲက ပျောက်ကွယ်သွားသည်အထိ မသွားသေးဘဲနေကာ ...

"ဟဲ့ ဖြူဖပ်ဖပ်နဲ့ ဥစ္စာစောင့်မ၊ နင် ငါ့ခက်ဒီနားကို သိပ်မကပ်နဲ့နော်၊ နှင်းသက်တန့် ဆိုတဲ့ နာမည်လေးနဲ့ လုပ်စားနေတာ၊ ဟွန်း ... လူကသေရာကနေ ထ,လာတဲ့အတိုင်း ..."

မခံချင်အောင် တမင်တကာနှိုးဆကဲ့ရဲ့နေတော့ နှင်း က ခါးနှစ်ဖက်ထောက်၍ ရယ်ပစ်လိုက်သည်။

"သေရာက ထ,လာတဲ့ပုံပေါက်နေတာက ငါ မဟုတ်ဘူး၊ ကိုယ့်ကိုယ်ကိုလဲပြန်ကြည့်ဦး၊ တစ်ကိုယ်လုံးဆွတ်ဆွတ်ဖြူနေတာ၊ အဟား ... မသေခင်ကတည်းက မသာဖြစ်နှင့်နေတာများ သနားစရာပဲ"

"ကြည့်စမ်း ဟဲ့ ..."

"မိနှင်း ..."

သူပဲမုန်း၊ သူပဲ ဒေါသကြီးနေတတ်သည့် အောင်ဇော်အသံက တစ်တစ်ခွခွကြီး ရူးထွက်လာသည်။

"မိနှင်း ... နင် ... နင်နော် ငါ အနံကယ်သက်နဲ့ ပြန်တိုင်မယ် နင့်ကို၊ စောစောက ဖေဖေ ဆူသွားပြီးပြီ၊ အဲဒီစကားတွေ မပြောကောင်းဘူး ဆိုတာ နားမလည်ဘူးလား"

"ဟုတ်လား၊ အဲဒီလိုမှန်းမသိလို့ ပြောတိုင်းသာ တကယ်ဖြစ်မယ်မှန်းသိရင် မုန်းတဲ့လူတွေအကုန်လုံးကို သေခိုင်းပစ်တယ်၊ တကယ်"



www.burmeseclassic.com

www.burmeseclassic.com



နှင်း တကယ့်ကို အဲဒီအတိုင်း ပြောချလိုက်မိသည်။ ဒေါ်ခင်သစ်င်တို့ သားအမိနှစ်ယောက်လုံး ဟိုကပြန်အလာမှာ ကားအက်ဆီးဒင့်ဖြစ်လို့ ဆုံးကုန်ကြပြီဆိုမှ ခေါင်းနားပန်းကြီးသွားခဲ့၏။

တစ်သက်လုံးက နောင်တမရခဲ့ဖူးသော ယုံကြည်ချက်တွေလဲ ပြိုလဲကုန်ခဲ့သည်။ အပြစ်တင်ကြမှာကို ကြောက်လို့မဟုတ်ပေ၊ ကိုယ့်ကြောင့်ဖြစ်သွားခဲ့ခြင်းကို မယုံနိုင်တာဖြစ်သည်။

သူတို့ မုန်းကြမှာကို ဂရုမစိုက်သော်လည်း ဖေဖေ ငြိုငြင်သွားမှာစိုး၏။

"အဲဒါကြောင့် သမီးတို့ပြောတာ ဖေဖေ၊ နှင်းသက်တန့် က ပညာတတ်တယ်၊ သူ့ကြောင့်ဖြစ်တာ"

"ဟုတ်တယ်၊ သူ ကျိန်တွယ်လွှတ်လိုက်တာ ကျွန်တော်လဲကြားတယ်၊ သူ ပြောလိုက်လို့ နိမိတ်ဖတ်ပေးလိုက်သလိုဖြစ်ပြီး ခုလိုဖြစ်ကုန်တာ"

ဒီအတိုင်းပဲပြောကြသည်။ အိမ်ကအလုပ်သမားတွေကအစ ဒီစကားတွေကိုသိကုန်ကာ နာရေးသတင်း မေးလာကြသူတွေအထိ ပြန့်ကားကုန်၏။

'ဟုတ်ရဲ့လားကွယ်'ဆိုသည့် မျက်လုံးတွေနဲ့ကြည့်တာလဲရှိသလို 'အဲဒါ တို့လဲကြားဖူးတယ်၊ သိပ်ကြောက်စရာကောင်းတာ' ဆိုသည့် အကြည့်တွေလည်း ရောက်လာကြ၏။

နှင်းဘက်ကရပ်တည်ခဲ့တာ ဖေဖေတစ်ယောက်ပဲရှိခဲ့သည်။

"ကိုအောင်... မင်းသားသမီးတွေကို ဒီစကားတွေ ထပ်မပြောစေနဲ့"

ဟု ဦးစိမ်းအောင်ကို ခေါ်ပြောပြီး အလုပ်သမားတွေ ပြောတာကိုလည်း ဆူသည်။

"ဘယ်သူဖြစ်ဖြစ် ကံဖြတ်ရင်သေရတာပဲ၊ ခင်ဗျားတို့ မဟုတ်တာရတ်တွေ ဘာလို့လျှောက်ပြောနေတာလဲ၊ နောက်ထပ် ဒီစကားတွေထပ်ကြား





ရရင် အားလုံး အလုပ်ဖြုတ်ပစ်မယ်"

ဖေဖေက ထိန်းသိမ်းပေးပေမယ့် နှင်းကို ဘာလေး၊ ညာလေးလို့ ကြည့်သွားကြသည့် မျက်လုံးတွေမှာတော့ နှင်းရဲ့ဓာတ်ပုံက ပါသွားပြီးဖြစ်လေသည်။

ထို့ပြင် ရွက်စိမ်းနုတို့မောင်နှမ၊ သားအဖ မျက်လုံးထဲမှာလည်း နှင်းက မကောင်းဆိုးဝါးတစ်ကောင်ပဲဖြစ်နေခဲ့၏။

"ပြောမနေနဲ့ မမနု၊ အန်ကယ်သက်ကို သွားတိုင်နေဦးမယ်၊ အန်ကယ်က နေကောင်းတာမဟုတ်ဘူး"

နှင်းကိုမြင်တာနှင့် ရွက်စိမ်းနု က ဆောင့်ခနဲ ထ,ထွက်သွားတတ်သည်။ ကောင်းကောင်းထိုင်နေလျှင်တောင် ဟိုဘက်လှဲ့ထိုင်ပစ်လိုက်တာမျိုး။

အောင်ဇော် ကတော့ လူကြီးတွေလစ်တာနှင့် လက်သီးဆုပ်ပြတတ်၏။

"အန်ကယ်သက်က သူ့ဘက်ကပါမှာပေါ့၊ အန်တီဇင့်ကို ချစ်မှမချစ်တာ၊ ပြီးတော့ မြသဇင် က ..."

"သမီး ..."

ဒေါ်သတွေနှင့် စကားတွေလွှန်တော့ ကျွံတော့မယ်ဆိုမှ ဦးစိမ်းအောင်က လူငယ်တွေကြားထဲဝင်ဟန့်သည်။ ပစ်ပစ်စပ်စပ်တွေမပြောတတ်သော်လည်း သူလည်း နှင်း ကို မလိုလားတဲ့သူမှန်းတော့ သိသာပါ၏။

ထို့ကြောင့် ဦးသက်တန့် ကလည်း ကိုယ့်ကျန်းမာရေးကို ကြိုတင်တွက်မိလာသည့်အချိန်မှာ နှင်း ကလွဲ၍အိမ်သားအားလုံးကို ခေါ်ခဲ့သည်။

ဘာတွေ ပြောဆိုမှာကြားခဲ့သည်ကိုတော့ နှင်း မသိခဲ့ရပါ။ ဒါပေမယ့် နှင်း ကို ဖေဖေ ခေါ်သည့်အချိန်မှာ ဖေဖေ့မျက်နှာသည် ဖြူဖျော့ဖျော့လို လျက် စကားတွေအရှည်ကြီး ကြာကြာမပြောနိုင်တော့သည့်အခြေအနေ။



www.burmeseclassic.com

www.burmeseclassic.com



"ဆင်းရဲနေတော့လဲ ဆင်းရဲတဲ့ဒဏ် ရှိသလို ချမ်းသာတော့လဲ ချမ်းသာတဲ့ဒဏ်ကို ခံရတာပဲ သမီးရဲ့၊ ဘာပဲဖြစ်ဖြစ် ဒါ လောကဓံတွေပဲ ..."

"သမီး ကြံ့ကြံ့ခံနိုင်ရမယ်၊ ငါ ချမ်းသာတယ်ဆိုပြီး မထောင်လွှားနဲ့ ကျေးကျွန်တောင်ရှိပြီဆိုတော့လဲ မာန်မတက်ရဘူး၊ ပညာအရည်အချင်း သူများထက် ဘယ်လောက်ပဲတော်နေ၊ တတ်နေနေ ငါမှငါသာ နှိုင်းစရာ လို့ မတွက်ရဘူး၊ ..."

"လူ့ဘဝခရီးတစ်လျှောက်မှာ ပြီးပြည့်စုံတယ်ဆိုတာ မရှိဘူး၊ အထူးသဖြင့် လောကတတ်ပညာတွေဟာ လေ့လာဆည်းပူးလို့ မကုန်နိုင်ဘူး၊ မှန်းတိုင်းလဲ မပယ်နဲ့၊ ချစ်တိုင်းလဲ မလွမ်းနဲ့တဲ့၊ လူလိမ္မာကို ဆည်းကပ်ရသလို လူမိုက်နဲ့လဲ ပေါင်းရင်ပေါင်းရတယ်၊ ပြောချင်တာက သမီး အသိ၊ အမြင်၊ အကြား အားလုံးဟာ သူများထက် တော်နေ၊ တတ်နေဖို့ပဲ၊ အဲဒီအတွက် လောကတတ်ပညာတွေ လိုတယ်"

"တကယ်လို့ ဖေဖေ မျက်ကွယ်ပြုသွားခဲ့ရင် 'မြရွက်စိမ်း'ဟာ သမီး ဆက်ခံရမယ့်အမွေအနှစ်ပဲ၊ သစ်ရွက်လိုမနေနဲ့ ပင်စည်လိုနေ၊ လေတိုက်တိုင်း မလှုပ်ရဘူး၊ သမီး ကျန်ခဲ့မယ်ဆိုရင် သမီးရဲ့ဘေးမှာ သမီးကိုချစ်တဲ့ သူတွေချည်းပဲ ရှိနေချင်မှနေမယ်၊ ကိုယ် မလိုလားပေမယ့် အတူတူနေရမယ့်သူတွေဖြစ်နေရင် သမီး စိတ်ထားတတ်မှ ချမ်းသာမှာ"

စကားတွေ ဥပမာတွေ အများကြီးပြောနေပေမယ့် ဖေဖေ နောက်ဆုံးမှာသွားတာက ဦးစိမ်းအောင်တို့သားအဖနှင့် ဒီတိုင်းပဲ ဆက်နေသွားဖို့ ဖြစ်သည်။

"ဦးဆောင်လမ်းပြမယ့်သူရှိနေမှဖြစ်မယ်၊ အနားမှာ အဖော်အလျော် ဆိုတာလဲ မရှိရင်မဖြစ်ဘူး၊ သမီး သည်းခံရမယ်" တဲ့။

နောက်ပိုင်းရက်တွေမှာ ဖေဖေ့ကို ထပ်တွေ့ခွင့်မရတော့ဘဲ နောက်ဆုံးထွက်သက်လေးကျမှ နှင်း မြင်ခဲ့ရသည်။





ထိုစဉ်က ရှေ့နေကြီးဆိုသည့် လူကြီးက နှင်း လက်ဖဝါးလေးကို လှမ်းဆွဲပြီး အံကြိတ်ထားသည့် သူ့မျက်နှာကြီးလည်း နီနေရှာသည်။ ပြီးတော့ နှင်းပခုံးကိုဖက်ပြီး ...

"မငိုနဲ့ ကလေး၊ ဒါဟာ လူတိုင်း မလွဲမသွေကြုံမယ့် လောကဓမ္မတာပဲ၊ သူ အဲဒီလိုစွန့်ခွာသွားချင်ခဲ့တာ ကြာပြီ၊ ဒါပေမယ့် ကလေး ရောက်လာတော့ သူ မစွန့်ချင်ရှာပါဘူး၊ သေချင်လို့မသေရ၊ မသေချင်တော့ သေကြရတယ်။ ဒါလဲ တရားသဘောပဲ၊ သူ ကလေးအတွက် အများကြီးလုပ်ပေးသွားပါတယ်၊ ဝတ္တရားကျေခဲ့တဲ့ ဖခင်ကောင်းပါ"

နှင်း ခေါင်းလေးထက်မှာလက်တင်ကာ ပီဟိကလေးငယ်လေးကို ကြည့်သကဲ့သို့ အကြာကြီးငုံ့မိုးကြည့်ကာ စကားတွေ ခပ်လေးလေးပြောသည်။

ပြီးတော့ ဦးစိမ်းအောင်နှင့် စကားတွေပြောကာ နောက်ထပ် တစ်ခါ တစ်ရံသာတွေ့ရတော့ပြီး ရောက်မလာခဲ့တော့ပေ။

အတိတ်အကြောင်း အဟောင်းတွေထဲက နှင်းသက်တန့်သည် ပစ္စုပ္ပန်မှာကျတော့လည်း အတိတ်နှင့်ငြိနေဆဲဖြစ်၏။

အနာဂတ်မှာ လွတ်လပ်ခြင်းကို ရည်မျှော်မှန်းသော်လည်း ...

++++++++++++++



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

"သမီး လာဦး"

ဦးစိမ်းအောင်၏ခေါ်သံက ကိုယ်ကိုမကျက်မှန်းသိပေမယ့် အသံကြားတာနှင့် နားစွင့်ထားမိပြီးဖြစ်တတ်သည့်အကျင့်ကြောင့် နှင်း လှေကားရင်းမှာပဲ တုံ့ခနဲရပ်သွားသည်။

စာကြည့်ခန်းထဲကိုဝင်သွားသံ၊ တံခါးပိတ်သံကြားရမှ ခြေသံဖွဖွနှင့် အခန်းရှေ့ကိုတိုးကပ်သွားမိသည်။

"ဆန်းနဲ့သမီးကို ဖေဖေက တစ်ခါတည်းလက်ထပ်ပေးချင်တာ ကိုထွေးကလဲ ဆရာသဘောအတိုင်း စီစဉ်ပါတဲ့"

"ဖေဖေရယ် ဆရာ့သဘောအတိုင်းဆိုတာက သူက ကိုယ့်ရဲ့ဒရိုင်ဘာ ဖြစ်နေတာကိုး"

"ဆန်း ကလဲ အမြဲတမ်း ကိုထွေးရဲ့တူပဲ သမီးရဲ့၊ သူ့မှာ ဘွဲ့တွေ ဘယ်လောက်ပဲပုံပုံထပ်နေနေ 'မှန်းတည့်နေ'ဆိုတဲ့ ဒေါက်တာဟာ 'မြရွက်စိမ်း'က ထွက်သွားတဲ့ကလေးပဲ"

မာနရောင်စဉ်များနှင့် အမြဲတမ်းလေးနက်ကြည်လင်နေခဲ့သည့်ဖေဖေ့





တို စိမ်း က ငေးကြည့်သည်။ ဖေဖေဟာ အလုပ်လက်မဲ့ဘဝမှာရော၊ သူများအလုပ်သမားဘဝမှာရော ဘယ်ဘဝ်ပဲဖြစ်နေနေ မာနနှင့်နေသည်။

မမှားအောင်လုပ်သည်၊ မမှန်တဲ့သူကို ဂရုမစိုက်တတ်။ ဖေဖေ ဘယ်မှာနေနေ ယုံကြည်သူ ပေါ၏။ ပြီးတော့ လေးစားခင်မင်သွားတတ်ကြသည်။ ဒါပေမယ့် 'ဒီအရည်အချင်းတွေဟာ, သမီးဖြစ်သူအတွက် အိမ်ထောင်ဖက်ကောင်းတစ်ယောက်ကို လက်ထိကွက်ကျ ဆွဲထုတ်ပေးစားနိုင်ဖို့တော့ မလွယ်နိုင်ပါ။

အထူးသဖြင့် 'မွန်းတည့်နေ'ဆိုသော လူငယ်တစ်ယောက်ဟာ သည်းခံတတ်ရင်တောင်မှ အညှံခံတတ်တဲ့သူမဟုတ်တာ စိမ်း သိသည်။

သူ့ကိုယ်ကို တစ်ကိုယ်ရေထူးချွန်အောင်ကြိုးစားသွားခဲ့ပေမယ့်တစ်ကိုယ်ကောင်းမဆန်တတ်သော ဖြူစင်မှုလေးကြောင့် ဒေါက်တာမွန်းတည့်နေ ဟာ 'မြရွက်စိမ်း'ကို မပစ်ခွာခဲ့ခြင်းပဲဖြစ်၏။

ပြီးတော့ ရွက်စိမ်းနု ရယ်၊ အောင်ဇော် ရယ်၊ နှင်းသက်တန့် ရယ် ဒီသုံးယောက်ဘဝထဲကို နောက်မှ ရောက်လာခဲ့သော မွန်းတည့်နေ သည် အောင်ဇော်နဲ့ရွယ်တူဖြစ်သည်မို့ စိမ်းထက်အသက်ငယ်သည်။ နှင်းသက်တန့် ထက် သုံးနှစ်ကျော် ပိုကြီးသည်။

သူက စိမ်းကိုကျတော့ မမစိမ်းဟုခေါ်ပြီး လေးစားသမှုနှင့် ဆက်ဆံသည်။ ရွယ်တူဖြစ်ပေမယ့် အောင်ဇော် ကိုလည်း သိပ်ဟက်ဟက်ပက်ပက် ခင်မင်ရင်းနှီးတာမရှိ။ နှင်းကိုဆိုလျှင် အထူးအရေးပေး အလိုလိုက်ခဲ့၏။

စိမ်းသည် အားလုံး၏အကြီးဆုံးနေရာမှာ တည်တည်ခံ့ခံ့လေးနေခဲ့ရပေမယ့် လူကြီးဆိုသည့် မိန်းမတစ်ယောက်မှာလည်း နှလုံးသားနဲ့ပင်။

'မွန်းတည့်နေ' ဒီကိုရောက်လာတော့ ဆယ်တန်းကျောင်းသားဖြစ်သည်။ သူ့ကို ဦးလေးဖြစ်သည့် ဒရိုင်ဘာဦးထွေးက ဆန်း လို့ခေါ်သည်မို့



www.burmeseclassic.com

www.burmeseclassic.com



မေးကြည့်တော့ 'မွန်းတည့်နေ'ဆိုသည့်နာမည်ကို စူးရှထက်မြက်အောင် ပေးခဲ့ပေမယ့် တစ်ဖက်ကတွေးကြည့်တော့ ပူလောင်လွန်းသည့်အဓိပ္ပာယ် ဖြစ်နေသည်။

ထို့ကြောင့် နေအစား 'ဆန်း'လို့ပဲ ခေါ်ပါသည်တဲ့။ ဒီအိမ်ကိုရောက်လာသည့်နေ့မှာပဲ ဒီ ရုပ်မြင့်မြင့်၊ ကိုယ်ဟန်သွယ်သွယ်ခပ်ပါးပါးနှင့် ဆံပင်ပါးပါးကလည်း ကုပ်ထောက်၊ သိပ်မသေသပ်သော်လည်း လမ်းသရဲ လူရမ်းကားပုံမျိုးနှင့် ဘာမှမဆိုင်။ လွယ်အိတ်စလွယ်သိုင်းလေးနှင့် လွယ်အိတ်ကြိုးမှာပဲ လက်နှစ်ဖက် ဆုပ်တင်ကာ ခြံဝကနေ အထဲကို ငုံ့ချောင်းကြည့်နေခဲ့သည်။

အပေါ်ထပ်ဝရန်တာမှာ စာဖတ်နေသည့် ... ဆန်း ခြံဝင်ပေါက် ဝင်လာကတည်းက မြင်သည်။ ဒါပေမယ့် ဒီပါးစပ်၊ ဒီမခြထောက်တွေက ကိန်းခမ်းကြီးစွာ ငြိမ်သက်နေခဲ့တာ ခွေးသံက စီခနဲထွက်ကာ ခွေးနှင့်လူရိပ်တစ်ရိပ် ခြံထဲကလမ်းပေါ် ရိပ်ခနဲရောက်လာခဲ့သည်။

"ဝုတ် ... ဝုတ်"

"ဟဲ့ ... ဟဲ့ မသွားနဲ့လေ၊ မကိုက်ရဘူး၊ ဂျက် ... ဂျက် ရပ်စမ်း"

နှင်း က ဒူးကရှေ့ပင်နံ့အနီရဲရဲ ကြိုးတစ်လုံးပခုံးချိတ်အကျီအဖြူလေးနှင့် ဂျက်ရဲ့နောက်ကနေ မရမက လိုက်ဆွဲသည်။ တံခါးပိတ်ထားတာမို့ အပြင်ကလူက ဂရုမစိုက်စွာရပ်နေပေမယ့် တံခါးက ကားအပြင်ထွက်သွားကာစမို့ စေ့ရုံပဲစေ့ထားတာဖြစ်သည်။

ဒီတံခါးပွင့်သွားအောင် ဂျက် က လုပ်တတ်၏။ ဒါကို သူတို့အားလုံးသိကြသည်။ ထို့ကြောင့် စိမ်း ဒရင်းဘက်ခ်ပေါ်ကနေ အလန့်တကြား ထရပ်လိုက်မိတာ စာအုပ်လည်း လွတ်ကျသွား၏။

ဂျက်သာ တံခါးအပြင်ရောက်သွားလျှင်မလွယ်။ ကလေးငယ်လေးတစ်ယောက်၏အရပ်လောက်ရှိနေသော ဂျက်၏ကိုယ်လုံးကြီးကလည်း





သွားသည်။

ခြံတံခါး အမြဲပိတ်ထားသဖြင့် လူစိမ်းဆို ဂျက် က လုံးဝလက်မခံပေ။ သူ ခြံဝကိုရောက်လာတုန်းဆိုလျှင် ကားဖြတ်သွားတာလည်း ဒေါသကြီးနေတတ်သည်။ လူသွားလူလာမြင်ပြီဆို မျက်နှာစာခြံဆုံးသွားတဲ့အထိ ထနေ လိုက် နေတော့သည်။ ပြောရလျှင် သွေးဆာနေသည့် ကျားရဲ တစ်ကောင်နဲ့တူနေ၏။

ခွေးကပြေး၊ နှင်း ကလိုက်နှင့် ခြံတံခါးဝတစ်ဖက် ပွင့်သွားကာ နှင်း က ဂျက်ကို ခုန်ဖက်လိုက်ပြီးသားဖြစ်သွားသည်။

ခွေးနဲ့လူ လုံးထွေးပြီး သူ့ရှေ့မှာ ပုံပျက်ပန်းပျက်ဖြစ်နေခြင်းအား ဆန်း က နောက်ဆုတ်ရပ်၍ ငေးကြောင်ကြည့်နေသေးသည်။ ပြီးမှ ခြံရှေ့ လမ်းဘေးက မြေကြီးခဲကြီးတစ်ခဲ ပြေးကောက်လိုက်ပြီး ...

"မလုပ်နဲ့ပါ၊ မပစ်နဲ့ ဂျက်၊ ဟိတ်ကောင် ရပ်စမ်း"

အောင်ဖော့အသံကြီး ဟိန်းထွက်လာသည်။ နှင်း အတင်းအုပ်ဖက်ထားသည့်ထဲကနေ ရုန်းခါနေသည့်ဂျက်ကိုယ်ကြီး ငြိမ်ကျသွား၏။ အားလုံးငြိမ်သက်သွားမှ ဓာတ်ရှည်လည်သွားပုံရသော ဆန်း သည် နှင်းသာ ခွေးနှင့် နပန်းလုံးမသွားလျှင် သူ့တစ်ကိုယ်လုံး အကောင်းတိုင်းမကျန်နိုင်တော့တာကို တွေးမိသွား၏။ သူ့ကိုယ်သူလည်း ကြက်သီးမွေးညင်းထသွားပြီး နှင်း ကို ပြေးထူသည်။

"ညီမလေး၊ ဟာ .. ဒူးပြဲသွားတာပဲ၊ လက်မောင်းရော၊ ဒီမှာ တံတောင် ...လဲ သွေးတွေ"

ဆန်း က နှင်း ခြေထောက်နားမှာ ဒူးတစ်ဖက်ထောင်ထိုင်လိုက်ကာ လွယ်သိုင်းလွယ်ထားသည့်အိတ်ကို နောက်ပို့ပစ်လိုက်၏။

သူက နှင်းမှလွဲ၍ ဘာကိုမှ ဂရုမစိုက်တော့သော်လည်း နှာတံပေါ် ...၊ မျက်ခုံးရိုးပေါ်ပေါ်နှင့် မျက်တွင်းမပြည့်ဘဲ စူးရဲသောမျက်လုံးများ



www.burmeseclassic.com

www.burmeseclassic.com



ရှိနေသည့်မျက်နှာကို စိမ်းက ပိုက်စိပ်တိုက်ကြည့်ခဲ့သည်။

"လူလေးရာ လာမယ်ဆိုရင် ဦးလေးကို ဘယ်နေ့လာမယ်ဆိုတာ အကြောင်းကြားပါလားကွာ၊ မင်း ကံကောင်းလို့ ဂျက် က အောင်ဇော် ကလွဲပြီး ဘယ်သူ့ကိုမှ ကြောက်တာမဟုတ်ဘူး"

ဦးထွေး ပြေးရောက်သွားပြီး တဖျစ်ဖျစ်ပြောတော့မှ သူက ဦးထွေး နှင့်တကွ အနားမှာရှိနေပြီဖြစ်သည့်လူတွေကို ဝေ့ခနဲမော့ကြည့်သည်။ ပြီး တော့ နှင်းရဲ့တံတောင်ဆစ်လေးကို တယုတယကိုင်တွယ်ထူပေး၍ ...

"ဆောရီး ညီမလေးရာ၊ ကိုကြီးက ကံကောင်းသွားပေမယ့် ညီမလေး တော်တော်နာသွားတယ်၊ အဲဒါ ကိုကြီးကြောင့်"

နှင်း ထ,ရပ်လိုက်တော့ မျက်နှာလေး ငုံ့ပြောလိုက်သည်။ စိမ်းက သူ့နှုတ်ခမ်းကိုပဲကြည့်နေတာမို့ အားလုံးကို ကြားလိုက်ရ၏။ နှင်း ကတော့ ဒူးကိုငုံ့ကြည့်လိုက်၊ လက်ကိုမြှောက်ကြည့်လိုက်နှင့် ပိုးပိုးပေါက်ပေါက် ကျနေသည့်မျက်ရည်တွေကိုလည်း သုတ်ရသေးသည်။

သူပြောတာကိုလည်း ဂရုစိုက်မိပုံမရဘဲ ကိုင်ထားသည့် သူ့လက်ကို ပုတ်ချပစ်လိုက်ပြီး ...

"သွေးတွေပေကုန်လိမ့်မယ်၊ ဖယ်" တဲ့။

စတင် ရင်းနှီးခဲ့ကြပုံချင်းမတူတာက အဲဒီမှာ စခဲ့တာဖြစ်သည်။ ဘယ် အချိန်ဖြစ်ဖြစ် နှင်း ဘယ်ရောက်နေနေ ဆန်း က ရှာဖွေသွားသည်။ စာ မသင်ချင်ပါဘူးဆိုတာကိုလည်း ဆွဲလွဲ ချော့ခြောက်ခြင်းအမျိုးမျိုးနှင့် ရအောင်သင်သည်။

စိမ်း ရင်ထဲမှာ နှင်း ကို မလိုလားခဲ့ရသော ပစ်ချက်တွေက ပိုမိုများ ပြားလာခဲ့ရကာ ဆန်း ဆရာဝန်ကြီးဖြစ်သွားတဲ့အထိ။





အခန်း (၇)

မှန်ထဲက ပုံစံကို သေချာကြီးစိုက်ကြည့်ကာ မျက်ဝန်းတို့က ကျဉ်း မြောင်းသွားလိုက်၊ ရီဝေမှေးမှေးသွားလိုက်၊ အမြဲတမ်းလိုလို အဖြူရောင် တွေပဲ ရှာဖွေဝတ်ထားတတ်သည့်ကိုယ်မှာ အနီစက်မှုန်လေးတွေပါသည့် အဖြူရောင်ဝတ်စုံနဲ့ဖြစ်သည်။

ရင်ဖုံးလက်ရှည်လေးပေမယ့် လည်ပင်းဝကနေ ခြေမျက်စိအထိ တစ်ဆက်တည်း ရင်ကွဲဖြစ်ကာ အဖြူရောင်ခါးပတ်လေးပါသေးသည်။

မတိုမရှည်ဆံပင်တွေမှာ အဖြူရောင့်ကလစ်တွေချည်းပဲ လျှောက် ထိုးနေသဖြင့် ခင်အုန်းက ဟိုဆွဲ ဒီဆွဲနှင့် နှင်း လက်ထဲမှာ ထပ်ကိုင်လိုက် တာတွေကို တောင်းပန်လုယူထားလိုက်တာတွေလည်းရှိကာ ...

"နှင်းလေးရယ် အသက်ပဲနှစ်ဆယ်ကျော် အစိတ် ရှိနေပြီ ဘာဖြစ်လို့ ဘင်သလိုနေချင်ရတာလဲ၊ အကျီအဝတ်အစား လှလှပပဝတ်ထားလဲ ခေါင်းဖြီးဖို့ကို ပြောရ၊ ခေါင်းဖြီးတော့ ရှုပ်ဆိုးအောင် ခေါင်းပေါ်ကို ဟိုညှပ် ဒီလုပ်"



www.burmeseclassic.com

www.burmeseclassic.com



"ဖယ်ပါ"

နှင်းက ခင်အုန်း ကိုင်ထားသည့်လက်ကို လိမ်၍ ရုန်းပစ်လိုက်ကာ ဆုပ်ကိုင်ထားမိသည့် ညှပ်ကလစ်လေးတွေကို တင်းနေအောင် ထပ်ဆုပ်၍ ...

"ကိုယ့်ကိုယ်ကိုတော့ လှတယ်ထင်လို့ ပြင်နေကြတာပဲ၊ ဘယ်သူက ရုပ်ဆိုးအောင်လုပ်မှာလဲ၊ အုန်းတို့ကိုက နှင်း ဘာလုပ်လုပ် တစ်ခုခုမှ အဓိပ္ပာယ်ရှိတယ်မထင်တာ၊ အရူးလို့သတ်မှတ်ထားကြတာ"

"မဟုတ်တာ နှင်းလေးရယ်၊ ဘယ်သူတွေဘာပြောပြော အုန်း က နှင်းဘက်ကနေတဲ့သူပါ၊ နှင်းလေးက လှလဲလှတယ်၊ ဘွဲ့ရပညာတတ်လေး၊ ပြီးတော့ ထက်ထက်မြက်မြက်ရှိပြီးသား၊ ဘာဖြစ်လို့ အရွဲ့တိုက်တာတွေ၊ ရန်လိုတာတွေ လုပ်လုပ်နေရတာလဲ၊ နှင်း အဲဒီလိုတွေသာလုပ်မနေဘူးဆိုရင် ဟောဒီအိမ်ကြီးမှာ ..."

"မအုန်း..."

"ရှင်"

ခေါင်းသံက ဟိန်းခနဲ၊ ခင်အုန်း ပျာပျာသလဲဖြစ်သွားကာ လည်ပင်းရှည်ပြီး နောက်ပြန်ကြည့်၏။ စိမ်း က အစိမ်းရောင်တောက်တောက် အပျော့သားကို ဝတ်ထားသဖြင့် ကိုယ်ပေါ်မှာတင်းကပ်ပြောင်အိနေ၏။

ခါးလယ်လောက်ဆံပင်တွေကို ဒီနေ့အတွက် အလှပြင်ဆိုင်မှာ တစ်နေကုန်အချိန်ပေး၍ ပြုပြင်ပုံဖော်ထားသဖြင့် တစ်ကိုယ်လုံး လိုက်ဖက်နေလေသည်။

အိမ်မှာနေရင်းဆို မျက်ခုံးမွေး သိပ်မရှိသော်လည်း ခုလိုပြင်ဆင်ထားချိန်မှာ မျက်နှာလေးပေါ်မှာလည်း ဘာမှလိုအပ်တာမရှိ။

သူမက အခန်းဝကနေ ခါးမတ်မတ်နှင့် ကြွကြွရွရွလေး လက်ပိုက်လျက် ...





"စကားတွေ အပိုသိပ်မပြောနဲ့ မအုန်း၊ ကျွန်မ မကြိုက်ဘူး"

"ရှင် ... ဟုတ် ... ဟုတ်ကဲ့ မမလေး"

"ဒီနေ့လာမယ့်ဧည့်သည်က သူ့နဲ့ ဘာမှမသက်ဆိုင်ဘူး၊ ထားခဲ့လိုက်၊ အပြင်မှာ လုပ်စရာရှိတာ သွားလုပ်"

"ဟုတ်ကဲ့ပါ"

ခင်အုန်း က ခေါင်းငုံ့ရိုကျိုးစွာထွက်သွားဖို့ပြင်ပြီးမှ မှန်တင်ခုံပေါ်မှာ အပုံလိုက်ရှိနေသည့် ကလစ်အဖြူရောင်တွေကို အံဆွဲထဲကို ဖြစ်သလို ဆွဲတွန်းချပစ်ခဲ့သေးသည်။

ပြီးတော့ မီးခိုးရောင်ကျောက်မည်းလေးတွေနှင့် တောက်တောက်လှနေသည့် ကလစ်လေးနှစ်ခုကိုလည်း နှင်း လက်ထဲကို ထိုးသိပ်ထည့်ပေးခဲ့၏။

စိမ်း က သေချာတော့မမြင်ပါ။ ဒါပေမယ့် သွားပါဆိုတာတောင် နောက်ဆံတင်းနေပုံရှိသော ခင်အုန်း ကို မျက်မှောင်ကြုတ်၍စိုက်ကြည့်နေခဲ့သည်။

နှင်း က ခင်အုန်း ပေးခဲ့သည့် ကလစ်နှစ်ချောင်းကို လက်ဝါးဖြန့်ကြည့်ပြီး ကိုယ့်ပုံစံကို မှန်ထဲမှာပြန်ကြည့်၏။ ပြီးတော့ နှုတ်ခမ်းလေးမဲ့၍ ကလစ်တွေကို မှန်တင်ခုံပေါ်မှာ ဒီတိုင်းချထားလိုက်၏။ ပါးစပ်မှလည်း ...

"အဖြူရောင်ပါဆိုမှ ..."

ဟု နှုတ်ခမ်းတလှုပ်လှုပ်ရေရွတ်နေသေးသည်။

"မိနှင်း"

စိမ်း က ခင်အုန်း ထွက်သွားတော့ အခန်းတံခါးဝအတွင်းထိ ခြေနှင်းခန့်ဝင်လာပြီးမှ ရပ်လိုက်ကာ ...

"နင့်ကို ငါ ပြောစရာရှိကာယ်"

သူမက ပြောမည့်စကားကို တခမ်းတနားပြင်ဆင်နေပေမယ့် နှင်းက ... မစိုက်ပါ။ မိတ်ကပ်ဘောက်စ်အဟောင်းလေးထဲမှာ အကန့်လိုက်လေး



www.burmeseclassic.com

www.burmeseclassic.com



တွေခွဲခြားထည့်ထားသည့်ရောင်စုံနားဆွဲလေးတွေကို စိတ်ဝင်တစား ရွေး နေသည်။

စိမ်း က လက်သီးဆုပ်နှစ်ဖက်ကို ဆန့်ကပ်ချကာ ရှေ့ကို တစ်လှမ်း ချင်းတိုးလာရင်း ...

"ငါပြောနေတာ ကြားလား"

"မကြားလိုက်ဘူး၊ ပြန်ပြော"

"ဘာ ..."

စိမ်း ဒေါသဖြစ်သွားသည်။ နှင်း က 'ဘာဖြစ်တာလဲ' ဆိုသည့် မျက်နှာ လေးနှင့်ဝေ့ကြည့်ကာ ...

"မကြားလို့ မကြားဖူးပြောတာ ဘာဖြစ်လို့လဲ"

"နှင် ..."

စိတ်ရှိလက်ရှိ ကိုင်ပေါက်ပစ်ချင်သည်။ ဒေါသဖြစ်သလောက် အား ခေါင်ခြစ်အော်ချင်စိတ်တွေလည်းပေါက်၏။ နှင်းသက်တန့်သည် အရူး အပေါလည်းမဟုတ်။

လူမနီး သူမနီး တောကြိုးမျက်မည်းကလာတဲ့ အရိုင်းအစိုင်းလည်း မဟုတ်ပါဘဲ သူ့မှာ ပြောချင်သလိုပြော၊ နေချင်သလိုနေ၊ ကြောက်ရွံ့ ရှိသေတာ ဘာမှမရှိ။

ဒီအိမ်၊ ဒီခြံမြေဟာ သူမသာပိုင်ဆိုင်သည်ဆိုသောမာနနှင့် စကား မပြောသောမျက်ဝန်းလေးတွေက အချိန်မရွေး ရူးလက်နေသည်။

မပြုံးဘဲနှင့် ထိမထင်ဟန်တွေ ပြည့်သိပ်နေတတ်သည့်နှုတ်ခမ်းပါး လေးတွေက ထောင်သောင်းမကသော စကားလုံးများနှင့် ရန်တွေ့နေတာ ထက်ဆိုးသေးသည်။

သူမ၏ မျက်ဝန်း၊ နှုတ်ခမ်း အားလုံးဟာ အသံတိတ် စကားပြောနေ တတ်သလောက် အကဲခတ်မိဖို့ မလွယ်။





"မိနှင်း ... နှင်က ဒါ ငါ့ခြံ၊ ငါ့အိမ် ဆိုပြီး မာန်တက်နေတာလား။ ဒီ မှာ နှင်နဲ့ဒီခြံကြီးက တကယ်တော့ အခွံကြီးပဲ၊ အဲဒါကို သိထား၊ ငါတို့က လုပ်မိလက်စတွေနဲ့ အခြေကျနေတဲ့လုပ်ငန်းတွေကို မစွန့်နိုင်လို့၊ နှင်က တော့ ငါတို့လိုလူတွေရှိရင် ရပ်တည်နေနိုင်မှာမဟုတ်လို့ အဲဒီလိုအပ်ချက် တွေကိုယ်စီနဲ့ နေလာကြတာ"

မခံချင်စိတ်တွေ ခဏခဏဖြစ်၊ အသည်းတယားယားနှင့် ပေါက်ကွဲ တတ်သူက အောင်ဇော် ပဲ ဖြစ်သည်။ ပစ္စည်းတစ်ခုခု ပျောက်ပျက် ကွဲရှ သွားတိုင်း ...

နှင်း ဂရုမစိုက်သည့်ပုံစံတွေ သိသာထင်ရှားလာတိုင်း ပဋိပက္ခဖြစ်ကြ တာ နှင်းနဲ့အောင်ဇော် ပင်။

ကွယ်ရာမှာ ဖေဖေက တစ်ခါတလေ အောင်ဇော့်ကို ဆူသည်။

"မင်းနဲ့ရွယ်တူမဟုတ်ဘူးနော်၊ သူလဲ ဟိုတုန်းကလို မိန်းမငယ်လေး မဟုတ်တော့ဘူး၊ ခွန်းကြီးခွန်းငယ် ရန်ဖြစ်ကြတာတွေ ဆင်ခြင်"

"ဖေဖေက သေချာကြားတာမဟုတ်ဘူး၊ အဲဒီကောင်မလေး ပြန်ပြန် ပြောလိုက်ရင် ပိသာလေးနဲ့ပစ်တာထက် ဆိုးတယ်၊ ကိုယ်ရှာကျွေးတာ စားနေပြီးတော့ ..."

အောင်ဇော် က ရွယ်တူယောကျ်ားလေးချင်း ရန်စောင်နေသလို နှင်း ကိုဆို တစ်စက်လေးမှကြည့်မရတဲ့သူဖြစ်သည်။ စိမ်း ကတော့ တိတ်တိတ် နေပြီး ကြိတ်တွေးတတ်သည့်အကျင့်လည်းရှိသည်။

စိတ်အခံကိုက ဘဝင်မြင့်တတ်ခဲ့တာဖြစ်လျက် နှင်း၏ မူလအစဘဝ ကို သိထားသဖြင့် အထင်မကြီးနိုင်။ ပိုဆိုးသည်က သူမ လေးစားချစ်ခင်ရ ပါသော ဒေါ်ခင်သဇင်တို့သားအမိ သင်းကြောင့်သေရတာဟု စွဲနေသော စိတ်ကို မဖျောက်နိုင်၍ဖြစ်၏။

ဒီမျက်နှာကို သေချာစေ့စေ့ကြည့်တိုင်း ဒေါသက အချိန်ကာလ ရွေး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တတ်နေသည်။ ဆန်း နှင့် သူမ ရင်းနှီးခဲ့ကြတာတွေကို မရှုဆိတ်ခဲ့ရတာတွေ အားလုံးဟာ ရင်ဘတ်ထဲမှာ ဒဏ်ရာတွေပဲဖြစ်၏။

တကယ်တော့ ဝေဒနာကို ဒဏ်ရာလို အဖြေရှာဖို့မလွယ်ပေ။ စုဆောင်းသိမ်းဆည်းစွာဖြစ်တည်နေခဲ့သော ခံစားမှုသက်တမ်းနဲ့သာဆိုင်သည်။

စိမ်းရဲ့မျက်နှာမှာ ဘယ်လိုဝေဒနာတွေ သက်တမ်းရင့်နေကြသလဲဆိုတာ ဘယ်သူမှ ဖတ်နိုင်ဖို့မလွယ်ပေ။ နှင်း ကတော့ ပိုဆိုးပါသည်။ သူမ ဂရုမစိုက်စွာနေခဲ့သော မျက်ဝန်းများအနက်မှ စိမ်း၏မျက်ဝန်းတွေက နံ့ပါတ်တစ်။

မုန်းစမ်းပါစေ၊ ဘယ်သူကရော ချစ်နေလို့လဲ။

မျက်လုံးချင်းဆုံစည်းနေကြပြီး ဘယ်သူမှ ဘာသံမှမလာသောအခါ နှင်း က မသက်ဆိုင်သူကဲ့သို့ မျက်ခုံးလေးနှစ်ဖက်ပင့်၍ ရှေ့ပြန်လှည့်၏။

"မိနှင်း အခု ဆန်း ပြန်လာမှာကို သိလား"

မှန်ထဲမှာ မျက်လုံးပြန်ရောက်ကာမှ စိမ်း က အေးစက်စက်ပြော၏။ နှင်း သူမဘက်ကိုပြန်မော့မကြည့်တော့ပါ။ မှန်ထဲကနေပဲ မျက်လွှာပင့်ကြည့်ကာ ...

"သိတယ်လေ၊ မမ ဘာပြောချင်လို့လဲ"

"ဆန်းနဲ့ငါ့ကို လူကြီးချင်း စေ့စပ်ထားပြီးသားဆိုတာရော သိလား"

"ဩော် ..."

နှင်း က ဟက်ခနဲရယ်လိုက်ကာ သူမဘက်ကို စောင်းထိုင်လိုက်သည်။

"သိတယ်၊ အဲဒါကိုတောင် အံ့ဩလို့တွေးနေမိသေးတယ်။ ဦးလေးထွေးကို ဒရိုင်ဘာ ဘယ်ရောက်သွားလဲ၊ ဒရိုင်ဘာက ဒါလေးတောင်မလုပ်





နိုင်ဘူးလား၊ ဘာညာနဲ့ မမ လက်ညှိုးထိုးခိုင်းလာတာလေ၊ အခုကျတော့ ယောက္ခမတော်ရတော့မယ်နော်၊ အဖေလို့ ခေါ်မှာလား၊ ကိုကို ခေါ်သလို ဦးလေးလို့ ခေါ်မှာလား၊ ဒရိုင်ဘာလို့ခေါ်မယ်ဆိုရင်တော့ ဟား ဟား"

မသိတတ်ဆိုးရွားစွာ မျက်နှာလေးမော့၍ ရယ်ချလိုက်သည်။ စိမ်းမျက်နှာတစ်ခုလုံး သပြေသီးမှည့်ဖြစ်သွား၏။

"တိတ်စမ်း၊ အရှုးလိုလို ၊ ငပေါလိုလိုနဲ့ နှင် ဘာစကားပြောတာလဲ"

"ဘာဖြစ်လို့ရူးရမှာလဲ၊ နှင်း ကို အရူးဖြစ်စေချင်လို့ တွန်းပို့နေကြတာ ဘာ မမတို့ပဲ၊ အရူးဆိုတဲ့စကား မမတို့ပါးစပ်ထဲမှာပဲရှိတယ်၊ နှင်း မရူးဘူး"

"မရူးရင် လူလိုသိတတ်ရတယ်၊ လူ့စည်း ၊ ဘီလူးစည်း အရိပ်သုံးပါးနားလည်ရတယ်"

နှင်း ချက်ချင်းအရယ်ရပ်သွား၏။

"စည်း ဟုတ်လား၊ နှင်း က ဘယ်စည်းကိုဖောက်နေလို့လဲ၊ အရိပ်သုံးပါး နားမလည်ဘူးဆိုတာ ဘာကိုပြောတာလဲ၊ နှင်းပြောတာ မမှန်ရင်ဒါ မမှန်ဘူး ပြောပေါ့၊ လေးလေးအောင်က စည်းစနစ်ကြီးတယ်၊ မမကမာနအရှိန်ကြီးတယ်၊ အဲဒီလိုလူတွေက ကိုယ့်ဒရိုင်ဘာကို ..."

"တိတ်စမ်း၊ နင့်ပါးစပ်ကိုပိတ်"

နှင်းကလည်း ဟစ်ခွန်းမှ ထပ်မပြောတော့ဘဲ နေပေးလိုက်သည်။ ဒါပေမယ့် မှန်တင်ခုံရှေ့ကနေ ထ,ရပ်လိုက်ကာ တစ်ဖက်က လှည့်ထွက်သွားဖို့ ခြေလှမ်းပြင်လိုက်၏။

"နှင် ငါ့ကိုဝေဖန်ဖို့ ငါ လာပေးတာမဟုတ်ဘူး၊ ဒီမှာ ဒီဘက် ပြန်လှည့်စမ်း"

နှင်း က တစောင်းအတိုင်း ပေကပ်ကပ်လေးရပ်နေပြီးမှ မျက်နှာချင်းဆိုင်လှည့်ရပ်၏။ ထိုအခါ ခြေထောက်တစ်ဖက်မှာတိုက်နေသည့် မှန်တင်ခုံရှေ့ကခုံကို ခြေထောက်နှင့်တွန်းရွှေ့ပစ်လိုက်သဖြင့် 'ဒုန်း' ခနဲအသံ



www.burmeseclassic.com

www.burmeseclassic.com



က ရန်ဖြစ်ဖို့ လက်သီးလက်မောင်းတန်းလိုက်သည့်အတိုင်း ...

အမြဲတမ်း ဒီလိုအချိုးချိုးတတ်တာကို သိနေပေမယ့် ရင်ထဲမှာ ဖျဉ်းခနဲဆောင့်တက်သွားတာလည်း ထာဝရတာဝန်ကျေ၏။ စိမ်း က စူးစူးဝါးဝါးစိုက်ကြည့်ကာ ...

"ဆန်း ကို ကိုကိုလို့ မခေါ်နဲ့တော့"

ထူးဆန်းသွားသလိုနှင့် မျက်လုံးလေး လက်ခနဲဖြစ်သွား၏။

"ဘယ်လိုခေါ်ရမလဲ"

မသိလို့မေးတာမဟုတ်မှန်းသိလိုက်သဖြင့် စိမ်း က ရွံ့ရှာသလိုကြည့်သည်။

"အဲဒါကို စဉ်းစားထား၊ ဘယ်လိုခေါ်ရမလဲ၊ ဘယ်လိုနေထိုင်ဆက်ဆံရမလဲ တန်ရာတန်ရာပေါ့၊ တစ်သက်လုံး စည်းလွတ်ကမ်းလွတ် ကြိုက်သလိုပြော၊ ထင်သလိုနေတာကို ကြည့်နေခဲ့ပေမယ့် ဒီနေရာမှာ ကြည့်နေလို့မရတော့ဘူး၊ ငါတို့က မပြောရင်တောင်မှ အပျိုလေးတန်မဲ့နဲ့ နင့်ကိုပတ်ဝန်းကျင်က ဘယ်လိုထင်ကြမလဲ နားလည်လား။ ဆန်းနဲ့နင် ဟိုတုန်းက အတူတူတစ်အိမ်တည်းနေပြီး ရင်းနှီးခဲ့တာ ကျန်ခဲ့ပြီ၊ ခု အားလုံးက အရင်နဲ့ ဘာမှမတူတော့ဘူး။ ဆန်းကိုယ်တိုင်က ရိုးရိုးဆရာဝန်ပေါက်စလေး မဟုတ်တော့ဘူး"

"သိပါတယ်၊ မမရဲ့ယောကျ်ားတောင်ဖြစ်တော့မယ့်ဟာ၊ အရင်ကကိုကို မဟုတ်တော့လို့ပေါ့"

အမိပ္ပာယ်က ဒီလိုအခြေအနေဖြစ်လာလို့ စိမ်း က ပူသလိုလို ပြောပြီး လက်နှစ်ဖက် နောက်ပစ်ဆုပ်ကာ ပခုံးတွန့်၍ရယ်သည်။ စိမ်း က စိုက်ကြည့်နေလျက် ပင့်သက်တစ်ရှိုက်ကို တဖြည်းဖြည်းချင်း ပြန်ထုတ်၏ ထိုစဉ် ...

"မမလေး ဧည့်သည်တွေရောက်လာပြီတဲ့"





"ဟင် ..."

ဒေါသတွေ ခဏအတွင်းမှာ ပျောက်ကွယ်သွားကာ စိမ်း ၏စိတ်တို့က အပြင်သို့ ချက်ချင်းရောက်သွားသည်။ နှင်း ကတော့ ပြုံးလက်စနှင့်ကျန်ခဲ့ပေမယ့် တစ်ယောက်တည်းဖြစ်သွားသည့်အခါ နှုတ်ခမ်းသားလေးတွေ နေ့စေ့စပ်စပ်ပိတ်ကျသွား၏။

မှန်တင်ခုံမှာ နောက်ပြန်ထိုင်ချလိုက်ရင်း စိမ်း ထွက်သွားသည့်တံခါးဆီကို ကြည့်နေလျက်နှင့် မမြင်ရသူလို ကြောင်တောင်တောင်ငေးနေမိသည်။

ပြီးတော့ ခြေထောက်ကလေးများနှင့်တိုက်ရွှေ့ကာ ကိုယ်က တစ်ပတ်လည်ပြီး မှန်နှင့်မျက်နှာချင်းဆိုင်ပြန်ဖြစ်သွားသည်။

မှန်ထဲမှာ အဖြူရောင်ဝတ်စုံလေးနှင့် 'နှင်းသက်တန့်'သည် တံချူနှင့်သိမ်းရိုက်ခံရသည့် သီးကင်းအတွဲလေးတွေ ပရမ်းပတာလှုပ်ခါနေသလို ရုပ်ပျက်ဆင်းပျက် ...။

"အားလုံးက အရင်နဲ့ ဘာမှမတူတော့ဘူး"

"ဟိုတုန်းက ရင်းနှီးခဲ့ကြတာက ကျန်ခဲ့ပြီ"

စိမ်းရဲ့စကားတွေ ကိုယ့်ဘေးမှာ ပိတုန်းတွေလို ဝဲ့ဝဲ့အော်နေကြ၏။ ထို့ပြင် စိမ်း၏အကြည့်တွေက မြားတွေ အရပ်လေးမျက်နှာကနေ မိုးသီးမိုးပေါက်တွေနှင့်တူအောင် ကျလာသလိုမျိုး တစ်ကိုယ်လုံး စူးခနဲ၊ အောင့်ခနဲ နှစ်ဝင်ကျန်ခဲ့၏။

ခံစားချက်ရှိတဲ့လူသားပါ။ ချစ်တာနဲ့မုန်းတာကို တိရစ္ဆာန်တောင်မှ သိသေးသည်။ နှင်း က ကိုယ့်ကို ချိုးနှိမ်မုန်းတီးတာ၊ စက်ဆုပ်ရွံရှာတာ၊ ပက်ပက်စက်စက်ကြီးပြောဆိုနေခဲ့တာတွေ ဒါတွေကိုမှ မခံစားမိလျှင် ကျောက်ရုပ်သာဖြစ်လိမ့်မည်။

နာစရာပြောလျှင် နာတတ်သည်။ ဝမ်းနည်းစရာပြောလျှင် မျက်ရည်



www.burmeseclassic.com

www.burmeseclassic.com



ကျတတ်တာပါပဲ။ ဒါပေမယ့် သူမ ဟန်ဆောင်ခဲ့သည်။ ရယ်နေတာကို ငိုနေတယ်လို့မထင်ရင်တောင်မှ ငိုသံကို ဟားတိုက်ရယ်နေသည်ဟု ထင်စေချင်သည်။ တစ်လောကလုံးမှာ သူမက တစ်ကောင်ကြွက်တစ်မျက်နှာ။

ဒီပတ်ဝန်းကျင်၊ ဒီအိမ်ကြီးပေါ် ရောက်လာကတည်းက သူမ အားကိုးခဲ့သည့်ဖေဖေရယ်၊ ရှေ့နေကြီးဦးကြည်ရယ်ဟာ ဖေဖေက သေခွဲခွဲသွားခဲ့ကာ ရှေ့နေကြီးကတော့ ဘယ်လိုခွဲနည်းဖြင့် ပျောက်ကွယ်သွားခဲ့မှန်း မသိပေ။

ဖေဖေ ပြောခဲ့သည် ပိုင်ဆိုင်မှုတွေ၊ အမွေအနှစ်တွေကို ဘယ်လိုလုပ် ဖမ်းကြည့်ရမလဲ။ ကိုယ်ပိုင်တာက ဘာမှန်းမသိ။ သူတို့နဲ့ သက်ဆိုင်နေသည်ဆိုတာကိုလည်း နားမလည်။

ပညာမတတ်လှျင် အကန်းနှင့်တူသည်တဲ့။ နှင်း ကတော့ ဘွဲ့ရပညာတတ်ဖြစ်နေပေမယ့် ခံစားခွင့်နှင့်ပတ်သက်သော 'မြရွက်စိမ်း'က အမွေကိစ္စ မှန်သမျှကို ခုချိန်ထိ ဘာတစ်ခုမှ သေချာနားမလည်ခဲ့ပေ။

ဖေဖေ့သမီးဆိုတာ ခုချိန်ထိ သေချာနေခဲ့ခြင်းကိုပဲ ကျေးဇူးတင်နေမိခဲ့၏။ ရောက်တော့လည်း ဖေဖေနဲ့ ရင်းနှီးခွင့်မရခဲ့။ ဘာမှမကြာသေးသော ကာလမှာ ဖေဖေ ဆုံးသွားခဲ့သည်။

ဖေဖေ အမြဲတမ်း ယုံကြည်စွာတိုင်ပင်နေခဲ့သည့် ရှေ့နေကြီးက စုပ်စ မြုပ်စ ပျောက်သွား၏။ ဒါတွေကို သူမ မတူးဖော်ခဲ့နိုင်။ အကန်း တစ်ယောက်နဲ့ ဘာများထူးလို့လဲ။

ထိုအခါ အားလုံး သိမြင်တတ်ကျွမ်းကာ အမြဲတမ်း ဦးဆောင့်စီမံခဲ့သော ဦးလေးဦးစိမ်းအောင်ကပဲ ဒီအိမ်မှာ ထာဝရအရှင်သခင် 'မြရွက်စိမ်း'၏သခင်လေးက ခုချိန်ထိ 'ရွက်စိမ်းနု'။

"ဟား ဟား ဟား"

ငေးနေရင်းကနေ ခေါင်းမော့ရယ်ပစ်လိုက်မိသည်။ ထင်ကြပါစေ၊





နှင်းသက်တန့် က အရူးလို့ ...။

ငိုချင်လာလည်း နှစ်သိမ့်မယ်လူမရှိ၊ ရယ်ချင်တော့ရော လက်တို့ရယ်စရာ မိတ်ဆွေသူငယ်ချင်း အနားမှာ ရှိလို့လား။

ဒါကြောင့် ရယ်ချင်ချင်၊ ငိုချင်ချင် တစ်ယောက်တည်းပဲဖြစ်နေရတော့ အရူးလို့ပဲ ပြောကြတာ ပြောပါစေ။

"ဟား ဟား ဟား"

ရယ်နေရင်း နေရာမှထရပ်သည်။ ဘေးမှာ အဆင်သင့်ချထားပြီးဖြစ်သည့် ပဝါဖြူပါးပါးလေးကိုယူ၍ လည်တိုင်မှာ လှလှပပလေးချည်လိုက်၏။

တူသွားပြီ ... ဝိညာဉ်တစ္ဆေနဲ့ ...။

မှန်ထဲမှာထင်နေသည့်ပုံကိုကြည့်နေရင်း ဟိုငယ်စဉ်က ပုံရိပ်လေးတစ်ခုကို သတိရလာခဲ့၏။ 'မြသဇင်'ဆိုသည့် မိန်းမငယ်လေးတစ်ယောက်..

ဒီလိုပဲ အဖြူရောင်တွေချည်းဝတ်ထားခဲ့သည့် လူကုံထံသူဌေးသမီးလေး ဆိုသည့် သရုပ်က ပီပြင်လွန်းကာ ဝတ်စားထားပုံက ကြွရွလှပနေသည်။

သူမကို နှင်း ပြောခဲ့ဖူးသည်။ ဒီလိုပြောလို့ သူမ သေခဲ့ရသည်တဲ့။ ရယ်သံတွေ ရှိတ်သုဉ်းသွားခဲ့ပြီး နှင်း မှန်ထဲက ဝတ်စုံဖြူကို ငေးစိုက်နေခဲ့မိသည်။

အဖြူရောင်ဆင်တူတွေဝတ်တိုင်း ဝိညာဉ်နဲ့ တကယ်တူတာတ်သလား။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

"အဖြူရောင်ဝတ်ပြီဆို ကလစ်၊ နှားဆွဲကအစ ဖိနပ် အဆုံး အားလုံး အဖြူချည်းပဲဝတ်တော့တာ၊ တစ်ယောက်တည်း ငိုလိုငို၊ ရယ်လိုရယ်နဲ့ မင်း စဉ်းစားကြည့်ပေါ့"

ဆန်း ၏မျက်နှာက ဝင်လာကတည်းက ငြိမ်သက်တည်ကြည်နေခြင်းတို့ဟာ ဘယ်သူတွေ ဘယ်စကားပဲပြောနေနေ အထူးသဖြင့် လှုပ်ရှားသွားခဲ့ခြင်းမရှိ။

ဦးစိမ်းမောင်နှင့် ဦးထွေးတို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်သည်။ စိမ်း ကလည်း အောင်ဇော် ပြောနေသည့်အကြောင်းအရာပေါ်မှာ ဆန်း ဘယ်လိုသုံးသပ်မိသည့်အဖြေကို ရှာဖွေနေသည့်မျက်ဝန်းများနှင့် စူးစိုက်နေ၏။

အားလုံး၏ဆန္ဒများကို ခြုံငုံသုံးသပ်လိုက်တော့ ဆန်း ဘက်ကနေ နှင်း ဆိုသည့် မိန်းကလေးကို ဘာတစ်ခုမှ အကောင်းတိုင်းမမြင်စေချင်တာမျိုးဖြစ်၏။





ထို့ကြောင့် ဦးထွေး က လည်ချောင်းတစ်ချက်ရှင်းလိုက်ပြီး ...

"ဟုတ်တယ်ကွ၊ ဒီမိန်းကလေးက သနားဖို့ကောင်းပါတယ်၊ အပြောအဆိုက မတာတ်၊ နေတာထိုင်တာလဲ စည်းကမ်းမရှိဘူး၊ ဘာပဲဖြစ်ဖြစ် မောင်ဇော် ပြောသလိုပေါ့၊ သူ့စိတ်က ပုံမှန်မဟုတ်တော့တာ သေချာပါတယ်"

မျက်ခုံးနှစ်ဖက် တွန့်ခနဲ ကုတ်ကျသွားသည့် ဆန်း ကို စကားရပ်ပြီး အကဲခတ်လိုက်သေးသည်။ ပြီးမှ ဆက်၍ ...

"ဦးလေးထင်တာတော့ မြသဇင်လေးနဲ့ သူ့အမေဆုံးသွားတဲ့အဖြစ်ထိ ရောက်ခဲ့တာဟာ သူ့ကြောင့်လို့ သူ့ဟာသူ သိပြီး အဲဒီကတည်းက စိတ်ကယောက်ကယက်ဖြစ်သွားပုံပဲ"

"ဒါဆို နှင်း က အခု ဘယ်အခြေအနေထိဖြစ်နေပြီလဲ အောင်ဇော်"

ဦးထွေး ပြောတာကို နားထောင်ပြီး မေးလိုက်တော့ အောင်ဇော့်ကို။ အောင်ဇော်ကလည်း ပြောပြချင်လွန်းလို့ အဆင်သင့်ဖြစ်နေတာမို့ မဆိုင်းမတွပင် ...

"စကားကောင်းပြောလို့ကိုမရတော့ဘူး။ မလေးမစား ခံအော်လိုက်၊ ပစ္စည်းတွေကို ဖျက်ဆီးချင်တိုင်းဖျက်ဆီး၊ အဲဒီတော့ သူ့ကို အမြဲတမ်း စောင့်ကြည့်နေရတာပေါ့၊ ဒါဖြင့် အခန်းထဲမှာကို ထည့်ပိတ်ထားချင်တော့ ဘာ၊ ဖေဖေက တားနေလို့"

ဆန်း က အောင်ဇော့်မျက်နှာကို စူးစိုက်ကြည့်သည်။ မျက်လုံးထဲမှာ အားလုံးလှုပ်ရှားပါဝင်ခဲ့ဖူးကြသော အတိတ်ကပုံရိပ်တွေ ပြန်၍သက်ဝင်လာသလိုပင်။

ဒီလူတွေပြောကြတာ တကယ်ပဲလား။ နှင်း အဲဒီလောက်ထိ ဖြစ်နေပြီလား။ မဖြစ်နိုင်ဘူးလို့ ယုံချင်ပေမယ့် ကွဲကွာခဲ့ကြသည့် နှစ်တွေက ကြာပြီးသလား။



www.burmeseclassic.com

www.burmeseclassic.com



အမှန်တရားကို ထပ်သိချင်ပေမယ့် သူ မမေးချင်တော့ပေ။ မြန်မာပြည်ကို စတင်၍ခြေချလာပြီဆိုကတည်းက သူ့လိုပဲ ဘဝတူ မိဘမဲ့ တစ်ကောင်ကြွက်မလေးကို အရင်ဆုံးတွေ့ချင်ခဲ့သည်။

သူစိမ်းတစ်ယောက်ယောက်အပေါ်မှာ တစ်နည်းအားဖြင့် ပြောရလျှင် သူစိမ်းမိန်းကလေးတစ်ယောက်အပေါ် နှင့်သည်းသောသံယောဇဉ်ထားခဲ့ဖူးခြင်းဟာ ညှမ့ကိုသာ ပထမဆုံး။

နောက်ထပ်တစ်ယောက်ယောက်ကိုလည်း မတွယ်တာခဲ့ဖူးပါ။ မိဘမဲ့ကြတာချင်းတူသလောက် ကံတူအကျိုးပေးတွေပါလား။

ကိုယ့်မှာလည်း ပညာတွေတတ်လာသည်။ လောကလူ့ဘုံအလယ်မှာ မားမားမတ်မတ်ရပ်တည်နိုင်သည့်ပညာတွေကို သင်ယူလာခဲ့၏။

ဒါပေမယ့် သူနဲ့တကွသော ထိုပညာအရည်အချင်းအားလုံးက ကိုယ့်အတွက် မဟုတ်ခဲ့ပေ။

နှင်း ကျတော့ သူဌေးသမီးအဖြစ်နဲ့ 'မြရွက်စိမ်း'ကို ရောက်လာခဲ့သည်။ သူဌေးကြီးက သူ့သမီးကို သေချာအပ်နှံသွားခဲ့တာလည်းရှိ၏။

ဒါပေမယ့် သူမကို အရူးဇာတ်သွင်း၍ ချောင်ထိုးထားခဲ့ကြ၏။

ဒီခြံ၊ ဒီအိမ်တွင်းမှာ မိနစ်ပိုင်းမျှသာ ထိုင်ရသေးပေမယ့် အခြေအနေတွေကို သူ သုံးသပ်မိပြီဖြစ်သည်။ သို့သော် ...

"အားလုံးကလဲ သနားကြပါတယ်၊ အင်း ... သူ့ကံကိုက မကောင်းရှာဘူးကိုး"

ဦးစိမ်းအောင်၏သံဝေဂစကားက ကရုဏာသက်ခြင်းတွေ အပြည့်အသိပ်နဲ့ဖြစ်၏။ ဒါပေမယ့် ဒီစကားဟာ နှင်း အတွက် သေမိန့်ကျခဲ့ခြင်းနှင့်တူနေတာ သူ ခန့်မှန်းမိသည်။

"ကဲပါ ဆန်း နားပါစေတော့၊ သမီးကြီးက ဆန်းအတွက် အခန်းကိုလိုက်ပို့ပေးလိုက်"





"ဟုတ်ကဲ့"

စိမ်းက ထ,ရပ်ခါနီးမှ ဆန်း ကို တစ်ချက်လှမ်းကြည့်သည်။ ဆန်းက သူမကို မကြည့်ပါ။ သူ့ဘေးမှာ ဒီတိုင်းရှိနေသေးသည့် ခရီးဆောင်အိတ်ကြီးကို ထိုင်လျက်ကနေ လှမ်းကိုင်လိုက်ကာ ...

"ကျွန်တော် ဦးလေးနဲ့ပဲ နေမှာပါ"

ပြောရင်း ဖျတ်ခနဲ့ထ,ရပ်လိုက်သည်။ စိမ်း မျက်နှာတင်းသွား၏။ အားလုံး၏မျက်နှာတွေ ပျက်ကုန်ကြကာ အောင်ဇော် က လိုက်ထ,ရပ်ပြီး ...

"မင်းကလဲ ဒီဂရီတွေ၊ ဘွဲ့ထူးတွေ တသီတတန်းကြီးနဲ့ နိုင်ငံခြားကနေ ပြန်လာပြီးမှ အလုပ်သမားတန်းလျားမှာသွားနေလို့ သင့်တော်မလားကွ၊ ဘာမှမမေ့ဘူးဆိုတာ မမေ့နေဖို့ပဲလိုတာပါ၊ ဒီဘဝထဲ ပြန်ဝင်ဖို့မှမဟုတ်တာ"

ပြောပြောဆိုဆို အိတ်ကိုဆွဲဖို့ အနားတိုးလာ၏။ ဆန်း က တည်ငြိမ်သည့်မျက်နှာနှင့်ပဲ ခေါင်းခါသည်။ ပြီးတော့ ဆိုဖာတွေကြားထဲကနေ လွတ်အောင် ဘေးတွက်ရပ်၍ အိတ်ကြီးကိုဆွဲလိုက်ပြီး ...

"မမေ့ကြောင်းကို ပြချင်တာမျိုးမဟုတ်ပါဘူး၊ ဒီနေရာ မိသားစုတွေထဲမှာ ဒီလောက်ပြောင်းလဲဖို့မလိုဘူးထင်လို့ပါ၊ ပတ်ဝန်းကျင် ဘယ်နေရာ၊ ဘယ်နိုင်ငံမှာ ငါက ဘယ်လိုရာထူးမျိုးနဲ့နေနေ ဒီမှာနေရင်တော့ ဦးထွေးရဲ့ ငှေပါပဲ"

အောင်ဇော့်မျက်နှာက တင်းသည်လည်းမဟုတ်၊ ပြုံးရယ်ခြင်းတို့သည်းမရှိတော့ဘဲဖြစ်ကာ ...

"မင်းကကွာ ..."

"ငါ ဒီမှာ အလုပ်တာန်းဝင်မှာလဲမဟုတ်သေးဘူးလေ၊ အဲဒီရက်ပိုင်းအသားမှာ ဘွဲ့တွေ၊ ဒီဂရီတွေကို ခဏမေ့ပြီး လွတ်လပ်တဲ့အရသာကို



www.burmeseclassic.com

www.burmeseclassic.com



ခံစားချင်လို့ ...”

ဆန်း က အပြုံးတစ်ချက်နဲ့ပဲ အားလုံးကို ငေးကြည့်နှုတ်ဆက်သည်။

စိမ်းက မျက်လုံးချင်းဆုံစည်းဖို့ စူးစိုက်စောင့်ကြည့်သည်။ ရင်ခုန်ဖြ မလို့မဟုတ်ပါ၊ ကိုယ့်မာနတွေကို သိစေချင်လို့ဖြစ်သည်။

ဒါပေမယ့် ဆန်း က ဘယ်သူ့ကိုမှ အတိအကျနှုတ်ဆက်တာမဟုတ် ဘဲ အိတ်ကြီးကို ဒီတိုင်းချဆွဲလျှက် ထွက်ခွာသွား၏။ မျက်စိတစ်ဆုံး တောက်လျှောက်လိုက်ကြည့်နေပြီးမှ ဆန်း ထိုင်ခဲ့သည့်နေရာမှာပဲ အောင်ဇော် က ဝင်ထိုင်လိုက်ကာ ...

“ဆန်း က စိမ်းသွားသလိုပဲနော်၊ ဒါမှမဟုတ် ပညာတတ်ကြီးဖြစ်လာ လို့လား”

ဘယ်သူ့ကိုမှမေးတာမဟုတ်ဘဲ ရေရွတ်သည်။ ဒါကို စိမ်း က ခပ်မဲ့မဲ့ ရယ်သံမပွင့်တပွင့်လေးနှင့် အားလုံး သူမဘက်ကို လှည့်ကြည့်တော့မှ...

“ဘယ်တုန်းက ရင်းနှီးခဲ့လို့လဲ ဇော်၊ သူ့ဟာသူ ဘယ်အရှိန်နဲ့ပဲလာ လာ လွှတ်ထားပေးလိုက်၊ ရှေ့ကလာပြီး ပွေ့ပိုက်ကြိုဆိုဖို့ဆိုတာက ဝင် လာတာဟာ ယုန်ကလေးတစ်ကောင်လား၊ သားရဲလားဆိုတာ ခွဲခြားဖို့ လိုသေးတယ်”

“သမီးက ဒီလိုမပြောရဘူးလေ”

ဦးစိမ်းအောင်က ဦးထွေးကို အားနာသွားသဖြင့် ဟိုဘက်ကြည့် ဒီဘက်ကြည့် ဖြစ်သွားသည်။ ဦးထွေး ကတော့ အမြဲတမ်း အလုပ်ရှင်နဲ့ အလုပ်သမားဆိုသည့်ဘဝမှာ နေခဲ့ရသည်မို့ ...

စိမ်း၏ အစဉ်သဖြင့် ရင့်သီးတတ်ခြင်းတို့ကိုလည်း သည်းခံလာခဲ့ရ သည်ဖြစ်ရာ နားလည်သည့်အပြုံးနှင့်ပဲနေသည်။

စိမ်း ကလည်း ခုရော နောက်ရော ဘယ်တော့မှ အထင်တကြီးရှိလာ မှာမဟုတ်သော မျက်ဝန်းတစ်ချက်နှင့် ငေးကြည့်သည်။





မျက်နှာမော့မော့လေးနှင့်ပဲနေရာမှ ထ,ရပ်လိုက်ကာ ...

“ဆင်ခြင်ရမှာက သမီးတို့မဟုတ်ဘူး ဖေဖေ၊ ထင်ပေါ်လို့ စင်တော် ကောက်တာ ဆိုပေမယ့် ထင်ပေါ်တိုင်းလဲ စင်ပေါ်ရောက်တာမဟုတ်ဘူး။ ရေကန်အသင့် ကြာအသင့် ဆိုတာလဲ နတ်တို့ဖန်ဆင်းမှ ပြည့်စုံတာမျိုးပဲ။ အတိတ်မှာဖြစ်ဖြစ်၊ ပစ္စုပ္ပန်မှာဖြစ်ဖြစ် အလုံးစုံ ပြီးပြည့်စုံတယ်ဆိုတာ မရှိ ဘူး ဒါတွေ သမီးတို့အားလုံးက သူ့အတွက် ဖန်ဆင်းပေးခဲ့တယ်၊ တခမ်း တနား ကြိုဆိုတယ်၊ ဘာလိုသေးလို့လဲ ဖေဖေ၊ နောက်ထပ် သည်းခံပေး မှုတွေ ထပ်ထည့်ပေးရဦးမှာလား”

“ကြော်ကွယ် ဒါကတော့ ...”

“သူ့ဟာသူ ဘယ်လိုဘွဲ့ထူးတွေပဲ ဆွတ်ခူးလာလာ ဒီလိုပုံစံ ချိုးလာ ရင်ကတော့ သမီးက ခေါင်းရှုံ့ပဲ”

စိမ်း က ဂရုမစိုက်စွာ လှည့်ထွက်သွား၏။ အောင်ဇော် က သေချာ ကြည့်၍ နားထောင်နေပြီးမှ စိမ်း ထွက်သွားတော့ ပခုံးနှစ်ဖက်တွန့် ပြ မဲ့သည်။

စိတ်ထဲမှာတော့ ပြောလိုက်မိ၏။ ‘မသိတာမှတ်လို့ ...’



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၉)

"နှင်း က အခု စိတ်ကျန်းမာရေးဆေးရုံကို ရောက်နေပြီလား"

မေးချလိုက်ပုံက ရွဲ့တာလိုလို၊ စောင်းတာလိုလို။ ဦးထွေးက ဆန်း ကို ဖျတ်ခနဲလှည့်ကြည့်သည်။ ဆန်း က အနက်ရောင်အနောက်တိုင်းဝတ် စုံကို ချိတ်နှင့်သေချာချိတ်နေတာဖြစ်၏။ ကိုယ်ပေါ်မှာ ရိုးရိုးဘောင်းဘီ ရှည်ခပ်ပွပွနှင့် ရှပ်အညိုရောင်ကိုလဲထားပြီးဖြစ်သည်။ မျက်နှာတစောင်းကို အကဲခတ်တော့ ရွဲ့မေးတာလား။ ဘာလား မသေချာ။

"မင်းက ငါ့ကို ရွဲ့မေးတာလား"

သူ တည့်တည့်မေးလိုက်မှ ဆန်း က လူရော မျက်နှာရော ဒီဘက် လှည့်လာကာ ...

"ဦးလေး ဘာမေးလိုက်တာလဲ"

"ဘာမေးရမှာလဲကွ၊ ငါက နှင်းကို ရူးနေပြီလို့ပြောတာမှမဟုတ်တာ မင်း မေးလိုက်ပုံက ..."

"ဟင် ... ဒါနဲ့ သူတို့က နှင်းကို အခန်းထဲက အပြင်မထွက်ခိုင်းဘူးဆို





တခြားလူတွေကလဲ အပြင်မှာ နှင်းကိုမြင်တာနဲ့ ပြန်ဖမ်းပြီး ပို့ပေးကြတယ် ဆို ..."

"အေးလေ၊ အဲဒါက ဒီကောင်မလေး မှုမမှန်ဖြစ်နေတာလောက်တော့ အားလုံး သိကြတာပဲဟာ"

ဆန်း က ကြိမ်ကွက်ထိုးထားသည့် ကုလားထိုင်လေးမှာ ဦးထွေးနှင့် မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်သည်။

"အားလုံးက ကိုယ့်ဝင်းကိုယ်ခြံထဲမှာ ဘာသိဘာသာပဲနေကြတာပါ၊ ပတ်သက်ဆက်ဆံကြဖို့ရှိလာမှ သာရေး၊ နာရေး၊ လူမှုရေး ဆိုတာလောက်ပဲ ပြောဆိုဖြစ်ကြတာ။ နှင်း အဲဒီလိုမဆိုးရွားသေးတဲ့ ဒီလိုဘဝရောက် အောင် ..."

"ဟော့ ... ဟော့ ... ဒီစကားတွေ မင်း တိုးတိုးပြော"

ဦးထွေး ပျာပျာသလဲဖြစ်သွားသည်။ နဂိုကမှ စိမ်း က ဆတ်ဆတ်ကြဲ၊ အခုထိ ဆတ်ဆတ်ကြဲချင်နေသေးတာ။ သူ့ငွေးက သဘောကောင်းနေ သို့ ...။

"မင်း ဒီကောင်မလေးကြောင့် ကိုယ့်ရဲ့ကျေးဇူးရှင်တွေနဲ့ အပေါက်အခဲ ဒွိဟပက္ခဖြစ်ရမှာကိုတောင် ဂရုမစိုက်နိုင်လောက်အောင်ဖြစ်နေပြီလား"

"ဦးလေး အဲဒီလိုကြီးတော့ ခေါင်းစဉ်မတပ်လိုက်ပါနဲ့ ပညာသင်စရိတ် ထောက်တာ၊ ပြီးတော့ ကိုယ့်သားသမီးနဲ့ ထိမ်းမြားလိုက်ကြတာ ဒီအဖြစ် မျိုးတွေ အများကြီးပဲ။ ဒါပေမယ့် အစက စေတနာသန့်သန့်ကူညီပြီး မရှု နိုင် မကယ်နိုင် အခြေအနေတွေဖြစ်လာလို့ ကိုယ်ကလဲ သူ့ကျေးဇူး ကြောင့် ရုန်းမထွက်နိုင်လို့ အဲဒီလိုဖြစ်ခဲ့ရင်တောင် အောင့်သက်သက်နဲ့ သက်ထပ်လိုက်လို့ရသေးတယ်၊ ခုဟာက ..."

"သူတို့က ဒီလို လှည့်ပတ်ဆွဲယူတာမျိုးထက် အများကြီးသန့်ရှင်း တယ် ဆန်း။ သူ့ငွေးက မင်းကို နိုင်ငံခြားလွှတ်တော့မယ်ဆိုကတည်းက



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုဒိုးစံဖြစ်စေချင်တဲ့အကြောင်း ငါ့ကို တိုင်ပင်ခဲ့တာ၊ ပြန်လာတာနဲ့ လက်ထပ်ပေးမယ်လို့ ငါကိုယ်တိုင် ကတိပေးထားခဲ့တာလေ"

"အဲဒါ ဦးလေး ကျွန်တော့်ကို တစ်ခွန်းမှမဟာခဲ့ဘူး"

"ဟတော့ မင်းလိုကောင်က နားခံမှာမို့လို့လား"

"ခုလဲ အချိန်မီပါသေးတယ်"

"ဘာကွ ..."

"ပြောပြတာ"

ဆန်းမျက်နှာက အေးစက်စက်၊ ကြေကွဲခြင်းများနှင့် တစ်ဖက်လှည့်သွားသည်။ ဒီဦးလေးက တကယ့်ကျေးဇူးရှင်ပါ။ သူ့ဘဝက ရန်ကုန်နယ်ပိုင်းက မထင်မရှား ရွာလေးတစ်ရွာမှာ ဒုက္ခိတအဖေတစ်ယောက်နှင့် အဖေတစ်ခု သားတစ်ခုဘဝ နေခဲ့ရသည်။ လူမှန်းသိတတ်ပြီဆိုကတည်းက မိခင်ဆိုတာ မျက်နှာတောင် မမြင်လိုက်ရဘဲ သေခွဲခွဲသွားခဲ့၏။

အဖေက အသက်ငယ်ငယ်နှင့် မုဆိုးဖိုဖြစ်ခဲ့ရတော့ နောက် တစ်ယောက်လည်းမရှာ၊ ဖနီးကိုလည်း မေ့လို့မရနှင့် အရက်ပုလင်းထောင်သည်။

ထမင်းဟင်းဆိုတာလည်း ဦးလေး မြို့ကနေလှမ်းပို့ပေးသည့်ငွေလေး မရှိတော့တာနှင့် နပ်မမှန်ချင်၊ ထို့ပြင် ...

"အစ်ကိုကလဲဗျာ ဝမ်းနည်းလဲသောက်၊ ဝမ်းသာလဲသောက်၊ ဘာဖြစ်ဖြစ် ဒီအရက်က ဆရာကြီးဗျ၊ သူက ကိုယ့်နိုင်သွားပြီဆိုရင် အစ်ကို့ဘဝ သွားပြီ"

ဦးလေး မကြာခဏရောက်လာပြီး အဖေ့ကိုကြည့်သည်။

"ခက်တော့တာပဲ၊ တစ်လောကလုံးပြေးကြည့်မှ ဒီညီအစ်ကိုနှစ်ယောက်ပဲရှိတာ၊ ပြောတော့ဖြင့် မိန်းမ မယူကြေးတဲ့၊ သူပဲ စည်းဖောက်၊ သူပဲ ယူတာ၊ မယူကြေးဆိုတဲ့လူက မိန်းမသေတာနဲ့ပဲ သူပါလိုက်သေတော့





မလို့ဖြစ်နေတယ်၊ အံ့ရောကွာ ..."

ဒီလိုညည်းညူသံတွေကိုလည်း ဆန်း နားထဲမှာ အပ်ကြောင်းထပ်ခဲ့သည်။

ဦးလေးက မြို့ကနေရောက်လာပြီဆို အဖေ့အရက်ကြွေးတွေကိုရော ဈေးကြွေး ဘာညာ အားလုံးကို ဆပ်ပေးသွားသည်။ ပြီးတော့ သူ့ပခုံးလေးကိုဖက်၍ တဖွဖွမှာ၏။

"စာကိုကြိုးစားနော် သား၊ ယောကျ်ားဆိုတာ ဖွံ့ရှိရတယ်ကွ၊ လူတွေဟာ ထမင်းတစ်နပ်, နှစ်နပ်စားဖို့ လူဖြစ်လာတာမဟုတ်ဘူး၊ တစ်နပ်, နှစ်နပ် ငတ်လို့လဲ သေမသွားဘူး၊ လူဖြစ်ပြီး ဖြစ်ရကျိုးနပ်ရမယ်၊ အရက် သမားသား အရက်သမားလေးဖြစ်မှာပဲလို့ လူတွေ တွက်ထားပြီးတာကို မင်းက ပြောင်းပြန်လုပ်ပြရမယ်၊ ကြားလား"

သူကတော့ ဒီဦးလေးကိုပဲ ယုံကြည်အားကိုးနေရသည်မို့ တစ်လုံးသင်လည်း ခေါင်းထဲထည့်သည်၊ နှစ်လုံးသင်လည်း မှတ်ထားခဲ့၏။

လူမမယ်အရွယ်ကတည်းက ဦးလေးကို သူ ချစ်ခင်တွယ်တာခဲ့တာ ဖြစ်သည်။ ဦးလေးက အနားမှာနေတာမဟုတ်ပေမယ့် ပတ်ဝန်းကျင်မှာ သူတို့သားအဖကို အပ်နှံမှာကြားထားခဲ့တာတွေရှိတော့ ဘာဖြစ်ဖြစ် ပစ်စလက်ခတ် ဒုက္ခရောက်ခဲ့ဖူးတာကတော့ မရှိပေ။

"မွှန်းတည့်နေ လာစမ်း၊ နင့်အဖေကို လာတွဲခေါ်၊ ငါ့ဆိုင်ရှေ့မှာ လဲနေရင် ဒုက္ခပဲ"

"မွှန်းတည့်နေ နင့်ဦးလေးလာရင် ပြလိုက်၊ ဒီမှာ အကြွေးစာရင်း"

"နေလေးရော မင်းအဖေ ရွာထိပ်မှာလဲနေပြီကွ၊ သွားခေါ်ဦး"

စသဖြင့် အဖေနှင့်ပတ်သက်သမျှ အမှတ်တရတွေက ရင်နာစရာပါ။ ဒါပေမယ့် ဆန်း အဖေ့ကိုချစ်သည်။

ခြေလှမ်းမမှန် ယိမ်းထိုးပြန်လာနေကျဘဝတုန်းကလည်း တလေး



www.burmeseclassic.com

www.burmeseclassic.com



အရွယ်လေးပေမယ့် အဖေ ပြန်လာပြီဆို စားစရာ ပါပါ မပါပါ လိုက်ခဲ့ဖြစ်အောင် ပျော်သွားတတ်၏။ ဘယ်မှမသွားမလာနိုင်တော့ဘဲ ခြေ တစ်ဖက် သေသွားခဲ့သည့် ဒုက္ခိတဖြစ်သွားခဲ့တော့လည်း အရက်ပုလင်းနဲ့ ကြမ်းပြင်ခောင့်ပြီး ...

"သားရေ လာဦးကွ၊ အဖေ ကုန်ပြီ"

လို့ ခေါ်တတ်တဲ့အသံကို စိတ်ညစ်ရကောင်းမှန်း မသိခဲ့ပေ။

သူ့ဘဝမှာ အဖေနဲ့ဦးလေးသာ တွယ်တာစရာရှိသည်။ ဦးလေးက အဝေးမှာမို့ တစ်ဦးတည်းသော ဒီအဖေသည်သာ အားကိုးရာ။

အဖေ ငုတ်တုတ်ကြီးထိုင်ပြီး အရက်တွေသောက်နေတာကို နံ့တယ်စော်တယ် ထင်ရမှန်းမသိဘဲ ပေါင်တစ်ဖက်ပေါ်မှာ ခေါင်းတင်အိပ်ခဲ့သည်။

ထိုအကြောင်းအရာများနှင့်ပတ်သက်၍ အဖေ့ကိုချစ်သော ဦးလေးကို သူ လေးစားချစ်ခင်ခဲ့ခြင်းပဲဖြစ်ပါ၏။

ဆယ်တန်းတက်ရမည့်နှစ်မှာ အဖေ ဆုံးသွားခဲ့သည်။ ဂုဏ်ထူးတွေ တသီကြီးနဲ့ အောင်မြင်အောင်ကြိုးစားဖို့ စိတ်ကူးဆုံးဖြတ်ချက်များ ရှိပြီးမှ ဆန်း ဟိုမရောက် ဒီမရောက် ဖြစ်သွားခဲ့သည်။ ထိုအချိန်မှာ ဦးလေးပဲ ရောက်လာခဲ့တာဖြစ်၏။

"မင်း ဘာမှအားမငယ်နဲ့၊ အစကတည်းက မင်းကို ငါက ဟိုမှာခေါ်ထားချင်တာ၊ ပထမတစ်ချက်က အစ်ကို့ကြောင့် မင်းလဲလိုက်မှာမဟုတ်ဘူး၊ နောက်တစ်ချက်က ရွာကိုပြန်လာရင် ငါက ရွှေနဲ့ငွေနဲ့ ပြောင်ပြောင်ရောင်ရောင်ပေမယ့် မြို့မှာကျတော့ သူများအိမ်က ဒရိုင်ဘာကွ၊ မင်း မျက်နှာငယ်မှာစိုးလို့"

"ကျွန်တော် ဖြစ်ပါတယ်၊ အဓိက,က ပညာသင်ရဖို့ပဲ၊ ဦးလေးကိုလဲ ကူချင်တယ်"

"အေး ကောင်းတယ်၊ မိဘကို ဆုံးရှုံးလိုက်ရပေမယ့် တစ်ယောက်





ကောင်းစားချင်ရင် တစ်ယောက် ပျက်စီးရတယ်ဆိုတဲ့ ဆိုရိုးရှိခဲ့တာကို သတိရပြီး အားထည့်လိုက်ပါ၊ ပြီးခဲ့တာကို ပြန်ကြည့်တွေဝေနေတဲ့လူဟာ အလကားပဲကွ၊ ဘယ်သူ့အဖြစ်တွေ ဘယ်လိုရှိခဲ့ရှိခဲ့ ကိုယ့်ရဲ့မနက်ဖြန်တွေ ကောင်းဖို့က ကိုယ်နဲ့ပဲဆိုင်တာ"

ဦးလေးက အရင်ပြန်နှင့်ပြီး လိုက်ခဲ့ဖို့ အားလုံးစီစဉ်ပေးသွားသည်။ ဘယ်နေ့ဘယ်ရက်ရောက်အောင်လာခဲ့မည်လို့ မပြောလိုက်ဘဲ သူ ရွာမှာ ကျန်ခဲ့တာဖြစ်၏။

နှင်း ဆိုသည့် မိန်းမငယ်လေးနဲ့ ထူးခြားစွာ ဆုံစည်းခဲ့ကြသော အကြောင်းတစ်ခုလည်းဖြစ်လေသည်။ ဒါပေမယ့် အောင်ဇော် ဆိုသော အသိုင်းအဝိုင်းတစ်ခုထဲကို နောက်ထပ် တိုးဝင်ခဲ့ရသည့်နောက်မှာ ...

"ဆန်း ..."

တစ်ပြေးညီတည်းမှာ ကောက်ကွေ့ပြောင်းလဲခဲ့ရသည့် ကိုယ့်ဘဝကို သုံးသပ်နေမိစဉ် ဦးလေးရဲ့ခေါ်သံက အတိအကျ ဖျက်ဆီးသည်။

"ပြောပါဦး၊ မင်းက ဘာဖြစ်ချင်တာလဲ"

"မပြောတော့ပါဘူး၊ ဦးလေးက ကျွန်တော့်မိဘ၊ ကျွန်တော့်ရဲ့ ကျေးဇူးရှင်ပဲ"

"ဟာ... ဟေ့ ငါ လိုချင်တာ အဲဒီပုံစံမျိုးနဲ့မဟုတ်ဘူးကွ၊ ဒီလိုစီစဉ်တာ ငါ ကောင်းစားဖို့လဲ မပါဘူး"

ဦးထွေးက ဟျာဟျာသလဲ ပြောသလို မေးဖျော့စွာရှိနေသည့် ဆန်း မျက်နှာကလည်း ချက်ချင်း အရောင်ရင့်သွား၏။

"ကောင်းစားဖို့ဆိုတဲ့ ခေါင်းစဉ်နဲ့ဆိုရင် ကျွန်တော်ကလဲ ပြောစရာ တစ်ခွန်းပဲရှိတယ် ဦးလေး၊ မလိုဘူး"

"ဘာ ..."

"ကောင်းစားစေချင်လို့ တစ်သက်တာမှီခိုနိုင်တဲ့လူနဲ့စီစဉ်ပေးရတယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ မိန်းကလေးရှင်အလုပ်ပဲ၊ ယောကျ်ားတစ်ယောက်အတွက် မလိုဘူး"

"ဟ ဒါကတော့ ..."

"မင်းက ပညာတွေတတ်နေပြီမို့လို့ ဒီစကားပြောတာလို့ ဦးလေးပြောမလို့လား"

"မပြောဘူး။ မင်းရဲ့စိတ်ဓာတ်ကို သေသွားတဲ့ မင်းအဖေထက် ငါကပိုသိတယ်၊ ဒါပေမယ့် အကောင်းဆုံးပဲဖြစ်ချင်ကြတာ လူ့သဘာဝ၊ ငါကသဘာဝဆိုတဲ့ ဘောင်ထဲကနေပြောနေတာ၊ ယောကျ်ားဖြစ်ဖြစ်၊ မိန်းမဖြစ်ဖြစ် ကိုယ့်အတွက် အကောင်းဆုံးဖြစ်ဖို့ ကြိုးစားကြတာ မှားတယ်လို့ မင်း ပြောနိုင်လား"

ဆန်း က ငြိမ်နေလိုက်၏။ ပြန်ပြောစရာ စကားမရှိလို့မဟုတ်ပါ၊ ကိုယ်ပြောချင်တာတွေက လူတွေနဲ့ လောကသဘာဝအကြောင်းတွေမဟုတ်၊ 'မြရွက်စိမ်း'က ရွက်နုစိမ်းနှင့်ပတ်သက်၍ပဲဖြစ်သည်။

"ပညာရဲရင့် ပွဲလယ်တင့်ဆိုတာ မှန်ပါတယ်၊ ဒါပေမယ့် ပွဲလယ်တင့်ဖို့ကလဲ အသိုင်းအဝိုင်းတစ်ခုထဲကို ဘယ်လိုပွဲလယ်တင့်အောင်ဝင်နိုင်မလဲဆိုတာ ပါသေးတယ်၊ တစ်ယောက်ချင်း ထိုးခုတ်သတ်ဖြတ်ဖို့မှာ မင်းလက်ထဲမှာ လက်နက်တစ်ခုခုကိုင်ထားရင် ရပြီ၊ စစ်ပွဲကြီးတစ်ခုမှာကျတော့ ရမလား။ ဘဝဆိုတာ စစ်မြေပြင်တစ်ခုနဲ့လဲ တူတယ်ကွ၊ ပညာတတ်ထားလို့ ပြည့်စုံတာမှန်ပေမယ့် ကြွယ်ဝဖို့လိုသေးတယ်"

ပြောနေရင်း ဦးထွေး က ဆန်း မျက်နှာကိုလည်းအကဲခတ်မပြတ်ပေ၊ ဘာမှပြန်မပြောဘဲနေပေမယ့် ဆန်း ရင်ခံနေပြီကိုသိသည်။

လေညှာအရပ်ကို မသိပေမယ့် ဒီလေ ဘယ်အရပ်သို့ဦးတည်နေသည်ကိုတော့ ခန့်မှန်းနိုင်၏။ ပြောင်းလဲပြုပြင်ယူလို့မရကောင်းပေမယ့် ဒီလေကို မိမိလိုတဲ့အရပ်ဆီသို့ ဦးတိမ်းပေးဖို့ သူ ကြိုးစားနေရသည်။ လွယ်ပေ





မယ့် နောက်ဆုတ်လို့မဖြစ်။

"မင်းက စိမ်း ကို သူ ပြောဆိုဆက်ဆံခဲ့ဖူးတာတွေနဲ့ပတ်သက်ပြီး မကြည်ဖြူချင်ဖြစ်နေတာပါ၊ တကယ်တော့ စိမ်း က မင်းကို ..."

"ကျွန်တော် နားတော့မယ်"

ဆန်း က နေရာမှချက်ချင်းထ,ရပ်သည်။ မပြီးပြတ်သေးဘဲ ဦးထွေး ဒီမှာပဲ စကားပြတ်ကာ ...

"စိမ်းနဲ့ မင်း ဆွေးနွေးကြည့်ဦးလေ"

သူပါ လိုက်ထ,ရပ်ကာ လိုရင်းကိုရောက်ဖို့ ကမန်းကတန်း ပြန်ဆက်ရသည်။ ဆန်း က ဖြူဝင်းစိမ်းညို့နေသည့် နားသယ်စပ်ဆံစတို့ကို တစ်ချက်သပ်လိုက်ပြီး ...

"ကျွန်တော်ကတော့ မလိုပါဘူး။ သူလိုတယ်ဆိုရင် သူ ပြောပါစေပေါ့"

နေရာမှလှည့်ထွက်လာခဲ့၏။ စိမ်း သူ့အပေါ်မှာ ပြောင်းလဲသွားခဲ့တာကို မသိလို့မှမဟုတ်ဘဲ၊ ကားပေါ်ကမဆင်းခင်ကတည်းက အိမ်ထဲကထွက်လာသည့် သူမမျက်နှာပေါ်မှာ ဘာတွေဖြန့်ခင်းထားသလဲဆိုတာကို သူ ဖတ်ခဲ့ပြီးသား။

ဒါပေမယ့် ဘယ်တုန်းကမှ နူးညံ့သက်ဝင်ခဲ့ဖူးခြင်းမရှိသည့် သူနဲ့ ကိုယ့်ရဲ့ဆက်ဆံရေးတစ်လျှောက်မှာ တစ်ချိန်ချိန်မှာ ဒီလိုဘဝလက်တွဲဖော်ဖြစ်လာဖို့ နှောင်တည်းခဲ့တာ ဘာမှမရှိ။

ပြန်ဆုံကြသည့်အချိန်ကျမှ ဘယ်လိုအပေးအယူတွေနဲ့ ချည်နှောင်ရမလဲ။ အခန်းကျဉ်းကလေးထဲရောက်လာတော့ လက်ကနာရီကို ငုံ့ကြည့်ဖြစ်သည်။

ခုချိန်ထိ နှင်း၏ အရိပ်အယောင်ကိုတောင် မမြင်ရသေးပါ။ မျှော်ဝန်းနက်နက်၊ မျက်တောင်ကော့လေးတွေနှင့် ရယ်အောင်စ,တိုင်းတည်းမရယ်၊



www.burmeseclassic.com

www.burmeseclassic.com



မရယ်ရဘူးလို့ ဘယ်လိုပဲတားတား တဟားဟား ခေါင်းမော့ရယ်ချင်ရယ် တတ်သည့် ကောင်မလေး။

တစ်ယောက်မျက်နှာ တစ်ယောက် တစ်ချက်မှမကြည့်ဖြစ်၊ မခံ့ဖြစ် ခင်ကတည်းက ကိုယ့်အတွက်အန္တရာယ်ကို သူမလေးက ထိခိုက်နာကျင် ခံပြီး ကာကွယ်ပေးခဲ့၏။

သံယောဇဉ်ဆိုသော ဆူးကလေးတစ်ချောင်းဟာ နာကျင်စေခဲ့တာ မဟုတ်ဘဲ နက်ရှိုင်းစွဲမြဲစွာ နစ်ဝင်သွားခဲ့တာ အဲဒီမှာစ,ခဲ့တာဖြစ်သည်။

ထိုအချိန်က ဆယ်တန်းကျောင်းသားဆိုသော အသက်အရွယ်အရ သူကတော့ လူပျိုပေါက်နေပါပြီ။ နှင်းက တစ်အိမ်လုံးမှာ အသက်အငယ် ဆုံး။ သူ့ရဲ့ညီမငယ်လေးအရွယ်ပင်။ နှင်းကို သူ ချစ်သည်။ ထိုစဉ်က ညီမ လေးသဖွယ် ဖြစ်နိုင်ပေမယ့် နောက်ပိုင်းမှာ ဘာတစ်ခုမှမသေချာတော့ တာ တိကျစွာသေချာခဲ့၏။

သံယောဇဉ်ထက်ပိုသည်၊ ရရိုက်တာတွေထက် ပိုခဲ့၏။ အတိတ်ဟာ ပီပြင်သည့်စုတ်ချက်ရာတစ်ခုတလေမျှမရှိခဲ့ဘဲ ဝေးကွာခဲ့ကြတာ နှစ်တွေ မနည်းမနောပါ။

နောက်ဖေးတံခါးကိုဖွင့်၍ ငေးနေမိတာက တိုက်ကြီး၏ ဘယ်ဘက် အခြမ်း။ ဟိုတုန်းက နှင်း ကို အမြဲမြင်ရတတ်သည့်အနောက်ရန်ကတာဆီ...

နိုင်ငံခြားမှာ ပညာသင်နေရင်းနဲ့ နှင်းရဲ့သတင်းတွေကို သူ ကြားနေရ သည်။ ဟိုမှာ တာဝန်ထမ်းဆောင်နေရတော့လည်း ဖျတ်ခနဲ ရုပ်ခနဲ တိုက် ဆိုင်လာတိုင်း သတိရ၏။

ဘယ်ကိုကြည့်ကြည့် 'နှင်းသက်တန့်'ဆိုသည့် ကောင်မလေး၏ မျက်ဝန်းလေးတွေလောက် စူးလက်တောက်ပနေတဲ့ သဏ္ဍာန်မျိုးကို မမြင်။

ဘယ်လိုရယ်ရယ် လှနေတတ်သော နှုတ်ခမ်းပါးလေးတွေအတိုင်း





တစ်ယောက်တလေမှာ ပုံတူရှိနိုင်မလားလို့ လိုက်ငေးဖူးပေမယ့် မတွေ့ ခဲ့ပါ။

တစ်ကမ္ဘာလုံးမှာ အလှဆုံးလို့ မဆိုချင်ပါ။ ရင်ထဲမှာတော့ သူမ၏ မျက်နှာလေးမျိုး ဆင်ဆင်တူတာတောင် မရှိနိုင်တာ သေချာ၏။

ပြောရလျှင် 'ကိုယ်ထင်လျှင် ခုတင်ရွှေနန်း'ဆိုတာမျိုးလား။ ဩော်... လွတ်လပ်စွာ ချစ်ခင်တွယ်တာခွင့်ကျတော့ ထည့်ပေးလိုက်ပြီး ကိုယ်ထင် သလိုပိုင်ဆိုင်ခွင့်ကျတော့ မပါပါလား။ ဒီအတိုင်း မွေးဖွားပေးခဲ့တဲ့ အမေ့ကို ပဲ တိုင်တည်ပိုကြေးရမည်လား၊ လူတွေပြောကြသည့် လောကနဲ့ ကံကြမ္မာ ကိုလား။

ပိုင်ချင်တာကို ပိုင်ခွင့်မရရင်တောင် မလိုချင်တာကို ခေါင်းခါခွင့်တော့ ပိုင်ဆိုင်သင့်၏။ အသက်ရှူတတ်အောင်သင်ပေးလိုက်ရုံနဲ့ ဘဝတစ်ခုကို လောကကြီးထဲ ပစ်ထည့်ပေးလိုက်ခြင်းဟာ လောကခံတရားတွေကို လက်နက်မဲ့ရင်ဆိုင်နိုင်းသည်သာဖြစ်ခဲ့လျှင် မွေးကင်းစ ကလေးငယ်တွေ ကို သတိပေးချင်၏။

"အသက်ရှူတတ်အောင် မသင်ကြနဲ့"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

"ဟာ ... ဟော့ ... နေဦး"

ခေါင်းဘီထဲကောက်နိုက်ပြီး တစ်လှမ်းချင်းလျှောက်နေသည ...ခြဲ ထောက်တွေက ရှေ့ကို လွှားခနဲခုန်ထွက်၏။ အပေါ်ဝရန်တာနှင့် ကပ်လျက်ပြတင်းပေါက်ထဲကနေ စောင်တွေကိုဆက်ချည်ပြီး တွဲလွဲကပ်ဆင်းနေသည့်အရိပ်ကလေးသည် မြေပြင်နှင့် ဆယ်ပေကျော် ကျော်လောက်အကွာမှာ ကြိုးဆုံးတော့ အဖြစ်ဆိုးနေ၏။

တိုက်က အဝါနုနု သူမ ဝတ်ထားတာကလည်း အဝါနုနု အမှတ်တမဲ့ ကြည့်လျှင် လုတွယ်ဆင်းနေတာကို သတိထားမိဖို့မလွယ်ပေ။

လှုပ်စိ လှုပ်စိအရိပ်လေးကို ဆန်း တောင်မှ အမှတ်တမဲ့နှင့် ရုတ်တရက် သတိမထားမိ။

"အား ... လက်က နာနေပြီ"

သူမလေးက အောက်ကို ပခုံးနောက်ကနေကျော်၍ ငုံ့ကြည့်သည်။ ပြီးတော့ လွှတ်ချရတော့မလိုလို၊ ပြုတ်ကျတော့မလိုလို ရှုံ့မဲ့အော်၏။





"နေဦး လွှတ်မချလိုက်နဲ့"

ဆန်း က သူမ တွဲလောင်းဖြစ်နေသည့်အောက်မှာပဲ ရပ်လိုက်ကာ...

"လက်တစ်ဖက်ကိုလွှတ်ပြီး အရှိန်တစ်ဝက်ကို အောက်ကိုလျှော့ချလိုက်၊ ပြီးမှ နောက်တစ်ဖက်ကိုလွှတ်"

"ဟာ ဘယ်လိုလုပ် တစ်ဖက်ပြီးတစ်ဖက် လွှတ်လို့ရမှာလဲ၊ အား... နာလှပြီ၊ ဦးလေးကြီး အောက်ကဖယ်လိုက်၊ ဖယ်စမ်းပါ၊ သေပြီ ... အ..."

"အင့်"

စကားတွေ တရစပ်ပြောချလိုက်ပြီး မဆုံးသေးမီ ခြေကားယား၊ လက်ကားယားပြုတ်ကျလာ၏။ သူ ဘယ်လိုလုပ် ဖယ်နေရမှာလဲ။

ဒီလောက်အမြင့်ကြီးကနေ ပြုတ်ကျလိုက်ရင် သူမ မရှုမလှဖြစ်သွားနိုင်သည်။

ထို့ကြောင့် ခြေကားယား၊ လက်ကားယားကိုပဲ မိအောင် ဖမ်းပွေ့လိုက်မိ၏။ တစ်ကိုယ်လုံးပေါ်ကို တောင်ပြိုကျလာသလိုပဲဆိုလျှင် လွန်သွားမလား မသိ။ ရင်ဘတ်ထဲမှာ အောင့်ခနဲဖြစ်ကာ လက်နှစ်ဖက်စလုံး ဘယ်လိုမှမမြဲတော့ဘဲ လက်နောက် ကိုယ်ပါသွားသည်။

ဆန်း ဘယ်လိုမှ ထိန်းမနေနိုင်တော့ဘဲ ပွေ့မိလျက်သားနှင့် ဒူးတုပ်သဲကျသွားလေသည်။

"အား ... သေပါပြီ"

"အင်း ... မင်းပဲနာတတ်တာကိုး၊ ထပ်ညည်းဦး"

သူမက ရှုံ့မဲ့ညည်း၍ သူ့ရင်ခွင်ထဲကနေ လူးလဲထသည်။ ဆန်း ကိုတော့ သူမပေါ်ကနေ အုပ်ကွယ်ဖက်ထားသလိုဖြစ်နေသောကြောင့် သူ့ကိုတွန်းထိုးဖယ်ပြီးမှ ဘေးကိုထွက်လိုက်ပြီးသားဖြစ်၏။

လဲသည့်အရှိန်နှင့် လူကို ထပ်ပြီးတွန်းထိုးခံရကာ ဆန်း က နှစ်ခါဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီက ကိုယ့်ဟာကိုယ် ခုန်ချမယ့်ဥစ္စာ ဦးလေးကြီးက ဖယ်မှမဖယ်တာ"

စော်ကားမော်ကားပြောလိုက်တာနှင့်တူပေမယ့် သူမကြောင့်နာသွားတာကို အားနာလို့ အပြစ်တင်ကာကွယ်လိုက်မှန်း သိသာပါသည်။

ဆန်း ကတော့ ပြန်ပြောမနေအားပါ။ ကျောတွေ၊ ခါးတွေ ဘာဖြစ်သွားမှန်းမသိသောကြောင့် မတ်မတ်ပြန်ရပ်ပြီး ကိုယ့်ကိုယ်ကို ပြန်စစ်ကြည့်ရသေးသည်။

"အမယ်လေး အမြင့်ကြီးကနေပြုတ်ကျလာတဲ့သူက ဘာမှမဖြစ်ဘဲနဲ့ ..."

"ဩော် ... ခင်ဗျားက ကျွန်တော့်ပေါ်ကို ကျလာတာလေ"

စကားပြောဖြစ်တော့မှ ဘေးကို ခြေလှမ်းလိုက်ပြီးသည့် နှင်း၏ ခြေထောက်က တုံ့ခနဲဖြစ်သွားသည်။

ဆန့်ကျင်ဘက်အရပ်များသို့ မျက်နှာမူလျက် ကျောခိုင်းကြတော့ မလိုဖြစ်ပြီးမှ နှစ်ယောက်သား ပြိုင်တူ လှည့်ကြည့်မိကြသည်။

"ဘာကြည့်တာလဲ"

"ဟင် ... သူ ... ဒီက ..."

နှင်း နှုတ်ခမ်းလေးတွေတလှုပ်လှုပ်နှင့် တိုးဝင်ကျသွား၏။ ထို့နောက် တိုးတိတ်စွာဖြင့် ...

"ကိုကို ..."

ဖြူစင်ချောမွေ့သော ဒီမျက်နှာကို အမြဲတမ်းသတိရနေခဲ့ပြီး နှင်း ဘာဖြစ်လို့ မမှတ်မိရတာလဲ။ ဟိုအရင်က အရပ်ကြီးမြင့်လွန်းလို့ထင်သည်။ လူပုံက ပိန်သည့်ဘက်ကို လုချင်သည်။ ခုကျတော့ တောင့်တင်းကျစ်လျစ်သော အရပ်အမောင်းနှင့် တကယ့်ယောကျ်ားကြီးတစ်ဦးကဲ့သို့ ဆံပင်တွေ တိုတိုရှင်းရှင်း ညှပ်ထားပုံကလည်း သပ်ရပ်နေ၏။





ဝင်းနေတတ်သည့်မျက်နှာကလည်း ဖြူနုနီမြန်းနေပြန်သည်။ လည်ပ်နှင့် နားသယ်စပ်ဆံစများ၏အရိပ်တို့က အစိမ်းရောင်ရင့်နေတာကို င်ရှားစွာမြင်နေရ၏။

"ကိုကို ... နော်"

နှင်း နောက်ထပ်ခေါ် လိုက်တော့ ဆန်း က ပြုံးနေသည့်မျက်ဝန်းများ ခေါင်းညိတ်ကာ မေးဖျားလှုပ်ရုံလေး ...

"တော်တော်သတိတရရှိပုံရတယ်၊ သေချာကြည့်ပါဦး၊ ညည်းရဲ့ကိုကို တ်လို့လား"

နှင်း အသံတိတ်ရယ်သည်။ မျက်ဝန်းမှာ မျက်ရည်တွေ ပြိုးပြိုးပြက်က်လက်လာကြ၏။

"နှင်းက ကိုကို့ဆီသွားမလို့ ခိုးဆင်းလာတာ"

ပြောပြီး မျက်တောင်တွေနှင့်အနိုင်ကျင့်ကာ မျက်ရည်တို့ကို ရိုက်ပုဝ်လိုက်သည်။ ပါးပြင်နှစ်ဖက်မှာ မျက်ရည်ကြောင်းလေးတွေနှင့်ဖြစ်လျှင်န်း ၏ နှုတ်ခမ်းထက်အပြုံးတွေ ပျောက်ကွယ်သွားကြ၏။

"ဆောရီး၊ မင်းလဲ မမှတ်မိလောက်အောင်ပါပဲ"

"ဘာဖြစ်လို့လဲဟင်"

"လှနေတာ"

နှင်း မျက်နှာလေးက ပြုံးမသွားဘဲ ညိုသွားခဲ့၏။ လက်က ပါးကလေးစ်ဖက်သို့ အလျင်စလိုရောက်သွားသေးသည်။

တွေးလိုက်မိတာက ကိုကို လှောင်လိုက်တာလားလို့ပါ။ တစ်နေ့စ်နေ့ မမစိမ်း ရောက်လာပြီး ဆူလိုက်၊ ကိုကြီးအောင်ဇော် လက်သီးဆုပ်မ်းလိုက်။

နှင်း မကြောက်တတ်ပေမယ့် ပြောဆိုသွားသမျှ ခံတော့ရတာပဲသည်။ လူလစ်တာနှင့် အပြင်ထွက်ဖို့ကြိုးစားကြံစည်နေရတာည်း



www.burmeseclassic.com

www.burmeseclassic.com



အကြီးမားဆုံး စိတ်ပင်ပန်းမှုပင်၊ ဘယ်မှာလဲ၊ ပြင်ဆင်ခြယ်သဖို့အချိန်။

"မယုံဘူးလား၊ တကယ်ပြောတာ"

ဆန်း က ထပ်ပြောပြီး နှင်း လက်ဖဝါးလေးတစ်ဖက်ကို လှမ်းဆုပ်ကိုင်သည်။

"လာ ဒီမှာကြည့်"

ဟု ဆိုကာ ပန်းပင်တွေကြားထဲက ရေအပြည့်နှင့်ကျောက်ကန်လေးဆီကို ခေါ်သွားသည်။

"ငုံ့ကြည့်လိုက်"

လက်ဖဝါးချင်းထပ်ဆုပ်ကာ လက်မောင်းရင်းထိ လက်ချင်းထပ်လိမ်ထားတော့ နှင်းက ဆန်းဘက်ကို ယိုင်နေသည်။ သူ့ပခုံးတစ်ခြမ်းထိရောက်နေသဖြင့် ရင်ခွင်ထဲဝင်နေတာနဲ့လဲတူသည်။ ရေမျက်နှာပြင်မှာထင်နေသည့်အရိပ်ကို ငုံ့ကြည့်တော့လည်း အနီမှိုအမြင့် ကွာတာပဲရှိသည်။ မျက်နှာနှစ်ခုစလုံးက နီးကပ်စွာရှိနေကြ၏။

ကောင်းကင်ပြာပြာက လင်းနေတော့ ရေမြင်မှာ မျက်နှာတွေက အရိပ်မည်းတွေအဖြစ်နဲ့သာ ထင်သည်မို့ နှင်းက ပြန်မော့ကြည့်ကာ ...

"မြင်လဲမမြင်ရဘဲနဲ့ ..."

"မြင်နေရတာပဲဟာ"

ဆန်း က ပြုံး၍ မျက်နှာချင်းဆိုင်ပြန်ရသည်။ နှင်း လက်ဖဝါးလေးကိုတော့ ဆုပ်ကိုင်ထားဆဲဖြစ်လျက် ...

"ချွေးစတွေနဲ့ပြောင်နေတာရော၊ နှုတ်ခမ်းသားလေးတွေ တင်းနေတာရော မင်းမျက်နှာပေါ်မှာ အလှပျက်သွားတာ ဘာမှမရှိဘူး၊ ချွေးရှိနေတော့ ပါးလေးတွေတောင်နီနေသေးတယ်၊ နှုတ်ခမ်းတွေတင်းနေလဲ နီနေတာလေး ပျောက်မသွားဘူး၊ ဟိုတုန်းကထက်ပိုလှလာတယ်၊ ပြောပါဦးကိုယ့်ကို ..."





နှင်း ရုတ်တရက် ဘာမှမပြောနိုင်။ ကိုကို့ရင်ထဲမှာ နှင်းအတွက် ဒီအချိန်ထိရင်းနှီးကျွမ်းဝင်နေဆဲ၊ သံယောဇဉ်တွေ ရှိနေသေးတာကို အံ့သြဝမ်းသာမိ၏။

သူမအပေါ်မှာ ဖေဖေ မရှိတော့သည့်နောက်ပိုင်း ဖေဖေ့လို နူးညံ့ကြင်နာစွာ ပြောဆိုဆက်ဆံခဲ့သည့် တစ်ယောက်တည်းသောသူစိမ်း ဖြစ်သည်။

ကိုကို ထွက်ခွာသွားခဲ့ပြီးသည့်နောက် နှင်း ရင်ဆိုင်ထိတွေ့ခဲ့ရသမျှလေတော့လေပါပဲ၊ ဒါပေမယ့် အေးသည့်လေမဟုတ်ဘဲ ကန္တာရထဲမှာ တိုက်သည့် သဲမုန်တိုင်းတစ်ခုလိုပင်။

"ဟိတ် ဘာဖြစ်နေတာလဲ"

ငေးပြီးရပ်ငေးနေတော့ ဆန်း က နှင်းလက်မောင်းလေးကို ပုတ်ပစ်လိုက်၏။

နှင်း က ရယ်ကာ ...

"ကိုကိုက အရမ်းချောတာပဲ"

"ဟုတ်ပြီ၊ အဲဒီလိုပြောမှ လက်ဆောင်ရမှာ"

"နှင်းအတွက် ဝယ်လာတာလားဟင်"

"ဒါပေါ့"

"ဒါနဲ့များ နှင်းကသာ ကိုကို့ဆီကို ရောက်မလာရင် ကိုကိုက မပေးတော့ဘူးပေါ့"

ဟိုတုန်းကပုံစံလေးပြန်ဖြစ်လာသည့် နှင်း ကို ဆန်း က စိုက်ကြည့်နေ၏။

"ပြောလေ ကိုကို"

"ပေးမလို့ဝယ်လာတာပဲဟာ မပေးဘဲနေမလား ချာတိတ်ရဲ့ ဒီနေ့ပေးဖြစ်တော့ နောက်နေ့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဘာဝယ်လာတာလဲဟင်၊ ခုပေးမှာလား"

ဆန်း မျက်နှာတည်သွားသည်။ နှင်းကို ဒီတိုင်းခေါ်သွားလို့ ဖြစ်ပါ့မလား။ ဒီကိုရောက်စကတည်းက သူတို့ ခင်းခဲ့သည့်လမ်းက ...

"ဒီကောင်မလေးကို စကားပြောခွင့်ပေးလို့ကို မဖြစ်တော့ဘူး။ ပြောချင်ရာပြော၊ လုပ်ချင်ရာလုပ်တာ၊ ပြီးတော့ သူများလို မလိမ်မိုးမလိမ္မာ အပြောအဆိုမတာတ်တာတွေမဟုတ်ဘူးကွ၊ သူ့ပါးစပ် ဘီလူးသရဲစီးနေသလိုပဲ၊ ဘာမှမပြောနိုင်းတော့ ဘာမှမဖြစ်တော့ဘူး"

အောင်ဇော် ပြောတုန်းက သူ ဝင်မေးခဲ့သေးသည်။

"နောက်ထပ် ဘာတွေဖြစ်သေးလို့လဲ ဇော်"

"မဖြစ်အောင် သေလုမြောပါး ဂရုစိုက်နေရတာကိုး၊ မြသဇင်တို့ သွားခါနီးတုန်းက သူ့စကားတွေကို သတိရတိုင်း ကြက်သီးထတယ်၊ တစ်ခါတလေ သူ့ကို ပြောဆိုမိလို့ အဲဒီမျက်လုံးတွေ မီးဝင်းဝင်းတောက်လာရင် ကားမောင်းပြီး အပြင်ကိုမထွက်ရဲတော့တာ"

"ကျိန်စာသင့်နေတဲ့ပါးစပ်"

"သူ့စိတ်တွေ နော်မယ်လ်မဟုတ်တော့တာ လူတိုင်းသိတယ်၊ အဲဒါကြောင့် အခန်းထဲက အပြင်ကို လုံးဝ မထွက်ခိုင်းရဲတာပေါ့" တဲ့။

ဒါကို ခုနေ နှင်းနဲ့တွဲထွက်သွားလျှင် ရုတ်တရက် အခြေအနေ တစ်မျိုးဖြစ်သွားနိုင်၏။ ဆန်း က နှင်း မျက်နှာလေးကို နူးညံ့ချွေးတွေးသည့် မျက်ဝန်းများနှင့် ငုံ့မိုးကြည့်လျက် ...

"ခု လိုက်မယူနဲ့၊ ညနေကျမှ ကိုကို လာပေးမယ်"

"ကိုကိုကလဲ နှင်း က ကိုကို့ဆီလာဖို့ သက်စွန့်ဆံဖျား ဆင်းလာရတာ"

"ဟုတ်တယ်လေ၊ ဒါပေမယ့် အပြင်ကနေ ညီမ်လေး ပြန်ဝင်ရဲတာမှ မဟုတ်တာ"





နှင်း နှုတ်ခမ်းလေးတွေ ပြုံးလက်စနှင့် မဲ့တဲ့တဲ့လေးသို့ ပြောင်းသွားသည်။ ပြီးတော့ မျက်နှာလေးလွှဲသွားရင်း ...

"ဟုတ်ပါတယ်၊ ကိုကို့ကို မမစိမ်း စိတ်ဆိုးမှာပဲ"

"ဒါကြောင့်မဟုတ်ဘူးလေ၊ ညီမလေးရဲ့ကျန်းမာရေးက ..."

"နှင်း အရူးမဟုတ်ဘူး"

ညှို့သက်ပျော်ဝင်ခြင်းတွေ ပျောက်ဆုံးကုန်သည်။ အားလုံးရှေ့မှာ ဂရုမစိုက်စွာနေခဲ့လွန်းလို့ အရူးလို စွပ်စွဲခံခဲ့ရတဲ့အထိ ဖြစ်ခဲ့ပေမယ့် ကိုကို့ရှေ့မှာ နှင်း မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျလာသည်။

"ဘာမကျန်းမာတာလဲ၊ နှင်း ဘာမှမဖြစ်ဘဲနဲ့ ဝိုင်းပြောနေကြတာ၊ အခန်းထဲမှာ ထည့်ပိတ်ထားချင်လို့ လူတွေယုံအောင်လုပ်နေတာ"

"နှင်းလေးရေ ..."

ခေါ်သံနှင့်အတူ အပေါ်ပြတင်းပေါက်ကနေ ခင်အုန်း၏မျက်နှာ ပြူထွက်လာ၏။

"ကြည့်စမ်း၊ အမယ်လေးလေး ..."

လက်နှစ်ဖက်စလုံး တံခါးအပြင်ထုတ်၍ ဖျူးဖျူးဖျတ်ဖျတ်ခါပြီး အော်သည်။ ထို့နောက် ဖျတ်ခနဲပျောက်ကွယ်သွား၏။

မကြာမီ ပြေးလွှားရောက်လာတော့မှာဖြစ်သည်။ နှင်း က ခင်အုန်းရောက်လာမည့်ရှေ့လမ်းဆီကို အံကလေးကြိတ်၍ လှမ်းကြည့်သည်။

မျက်ရည်တွေကို ခပ်ကြမ်းကြမ်းသုတ်ပစ်လိုက်ကာ ...

"လာခေါ်ကြည့်၊ လုံးဝ မလိုက်ဘူး"

"နှင်း ..."

"ကိုကို နေပါ"

"နေလို့ရမလား၊ မင်း အဲဒီလိုမဖြစ်နိုင်တာကို အတိုက်အခံတွေ ရှာ လုပ်နေတော့ ဘာဖြစ်လာသလဲ"



www.burmeseclassic.com

www.burmeseclassic.com



နှင်းက ဆန်း ကို ပေစောင်းစောင်းလေးမော့ကြည့်၏။ ဒီမျက်နှာကို မြင်လိုက်ရချိန်မှာ ကြည်နူးခဲ့ရတာတွေ၊ ဝမ်းမြောက်ဝမ်းသာရတာတွေ အားလုံးက ဒီရေရောက်ကမ်းစပ်က နုံတွေလိုပဲ တင်ကျန်ခဲ့သည်လား။

သူမ လိုချင်သည့် ရေကြည်တစ်ပေါက်က ဘယ်မှာလဲ။

"နှင်းသက်တန့် ..."

ခေါ်သံက ပြင်းသည်။ စူးစူးရှရှအော်တာမျိုးမဟုတ်ဘဲ အံကြိတ်သံနှင့် တစ်လုံးချင်းဖြစ်၏။ သူတို့ထင်သလို ခင်အုန်း ရောက်လာတာမဟုတ်ပေ။

တကယ်ရောက်လာသူက စိမ်းဖြစ်နေ၏။ ရှက်စိမ်းနု ဆိုသည့်အတိုင်း သူမ ဝတ်လိုက်သမျှ ဖက်ဖူးရောင်အဆင်၊ ကျောက်စိမ်းရောင်အဆင်တွေချည်းပဲဖြစ်၏။ ကျောလယ်လောက်ဆံပင်တွေကို ဖြန့်လျက်ထားကာ ဘေးနှစ်ဖက်မှ ကလစ်လှလှလေးတွေနဲ့ သိမ်းတင်ထား၏။

အဝိုင်းဟိုက်ချထားသည့်အင်္ကျီလည်တိုင်မှာ ရင်ဘတ်တစ်ပြင်လုံးကို ဖွေးဖွေးနုနု ဒီတိုင်းဖြစ်နေရ၏။

ဝတ်တာကတော့ လက်စက ရင်စေ့လေးပဲပေမယ့် လည်ပင်းက ဟိုက်ထားကာ စကတ်အရှည်က တင်သားလေးတွေမှာ ကျပ်ကပ်နေတာလိုတာထက်ပိုသည်ထင်၏။

လှည့်ကြည့်လာကြသည့် ဆန်း နဲ့ နှင်းကို စိမ်းကလည်း ခပ်တည်တည်ပြန်ကြည့်လျက် နှင်း မျက်နှာပေါ်မှာပဲ စူးနစ်သွားခဲ့ပြီး ...

"ပြတင်းပေါက်ကနေတောင် တွယ်ဆင်းသွားတယ်ဆို"

တစ်လှမ်းချင်းလျှောက်လာရင်း မေး၏။ နှင်းက ခေါင်းမညိတ်၊ ခေါင်းမခါ။

"ဘာဖြစ်လို့ တံခါးပိတ်ထားကြလဲ"

"အဲဒီလိုလုပ်တတ်လို့ ပိတ်ရတာ"





ပြောရင်း စိမ်းက အနားကို မြန်မြန်ဆန်ဆန်လျှောက်လာကာ...

"နှင်တစ်ယောက်ကို အားလုံးက ကျီးကန်းတောင်းမှောက် လိုက်ကြည့်နေကြရတာ၊ လူတွေကို နှင့်ရဲ့ကျေးကျွန်တွေလို့ ထင်နေသလား"

နှင်း က နှုတ်ခမ်းလေးဖိကိုက်လျက် တစ်ခွန်းမှမပြောတော့ဘဲနေ၏။ အမျိုးသမီးနှစ်ယောက်၏ မျက်နှာတို့သည် တစ်ယောက်က ရင့်ကျက်တည်ငြိမ်သည့်အလှနှင့် တစ်ယောက်ကတော့ ကျားသစ်ပျိုမလေးလို စူးစူးရဲရဲမာန်ဖီလျက် ငြိမ်သက်နေခဲ့တာဖြစ်၏။

ဒါပေမယ့် နှင်းမျက်ဝန်းမှာ မျက်ရည်စတို့ ဝေ့သီနေခဲ့သည်။ ကြုံဆုံလာခဲ့တိုင်း အားခဲမာန်တင်းထားခဲ့သည်သာရှိလျက် အောင်နိုင်သူ မဖြစ်ခဲ့ဘဲ ...

"မတော်တဆ သေကျေသွားခဲ့ရင် ထိန်းကျောင်းနေရတဲ့သူက ပတ်ဝန်းကျင်အပြောမလွတ်ဖြစ်ဦးမယ်"

ဟု ဆက်ပြောကာ စိမ်း က ဆန်း ကို ငဲ့ကြည့်၏။

"ဆန်း ဒီမှာ ဘာလုပ်နေတာလဲ"

"လမ်းလျှောက်ထွက်လာတာ"

ဆန်း ကဖြေလိုက်ပြီး နှင်းပခုံးလေးကို လှမ်းပုတ်လိုက်သည်။

"ညီမလေး ဝင်သွားတော့၊ နောက်မှ လက်ဆောင် ကိုကို လာပေးမယ်"

စိမ်း မျက်ခုံးတွေတွန့်တက်သွားသည်။ နှင်းက 'တကယ်လား' ဆိုသည့် မျက်ဝန်းလေးတွေနှင့် ပြန်ကြည့်သည်။ ဘာပဲဖြစ်ဖြစ် မမရှေ့မှာ ကိုကို ပြောရဲလာပြီပဲ။

နှင်း ကျေကျေနပ်နပ်ခေါင်းညိတ်ကာ ရှေ့ကနေပြေးထွက်သွား၏။ ရင်ထဲမှာလည်း ကိုကို့စကားကိုပဲ အထပ်ထပ်ပြန်တွေးနေမိသည်။

ကိုကို ရောက်လာစကလည်း နှင်းလိုပါပဲ။ နှင်းလည်း ဖေဖေ့သမီး



www.burmeseclassic.com

www.burmeseclassic.com



ဆိုပေမယ့် ဒေါ်ခင်သဇင်ဟို့သားအမိနဲ့ မမစိမ်းတို့မောင်နှမကို မျက်နှ ငယ်စွာ ရင်ဆိုင်ခဲ့ရသည်။

ကိုကိုကတော့ ဘာမှမရှိသော မမစိမ်း၏ ချိုးနှိမ်သောစကားများအ အခြေအမြစ်မရှိသည့်ကောင်လေးဘဝ။

ယောက်ျားလေးပီပီ စကားနည်းတော့ နှင်းလိုတောင်မှ ပက်ခနဲ ပ ခနဲ ပြန်ခံပြောတာမလုပ်ပေ။ မမစိမ်းက ကိုကို့ကို ကိုကြီးနဲ့ခေါ် ပြောရင်နှ တာကောင် မကြိုက်ခဲ့။

"ဘာဖြစ်လို့ တစွဲတွဲလုပ်နေတာလဲ ဖော်၊ သူ စာတော်တာ နှင့် ဘာဆိုင်သလဲ၊ အခြေအမြစ်မရှိ ကလေကဝကြီးပြင်းလာခဲ့ရတာ၊ ဒီပည လေးမှမတော်ရင် ကိုယ့်ကျင်းကိုယ်တူးပြီး ခုန်ဆင်းသေဖို့ပဲရှိတယ်"

"လာစမ်း ဖော်၊ အဲဒီတစ်ယောက်ကို ဖေဖေ အရေးပေးနေတိုင်း နှင် က ဘာဖြစ်လို့ ရောယောင်လိုက်နေတာလဲ၊ ဟိုကလဲ ရုပ်က ဘဝင်တစ် သားနဲ့ ဟွန်း ...၊ နေရာတကာ အစ်မကြီးတော့ အမိအရာလိုနေပါ နေ နဲ့ ဖေဖေ ပြောလွန်းလို့ တစ်ခါတစ်ခါ အမြင်မတော်ဖြစ်လာရင် ပါးဆွဲရိုက် ပစ်ချင်တယ်"

မမစိမ်းက ဒေါသဖြစ်လာပြီဆို ဘယ်စကားလုံးမျိုးမှမရှောင်ပေ။

တစ်ယောက်နဲ့တစ်ယောက် ခေါ်ပြောနည်းဆုံးက မမနဲ့ကိုကို။ ကိုကို ရောက်တာနဲ့ နှင်းနဲ့ရင်းနှီးသွားခဲ့သည်။ ကိုကြီးအောင်ဖော်ကို ကိုကြီးလို့ ခေါ်ခဲ့တာမို့ ကိုကို့ကို နှင်း က ကိုကိုလို့ခေါ်ခဲ့တာ ဘယ်သူမှသင်ပေးခဲ့တာ မဟုတ်ပါ။

"တော်တော်သွက်တာပဲနော်၊ မထင်ရဘူး"တဲ့။

မဲ့ပြုံးနှင့် မမ ပြောခဲ့သေးသည်။ ဘာကိုမထင်ရတာလဲ၊ နှင်း ဂရု တစိုက်ပင် စဉ်းစားမကြည့်မိခဲ့ပေ။ ကိုကို နိုင်ငံခြားထွက်သွားရပြီဆို ကိုကို့အကြောင်း သူ့ရှေ့မှာပြောမိတိုင်း၊ ကိုကိုလို့ တစ်ခါခေါ်တိုင်း မျက်နှာ





တင်း၏။

"ကိုကိုချင်းထပ်နေတာပဲ မိနှင်း၊ ကွယ်ရာမှာတောင် ပလီတာတွေ မလျှော့ဘူး၊ နားကြားပြင်းကပ်တယ်"တဲ့။

ပလီတယ်ဆိုတာ ပလီတတ်တဲ့လူကတော့ သိလိမ့်မည်။ နှင်း ခေါင်း ထဲမှာ ဘာမှမရှိ။

"မိနှင်း ..."

ဘောက်ဆတ်ဆတ်လျှောက်နေရင်း စိတ်က နောက်မှာကျန်ခဲ့သည် မို့ နှင်းရှေ့မှာ အောင်ဖော် မတ်တတ်ကြီးရပ်နေတာတောင် တိုက်မိမလို ဖြစ်သွားသေးသည်။

အောင်ဖော် က နှင်း တုံ့ခနဲရပ်သွားတာကို စိုက်ကြည့်လျက် ...

"ဘာဖြစ်လို့ စောင်နဲ့တွယ်ဆင်းနေတာလဲ၊ တစ်ခါတည်းခုန်ချလိုက် ရင် တိုက်ရိုက်ရောက်တာပေါ့"

နှင်း က ဂျစ်ကန်ကန်မျက်နှာနှင့် တစ်ဖက်လှည့်ပစ်၏။

"ပြောတာ ကြားလား၊ နောက်ကနေ လိုက်ထိန်းနေရတဲ့လူတွေကို ဒုက္ခမပေးနဲ့၊ ဒီတစ်ခါ မိုက်တော့မယ်ဆို တကယ်မိုက်ရဲမှ မိုက်"

"နှင်းက တစ်နေကုန် အခန်းထဲမှာနေရတာ၊ ကိုကြီးတို့လိုပဲ သွားလာ ချင်တာပေါ့"

"နှင့်ပါးစပ်ကိုပိတ်လိုက်စမ်း၊ ပြောတာကိုနားထောင်၊ ဘာမှ ပြန် မပြောနဲ့"

အောင်ဖော် က သူ့အကျင့်အတိုင်း စူးခနဲထ၊ အော်ပြီးကာမှ အသံကို နှိမ့်ချပစ်လိုက်ကာ ...

"နင် ဘယ်ကိုသွားတာလဲ၊ ဘာလုပ်မလို့တွယ်ဆင်းတာလဲ၊ ကဲ ဖြေ"

"ကိုကို့ကို တွေ့ချင်လို့"

"သေလိုက်တော့၊ အဲဒီမှာ တစ်ခါတည်း ခုန်ချသေလိုက်ဖို့ကောင်း



www.burmeseclassic.com

www.burmeseclassic.com



တာ၊ ကိုယ့်ကိုယ်ကို နားမလည်ဘူး။ နှင့်ပါးစပ်မို့လို့ ဆန်း ကို ထည့်ပြောရဲတယ် မိနှင်း၊ မမနဲ့ဆန်းကို လက်ထပ်ပေးတော့မှာ နင် မသိဘူးလား"

နှင်း က မဖြေ။

"လူဆိုတာ မပြောဘဲသိရတယ်၊ ဒူးနေရာဒူး၊ တော်နေရာတော်ဆိုတာ လူမှန်ရင် နားလည်ကြတာပဲ၊ အရူးလို့ နင့်ကိုပြောရင် နင် မကြိုက်ဘူး။ ဆန်း ကို ကိုကိုလို့ခေါ်ရဲနေတာကိုက အရှက်မရှိတာ"

နှင်း ဆတ်ခနဲဖြစ်သွားသည်။ နဂိုကတည်းက လက်တောက်နေသည့် မျက်ဝန်းတို့သည် အောင်ဇော့်မျက်နှာထက်သို့ ရောင်စဉ်တွေဖြာကျသွားသည့်နှယ်ပင်။

"အရှက်မရှိတာက နှင်း မဟုတ်ဘူး၊ တစ်လျှောက်လုံး မကြည်ဖြူ၊ မသင့်မမြတ်နဲ့နေခဲ့ပြီးမှ ပရော်ဖက်ဆာဒေါက်တာကြီးဖြစ်သွားတော့ လိုချင်တာ ဘယ်သူလဲ"

"ဘာပြောတယ်"

"ကိုကြီးပြောလို့ပြောတာ၊ နှင်းနဲ့ကိုကိုက ဟိုတုန်းကတည်းက ခင်ခဲ့ကြတာ၊ ကိုကိုလို့ခေါ်တာလဲ ရိုးသားလို့ခေါ်ရဲတာ၊ ရင်ထဲကတစ်မျိုး၊ မျက်နှာမှာတစ်မျိုးနဲ့ စုပုပ်ပွထပြီး အကုသိုလ်တွေဖိစီးနေတာ၊ ကိုယ့်ကိုယ်ကို ပြန်ကြည့်ကြဦး"

"ကြည့်စမ်း၊ ခွေးကောင်မလေး"

"သား ..."

လက်တစ်ဖက်က အရှိန်နဲ့မြောက်တက်သွား၏။ ဦးစိမ်းအောင် တားဆီးလိုက်သံကြောင့် ခပ်ကြိတ်ကြိတ်တက်ခေါက်သံနှင့်အတူ တွဲလွဲပြန်ကျသွားခဲ့သည်။

"လာဦး ဒီကို"

ဦးစိမ်းအောင် က ခေါင်းရင်းဘက် ပန်းစင်ရှိသော ကော်ရစ်ဒါလေးမှာ





ရပ်နေ၏။ မှုန်ကုပ်စူးရဲသောမျက်ဝန်းတို့သည် နှင်းထံမှာဖြစ်ကာ လူကြီးမို့ အမြင်မတော်တာကို တားဆီးလိုက်ခြင်းသာဖြစ်လျက် နှင်းကို စေတနာ ဓမ္မတ္တာကြီးမားလွန်း၍ မဟုတ်ကြောင်းကို မျက်ဝန်းတို့က သက်သေပြနေသည်။

နှင်းကလည်း ဂရုမစိုက်ပေ။ ဘယ်သူကရော ဆီပေးပါ၊ ဆားပေးပါ တောင်းနေလို့လဲ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

နာရီကြည့်လိုက်တော့ နောက်ကျနေပြီဖြစ်၏။ ခုလောက်ဆို ဆိုင်က ကောင်မလေးတွေ ဆိုင်ဖွင့်ပြီးနေလောက်ပြီ။

ဗေဒါရောင်ကိုယ်ကျပ်ဝတ်စုံနှင့် မှန်ထဲမှာပေါ်နေသည့် ကိုယ်ကို ရှေ့ရောနောက်ရော လှည့်ပတ်ကြည့်လိုက်ပြီးမှ အခန်းထဲကထွက်ခဲ့သည်။

ဧည့်ခန်းကိုရောက်လာတော့ ဆန်း နှင့် ပက်ပင်းတိုး၏။ ဘာရယ် မဟုတ်ဘဲ နှစ်ယောက်စလုံး ခြေလှမ်းတုံ့သွားကြသည်။

ဟိုအရင်ကတည်းက ခင်ခင်မင်မင်မရှိခဲ့ဖူးသည့်အဖြစ်က ခုချိန်မှာ ပို၍စိမ်းသက်နေစေခဲ့၏။

"မစိမ်း ဈေးသွားတော့မလို့လား"

"အင်း"

ခေါ်တာကတော့ မမစိမ်းပဲဖြစ်သည်။ ဒါပေမယ့် ပြောဆိုရင်း အသံထွက်တော့ 'မစိမ်း'ဖြစ်သွားခဲ့၏။ ဆန်း က အထဲကို လှမ်းကြည့်ရင်း မေးသလို စိမ်း ကလည်း အင်းတစ်လုံးကို ခဲရာခဲဆစ်ထုတ်လိုက်ရသည်။ ကိုယ့်ဆီလာတာမဟုတ်မှန်းသိနေ၍ ...





"ဘယ်ကိုလာတာလဲ ဆန်း"

"နှင်းကို လက်ဆောင်လာပေးတာ"

ပြောင်ပြောင်မေးလိုက်တော့ ဆန်း ကလည်း တည့်တည့်ပဲဖြေ၏။

"နှင်း အိပ်ရာထပြီထင်တယ်"

မေးတာမဟုတ်သလိုနှင့် ကိုယ့်မျက်နှာကိုကြည့်ပြောတော့ စိမ်း အောင့်သက်သက်ဖြစ်သွားသည်။ နှင်းနဲ့ပတ်သက်လာတိုင်း မကျေလည်ခဲ့သောရင်ထဲမှာ ပန်းနဲ့ပေါက်တာလည်းနာချင်သည်။

"တို့က နှင်း အိပ်ရာဝင်၊ အိပ်ရာထ စောင့်ထိန်းနေတဲ့သူမှမဟုတ်တာ၊ သိဘူး"

ဘေးပြောလိုက်တော့ ဆန်း မျက်နှာ ဖျတ်ခနဲလှည့်လာ၏။ အပေး အယူမညီမျှသော မျက်ဝန်းတို့၏ဆုံစည်းမှုက အလကားမပါ။

"ဟော ... စောစောစီးစီးပါလား ဆန်း"

အပေါ်ထပ်ကနေ ခပ်သွက်သွက်ဆင်းလာရင်း အောင်ဇော် က လှမ်းမေးလိုက်သဖြင့် ရာသီဥတုအခြေအနေက အသင့်အတင့်ကောင်းမွန်ခြင်းသို့ရောက်သွားသည်။

"ရှစ်နာရီထိုးတော့မှာ၊ မစောပါဘူး"

ဆန်း က အထဲကိုဆက်ဝင်သွားရင်း စိမ်း က ကားဆီသို့ မညင်သာသောခြေလှမ်းတို့ဖြင့်ရောက်သွား၏။ တံခါးပိတ်လိုက်ပြီးမှ အထဲကို လှမ်းကြည့်တော့ စပို့ရှပ်အဖြူ၊ ဘောင်းဘီရှည်ကော်ဖီရောင်နှင့် ဆန်း ၏ ကျားကျားသောသွင်ပြင်ကို နောက်ကနေမြင်ရသည်။

ဘယ်တုန်းကမှ အထင်တကြီးမဖြစ်ခဲ့ပါ။ ဒီယောက်ျား အားကိုးဖွယ် ရုပ်သွင် ပါလာလို့လည်း စိုးစဉ်းမျှပင် စိတ်ကူးမကြည့်ခဲ့ပေ။

ဆန်း ပြန်လာခါနီးမှ ပြန်လာရင် သမီးနဲ့လက်ထပ်ပေးမှာ ဆိုသည့်စကား ဖေဖေက ပြောလာခြင်းဖြစ်၏။ ထိုစဉ်ကလည်း ခါးခါးသီးသီးငြင်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်ဖို့သင့်ပေမယ့် မငြင်းဖြစ်ခဲ့ပေ။

ဆန်းနှင့်ပတ်သက်သော လက်ခံနိုင်ခြင်း၊ မနိုင်ခြင်းက ရင်ထဲမှာ ဘယ်ပုံစံဖွဲ့စည်းဖြစ်တည်နေခဲ့မှန်းမသိ။ ကြည့်လို့မရနိုင်ခြင်းတွေ တလိပ်လိပ်ဖွဲ့တည်နေရင်း ကြည်ဖြူနိုင်ခဲ့၏။ ဖေဖေ ပြောတုန်းက ရှက်သလိုလို၊ ခံပြင်းသလိုလို။

"သူ ပါရဂူဖြစ်ကာမှ သမက်ဖမ်းတယ်ဖြစ်ဦးမယ် ဖေဖေ၊ ဒီလိုလူတွေက စော်ကားလာရင် သမီး ခံနိုင်မှာမဟုတ်ဘူး"

ဒီစကားကိုတော့ ပြောဖြစ်ခဲ့၏။ ဖေဖေက ခေါင်းခါသည်။

"ဖြစ်လာမှ သမက်ဖမ်းတာမဟုတ်ဘူး၊ သမက်ဖြစ်လာနိုင်အောင် ပါရဂူတစ်ယောက်ဖြစ်ဖို့ ပခုံးထမ်းတင်ပေးလိုက်တာ၊ သမီးအတွက် ခင်ပွန်းကောင်းတစ်ယောက် ဖေဖေ ရှာပေးနိုင်ဖို့က မသေချာဘူးလေ၊ ဥစ္စာပေါ ရုပ်ချော ပညာတတ်ဆိုတာတွေ အများကြီးရှိတယ်၊ သူ့လို ပညာတတ်မျိုးပေါ့၊ ဒါပေမယ့် စိတ်ဓာတ် စာရိတ္တ ဆိုတာကို ဘာပေတံနဲ့မှ တိုင်းယူကြည့်လို့မရဘူး၊ လူ့အကြောင်း ပေါင်းမှသိတဲ့။ ဖေဖေ့မျက်စိအောက်မှာ တစ်ချိန်လုံးရှိလာခဲ့တဲ့ လူငယ်တစ်ယောက်ရဲ့စာရိတ္တကို ယုံကြည့်လာလို့ ဒီလိုလုပ်လိုက်တာ၊ ကိုထွေးနဲ့ ဖေဖေ နားလည်မှုရှိထားပြီးသားပေါ" တဲ့။

'လက်ထပ်ကြမှာက ကိုထွေးနဲ့ဖေဖေမှမဟုတ်တာ' လို့ တွေးမိခဲ့ဖူးသည်။ မပြောဖြစ်ခဲ့ပါ။

ခုလည်း စေ့စပ်ဆွေးနွေးကြတော့မည်။ တစ်ခါတည်းလက်ထပ်ကြဖို့လည်း ပြောနေကြ၏။ ဆန်း နဲ့ သူမတတော့ ဘာအကြောင်းကိုမှ မပြောဖြစ်ကြသေးပါ။

ရောက်နေတာ သုံးရက်ရှိပြီ။ တကယ်ဆို သူက ယောကျ်ားလေးပဲ ကိုယ့်ကို မေးမြန်းဆွေးနွေးလာရမှာမဟုတ်ဘူးလား။ အောင်ဇော်ကတော့





အစ်မဖြစ်သူကို သေချာကဲ့ရဲ့ခဲ့သည်။

"တစ်အိမ်တည်း အတူနေလာခဲ့ကြတဲ့သူတွေပဲ မမရာ၊ မမ ပြောချင်တာကျတော့ ပက်ခနဲ၊ လိုအပ်တာကျမှ မာနကြီးတစ်ခွဲသားနဲ့ ပါးစပ်ပိတ်မနေစမ်းပါနဲ့၊ ဘယ်သူက ရ ပြောပြော ဒီစကားပဲ၊ ငါ့ကိုချစ်လားလို့ မေးရမှာမှမဟုတ်တာ၊ အဆင်ပြေမယ့်စကားလုံးရွေးလိုက်၊ လိုအပ်တာတော့ ပြောမှဖြစ်မှာပေါ့၊ ဆန်း က အစကတည်းက ဒီလိုပဲနေတတ်တဲ့ကောင်၊ ပြီးတော့ ဒီတစ်အိမ်လုံး မမ တစ်ဩဇာပဲတည်ခဲ့တာဥစ္စာ၊ သူက ရ မပြောရဲတာလဲ ရှိချင်ရှိမယ်"

ဘာဖြစ်ဖြစ် ပြောရမှာက လက်ထပ်ဖို့ကိစ္စ ဖြစ်နေသဖြင့် စိမ်း က မာနက ခံနေသည်။

"လူတစ်ယောက်ဟာ ကိုယ့်ကိုယ်ကိုတောင် သတိမထားမိတဲ့ မသိစိတ်ဆိုတာရှိတယ်၊ ဆန်း ကို မမ နှင်းနဲ့သဝန်တိုပြီး ဒေါသတွေထွက်၊ မာရေကျောရေတွေပြောနေတာ ဟန်ဆောင်ဖုံးကွယ်မထားကောင်းတဲ့ ခံစားချက်တွေထဲမှာ အချစ်က အဓိကပဲနော်၊ အရှက်အကြောက်တွေ လိုတာထက်ပိုနေရင် မရှက်မကြောက်တတ်တဲ့သူနောက် ပါသွားလိမ့်မယ်"

အောင်ဇော် က ဘာကိုဆိုလိုတာမှန်း စိမ်း သိသည်။ မခံနိုင်ဖြစ်တာတလည်း ဒီအချက်ကိုပဲဖြစ်၏။ နှင်း လို ကောင်မလေးကို ကိုယ့်ထက်ကျော်ပြီးတော့များ ...

"တောက် ..."

"ဟင် ... တူမ ဘာဖြစ်လို့လဲ"

ကားပေါ်မှာထိုင်နေရင်း လွှတ်ခနဲထွက်ခေါက်မိသဖြင့် ဒရိုင်ဘာက အံ့သြသလိုဖြစ်သွားသည်။

"ဘာမှမဖြစ်ဘူး၊ မောင်း ..."

ကားရပ်လိုက်တော့မလိုဖြစ်သွားသဖြင့် စိမ်း ဒေါသပိုဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ဆန်း ရောက်မလာခင် လပိုင်းကလေးတည်းက ဖေဖေက ဒရိုင်ဘာ တစ်ယောက် ထပ်ခေါ်ခဲ့သည်။ ပြီးတော့ ပြောသေးသည်။

"ကိုထွေးကို သမီး ပြောတာဆိုတာ ဆင်ခြင်နော်၊ သူက သမီးရဲ့ယောက်္ခမဖြစ်လာမယ့်သူ"

ဒီလိုမှာပြီး ဦးထွေးကို သူ့ကားမှာပဲ ရုံဖန်ရုံခါမောင်းခိုင်းတာရှိခဲ့သည်။ ခုကျတော့ ဦးထွေးက အိမ်တော်ထိန်းလိုလို၊ လူယုံတော်လိုလို ...။

* * *





## အခန်း (၁၂)

"ငါတို့စေတနာကို မင်းလဲသိသာအံ့နဲ့ ဆန်း ရာ၊ ပွင့်ပွင့်လင်းလင်းပြောရင် အကျိုးလိုလို့ ညောင်ရေလောင်းတယ်ဆိုရင်တောင် ဖေဖေက မင်းဒီကိုရောက်လာကတည်းက မင်းကိုချစ်ခဲ့တာ၊ ငါဆိုရင် မင်းရဲ့သူငယ်ချင်းမမ ပြောတာဆိုတာ ရင့်သီးတဲ့အပိုင်းတွေရှိပေမယ့် ဖျောက်ဖျက်ကြည့်လိုက်ပါ၊ မင်္ဂလာကိစ္စကိုပဲ မင်းက အရင်ဆွေးနွေးကြည့်လိုက်၊ ဟိုတုန်းကဒုံစံတွေအားလုံး ပျောက်သွားမယ်ဆိုတာ ငါ ပြောရဲတယ်"

ညီ့ခန်းမှာပဲ အတူထိုင်ဖြစ်ကြရင်း အောင်ဇော် က ရေချုသလို၊ ချောက်သလိုနှင့် ပြော၏။

"မင်းလဲ ခေတ်လူငယ်တစ်ယောက်ပဲ၊ ပညာတွေလဲတတ်တယ်၊ နားသည်မှာပါ၊ မမအတွက် အိမ်ထောင်ဖက်ဆိုတာ မင်းလို ပညာအရည်အချင်းနဲ့လူ မရှားပါဘူး၊ တို့တွေလိုချင်တာက ပညာတစ်ခုတည်းမဟုတ်ဘူး၊ မင်းရဲ့စိတ်ဓာတ်နဲ့ အရည်အချင်းကိုပါ"



www.burmeseclassic.com

www.burmeseclassic.com



ဆန်း က မပြုံးမရယ်မျက်နှာနှင့် မျက်လွှာပင့်ကြည့်၏။

ဒီလိုအကြောင်းတွေကြောင့် ရင်းအရည်အချင်းများအရ ရွေးချယ်ထိုက်သည်ဆိုတော့ ကိုယ့်ဘက်ကရော အကြောင်းကြောင်းကြောင့် လက်မခံနိုင်ပါလို့ ငြင်းပယ်ခွင့်မရှိဘူးလား။

လက်ထပ်ပွဲမယ်လို့ ခေါင်းညိတ်ထားခဲ့ပြီးတာတောင် အလျှော့ပေးလိုက်ပါ၊ ဂရုစိုက်လိုက်ပါ ဆိုတာတွေနဲ့ တာဝန်ပေးလာသေးသည်။

ကိုယ်က ထားရင်နေ သတ်ရင်သေရမယ့် လက်အောက်ခံ အညတရလား၊ ပြောဖို့စကားတွေ ပါးစပ်ထဲရောက်လာခဲ့သော်လည်း ဆန်း ဒီတိုင်းငြိမ်နေလိုက်သည်။

"ငါလဲ မကြာခင် သဘောတက်ရတော့မှာ၊ မင်းတို့ လက်ထပ်ပြီးလောက်တဲ့အချိန် ဖြစ်မယ်ထင်တယ်၊ ဒီက စီးပွားရေးတွေကို ဝါသနာပါပေမယ့် ငါလုပ်တိုင်း အဆင်မချောဘူးဖြစ်နေတော့ စိတ်မပါတော့ဘူး။ မောင်တစ်ယောက်အနေနဲ့ ပြောလို့မကောင်းပေမယ့်ကွာ မင်းနဲ့မကြားမှာ ပွင့်လင်းဖို့က ငါပဲရှိတော့ ရှေ့မျက်နှာ နောက်ထားပြီး ပြောနေရတာပေါ့၊ မမကို မင်းက စပြီး ခွေးနွေးကြည့်လိုက်ပါ"

"ငါကတော့ မလိုဘူးထင်တာပဲ"

"ဟင် ..."

"နှစ်ယောက်စလုံး သိပြီးသားလေ၊ သူကော ငါရော လက်ခံပြီးကြပြီပဲ၊ တကယ်လို့ ပြောဆိုဖြစ်ကြရင်တောင် အဆင်ပြေဖို့ မလွယ်ဘူး"

"ဘာကိုမလွယ်ရမှာလဲ၊ မမက မင်းကို ..."

စ,လိုက်ပြီးမှ အောင်ဇော် မလုံမလဲမျက်နှာနှင့် ထစ်ငေါ့သွား၏။

"မင်းကို လက်ခံနိုင်လို့ပဲ ခေါင်းညိတ်ခဲ့တာပေါ့ကွာ၊ သူ မင်းပြောလာမှာကို စောင့်နေတာပါ။ လူကြီးတွေက မင်းတို့ချင်း ပြေပြေလည်လည်ဖြစ်သွားကြမယ့်အချိန်ကို စောင့်ကြည့်နေတာ၊ ငယ်တော့တဲ့အရွယ်တွေလဲ





မဟုတ်ဘူး၊ မတည့်တဲ့ကလေးချင်း မျက်စောင်းထိုးနေကြသလိုဖြစ်တာမကောင်းပါဘူး၊ ပြီးတော့ တစ်ခုရှိသေးတယ်၊ အဲဒါက နှင်း ကိစ္စ ..."

အောင်ဇော် က ဆန်း ရောက်လာသည့်အကြောင်းရင်းကို ကြားထားပြီးသားမို့ ထိုအကြောင်းအရာကိုမမေးဘဲ သူလိုသည့်ဘက်ကိုပဲ ဆွဲပြောသွားခဲ့၏။

"မင်းကို အဲဒါပြောချင်တာ ကြာပြီ၊ ခုကျတော့ ပိုပြီးလိုအပ်လာပြီကွ။ မိနှင်းကို မင်း သိပ်ဦးစားမပေးနဲ့တော့၊ အဲဒီကောင်မလေးက ရူးလို့ရိုင်းတာလား၊ ရိုင်းလွန်းလို့ ရူးတာလား ဘာလေးမှန်းမသိဘူး၊ သူ့အပြောအဆို၊ အနေအထိုင်တွေကြောင့် မင်းတို့ နောင်တစ်ချိန်မှာ ထိခိုက်လာနိုင်တယ်"

"ဟုတ်တယ်၊ အဲဒါက တကယ်လိုအပ်တယ်"

ဆန်း က ခေါင်းညိတ်လိုက်တော့ အောင်ဇော် က အားတက်သရောဆိုက်ညိတ်သည်။ သို့သော် ...

"နှင်း က 'ကိုကို' ဆိုရင် ငါက မထူးဘဲမနေနိုင်ဘူး"

"ဟင် ..."

"နှင်း မျက်ရည်ကျရင် သနားတယ်၊ 'မြရွက်စိမ်း' ကို ငါ စ,ရောက်တတည်းက ဖြူစင်စွာချည်နှောင်ခဲ့တဲ့သံယောဇဉ်တစ်စမို့လို့ ငါ့ဘဝ မှန်တိုင်းကြောင့်ပဲလွင့်လွင့်၊ ရေစီးနဲ့ပဲမျောမျော ငါ ဆုပ်ကိုင်ထားတဲ့ သံယောဇဉ်တစ်စကို ဘယ်တော့မှလွှတ်ပစ်လိုက်မှာမဟုတ်ဘူး"

ကိုယ့်နားကိုပင် မယုံနိုင်။ အောင်ဇော် ပါးစပ်အဟောင်းသားနှင့် ဆန်းကို ငေးကြည့်၏။ ရွက်စိမ်းနုနဲ့ နှင်းသက်တန့်ကို ဘယ်လိုယှဉ်ယှဉ် ဘယ်သူ့ကိုပဲမေးမေး အဘက်ဘက်က တော်သင့်ကောင်းမွန်သူဟာ ရွက်စိမ်းနုပဲ မဟုတ်ဘူးလား။

ပြီးတော့ နောက်များမကြာခင်မှာ နှင်း က စိတ်ကျန်းမာရေးဆေးရုံကိုပဲ ရောက်မလား၊ ဘယ်လိုဖြစ်မလဲဆိုတာ ဘယ်သူမှမပြောနိုင်။



www.burmeseclassic.com

www.burmeseclassic.com



လောလောဆယ် 'မြရွက်စိမ်း'မိသားစုဟာ ဦးစိမ်းအောင်နဲ့မိသားစုပဲ ဖြစ်သည်။

နှင်းသက်တန့် ဟာ ...

"ဒီမှာ ဇော် ... ငါ ဘယ်လောက်ထိပဲတိုးတက်သွားပါစေ နှင်း ဘဝ လေး ဘယ်ထိဆိုးရွားနေနေ သူနဲ့ငါက ဘဝတူပါ။ အရောင်တူ ဒီမိုင်းကွဲမြေ နှင်းနဲ့ ငါ့ရဲ့တွယ်တာမှုကို ..."

"မဟုတ်သေးဘူး ဆန်း၊ အနေအထားက မင်းပြောသလောက် မရေ ပါးဘူး။ မိန်းမတစ်ယောက်ရဲ့နှလုံးသားသိအိုရီမှာ ..."

"အဲဒါကို မင်း မဖတ်ပါနဲ့၊ မိန်းမအကြောင်းပဲဖြစ်ဖြစ်၊နှလုံးသားကိုပဲ ဖြစ်ဖြစ် မင်း သိသလောက်ကို ငါလဲ သိနိုင်တာပဲ၊ ပြောချင်တာက မမစိမ်း ရဲ့ လိုလားချက်ကိုမဟုတ်လား၊ အဲဒါပဲ မင်းပြောပါ"

"ထားပါတော့ကွာ၊ ဒါဆိုလဲ ငါ တည့်တည့်ပဲပြောတော့မယ်၊ မမ က နှင်းနဲ့မင်းနဲ့ ဒီလောက်ရင်းနှီးနေတာကို သရိုးသရီခံစားနေရတာ၊ မိန်းမ တစ်ယောက်ရဲ့နှလုံးသားသီအိုရီလို့ ငါ စောစောက ရလိုက်တာ၊ အဲဒါကို ပြောချင်လို့ပါ။ မချစ်သလိုနေပေမယ့် ကွယ်ရာကနေ အရိပ်တကြည့်ကြည့် ရှိနေတာမျိုး၊ ချစ်နေတယ်ထင်ပေမယ်လဲ နွေးထွေးမှုမပါတဲ့ အေးစက်စက် ပေးဆပ်မှုတွေကွာ ...၊ ရှင်းရှင်းပြောရရင် မမက မင်းကို သံယောဇဉ်ရှိပါ တယ်"

"ငါကလဲ နှင်းကို သံယောဇဉ်ကြီးခဲ့တာပဲ၊ လောလောဆယ် ငါ့ဘက် က အဖြူရောင်သန့်သန့်ပါ၊ ဒါကို ထပ်ပြီး ..."

"လောလောဆယ် အဖြူရောင်ဆိုတော့ နောက်နောင်မှာ ဖြူချင်မှ ဖြူမယ်လို့ ပြောလိုက်တာလား"

ဆန်း က မျက်လွှာပင့်ကြည့်ပြီး ငြိမ်နေသဖြင့် အောင်ဇော် မျက်နှာမှာ တင်းမာခြင်းတစ်ရပ် ဖြတ်ပြေးသွားသည်။





"သူငယ်ချင်းအပေါင်းအသင်းလို သဘောထားပြီး ငါက မင်းကို အပွင့် လင်းဆုံး ပြောပြနေတာ၊ ငါ့အစ်မနဲ့လက်တွဲမယ့်သူဟာ မင်းဆိုရင် ငါ ကျေနပ်တယ်၊ အဲဒါကြောင့် မပြောသင့်တဲ့စကားတွေထိ ငါ ပြောခဲ့မိတာ၊ တကယ်ပဲ ဆန်း...၊ မင်း ကို ငါ အံ့သြနေပြီ"

ဆန်း က စိုက်ကြည့်နေသည်။ အောင်ဇော် က အထင်မြင်သေး၍ အံ့သြနေပြောသော မျက်ဝန်းများနှင့် ဆန်း မျက်နှာကနေ တစ်ကိုယ်လုံးကို ဇေ့ဝိုက်ကြည့်သည်။

ဒီလို အရောင်အသွေးဖြစ်နေမှ ဒီလောက်ထိ တောက်ပလာကာမှ ဘာတွေ အတွေးခေါင်နေတာလဲဟု မေးလိုက်တော့မလိုလို။

"မနက်ဖြန် သဘက်ခါ သေးရုံရောက်တော့မယ့် စိတ်ဝေဒနာသည် ကို ကိုယ့်ဘဝရဲ့အရေးကြီးဆုံးအစိတ်အပိုင်းအခန်းကဏ္ဍအထိ အဓိက ထည့်ထားနေတာ သိပ်သဘာဝမကျတော့ဘူး၊ ငါ ပွင့်ပွင့်လင်းလင်းမေး မယ်ကွာ၊ မမကိုများ မင်း မာနချင်းပြိုင်နေတာလား"

"အဲဒီလိုဟုတ်တယ်ဆိုရင် ငါ့ကို လွှန်တယ်လို့ မင်း ပြောမလား"

အောင်ဇော် မျက်နှာတစ်ချက်ပျက်သွားသည်။ လွှတ်ခနဲပြန်ဖြေလိုက် ဖို့ပေမယ့် ဆန်း က ဟိုတုန်းက ဆန်း မဟုတ်တော့တာကို သတိရသွား သဖြင့် နှုတ်ခမ်းတို့က တင်းခနဲပြန်ဖြစ်၏။ နောက်တော့မှ ...

"ငါတို့က ဝေဖန်ခွင့်မရှိပါဘူး၊ ဒါပေမယ့် မမကလဲ လက်ခံပြီးပြီ၊ မမရဲ့ ဟိုတုန်းက နေထိုင်ပြောဆိုခဲ့ပုံကို မင်းလဲသိပါတယ်၊ အခု သူ လက်ခံခဲ့ တယ်၊ ငါကလဲ မောင်တစ်ယောက်အနေနဲ့ မပြောသင့်တာရော ပြောသင့် တာရော မင်းကိုပြောတယ်၊ အကြံပေးတယ်၊ ငါတို့ဘက်က ဝတ္တရားကျေ တယ်လို့ထင်တာပဲ"

ပြောပြီး အောင်ဇော် က မျက်နှာလွှဲသွားသည်။ ပြီးမှ ...

"မင်းကိုလဲ ဟိုတုန်းက 'မွန်းတည့်နေ' မဟုတ်တော့ဘူးဆိုတာ ငါ



www.burmeseclassic.com

www.burmeseclassic.com



လက်ခံပါတယ်၊ ဒါပေမယ့်ကွာ နွေ၊ မိုး၊ ဆောင်း ရာသီတွေ တစ်မျိုးပြီး တစ်မျိုး ဘယ်လိုပဲပြောင်းပြောင်း တစ်နှစ်ကုန်သွားတိုင်း တစ်ပတ်ပြန်စ ရတာပဲ၊ ပြောင်းလဲမှုတိုင်းမှာ မူလအစဆိုတာ ရှိတယ်"

"သိပ်ရှိတာပေါ့ ဇော်၊ သိလဲသိတယ်၊ သိလို့ ဒီကိစ္စကို ငါ လက်ခံခဲ့တာ၊ ငါက မိန်းမ မဟုတ်တော့ မိန်းမခံစားချက်ကို မသိဘူး၊ ယောကျာ်းတစ် ယောက်အနေနဲ့ပြောရရင် တစ်သက်လုံး ကိုယ့်ရင်ခွင်ထဲမှာ ပွေ့ပိုက်သွား ရမယ့် ဇနီးမယားကို ကိုယ် မြတ်နိုးစုံမက်တာလေးပဲဖြစ်ချင်တယ်၊ အခု ငါ အဲဒီဆန္ဒတွေကို ဘေးဖယ်ထားခဲ့တယ်လေ၊ သူနဲ့ငါ လက်ထပ်မယ်၊ ဒါပေမယ့် အခု ဘာမှမဆိုင်ကြသေးဘူး၊ လက်မထပ်ကြသေးမီ တစ်စက္ကန့် စက္ကန့်ဝက် ဒါမှမဟုတ် အသက်တစ်အောင့်အချိန်ထိ ကိုယ်ထင်ရာကိုယ် လုပ်၊ ဝင်မစွက်ကြေးပေါ့"

"သိပြီ"

အောင်ဇော် က စောစောကနှင့် လုံးဝခြားနားသွားပြီဖြစ်သည့်မျက်နှာ နှင့် လက်ကာသည်။

"တစ်ခုပဲပြောချင်သေးတယ်၊ ဖြေမလား"

"မေးကြည့်လေ"

"မမကို မင်း မကျေနပ်ချက်တွေရှိလို့ ခုခံနေတာပဲဖြစ်ဖြစ်၊ မာနပြိုင် တာပဲဖြစ်ဖြစ် လုံးဝမချစ်ဘူးလို့ပဲထားလိုက်၊ တကယ်လို့ အပြိုင်အဆိုင် အချေအတင်ခဲတွေဖြစ်လာရင် မင်းက ဘယ်သူဘာပြောပြော မိနှင်းကို ဒီ တိုင်း ဆက်ဆံသွားမှာပဲလား"

"ရှုပ်ကုန်ပြီ၊ ဒီတိုင်းဆိုတာ ဘာကိုပြောတာလဲ"

"မင်း အသက်သုံးဆယ်နီးနေပြီ၊ မိနှင်းကလဲ မင်းနဲ့ ဘာကွာလို့လဲ၊ ဒီအရွယ်တွေမှာ လူပြောသူပြောစရာဖြစ်လောက်အောင် ပူးကပ်ဆက်ဆံ နေကြရင် မောင်လို့နှမလို့ပါလို့ ဘယ်သူက ယုံမှာလဲ"





ဆန်း က လှို့ဝှက်ထားသည့်အပြုံးနှင့် ခါးဆန့်လိုက်သည်။ လက် တစ်ဖက်က ဘောင်းဘီအိတ်ထဲကို နှိုက်ထားလျက်နှင့် ...

"ဘယ်သူမှ ယုံဖို့မလိုပါဘူး၊ 'မြရွက်စိမ်း'ကသိရင် ပြီးပြီ၊ မမစိမ်းနဲ့ ငါ ဆွေးနွေးဖြစ်ရင်လဲ ချစ်ခြင်းမေတ္တာအကြောင်းတွေ ပါမယ်မထင်ဘူး"

စကားရပ်ပြီး ဆန်း က မေးဖျားလှုပ်ရုံလေးမဲ့သည်။

"မင်းပြောတဲ့အကြောင်းတွေပဲ သူ ပြောလာနိုင်သလို ငါ့ဘက်က ပြောဖို့ကလဲ နှင်း ကို ငါနဲ့လက်တစ်ကမ်းမှာပဲထားပြီး စောင့်ရှောက်ဖို့.."

"စောင့်ရှောက်ရအောင် သူက ဘာတွေဖြစ်နေလို့လဲ"

ဆန်း စကားဆုံးဘဲ ထ,မေးသည့် အောင်ဇော်လေသံက ဒေါသကြောင့် ဘာနေ၏။

ပြီးတော့ မချေင်သောစကားတွေ ဆက်တိုက်။

"ဒီအိမ်မှာ သူ့ကိုပဲ ဝိုင်းစောင့်ကြည့်နေကြတာ၊ ဘာမှ လိုလေသေးမရှိ ဘူးတယ်၊ ခဏခဏ အပြင်နိုးထွက်၊ စိတ်မထင်ရင် မထင်သလို အိမ်က စည်းတွေကို ဖျက်ဆီးနဲ့ ထင်သလိုကြနေတာက သူ.."

"ငါပြောတာ အဲဒီလောက်မဟုတ်ပါဘူး၊ ညီအစ်ကို မောင်နှမ စိတ် ဓာတ်နဲ့ သူ တကယ် စိတ်ရောဂါဖြစ်နေရင်တောင် ဘာမှမဖြစ်ဘူးလို့ ထင် သွားတဲ့အထိ ပေါ့ပါးပျော်ရွှင်စေတာမျိုး"

'အပိုတွေ'လို့ ပြောချင်သည့်မျက်နှာနှင့် အောင်ဇော် က ဆတ်ခနဲ ကြည့်သွား၏။

ဗိုစဉ် ...

"ကိုကို ရောက်နေတယ်"

အပေါ် ထပ်ကနေ ထမင်းစားခန်းကူးမလို့ဖြစ်သည့် နှင်း၏ပုံရိပ်လေး ထက်လှည့်လာ၏။ ညဝတ်အင်္ကျီနဲ့ပဲ တစ်နေကုန်နေသလားမသိပါ၊ ပြည်ပြာရောင် ဘောင်းဘီရှည်ပွပွ၊ လက်ရှည်ရင်ကွဲ အင်္ကျီဖားဖားကြီးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။

မျက်နှာလေးက ခုပဲ မျက်နှာသစ်ပြီးထွက်လာသလို ပြောင်သလင်းခဲ့နေသည်။ ကပိုကရိုပြန့်ကျနေသည့် ပခုံးသာသာဆံပင်တွေကို နားရွက်နှစ်ဖက်နောက်မှာ ဖြစ်သလိုထိုးသိပ်ညှပ်ထားသဖြင့် နှာတံချွန်ကော့ကော့လေးနှင့် မျက်နှာလေးက ထင်းနေ၏။

ဒီဘက်ကိုပြေးထွက်လာပြီးမှ ကျောခိုင်းထိုင်နေသည့် အောင်ဇော်ကို သတိထားမိသွားပြီး ကိုယ်ရှိန်သတ်၏။

"ကိုကို နှင်း ဆီလာတာ မဟုတ်ဘူးလား"

"ဟုတ်တယ်လေ"

ဆန်းက နေရာမှထ ရပ်လိုက်ကာ ဘောင်းဘီအိတ်ထဲ ထည့်ထားသည့်လက်ကို ထုတ်လိုက်သည်။ သူ့လက်ထဲမှာ အပြာရောင်ဘူးရှည်လေးတစ်ဘူး။

"ဘာလဲဟင်"

နှင်း က ဘူးကလေးဆီမှာပဲ စိတ်ဝင်တစားဖြစ်သွားကာ အောင်ဇော်ကိုလဲ မေ့သွား၏။ ဆန်း ရှေ့ကို ပြေးဝင်ရပ်ကာ လက်ကလေး နောက်ပစ်လျက် ဘူးကိုပဲစူးလက်သည့်မျက်ဝန်းလေးတွေနှင့်ကြည့်သည်။

ဆန်းက နှင်း၏ ဟန်ဆောင်မှုကင်းမဲ့သောမျက်နှာလေးကို ငုံ့မိုးကြည့်ရင်း နှစ်မြိုက်စွာပြုံးသည်။ မျက်ခုံးထူကြီးနှစ်ဖက် စုကုပ်ထားကာ နှုတ်ခမ်းတွေကိုပါ စေ့ပိတ်ထားသည့် အောင်ဇော်ထံသို့ မျက်လုံးတစ်ချက် ရောက်သွား၏။

ခုပဲ သူမအကြောင်းပြောနေကြရင်း မကျေလည်မှုတွေ နိဒါန်းဖြစ်သည်။

ဒါပေမယ့် မတတ်နိုင်။

"ဘာလို့ထင်လဲ"





"မသိဘူး၊ ဒါပေမယ့် ဘူးလေးကတော့ အရမ်းလှတာပဲ"

"ဒါဆိုရင် ဘူးကိုပဲယူလေ၊ အထဲကဟာ ကိုကို ပြန်ယူသွားမယ်"

နှင်း က မျက်ခုံးလေးနှစ်ဖက် ပင့်လိုက်ပြီး ခစ်ခနဲရယ်သည်။ ပြီးတော့ ချက်ချင်း ခေါင်းညိတ်၏။

"လုပ်လေ၊ နှင်း မျက်လုံးမှိတ်ထားမယ်၊ အထဲကဟာ ကိုကို နှိုက်ယူထားလိုက်"

"ဘာဖြစ်လို့လဲ"

"မမြင်ရတော့ မလိုချင်တော့ဘူးပေါ့"

"ဟား ဟား"

ဆန်း က နှင်းခေါင်းလေးကို ဖတ်ခနဲပုတ်ပစ်လိုက်ပြီး ရယ်သည်။

"ရော့ ... ကိုယ့်ဘာသာဖွင့်ကြည့်"

"အိုခေ"

နှင်း က လက်ထဲရောက်တာနှင့် ချက်ချင်းဖွင့်လိုက်၏။ အထဲမှာ အပြာရောင်ဒိုင်ခွက်လေးလက်နေသော အနက်ရောင်နာရီလေးတစ်လုံး။

"လှလိုက်တာ ကိုကိုရယ်၊ အပြောရောင်လေးကို ဘေးကပတ်ခွေထားလိုက်တော့ မဟူရာကျောက်သားတွေကျနေတာပဲ၊ အဲဒါ ဘယ်လောက်တောင်ပေးရလဲဟင်"

"ဘာလုပ်မလို့လဲ"

"သိချင်လို့ပေါ့"

"မသိချင်နဲ့ ဒီမှာ မစားရက်မသောက်ရက်စုဆောင်းပြီး ဝယ်ထားရတာ၊ ပြန်တွေးကြည့်ရင် နှမြောမိမှာစိုးလို့ မေ့ထားခဲ့တာ ကြာပြီ"

"ဒါဆို ဝယ်ထားတာ ကြာပြီပေါ့"

"ဒီပြန်လာမယ့်ညက ..."

"သွား ... ကိုကိုကလဲ ..."



www.burmeseclassic.com

www.burmeseclassic.com



ရယ်သံတွေကိုကြားနေရရင်း ထ,သွားပြန်လျှင်လည်း ကလေး မဟုတ် သူငယ်မဟုတ် သဘောထားသေးရာကျဦးမည်။

ထိုင်နေတော့လည်း နားပိတ်ထားလို့မရ၊ ခုလေးတင်ပဲ ဒီလိုနေတာ၊ ဒီလိုပြောဆိုတာတွေကို တားဆီးခဲ့သည်။

ဆန်း တမင်တကာများရွဲ့နေတာလား ...။





## အခန်း (၁၃)

"ဟား ဟား ဟား ရယ်ရတယ်"

စိမ်း က မရယ်ချင်ဘဲရယ်၍ ကြောက်စရာကောင်းလောက်အောင် အေးစက်ခက်ထန်သွားသည့်မျက်နှာနှင့် ...

"တမင်တကာရွဲ့တယ်ဆိုရင် ကောင်းတာပေါ့ကွ၊ သူက ရွဲ့ခွင့်ရှိသလို ငါက ငုတ်တုတ်မေ့ကျန်ခဲ့မယ့်သူ မဟုတ်ဘူးဆိုတာလဲ ပြရမှာပေ့ါ"

ရယ်တာတွေ ရပ်တန့်သွားလျက် စိမ်း မျက်နှာလေးနီရဲလာ၏။ အောင်ဇော် ကတော့ အစ်မဖြစ်သူကိုပဲ နားလည်ခက်နေသည့်မျက်လုံးတွေနှင့် စူးစိုက်ကြည့်နေသည်။

"ငါ စိုးရိမ်ခဲ့တာက သူ့လိုကောင်ကို မရမှာစိုးလို့မဟုတ်ဘူး၊ နှင်းသက်တန့် ဆိုတဲ့ အရိုင်းအစိုင်းမကို ငါ့ထက်ကျော်ပြီး ပိုပိုသာသာတွေ လုပ်ပြနေမှာစိုးတာ၊ အဲဒါကလဲ သဝန်တိုတယ်လို့ မထင်နဲ့နော်၊ ရှက်တာ၊ ငါတို့တွေက အားလုံး အဆင်မပြေစရာမရှိဘူးဆိုပြီး မင်္ဂလာကိစ္စကို ရှုသိရှင်



www.burmeseclassic.com

www.burmeseclassic.com



ကြား ကြေညာထားခဲ့တယ်၊ အခု သူရောက်လာတော့ အချိုးက မထောင့်မကျိုးဘူး။ ဒါပေမယ့် ငါတို့က မခံချင်လို့ နောက်ဆုတ်ဖို့မှ မဖြစ်နိုင်တော့တာ"

"ဘာလို့မဖြစ်နိုင်ရမှာလဲ၊ တချို့ဆို ဖိတ်စာတွေဝေပြီးကာမှတောင် ဖျက်ကြသေးတာ၊ လုပ်မနေပါနဲ့ မမရာ၊ မမက အကျောမခံနိုင်၊ ဟိုက အလျှော့မပေး။ နောက်တစ်ယောက်က အရူး အရူးနဲ့ အိမ်ဦးခန်းတက်ပန်းတော့မယ်၊ ရှုပ်နေတာပဲ။ ဖေဖေကိုက ဘာတွေမက်မောနေမှန်းမသိဘူး။ တစ်နိုင်ငံလုံးမှာ ဆရာဝန်၊ အင်ဂျင်နီယာတွေ သူကလွဲပြီး မရှိတော့ဘူးထုံး"

"ရှိတာပေါ့ကွ၊ တစ်ယောက်တစ်ကျပ်ပေးပြီး ရိုက်သတ်လို့ ရသေးတယ်"

ဦးစိမ်းအောင်က သားနဲ့သမီး စကားဝိုင်းထဲကို မဖိတ်ခေါ်ဘဲ ဝင်လာသည်။

မြက်ခင်းစိမ်းစိမ်း ပန်းရောင်စုံက ဘက်ခ်ရောင်းလှနေပေမယ့် သုံးဦးစလုံး၏မျက်နှာများမှာ အလှအပတွေ ပျောက်ဆုံးနေခဲ့၏။

"သူ့ ပညာတတ်လို့ ငါ့သမီးအတွက်ရည်ရွယ်တာမဟုတ်ဘူး။ ငါ့သမီးနဲ့ ထိုက်တန်အောင် ဒီလိုပညာတွေသင်ပေးလိုက်တာ။ ပညာဆိုတာလဲ ခုခေတ်မှာ ပကာသနတစ်ခုဖြစ်နေပါပြီ၊ လူတစ်ယောက်မှာ ဘွဲ့ဒီဂရီမရှိရင် ခြေပြတ်၊ လက်ပြတ်နဲ့ လူတွေထဲမှာ လမ်းလျှောက်နေတဲ့လူလိုပဲ၊ ဘာအခြေအမြစ်မှမရှိ၊ စီးပွားဥစ္စာမပါနဲ့ ငါက ဘာကိုမက်ရမှာလဲ၊ သူ့ရဲ့ဇာတိဗွကို သဘောကျလို့ ဒီလိုပညာအရည်အချင်းလောက်တော့ ရှိနေမှဖြစ်မှာမို့လို့"

ပြောနေရင်း ပလတ်စတစ်ထိုင်ခုံမှာ မထိုင်သေးဘဲ နောက်ကျောဘက်ရောက်အောင် လျှောက်သွားလိုက်သေးသည်။ ပြီးတော့ အောင်ဇော်





မျက်နှာကိုကြည့်ပြီးမှ စိမ်းဘက်ကို ရောက်ကာ ...

"ဒီလို ပညာတတ်၊ အရွယ်တော် ကိုယ့်ရဲ့ ငယ်နိုင်လဲဖြစ်တဲ့ ယောက်ျား ချိုး သမီး ဘယ်မှာသွားရှာမလဲ"

အောင်ဇော် က ခေါင်းထောင်သွား၏။

"ငယ်နိုင်ဆိုတာ ဖေဖေက ဘာကိုကြည့်ပြောတာလဲ၊ ကျွန်တော်နဲ့ဆို သူငယ်ချင်း။ မမနဲ့က ခပ်တန်းတန်း ခပ်စိမ်းစိမ်းနေလာခဲ့တာ ဟိုအရင်တတည်းကပဲ၊ ဖေဖေက ဒီစံအိမ်ကအရှင်သခင်မို့လို့ ရှိသေတယ်၊ ဘာကိုနိုင်လို့လဲ၊ သူပြောစရာရှိရင် ပြောချလိုက်တာပဲ၊ ဒါမလုပ်ပါနဲ့တားရင် ဇွတ်လုပ်တယ်၊ အဲဒါတွေကျတော့ ဖေဖေ ဘာမှမသိဘူး"

"ဒါကတော့ ဆံပင်ဆွဲ ခေါင်းခေါက်လို့ရတဲ့အထိ နိုင်လို့မရဘူးလေ၊ ယောက်ျားက ဘယ်လောက် သည်းခံသည်းခံ သူ့ရဲ့ဘုန်းကံဆိုတာ ရှိသေးတယ်၊ ကိုင်း ... ငါ့သမီးက ဘာပြောစရာရှိသလဲ ပြောစမ်း။ ဒီမင်္ဂလာတိစွကို ..."

ကိုယ့်ဘက် တည့်တည့်လှည့်မေးတော့ စိမ်း က မျက်နှာလေးမော့၍ ဆံပင်တွေကို ကျောနောက်ပြန်ပို့၏။ မေးလာတော့လည်း ဖြေရတော့မှာပဲဖြစ်သည်။

ဒါပေမယ့် ရင်ထဲမှာခုခံနေခဲ့သည့်ပြဿနာက တခြား၊ ပြောလိုက်မိတာက တစ်မျိုး။

"ဘာမှပြောစရာမရှိပါဘူး ဖေဖေ၊ ဈေးထဲမှာလဲ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေသူငယ်ချင်းတွေအားလုံးက သိနေကြတာလေ"

"အင်း"

"ဘာရယ်မဟုတ်ပေမယ့် စ,နောက်နေကြတာတွေနဲ့ပဲ သတင်းက တော်တော်ကြီးနေပြီ"

"ဟုတ်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို လိုလားသည်ဖြစ်စေ၊ မလိုလားဘူးဖြစ်စေ စေ့စပ်ဖို့ , လက်ထပ်ဖို့ တစ်ခုခုကတော့ ဖျက်လို့ကိုမဖြစ်တော့တာသေချာတယ်၊ ဒါ သိက္ခာ ပိုင်းနဲ့သက်ဆိုင်သွားပြီ ဖေဖေ"

ဦးစိမ်းအောင်က ခေါင်းတညိတ်ညိတ်နှင့် ဆိုဖာအစွန်းမှာ ဝင်ထိုင်လိုက်သည်။ အောင်ဇော် ကတော့ ဖခင်ဖြစ်သူနဲ့ အစ်မ အလယ်မှာ ဘာမှ ထပ်မပြောတော့ဘဲ ပါးစပ်ပိတ်နေခဲ့၏။

"အခု သူက မိနှင်းကို အရေးတယူလုပ်နေတာလဲ အပြင်လူ မသိပေမယ့် သိတဲ့၊ မြင်တဲ့တစ်နေ့မှာ ဘာတွေပြောလာကြမလဲ၊ သိကုန်ကြရင်လဲ အဲဒီလူဟာ သမီးတို့နဲ့ ရင်းနှီးကျွမ်းဝင်တဲ့လူပဲ ဖြစ်မှာ"

စိမ်း က ဦးစိမ်းအောင် ခေါင်းညိတ်နေတာကိုကြည့်၍ အားတက်သရော ဆက်ပြောသည်။ အားလုံးဟာ လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေထက်လွန်ကာ သာသာထိုးထိုးပြောချသွားခြင်းပဲဖြစ်၏။

နေ့ရှိသမျှ ဆန်း နှင့် နှင်း ...

မှုန်းတည့်နေ နဲ့ နှင်းသက်တန့် ဘယ်လိုသက်ရောက်မှုတွေကို ဖြစ်စေသည့်နာမည်တွေမှန်းတော့ မသိပေ။ ဒီနာမည်တွေကိုကြားတိုင်း ပါးစပ်ထဲ ရောက်လာတိုင်း စိမ်း ရင်ပူသည်။ ဘာနဲ့မှမတူသော ပူလောင်ခြင်းမျိုး ဖြစ်၏။

ထို့ကြောင့် ကိုယ့်ရဲ့ ရင်ဘတ်ကို အေးမြစေနိုင်သည့် ကုကယ်ရာရှာတော့ ဆန်းနှင့် လက်ထပ်လိုက်ခြင်းသာ အဖြေထွက်ခဲ့သည်။

အရာရာကို အချစ်နဲ့ အကောင်းအတိုင်းမဖြစ်စေရင်တောင် သိမ်းပိုက်ချုပ်ကိုင်လိုက်ခြင်းဖြင့် ကိုယ့်အတွက် သက်သာအောင်ဖန်တီးရမှာ ဖြစ်သည်။

"ဆက်ပြောလေ သမီး"

မပြောတော့ဘဲ စိမ်း က တွေတွေလေးငြိမ်သွားသဖြင့် ဦးစိမ်းအောင်





က စကားထောက်ပေး၏။

"ဟုတ်တယ်လေ၊ ဖေဖေ စဉ်းစားကြည့်ပါဦး။ သမီးတို့နဲ့ရင်းနှီးနေကြတဲ့သူတွေအားလုံး မိနှင်းကို အန်ကယ်သက်ရဲ့သမီးမှန်း သိကြတယ်၊ နောက်ပြီးတော့ ဆန်းနဲ့နှင်းရဲ့ ရင်းနှီးမှုကို မသိကြတာလဲမဟုတ်ဘူး။ ကိုယ်နဲ့ နာမည်ကြီးနေပြီးမှ ဟိုတစ်ယောက်နဲ့ပဲညားမှာပါလို့ထင်ကြေးတွေ ပေးလာနိုင်တယ်၊ ဆန်း က အဲဒီလောက်ထိ မိနှင်း ကို ဂရုစိုက်တာ"

"အဲဒါ ဟုတ်တယ် ဖေဖေ၊ ဒါကြောင့် ဆန်းနဲ့မမ ကိစ္စကို ကျွန်တော်က စဉ်းစားစေချင်တာ၊ ဆန်း ပုံစံက ရူးနေတာလိုလို၊ ဘာလိုလိုနဲ့ မိနှင်း အတွက်ဆိုရင် ဘယ်မျက်နှာကိုမှမကြည့်ဘူး"

အောင်ဇော် ကပါ ဝင်ပြောတော့ ဦးစိမ်းအောင် မျက်မှောင်ကြုတ်သွားသည်။

"သူတို့က ချစ်နေကြတာလား"

ဟု အလေးအနက်မေးလာသဖြင့် အောင်ဇော် က ခေါင်းခါလိုက်ပြီး...

"မဟုတ်ဘူး။ ဒါပေမယ့် အဲဒီလိုပုံစံကြီးဖြစ်နေတာ၊ သူက အလိုလိုက်တယ်၊ မိနှင်း က ခပ်ကဲကဲ၊ တကယ်ဆိုရင် မိနှင်းရဲ့ စိတ် ပုံမှန်မဟုတ်တာကို သူ သိတာပဲ၊ အရူးကို အရူးလိုပဲ အရေးပေးပေါ့၊ ကျွန်တော်ကဲ ပြောတော့ မင်္ဂလာကိစ္စက သပ်သပ်၊ မိနှင်းကို သံယောဇဉ်ရှိခဲ့တာက သပ်သပ်တဲ့"

"ဟင် ..."

"ပြောဆိုပုံက ဟိုဘုန်းက မှုန်းတည့်နေနဲ့ လုံးဝမတူဘူး၊ ချစ်တာတွေ သံယောဇဉ်တွေနဲ့ရှုပ်နေတာပဲ၊ ဘာပဲဖြစ်ဖြစ် မိနှင်းနဲ့သူ မရင်းနှီးသင့်တော့ဘူး"

ဦးစိမ်းအောင် က တိတ်ဆိတ်စွာနားထောင်နေရင်း မျက်ခုံးနှစ်ဖက်ကလည်း ကုပ်သထက်ကုပ်ကျကာ ...



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... မိနှင်းက ရှုးနေတာမှမဟုတ်ဘဲ၊ သူလဲ ပညာတတ် တစ်ယောက်ပဲ၊ သိမှာပေါ့"

"မဟုတ်ဘူးလေ ဖေဖေ၊ ရှူးတာ၊ မရှူးတာက ထဘီမနိုင်၊ ပဝါမနိုင် ဖြစ်နေတဲ့အထိ စောင့်ကြည့်သတိမှတ်ထားတာမှမဟုတ်ဘဲ၊ မိနှင်း ဘာတွေဖြစ်ပျက်နေတယ်ဆိုတာ ပတ်ဝန်းကျင်အားလုံး သိတယ်"

ဒါလဲ ဦးစိမ်းအောင်က ခေါင်းညိတ်၏။ ကိုယ့်သမီးနဲ့ [illegible]ပြီးကာမှ သေချာလည်းစိစဉ်နေပြီးဖြစ်သည်။

ဒီယောက်ျားကို မက်မောတာ၊ မမက်မောတာ ထား၊ မင်္ဂလာကိစ္စကို စိမ်း ပြောသည့်အတိုင်း အမြန်ဆုံးပြီးစီးစေမှဖြစ်တော့မည်။

နှင်း က တကယ်တမ်းကျတော့ အားလုံး စာရင်းသွင်းထားခဲ့သလို စိတ်ဝေဒနာရှင်တစ်ယောက် မဟုတ်ပေ။ ကံဇာ[illegible]ကာက်ကြောင်းက မှေးမှိန်နေခဲ့သည်လား၊ မဟုတ်တရုတ်တွေ သူမ ပြောဆိုပြီဆို ထိုက်ဖွကတကယ်ဖြစ်၏။

ပတ်ဝန်းကျင် မျက်မှန်းကျိုးအောင် ဖြစ်ခဲ့ရသည့်ပြဿနာတစ်ခုက ဝေဒနာရှင် လူငယ်တစ်ယောက်က သူမ၏ မဟုတ်တရုတ်ပြောစကားများကြောင့် အသက်ဆုံးခဲ့ရသည်။

တိုက်ဆိုင်တာပဲဖြစ်ဖြစ်၊ သေထိုက်လို့သေတာပဲဖြစ်ဖြစ် သေသွားတာကတော့ သူမ ပြောလိုက်သည့်အတိုင်း သေသွားတာဖြစ်သည်။ မှတ်သိပါသေးသည်။

ထိုနေ့က မိုးလေးတဖွဲဖွဲနှင့် ရာသီဥတုက မသာယာ။

"သေစမ်း သေစမ်း ကြောင်စုတ်၊ ငါ့ကြက်သားကြော်တွေကို တစ်ဝတစ်ပြဲစားပြီး နှုတ်ခမ်းပါးနမ်းလျက်လို့၊ ကဲဟာ ..."

နှင်းက ခြေထောက်လေး ထော့နင်းထော့နင်းနှင့် ကြောင်ကို တံမြက်စည်းတံနှင့် အတင်းလိုက်ရိုက်၏။





ခြေထောက်ပေါ် ဖန်လုံးပြုတ်ကျကာ ခြေခုံရောင်ခနေသဖြင့် ဆေးသိမ်း၊ ပတ်တီးစည်းထားရသည်။ ဒေါသကြောင့် နာတာကိုတောင် သတိရတော့ဘဲ နောက်ပေါက်ကနေ ကြောင်ပြေးတဲ့အတိုင်း ဆင်း၍ လိုက်ရိုက်၏။

"အံမာ အပြေးကောင်း၊ ကဲဟာ ..."

ထဘီမနိုင်မှန်းသိတော့ တံမြက်စည်းနှင့် ထိချင်ရာထိ လွှဲပစ်လိုက်သည်။ ထိုတံမြက်စည်းက ကြောင်ကိုမထိဘဲ တစ်ဖက်ခြံထဲ တန်းခနဲရောက်သွား၏။ မြင်နေသမျှကို ဦးစိမ်းအောင်တို့သားအဖ ဝရန်တာကနေ လှမ်းကြည့်နေကြတာကို နှင်း မသိပေ။

တံမြက်စည်းတစ်ချောင်းလုံး သူများခြံထဲရောက်သွားမှ နိုးထုပ်နိုးသည်နှင့် ကိုယ့်ကိုပြန်မမ်းခံရမည့်အရေးကို တွေးမိကာ နှင်း လန့်သွားသည်။

"ဟယ် ... နှင်းလေး တံမြက်စည်း ဟိုဘက်ထဲရောက်သွားပြီလား"

"အင်း "

နှင်းခြေထောက်မှာ ဒဏ်ရာနှင့်မို့ ခင်အုန်း ပြေးလိုက်ခဲ့ရတာဖြစ်သည်။ တံမြက်စည်းနဲ့ လှမ်းပစ်လိုက်တာကိုမြင်ပေမယ့် ဟိုဘက်ခြံထဲရောက်သွားမှန်း အစက မသိ။

"ဒုက္ခပါပဲ နှင်းရယ်၊ တံမြက်စည်းက အဖိုးတန်လို့မဟုတ်ဘူး၊ အဲဒီခြံကလူတွေ ဆက်ဆံရေးအရမ်းကြဲတာ၊ မမကြီးနဲ့ဆို အချေအတင်တောင် ဖြစ်ကြဖူးတယ်"

"ဒါ ဘာလုပ်တာလဲ"

ခင်အုန်း ပြောလို့မဆုံးသေးပေ ခြံဟိုဘက်ကနေ အရပ်တော်တော်မြင့်မည့်ပုံပေါ်သည့် မျက်မှန်တပ်ထားသည့်ခေါင်းတစ်လုံး စည်းရိုးအထက်မှာ ပေါ်လာသည်။

နှင်းကလည်း ကြောက်ရွံ့နောက်တွန့်မသွားဘဲ ရှေ့ထပ်တိုး၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်ရမှာလဲ၊ ကြောင်ကိုလှမ်းပစ်လိုက်တာလေ၊ ဟွန်း ... တိရစ္ဆာန်ကို ကြွားကြွားဝံ့ဝံ့ ထည်ထည်ဝါဝါမွေးထားပြီး ကိုယ့်အိမ်ထဲမှာ တခမ်းတနားထည့်ပိတ်ထားပါလား။ သူများအိမ်ကို လာခိုးစားတော့ ခွေး ပြေးဝက်မြေး ပြေးရတာပေါ့၊ ဒီတစ်ခါလိုက်တာ နောက်ကျသွားလို့ နောက် တစ်ခါဆိုရင်လေ မိလို့ကတော့ နောက် ဘယ်မှလျှောက်လည်လို့မရ အောင် ခြေလေးချောင်းစလုံးကို ရိုက်ချိုးထားမယ်၊ တကယ်ပြောတာ"

"ဟား! ... ရုပ်ကလေးသနားကမားနဲ့ စိတ်ဓာတ်က အဝီစိကပ်နေပါ လား၊ ဒီမှာ ဝဋ်ဆိုတာ ပြုပြီးရင် နောက်ဘဝထိ မစောင့်ဘူးနော်၊ သံသရာ မဆိုင်းလည်တာ။ ကြောင်ကို ခြေကျိုးလက်ကျိုးအောင်လုပ်လိုက်ရင် သူ့ ပိုင်ရှင်က သနားပြီး ကြောင်ကို တယုတယပြုစုဦးမှာ၊ နင် ဝဋ်လည်ပြီး ခြေ လက်တွေမရှိတော့မှ တောင်းစားစရာတောင် လက်ဖဝါးခံစရာမရှိ ဖြစ်နေလိမ့်မယ်၊ ဟား ဟား... မြင်ယောင်သေးတယ်၊ ပိုက်ဆံပစ်ချပေး တာတောင် ပါးစပ်နဲ့လိုက်ကောက်ရမှာ"

"တောက် ..."

နင်း ဆတ်ဆတ်ခါနာသွားသည်။ ဟိုဘက်ကလူငယ်က နင်း ခြေ ထောက်ကပတ်တီးကို ခြေဖျားထောက်ကြည့်ပြီး တမင်တကာ လှောင် ရယ်၏။

"ယောက်ျားလေးတန်မဲ့နဲ့ ကလဲ့စားချေတတ်လိုက်တာ၊ အံ့ဖွယ်သုတ ပါပဲ၊ ဟွန်း ... လေးစားပါတယ်ရှင်"

နင်း အသံတုန်တုန်လေးနှင့် အံကြိတ်ပြောကာ တကယ်ပဲ ခေါင်းငုံ့ အရိုအသေပေးလိုက်သည်။ ပြီးမှ ပြန်မော့၍ စူးစိုက်ကြည့်လိုက်ပြီး ...

"ခြေလက်တွေမရှိလဲ တရားဘာဝနာပွားများပြီး လူ့လောကမှာ တစ်ရက်၊ တစ်မနက်ပဲ အသက်ရှည်ရှည် မြတ်အောင်နေရင် မြတ်ပါသေး တယ်။ လောလောဆယ် နင့်မှာ မျက်လုံးက ပုလင်းဖင်ဖြစ်နေပြီနော်၊ ခု





ခေတ်မှာ ကင်နီဆာလုပ်ငန်းတွေက စပွန်ဆာမလိုဘဲ ကျယ်ပြန့်နေတာ၊ မျက်လုံးကင်ဆာနဲ့များ အသေစောသွားရင် နမြောစရာပါရဲ့၊ အဟွန်း ... သေချာနေပြီဆိုတော့ ကြိုပြီးရေစက်ချလိုက်မယ်၊ မောင်လေးလုံးရေ အမျှ ... အမျှ ... အမျှ"

"ဘာ ...၊ ဟဲ့ ... ဟိုဘက်က ဘယ်သူလဲ၊ နိမိတ်မရှိ၊ နမာမရှိ အမျှ ဝေနေတာ"

ဟိုဘက်က မိဘ ညီအစ်ကိုမောင်နှမတွေ ပါလာကြပြီး ဆွေ့ဆွေ့ခုန် ဖြစ်ကုန်ကြ၏။

ဦးစိမ်းအောင်တို့လည်း မပါလို့မဖြစ်တော့ဘဲ အနား ရောက်လာခဲ့ ကြ၏။

"ကျွန်တော် တောင်းပန်ပါတယ်ဗျာ"

"အို ... မကျေနပ်နိုင်ဘူး၊ ဒီလိုကျိန်စာတိုက်လိုက်တာကို၊ ကျွန်မသား က ဦးနှောက်နှင့်အာရုံကြောကို သွားသွားပြနေရတာ၊ ရောဂါသည်၊ ကျွန်မ တို့ နှစ်ဖက်မိသားစုတွေထဲမှာ ဒီသားလေးတစ်ယောက်ပဲ မျိုးဆက်ရှိတာ၊ ရောဂါသည်လေးကိုမှ ပြောချလိုက်လာ ကြည့်ပါဦး"

"ဟုတ်တယ်၊ ကျွန်တော့်ညီကို အဲဒီလိုရက်ရက်စက်စက်ကျိန်ပစ် လိုက်တာ လုံးဝ မကျေနပ်ဘူး"

"သေလိုက်ပေါ့၊ နင်တို့လူကကော လူကို သူတောင်းစားလို့ပြောတာ ပဲ၊ အဲဒါကျတော့ နိမိတ်ဖတ်တယ်ဆိုပြီး ဒီက စိတ်မဆိုးရဘူးလား"

"မိနင်း တိတ်စမ်း"

လူကြီးတွေ ရင်ဆိုင်နေရသည့်ထဲကနေ နင်း က ဖွတ်ရှေ့တိုး၊ မရမက ပြော၏။

"အေး ... ဘယ်နိမိတ်ကြောင့် ဘယ်သူ ဘာဖြစ်ဖြစ် ငါတို့နဲ့ မဆိုင်ဘူး ညည်းပါးစပ်ကျိန်တွယ်ထားသလို ငါ့မောင်လေး တစ်ခုခုဖြစ်သွားလို့က



www.burmeseclassic.com

www.burmeseclassic.com



တော့ ညည်း မလွယ်ဘူး”

မွေးချင်းအသိုင်းအဝိုင်းတွေက နှင်းကို ကြိမ်းမောင်သွားကြသည်။ ဒီကောင်လေးနာမည်က သီဟစိုးမြတ် ဖြစ်ကာ မောင်နှမ ဝမ်းကွဲတွေ အဒေါ်ဦးမင်းတွေ အများအပြားရှိနေသော်လည်း ညီအစ်ကိုမောင်နှမ အရင်း မရှိပေ။

ဆယ်တန်းရောက်ကာမှ ဒီမျက်လုံးကြောင့် ဦးနှောက်နဲ့အာရုံကြော တွေပါ ထိခိုက်ပြီး ဘယ်အရာကိုမှ စူးစိုက်လို့မရတော့ဘဲဖြစ်ကာ ပညာ လည်း ဆက်မသင်ရ၊ ဘာအလုပ်မှလဲ မလုပ်နိုင်။

အားလုံးက ရွှေလို့ဥထားကြတာဖြစ်၏။ ဒါပေမယ့် ထိုပြဿနာဖြစ် ပြီး ညီပ်မကြာခင်မှာပဲ မျက်လုံးကင်ဆာနှင့်ကွယ်လွန်သွားခဲ့သည်။

ကာလနှစ်ခုက သိပ်မကြာလိုက်သဖြင့် ပြဿနာက ပြန်၍ ပွထ ကြီးမားလာသည်။ ဥပဒေအရ အရေးယူလို့လဲမရ၊ ဒါကြောင့်ဖြစ်ရတာဟု လည်း တပ်အပ်ဖွပ်ဖွဲနေသဖြင့် အိမ်နှစ်အိမ်က တကယ့်ရန်ဘက်ကြီးတွေ လို ဖြစ်လာ၏။

ဟိုဘက်ကနေ ငိုသံတွေရော၊ ကျိန်ဆဲသံတွေပါ စုံလာသည်။ နောက် ဆုံး နှင်းဟာ စိတ်ဝေဒနာသည်လေးပါဟု ပြောလိုက်ကာမှ ပြဿနာက အေးချမ်းသွားခဲ့၏။ ဒါတောင် ...

“အဲဒီ အရူးမ်ပါးစပ်ကို ပိတ်ထားပေးပါ။ မဟုတ်ရင် နောက်ထပ်လူတွေ ဘယ်နှစ်ယောက် ထပ်သတ်ဦးမယ်မသိဘူး”

“ဟုတ်တယ်၊ ကိုစိမ်းအောင်တို့က သူ့ကို လူတောသူတော သိပ် လွှတ်မပေးနဲ့လေ၊ အပြောမတတ်တော့ ဆဲတာနဲ့တူသတဲ့၊ ခုဟာက ဆဲ တာထက်ဆိုးပြီး နှိုင်းရကိုခက်နေတာ”

“မထူးပါဘူးဗျာ၊ အိမ်ထဲက အိမ်ပြင်ကို ပေးမထွက်နဲ့တော့”

ထိုကိစ္စနှင့်ပတ်သက်ပြီး မိတ်ဆွေတချို့ကလည်း ဤသို့ပြောလာ





သည်။

အခြေအနေတစ်ခုဟာ မိမိ ဖန်တီးစရာမလိုဘဲ ရေကန်အသင့် ကြာ အသင့် ဖြစ်လာတတ်တာလည်း အံ့သြစရာကောင်းသည်။

တစ်အိမ်လုံးက နှင်းကို မေတ္တာမရှိကြတာမှန်သည်။ စေတနာရှိလွန်း လို့ ကာကွယ်ပေးနေကြတာလည်းမဟုတ်၊ မလွှဲသာသော ပတ်သက်ရာ ဝတ်သက်ကြောင်းတွေကြောင့်ပဲ ဖြစ်၏။

ထိုအချိန်မှာ နှင်းကို အခန်းထဲထည့်ပိတ်ထားလိုက်ဖို့ အခြေအနေ တွေပေးလာတာ သူမ ကံဆိုးဖို့ပဲဖြစ်လိမ့်မည်ဟုထင်သည်။ ဘာပဲဖြစ်ဖြစ် 'မြရွက်စိမ်း'က အရှင်သခင်တွေ ဒီကောင်မလေး ကျိန်စာတိုက်လို့ ဆုံးပါး သည်ဟူသော သတင်းကလည်း ပျံ့လွင့်နေခဲ့ပြီးဖြစ်ရာ နောက်ထပ် ဖြစ် ရပ်တစ်ခုက သူမအတွက် အယူခံဝင်ခွင့်မရှိဘဲ ဖြစ်သွားခဲ့၏။

အိမ်ကလူတွေကလည်း ဒီလိုပဲသတ်မှတ်လိုက်ကြသည်။ ပတ်ဝန်း ကျင်ကလည်း နှင်းကို အရူးလို့ပဲ သတ်မှတ်၏။ ထိုအခါ ...

အခန်းထဲ ထည့်ပိတ်ထားခံရခြင်းကို နှင်း ဘယ်လိုမှ ငြင်းဆန်ရုန်း မထွက်နိုင်ဘဲ ဖြစ်သွားခဲ့လေသည်။ ခံလိုက်ပေါ့ ကိုယ့်ကုသိုလ်နဲ့ကိုယ်ပဲ။

အတိတ်နဲ့ပစ္စုပ္ပန်က ကွာဟခဲ့ပြီထင်ရသော်လည်း အနာဂတ်က တော့ မနက်ဖြန်တိုင်းမှာရှိနေသည်။ ဒါပေမယ့် မနက်ဖြန်တိုင်းကို ဘယ်သူ မှ ကြိုမသိနိုင်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

ကားက တရိပ်ရိပ်ပြေးနေသည်။ လူနှစ်ယောက် ပါပေမယ့် စကားသံတွေ ဆိတ်သုဉ်းနေခဲ့၏။ စိမ်း က ကားမောင်းနေသည့် ဆန်း ကို မှန်ထဲကနေ မကြာခဏ လှမ်းခိုးကြည့်ကာ နောက်တော့ မနေနိုင်တော့ဘဲ မျက်နှာကို တည့်တည့်လှည့်ကြည့်လိုက်၏။

"ဘယ်ကိုမောင်းနေတာလဲ"

"ဝတ်စုံအပ်မလို့ဆို၊ ဘယ်ကိုဆိုတာ မမစိမ်း ပြောပေါ့"

စိမ်း က ပြုံးလိုက်ပြီး ရှေ့ပြန်လှည့်၏။

"မသိပါဘူး။ ကိုယ့်ဘာသာမောင်းနေတော့ မင်းမှာ ကိုယ့်အစီအစဉ်နဲ့ ကိုယ်များ ရှိနေမလားလို့"

"မရှိပါဘူး"

စိမ်း မျက်နှာပေါ်က ဖော်ရွေဖို့ကြိုးစားတင်ထားသည့် အပြုံးကို ဆန်း





က မမြင်သလိုနေသည်။ ဟိုတုန်းကဆို စိမ်းရဲ့ မာနကလည်း ဒီကောင်လေးလောက်ကို ဂရုစိုက်နေမှာမဟုတ်ပါ။

ဒါပေမယ့် ပုံပြင်ထဲက မင်းသမီးလို ဒီယောက်ျားကို မေတ္တာသက်ဝင်လိုချင်မိပါလျက်နှင့် အချစ်ကို အရှက်နဲ့ထုပ်ပိုးသိမ်းဆည်းကာ ဒီစိတ်နဲ့ပဲ သေသွားသည်အထိ မျိုသိပ်သွားခဲ့သည့်အဖြစ်မျိုး စိမ်း မနေနိုင်။

"အခြေအနေ အချိန်အခါ ဆိုတာ အမြဲတမ်း ပြောင်းလဲနေတာ၊ အဲဒါကို သမီးက ပြောင်းလဲလက်ခံနိုင်ရမယ်"

ဖေဖေက မင်္ဂလာကိစ္စကိုစီစဉ်ဖို့ရာ စိမ်းကိုယ်တိုင် လိုလားလက်ခံဖို့ အမြဲတမ်း ဆာဖွဖွနားချသည်။ မောင်ဖြစ်သူကလည်း တစ်မျိုးပြော၏။

"မိဘလဲ သဘောတူတယ်၊ ကိုယ်လဲသဘောကျတယ်ဆိုရင် ဒီထက်ပိုပြီး မာနတွေကြီးမနေနဲ့တော့ မမရာ၊ အချစ်ကို ရယူခြင်း , ပေးအပ်ခြင်းမှာ ဘယ်နည်းနဲ့ဖြစ်ဖြစ် မတရားတာ မရှိဘူး" တဲ့။

ပြန်တွေးကြည့်လိုက်တော့ ဒီမင်္ဂလာပွဲ ဖြစ်မြောက်သွားဖို့ကို သူမကိုယ်တိုင် လိုလားနေခဲ့မိ၏။ ထို့ကြောင့် ဖြစ်ချင်တာထက် ဖြစ်သင့်တဲ့အတိုင်းပဲ လုပ်ဖို့ ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

တကယ်ဆို ကိုယ်ဖြစ်ချင်တာက ဆန်း ကိုယ်တိုင် မြတ်နိုးစုံမက်စွာ ခယတောင်းဆိုလာဖို့။

"မင်းကို တို့ ပြောရဦးမယ်"

ဆန်း က ငဲ့ကြည့်ပြီး ရှေ့ကို ပြန်လှည့်ပြီးမှ ...

"ပြောလေ"

"ရေးကြီးခွင်ကျယ်တော့မဟုတ်ပါဘူး၊ ဒါပေမယ့် နားထဲမှာ သိပ်အဆင်မပြေတော့ဘူးဖြစ်လာလို့ ..."

"ဘာကိုလဲ"

"တို့ကို မမစိမ်းလို့ ခေါ်တဲ့ကိစ္စ ..."



www.burmeseclassic.com

www.burmeseclassic.com



ဒီဘက်လှည့်သည့်မျက်နှာက စိမ်းနဲ့ မျက်လုံးချင်းမဆုံလိုက်ဘဲ ရှေ့ပြန်လှည့်သွားပြီး ဘာမှလဲမပြော၊ ရင်ထဲမှာ အောင့်သက်သက်ပေမယ့် စိမ်း ကပဲ ဆက်ပြောရသည်။

"ဟိုတုန်းကတည်းကခေါ်ခဲ့တာမှန်ပေမယ့် ဟိုတုန်းက မင်းက ဖော့ရဲ့သူငယ်ချင်း"

ခဏရပ်ပြီးစောင့်လိုက်ပေမယ့် ဆန်း မျက်နှာက သူမ ပြောနေသည့်အကြောင်းအရာပေါ်မှာ စိတ်ဝင်စားနေသလား၊ မဝင်စားဘူးလား ဘာမှအကဲခတ်လို့မရဘဲ တစ်ခွန်းမှမပြောဘဲနေပြန်သည်။

"တကယ်တမ်း အသက်တွက်ရင် မင်းက ဖော့ထက် ခုနစ်လကျော်ကြီးတယ်လို့ ဦးထွေးလဲ ပြောဖူးတယ်"

"ပြောပါ၊ ကျွန်တော် ဘယ်လိုခေါ်ရမလဲ"

"စိမ်းလို့ပဲခေါ်ပါ"

ဆန်းက ဖျတ်ခနဲလှည့်ကြည့်သည်။ မျက်လုံးချင်းဆုံသွားစဉ်မှာ ရှေ့မှာ ကားတစ်စီး ဘွားခနဲပေါ်လာ၏။

"ဆန်း ... ဟိုမှာ ကား ..."

စိမ်း အလန့်တကြားအော်ပေမယ့် ဆန်း က စတီယာရင်ကို တစ်ချက်ပဲဆွဲလှည့်ပစ်လိုက်၏။ ကားသည် မြွေတစ်ကောင် မြူးသွားသလို လှပစွာ ဝေ့ဝိုက်တက်သွားသည်။ စိမ်း ရင်တုန်မပြေသည့်ပုံလေးနှင့် ရင်ဘတ်ကို ဖိထားဆဲရှိ၏။

"ရှေ့မှာ၊ ဟိုရှေ့က လိပ်ကန်လေးဘေးမှာ ခဏရပ်လိုက်"

စိမ်း ပြောသည့်အတိုင်း ဆန်း က ကားကို လမ်းဘေးဆွဲချသွားကာ လိပ်ကန်ရှိသည့်ဘက်သို့ ဦးတည်လိုက်၏။ မြက်ခင်းစိမ်းဝက်နှင့် မြေနီလမ်းကလေးမှာ ကားက ငြိမ့်ငြိမ့်လေးထိုးရပ်သွားသည်။

"ဟင်း"





စိမ်း က သက်ပြင်းမောကြီးမှုတ်ထုတ်ကာ နဖူးဆံစလေးတွေကို လက်ဖဝါးနှင့်ပင့်သပ်နေသည်။ ပြီးမှ ...

"မင်းကို မေးစရာရှိလို့၊ ဝတ်စုံအပ်ဖို့က အရေးမကြီးပါဘူး၊ ဒီမှာ ..."

ဒီမှာဆိုမှ ဆန်း လှည့်ကြည့်သည်။ စိမ်းကလည်း ကားပေါ်က မဆင်း၊ ဆန်း ကလည်း ဆင်းရအောင်လို့မခေါ်ပေ။ လိပ်ကန်လေးက ခပ်ငယ်ငယ်ပေမယ့် ကန်ပေါင်ပတ်လည်မှာ ထိုင်ခုံ ဘာညာလည်းမရှိဘဲ စုံတွဲတွေလည်း ဟိုတစ်တွဲ ဒီတစ်တွဲနှင့် စိပ်သည်။

လမ်းလျှောက်သူတွေလည်း ကန်လယ်တံတားလေးပေါ်မှာ ရှိနေကြသဖြင့် စည်သည်။ စိမ်း တို့ကတော့ မှန်တွေတင်ထားသည့်ကားထဲမှာပဲ ရှေ့ကိုတည့်တည့်လှည့်ထိုင်နေကြရင်း ဆန်း ကလည်း စကားပြောတော့မှ မျက်နှာလှည့်၏။

ဤကဲ့သို့ စိမ်းသက်လွှန်းသည့်အခြေအနေကို ဖျောက်ဖျက်ချင်လို့ပါ၊ ဒါပေမယ့် မာနဆိုတာကလဲရှိသေးတော့ စိတ်ရှိသလောက်ပြောလို့က မထွက်။

"ပြောလေ မမစိမ်း"

ဒီမှာလို့ခေါ်ပြီး ဘာမှမပြောတော့ ဆန်း က မေးဆတ်ပြော၏။

ဒီလိုမခေါ်ပါနဲ့ဆိုမှ တမင်တကာခေါ်ပြတာလား၊ ထားလိုက်တော့။

"မင်းတို့ နိုင်ငံခြားကပြန်လာကြတဲ့ သုံးယောက် ကိုယ်ပိုင်ဆေးရုံထောင်မလို့ဆို"

"မဟုတ်ပါဘူး"

ဆန်း က မဆိုင်းမတွ ဖြေ၏။

"တို့ကို ဒေါက်တာအာကာစိုးရဲ့ အစ်မက ပြောတာ"

"အဲဒါတော့မသိဘူး၊ သူတို့က သူဌေးတွေပဲ"

"မင်းကို ဆွေးနွေးခဲ့သေးလား"



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းမဖြေဘဲ ဆန်း က စိတ်မရှည်သည့်အကြည့်တွေနှင့် လှည့်လာသည်။ စိမ်းဘက်ကို ပခုံးတစ်ဖက်ကပ်၍ ကိုယ်တစောင်းပုံစံနှင့် ရွေ့ထိုင်ပြီး ...

"ဆွေးနွေးခဲ့ပါတယ်၊ ကျွန်တော် စိတ်ဝင်စားတယ်၊ ဒါပေမယ့် ကိုယ်ရှာထားတဲ့ငွေနဲ့ကိုယ် ထူထောင်ချင်တာ၊ ကိုယ့်အခြေအနေက ဒီပညာသင်ခဲ့ရတဲ့စရိတ်ကိုတောင် မဆပ်နိုင်သေးဘဲနဲ့ ..."

"မင်းက ဘာပြောချင်တာလဲ ဆန်း"

ဆန်း ရိလိုက်တာကို သိသည်။ စိတ်ထဲမှာ ဖျင်းခနဲဖြစ်သွားကာ စိမ်းက တည့်တည့်ပဲမေးသည်။

"စိတ်ထဲမှာရှိတဲ့အတိုင်း ပြောလိုက်တာပါ။ မမစိမ်းတို့ ကျွန်တော်တို့က အုပ်ထိန်းသူလက်အောက်မှာပဲ ရှိခဲ့ကြတာလေ၊ ဒီတော့ လူကြီးတွေက ကတိကဝတ်ရှိခဲ့ကြတယ်ဆိုရင် ကျွန်တော်တို့ကလိုက်နာကြရမှာပဲမဟုတ်လား။ ကျွန်တော့်အတွက် ပညာရေးက ဒုတိယ၊ ကျေးဇူးတရားက ပထမပါ"

ပြောနေရင်း အေးစက်စက်ဖြစ်လာနေသည့် ဆန်းမျက်နှာကို စိမ်းက စူးစိုက်ကြည့်နေလျက် ...

"မင်းရဲ့ 'ကျွန်တော်လဲ ပြောစရာရှိပါတယ်' ဆိုတဲ့ စကားက ဒါလား"

"အင်း ... ဒီစကားတွေပါပဲ၊ လက်ထပ်ကြဖို့ကို မင်းတို့ချင်း ဆွေးနွေးမှဖြစ်မယ်လို့ ဦးလေးက နေ့ရှိသမျှပြောနေတာ၊ ကျွန်တော့်အတွက်ထတော့ မလိုပါဘူး၊ မလိုဘူးဆိုတာထက် မျက်နှာပူတာဆိုရင် ပိုမှန်တယ်"

"ပြောပါဦး"

စိမ်း မျက်ဝန်းလေးတွေက ငိုချင်တာလား၊ မာနတွေလားတော့မသိ စူးစူးလက်လက်ဖြစ်လာ၏။ ဆန်း မျက်နှာကတော့ ထူးတလည် တည်ငြိမ်နေခဲ့ပြီး ...





"မမစိမ်းနဲ့ အဲဒီကိစ္စ ဆွေးနွေးရမှာ မျက်နှာပူတယ်၊ တစ်ယောက်နဲ့တစ်ယောက် ဘယ်တုန်းကမှ အဆင်ပြေတာမရှိခဲ့ကြဘူးလေ၊ သူဌေးသမီးနဲ့ အလုပ်သမားသားပါ၊ ခုချိန်မှာ လက်ထပ်ဖို့ ဖြစ်လာတယ်ဆိုတာတောင်မှ မမစိမ်းက စီးပွားရေးလောကထဲမှာ ခိုင်ခိုင်မတ်မတ်ရပ်နိုင်နေပြီး 'မြရွက်စိမ်း'က 'ရွက်နုစိမ်း'ဆိုတဲ့နာမည်တစ်လုံးနဲ့ ကျွန်တော်က သူများထောက်ပံ့စရိတ်နဲ့ ပညာသင်နေတုန်း ..."

"ဆန်း ..."

စိမ်း အသံတွေတုန်နေ၏။ ဆန်း က မထူးဘဲ စိုက်ကြည့်သည်။

"မင်း ဘာကိုပြောချင်တာလဲ၊ တိတိကျကျကြီးအဖြေထွက်နေပေမယ့် အဲဒီအဖြေကို တို့ကိုယ်တိုင် မဖတ်ချင်ဘူး"

"ဖတ်လိုက်ပါ၊ ဒီလိုအဖြေမျိုးကို တခြားသူက ပြောရင် နားဝင်ချိုမှာမဟုတ်ဘူး"

"လုပ်ပါ ပြောပါ၊ အဲဒါမျိုး တို့ စိတ်ဝင်စားတယ်"

စိန်ခေါ်သည့်အပြုံးနှစ်ရပ်က ရှုံးပွဲမရှိခဲ့ဖူးသော ပြိုင်ဘက်ကောင်းတို့၏ ဝိဉာဉ်တွေ ပူးကပ်နေတာနှင့်တူ၏။ ဒါပေမယ့် လက်ရှိအနေအထားမှာတော့ စိမ်း က အမြဲတမ်းနိုင်ခဲ့သည့်ဘက်ကပါ။

ဆန်း က မနိုင်ခဲ့ဘူးလို့ နိုင်ချင်သူ ...။

"မင်း မပြောခင် တစ်ခုမေးချင်တယ်"

"မေးပါ"

"မင်းကို ဟိုတုန်းက အနိုင်ယူမောက်မာနေခဲ့ပြီးမှ ခုကျမှ အိမ်ထောင်ဖက်အဖြစ်ရွေးတယ်ဆိုတာ မင်းရဲ့ပညာအရည်ချင်းတွေကို မက်မောအထင်ကြီးနေလို့လို့ မင်းက ထင်နေတာလား"

"အဲဒီလောက် ရိုးရိုးစင်းစင်းကြီးမေးတာကို ကျွန်တော်က ဟုတ်တယ်လို့ဖြေရင် လူမိုက်ဖြစ်သွားမှာပေါ့၊ ဒါကိုကွေ့ရှောင်ပြောဖို့ မမမှာ အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



အချက်တစ်ခုခုရှိနေပြီးသားဖြစ်မှာလို့ သိပြီးသား"

"ဟွန့် ..."

စိမ်း က မဲ့ပစ်လိုက်ပြီး မျက်နှာလွှဲ၏။ တံခါးကို ခပ်ဆောင့်ဆောင့် ဖွင့်ကာ ကားပေါ်ကဆင်းလိုက်သဖြင့် ဆန်း ဒီဘက်ကနေ ဆင်းလိုက်သည်။

နှစ်ယောက်သား ကားရှေ့ကို တိုးလျှောက်သွားမိကြပေမယ့် ကား တစ်ဖက်တစ်ချက်မှာပဲ ဘွန်းနက်ကို လက်တစ်ဖက်စီနှင့်ထိကိုင်ရင်း ရပ်တန့်နေခဲ့ကြ၏။

စိမ်း က တင်းကပ်စေ့ပိတ်ထားသည့်နှုတ်ခမ်းတို့ကို ဖွင့်ဟပြောဆိုဖို့ ကြိုးစားရင်း ဆန်းကို လှည့်ကြည့်၏။

"တို့ မှာနကြီးခဲ့တာထက် မင်းက ပိုသွားပြီထင်တယ်၊ ပညာတွေ တတ်လာလို့လေ"

"အဲသလောက်ကြီးတော့မဟုတ်ဘူးထင်တာပဲ၊ ဟုတ်တယ်ဆိုရင် တောင် ကျွန်တော့်မှာ မာနကြီးနိုင်တာ ဒါပဲရှိတာလေ"

"မင်းကိုမင်း ထင်ထားသလောက်မဟုတ်သေးဘူး ဆန်း၊ မင်းရဲ့ဘဝ မှာ ဒီပညာအဆင့်ထိ တက်လှမ်းခဲ့တာ တာဝတိံသာလောက်ကြီး ဖြစ်သွား တယ်ထင်ရပေမယ့် တို့ပတ်ဝန်းကျင်မှာ မင်းလို ဒါမှမဟုတ် မင်းထက် တော်တဲ့လူတွေ အများကြီးရှိသေးတယ်"

"အဲဒါ ဟုတ်မှာပါ၊ ကျွန်တော်ကတော့ လောင်းရိပ်အောက်က သစ်ပင် ..."

"အဲဒီလိုသိထားဖို့ပဲလိုတာ"

စိမ်း အပြောက ရင့်သည်။ ရဲခနဲဖြစ်သွားသည့် ဆန်း မျက်နှာကို အထက်စီးဆန်စွာကြည့်နေရင်း ...

"ပန်းခူးတဲ့လူတိုင်း မြတ်နိုးလို့မဟုတ်နိုင်ဘူးဆိုတာ မင်း နားလည်





သင့်တယ်။ ပဒုမ္မာကြာပဲဖြစ်ဖြစ်၊ ကုမုဒြာဖြစ်ဖြစ် ဘယ်လောက်ပဲ သူတို့ လှနေနေ အောက်ခြေက ရွှံ့နွံထဲမှာ ဘယ်လောက် ရှုံစရာကောင်းလဲ၊ ဟွန်း ... မင်းက မင်းရဲ့ခံစားချက်တွေကို ပြောရဲနေပြီဆိုတော့ တို့ကလဲ တို့ရဲ့သိက္ခာအတွက် ပြောဖို့မလိုဘူးဆိုပြီး ထားခဲ့တဲ့ စကားတွေကို ပြောရ မယ်။ မင်း အခု ဘယ်အခြေအနေထိပဲ မြင့်တက်နေနေ 'မွန်းတည့်နေ'ဆို တဲ့ ဘိုင်အိုဂရပ်ဖ်ဖီက မရှေ့မလျား ဒီတိုင်းရှိနေတာ၊ အဲဒါကို မမေ့နဲ့"

"မမစိမ်း မေ့နေသလားလို့ပဲ ကျွန်တော် စိုးရိမ်တာပါ၊ 'မွန်းတည့်နေ' က 'မွန်းတည့်နေ'မို့လို့ မြန်မာပြည်ပြန်ရောက်တာနဲ့ ဦးလေးရဲ့တန်းလျား မှာပဲ ကျွန်တော် နေတာ"

စိမ်း မျက်နှာလေးနီသွား၏။ ဆန်း နိုင်ငံခြားမထွက်ခင်အထိ တည် တည်တင်းတင်းနှင့် နှိမ့်ချဆက်ဆံနေမြဲရှိခဲ့တာက သူမ ဖြစ်၏။

ပြန်ရောက်ရောက်ချင်းပဲ တိုက်ကြီးအပေါ်ထပ်မှာ နေရာချပေးဖို့ ဖေဖေက စီစဉ်ခဲ့တာလည်းမှန်သည်။ ဒါပေမယ့် သူ့ရဲ့ ဒီဂရီတွေနဲ့ တင့် တယ်စွာနေနိုင်အောင် ဖေဖေက စီစဉ်ခဲ့တာ မဟုတ်လား။

စိမ်း မျက်နှာပေါ်မှာ ပြောင်းလဲနေခဲ့တာတွေကို စိုက်ကြည့်ပြီး ဆန်း က ပြုံးသည်။

"ကျွန်တော်က နိုင်ငံခြားပြန်ဆရာဝန် ဆိုပေမယ့် ခုချိန်ထိ မမစိမ်းရဲ့ အိမ်ထောင်ဖက်ဖြစ်လာနိုင်တဲ့အထိတော့ မဟုတ်သေးဘူးလို့ ခံယူထားပြီး သား"

"အဲဒီတော့ မင်း အခု ဘာပြောချင်တာလဲ၊ လက်ထပ်ဖို့စီစဉ်ထားတာ ကို ဖျက်ဖို့လား"

"ကျွန်တော့်ဘက်က စပြီးငြင်းဖို့တော့ စိတ်မကူးပါဘူး"

"ဒါဆို ဒီတိုင်းပဲနေလိုက်တော့ ဆန်း၊ မင်းနဲ့ ငါ့ရဲ့ ကွာဟနေဆဲအခြေ အနေကို မင်း သိထားတယ်ဆိုရင် ပြီးတာပဲ၊ နောက်ထပ် သိထားဖို့က



www.burmeseclassic.com

www.burmeseclassic.com



ဝဲ့ဘဝမှာ ပူပင်ကြောင့်ကြဖို့ ဘာမှမရှိဘူး၊ ပူပင်ရဖို့ရှိရင်လဲ ငါလိုတာ ထီး မပေါက်ဘူး၊ မိနပ်တစ်ရန် …”

ဆန်း မျက်နှာ အညိုရင့်ရောင်တက်သွားသည်။ စိမ်း က ‘မှတ်ပြီလား’ ဟုမေးလိုက်သလို စူးစူးခဲ့ကြည့်ကာ ကားထဲပြန်ဝင်၏။

ဆန်း တော်တော်နှင့် နေရာမှမရွေ့မိပေ။ ဖိနပ်တစ်ရန် တဲ့လား …။





အခန်း (၁၅)

“အုန်း … ခဏ”

ခင်အုန်းက နောက်ပြန်လှည့်ကြည့်ပြီး မေးဆတ်၏။

“ခဏပါဆို”

နှင်း က လှေကားပေါ်က ပြေးဆင်းလာပြီမို့ နောက်ပြန်ဝင်လာခဲ့ရင်း …

“ဘာလဲ နှင်းလေးရယ်၊ တော်ကြာ ဒေါ်သံကုမ္ပဏီရက ခုထိ မသွားရသေးဘူးလားဆိုပြီး ဝုန်းဒိုင်းကြဲဦးမယ်”

“ဘယ်သူလဲ၊ ကိုကြီးလား”

“မဟုတ်ပါဘူးဟယ်၊ မမကြီးပါ”

“ဘာခိုင်းထားတာလဲ”

“ဝတ်စုံအပ်ခဲ့တာလေ၊ ကိုယ်ကို မတိုင်းခဲ့ရဘူးတဲ့၊ မနက်က ထွက်သွားကြပြီး ချက်ချင်း ပြန်လာတယ်၊ ဘာဖြစ်လာခဲ့ကြလဲ မသိပါဘူး၊ ဆန်းရော မမကြီးရော မျက်နှာတွေကို တင်းနေတာပဲ”



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့ ..."

"အဲဒီတော့ အခု ငါသွားရမှာဖော့ အလိုလိုကမှ ကားတိုးစီးရတာ ကြောက်ပါတယ်ဆို ..."

"ကဲပါ ကြောက်ရင်လဲ နှလုံးငြိမ်ဆေးရှိတယ်၊ လာ... နှင်း မှာစရာရှိလို့"

"လုပ်ပြီ"

နှင်း က လက်ဆွဲခေါ် လာသဖြင့် ခင်အုန်း ကျိုးတိ ကြောင်တိနှင့်ပါလာ၏။ ဒီကြားထဲ စာကြည့်ခန်းထဲကိုရောက်သွားတော့ ခင်အုန်း မျက်လုံးပြူးသွားသည်။ ဒီစာကြည့်ခန်းက သူဌေးနဲ့ မမကြီးတို့ နှစ်ယောက်ပဲ ဝင်သည်။

ကိုလေးတောင် အသံပေးပြီးမှဝင်တာဖြစ်ကာ သူ ဝင်ပြီဆိုလည်း အကြောင်းတစ်ခု ရှိလို့ပဲဖြစ်၏။

ဝင်ခွင့်မရှိတာလား။ စာကြည့်တာ၊ စာရင်းဇယားမှတ်တာတွေကို စိတ်မဝင်စားလို့ မဝင်တာလား။ ဘာမှန်းတော့မသိ။

အထဲမှာရှိသည့် သားရေတိစ္ဆာန်တို့၏ ဦးခေါင်းခွံတွေ၊ အစွယ်တွေ၊ အရေခွံတွေကို မရဲတရဲမော့ကြည့်ပြီး ခင်အုန်း တွန့်ဆုတ်နေ၏။

ပြီးတော့ အဝင်ဝကို ကျောကပ်ရိုက်ထားသည့် နံရံကပ်စင်မြင့်ကြီး၏ အထပ်တွေပေါ်မှာ ရှေးဟောင်းကြေးသွန်းရုပ်တွေက ဝင်းဝင်းလက်လက်နှင့်။ စားပွဲကြီး၏ လက်ယာဘက်ရှေ့နားမှာ စာအုပ်စင်ကြီးနှင့် ဗီရိုနှစ်လုံး။

"ဘာတွေလျှောက်ကြည့်နေတာလဲ၊ မမြင်ဖူးတာကျနေတာပဲ"

နှင်း က တွန့်ဆုတ်တွန့်ဆုတ်ဖြစ်နေသည့် ခင်အုန်းကို အားမလိုအားမရလှမ်းဆွဲသွင်းကာ တံခါးကို ပြန်စေ့ထားလိုက်၏။

"ဒီထဲမှာ ဘာလုပ်မို့လဲ နှင်းရယ်၊ သန့်ရှင်းရေးဝင်လုပ်ခိုင်းရင်တောင်မှ မမကြီးက ဘယ်ကိုမှ မော်ကြည့်တာ မကြိုက်ဘူး"





"အဲဒီတုန်းက ကြည့်ချင်တာရှိရင် အခု ကြည့်လို့ရပြီ"

"အို... မကြည့်ပါဘူး ဆိုမှ၊ ပြော ... ဘာလုပ်ဖို့လဲ"

ခင်အုန်းက အခန်းထောင့်က ဗီရိုကြီးနောက်ကို ပြေးဝင်သွားသည့် င်းကို လိုက်ကြည့်ရင်း စိတ်စောနေ၏။ မမကြီး ပြန်ရောက်လာလို့မှ အခု မသွားရသေးလျှင် ခက်ပါပြီ။ နှင်း ကလည်း ဗွတ်တရွတ်။

"လာပါ အုန်းရဲ့၊ ဒီမှာ လာကြည့်"

လက်ယပ်ခေါ် နေပြန်သည်။ ခင်အုန်း ထပ်မတိုးတော့၊ ပစ္စည်းတစ်ခုကိုင်ပြီး နှင်းက ပြန်ထွက်လာ၏။

"ဒီမှာလေ၊ ကြည့်ပါဦး"

"ဘာလဲ"

ပြတာကို ငုံ့ကြည့်လိုက်တော့ ဘယ်နိုင်ငံ ဘယ်ဘာသာက ကိုးကွယ်န်းမသိသော ကြေးသွန်းရုပ်တုတစ်ခုဖြစ်နေ၏။ ဗုဒ္ဓရုပ်ပွားတော်နှင့် ဆင်င်တူကာ သကင်္န်းနှင့်တူသည့်ဝတ်ရုံက ဖရိုဖရဲဆန်နေသဖြင့် သိသာစွာဲပြား၏။

"ဒါ ဘာဖြစ်လို့လဲ"

"ဒီမှာ ..."

"ဟယ် ..."

တော့ဆက်ပြီးကိုင်ထားသည့် ရုပ်တုက နှင်း လက်တစ်ဖက်စီမှာ ေါင်းတခြား၊ ကိုယ်တခြား ဖြစ်သွား၏။

"ဒါ ... ဒါ ..."

"အစကတည်းက ဆက်ရာရှိတာပါ၊ ဒါပေမယ့် နှင်းကြောင့်ပြုတ်ကျွား ပြီး အဲဒီလိုဖြစ်တာ"

"ဘာသွားလုပ်လိုက်တာလဲ နှင်းလေးရယ်၊ ဒုက္ခပါပဲ"

ခင်အုန်း ကတုန်ကယင်ပြောတော့ နှင်း က ဆံပင်တွေကို ထိုးဖွပ်



www.burmeseclassic.com

www.burmeseclassic.com



ဖိသပ်ချရင်း မျက်နှာလေးမော့၏။

"ဒါတွေက ဖေဖေ့ပစ္စည်းတွေပါ။ သူတို့ကို ကြောက်စရာမလိုပါဘူး ဒါပေမယ့် နှင်း က ဒီမှာ အရှုးစာရင်းဝင်နေပြီဆိုတော့ သူတို့ပဲ အရှင်သခင် သူတို့ပစ္စည်းပေါ့"

"ဒီလိုလဲမပြောပါနဲ့ဟယ်၊ ဘာပဲဖြစ်ဖြစ် ဒါ ပျက်စီးတာကို သိရင်တော့ နင် အဆူခံရမှာပဲ"

"ဟုတ်တယ်၊ အဲဒါကို အုန်း အခု ယူသွားပြီး ပန်းပဲဖိုမှာ ပြန်ဆက် ခိုင်းပေးပါ"

"ဘုရားရေ ...၊ ငါ ... ငါက ..."

"အင်း"

"ပန်းပဲဖို မပြောနဲ့ ခုချိန်ထိ သိမ်ကြီးဈေးကိုတောင် ဖြောင့်ဖြောင့်တန်း တန်း မသွားတတ်သေးဘူး"

"သွားတတ်အောင် သေချာပြောလိုက်မယ်၊ တောမှာ နှင်း နေခဲ့တုန်း က နှင်းရဲ့ဦးလေးဝမ်းကွဲက ရန်ကုန်က ပန်းပဲဖိုမှာ အလုပ်လုပ်တာ ဒေါ်လေးနဲ့ အဲဒီကို ခဏခဏရောက်ဖူးတယ်၊ ခုတော့ ဦးလေး အဲဒီမှာ ရှိချင်မှရှိတော့မှာ၊ ဒါပေမယ့် နှင်းသက်တန့်လို့ပြောလိုက်ရင် ဘကြီး သိမှာ ပဲ၊ နော် ... သေချာလုံအောင်ထည့်ယူသွားပြီး အပ်ခဲ့ပေးပါ၊ အုန်း ရန်ကုန် ထဲမှာ လည်လည်ပတ်ပတ်မသွားလာတတ်ဘူးဆိုတာ မမစိမ်းက သိပါ တယ်၊ ကားမှားစီးလို့ ကြာသွားတာပါဆိုရင် ပြဿနာမရှိပါဘူး"

ခင်အုန်း မျက်လုံးပြူးနေ၏။ သူမ ပြောသလို ဖြီးဖြန်းဖို့က လွယ် သည်။ ဒီကနေ ဒီပစ္စည်းကို လွတ်လွတ်ကျွတ်ကျွတ်ထုတ်သွားနိုင်ဖို့က ခက်၏။

မတော်တဆ တစ်ယောက်ယောက်နဲ့များတိုးရင် ကိုယ်က ခိုးထုတ် တယ်ဖြစ်သွားမှာ သေချာနေသည်။ ရုပ်တုက ကြီးတော့သိပ်မကြီးလှတာ





မို့ ...

"နေဦး နေဦး၊ ဒါထည့်ဖို့ ဘူးခွံတစ်ခု သွားယူဦးမယ်၊ ရော့ အိတ်ခဏ ကိုင်ထားပေး"

ခင်အုန်းက အနီရောင်ပိုက်ဆံအိမ်ပြားလေးကို နှင်း လက်ထဲ ထည့်ခဲ့ ပြီး ဟိုဒီ ချောင်းကြည့်ကာ ကမန်းကတန်း ပြေးထွက်သွား၏။

သောကတစ်ခုကို ကြာကြာမမွေးတတ်သည့် နှင်း က ရုပ်တုပြဿနာ ထက် ပိုက်ဆံအိတ်ကို ပိုမိုစိတ်ဝင်စားသွားသည်။

ဖွင့်ကြည့်လိုက်တော့ အထဲမှာ တစ်ထောင်တန်ငွေး‌တစ်ရွက်နှင့် စာရွက်ဖြူတစ်ရွက်။

"ဟွန်း ... ကားခပေးတာများ တစ်ထောင်တဲ့၊ ကား တကယ်မှားစီး ပြီး မြို့ထဲမှာ ဂျင်ခြေလည်နေရင် ဘဝပျက်ပြီ"

နှင်း က မဲ့ပြုံးပစ်ရင်း စာရွက်ဖြူလေးကို ဖြန့်လိုက်သည်။

'မယ်မဒီ'အမျိုးသမီးအပ်ချုပ်ဆိုင်ဟု ရေးထားကာ အောက်မှာ 'ဝှာ် စိမ်းနု'နာမည်နှင့် ကိုယ့်အတိုင်းအတာတွေပါ၏။

"အမယ်လေး တင်ကျတော့ သုံးဆယ့်ခုနစ်တောင်၊ ခါးကျတော့ နှစ် ဆယ့်သုံး၊ ရင်က သုံးဆယ့်ငါး တဲ့၊ အဲဒါကြောင့် မမစိမ်း လမ်းလျှောက်သွား ရင် လူမမြင်ရသေးဘူး ဖင်ရဲ့ဘိုင်ဗရေးရှင်းကြောင့် မြေသိမ့်သိမ့်တုန်တာ"

တစ်ယောက်တည်း မဲ့ရွဲ့ကဲ့ရဲ့ရယ်ရင်း ရယ်နေသေးသည်။ အဲဒါ ကြောင့် နှင့်ကို အရူးလို့ သူများတွေပြောတာ၊ ခံသင့်တယ် မိနှင်း၊ ခံလိုက် တော့၊ ကိုယ့်ဘာသာပဲ စီရင်ချက်ချရင်း ဘာလုပ်ဖို့ဆိုတာကို စိတ်က သေချာတွေးယူတာမဟုတ်ဘဲ အံဆွဲထဲက စာရွက်ဖြူတစ်ရွက် ရှာယူ လိုက်သည်။

'မယ်မဒီ'အပ်ချုပ်ဆိုင် ခေါင်းစဉ်ပြန်ကူးပ်လိုက်ပြီး ...

"ကဲ ကဲ အဲဒါ မှတ်ထား"

ကိုယ့်ကိုယ်ရဲ့အတိုင်းအတွာတွေ ရေးချလိုက်ပြီး တစ်ခေါက်ပြန်ဖတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သေး၏။

"ဆောရီးနော်၊ မမစိမ်းက လိုတာ တ,တိုင်းရနေတော့ တစ်ခါတလေ မရတာရှိဖူးအောင်လို့ ..."

စာရွက်ကို နှုတ်ခမ်းနဲ့ မထိတထိနမ်းလိုက်ပြီး ခင်အုန်းအိတ်ထဲ သေချာ ပြန်ထည့်ထားလိုက်၏။ စိမ်းရဲ့လက်ရေးလေးနဲ့ စာရွက်ခများ နှင်း လက်ထဲမှာ လုံးကြေမွနေ၏။

နှင်း ထင်သလို လုပ်ချလိုက်တာက အပျော်ရယ်၊ သို့သော် ...

* * *





## အခန်း (၁၆)

"ဦးလေးထွေး"

"ဟေ ..."

ပန်းပင်တွေ ရေလောင်းနေရင်း ဦးထွေး နောက်လှည့်ကြည့်၏။

"ကိုကိုရော ..."

"နှင်း ... သမီး"

ဦးထွေး စကားတွေ ထစ်ငေါ့ကုန်သည်။ နှင်း ဘယ်လိုလုပ် ခြံထဲထိ ဆင်းလာတာလဲ။

"သ ... သမီး ဘယ်ကနေထွက်လာတာလဲ"

"နှင်းဘာသာထွက်လာတာ၊ အိမ်မှာ ဘယ်သူမှမရှိကြဘူးလေ"

နှင်း က လက်ကလေးနောက်ပစ်၍ ကျေနပ်နေသည့်မျက်နှာလေး က ပြုံးကြည်နေ၏။ ဖြူဆွတ်ဆွတ် အပျော့သားဂါဝန်လေးက သွယ်နွဲ့သောကိုယ်လေးမှာ ဖေးတင်နေတာက ကျပ်ကပ်ပြီး တင်းနေတာမျိုးနှင့် ဘာမှမဆိုင်။ ပျော်ရွှင်လွတ်လပ်နေသူနှင့် လောဘဒေါသတွေ ဖိတ်လျှံနေ



www.burmeseclassic.com

www.burmeseclassic.com



တဲ့သူ မတူတာလား။ စိမ်းနဲ့နှင်း အသက်ချင်း သိပ်ကွာလှတယ်မဟုတ်ပါဘဲ နှနှယ်၊ ရင့်ရော်ခြင်းနှစ်ရပ်က အများကြီးကွာနေသလိုထင်ရသည်။

'နှင်းသက်တန့်'ဆိုသည့် မိန်းကလေးက ချစ်စရာလေးပါ။ ဒီအိမ်ကြီးမှာ ဘုရှေးကြီးရှိနေစဉ်ကတည်းက အလုပ်လုပ်ခဲ့ဖူးတာမို့ 'မြရွက်စိမ်း'နဲ့ 'နှင်းသက်တန့်'ဘယ်လိုသက်ဆိုင် အကျုံးဝင်မှန်း ဦးထွေး သိသည်။

ဒါပေမယ့် နှစ်ကာလတာရှည်မှုဟာ မှိန်ဖျော့သည့်အရာတို့ကို ဖျောက်ဖျက်ပစ်နိုင်စွမ်းရှိသလို ထင်ရှားခြင်းကို ပို၍ပေါ် လွင်စေနိုင်စွမ်းလည်းရှိ၏။

'မြရွက်စိမ်း'ကို မထင်မရှားရောက်လာခဲ့ပြီး မျက်နှာငယ်စွာနေခဲ့ရသော နှင်း၏အဖြစ်က ဖျောက်ဖျက်ပျောက်ကွယ်ခဲ့ရသည့်နောက်မှာ ...

"တော်ကြာ စိမ်းတို့ရောက်လာပြီး ဆူနေပါ့မယ် သမီးရယ်၊ အိမ်ပေါ် ပြန်တက်နေနော်"

ဦးထွေးက စာနာစိတ်လေးနှင့် ဖေးဖေးမမပြောသည်။ နှင်း က ခေါင်းခါ၏။

"မတက်ချင်ဘူး၊ ကိုကိုနဲ့ စကားပြောချင်လို့"

"ဘာတွေပြောမှာမို့လဲ"

အသံလာရာဘက်ကို နှင်း ဝမ်းသားအားရ လှမ်းကြည့်တော့ ဦးထွေး စိတ်ပျက်စွာခေါင်းခါသည်။ ဘယ်လိုရေစက်တွေလဲ။

"ကိုကိုက ချောလိုက်တာ၊ ရေချိုးထားတာလား"

နှင်းဟာ ဆန်းရှေ့မှာ ခြေစုံရပ်၊ လက်လေးပိုက်၍ သေသေချာချာ ကြည့်ပြောသည်။ ဆန်းက [illegible]နေလျက် ...

"နာရီပေးပြီးပြီလေ၊ ဘ[illegible]မှ ထပ်ပေးစရာမရှိတော့ဘူး။ မြောက်မနေနဲ့"

ဆန်း က ဒရိုင်ဘာအိမ်ကလေး၏ရှေ့က ခုံတန်းလေးမှာပဲ ထိုင်ချလိုက်သဖြင့် နှင်းက ဘေးမှာဝင်ထိုင်သည်။

"ကိုကို ..."





"ပြော"

"မမနဲ့ လက်ထပ်တော့မှာဆို"

"အင်း"

'အင်း'တစ်လုံးပဲဖြေပြီး ဆန်း မျက်မှောင်ကြုတ်သွား၏။ လက်တစ်ကမ်းမှာရှိနေသည့် စပယ်အုံကြီး၏အဖျားက အကိုင်းညွှန့်လေးတစ်ခုကို အမိပွာယ်မဲ့ လှမ်းတို့ရင်း မျက်နှာလွှဲသည်။

ရှပ်အင်္ကျီအဖြူရောင်လက်ရှည်ကို တံတောင်ဆစ်နားထိ ခေါက်တင်ထားကာ ရွှေအိုရောင်ကွက်စိပ်ပုဆိုးနှင့် ဆန်း ပုံစံက မဟာဆန်ဆန် ချောမွေ့နေ၏။

နှင်းဘေးကနေ ထိုင်ကြည့်ရင်း ဟိုးအရင်ခြံတံခါးဝမှာ ရပ်နေခဲ့သော ဖြူဖြူရှည်ရှည်နှင့် ပိန်၍ ခပ်ကိုင်းကိုင်းလေးဖြစ်နေသည့် လူငယ်လေး တစ်ယောက်ကို မြင်ယောင်လာသည်။

ထိုလူငယ်လေးဟာ မွန်းတည့်နေပဲဖြစ်လျက် သမားတော် မွန်းတည့်နေ ဆိုတာလည်း သူပါပဲ။ ဒါပေမယ့် ခုချိန်မှာ နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် အများကြီးကွာခြားနေမှာပဲဖြစ်သည်။

ဩော် ... ဒါကြောင့်လဲ မမက ရွေးချယ်လိုက်တာပေါ့။ ဟိုတုန်းကဆို ကိုကို့ကို တစ်ချက်မှ မျက်နှာသာမပေးဘဲ ရွံသလို ရှာသလို ဆက်ဆံခဲ့တဲ့သူ ...၊

"မျိုးမစစ်တဲ့လူမျိုးဆိုတာ အဲဒါပဲ၊ ဒါပေမယ့် အခြေမဲ့ အနေမဲ့ ဦးထွေး ဘက်မှာ ဖေဖေ ရှိနေလို့ပေါ့၊ မဟုတ်ရင် ဦးထွေး မျက်နှာလဲ ငါက ငဲ့နေမှာ မဟုတ်ဘူး"

"လူပုံက အောက်ကလဲနေသေး ကြောက်ပြီလားလို့ ပြန်မေးချင်တဲ့ ရုပ်နဲ့ ကြည့်ပါလား သူ့ကိုယ်သူ ဘာကောင်ဆိုတာများ မေ့နေလားမသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဒီစကားတွေ ကိုကို ကြားအောင်ပြောတာလည်းရှိသည်။ ကွယ်ရာ
ပြောတာတွေလည်း မကြားချင်မှအဆုံးပါ။

နုကျတော့ ဒီလူနှစ်ယောက်က အိမ်ထောင်ဖက်တွေတဲ့။

"ဟား ဟား ..."

နှစ်ယောက်ကြားမှာ ခဏတိတ်သွားပြီးမှ နှင်း က ထ,ရယ်သည်
တစ်ခုခုကို သဘောကျသွားတာမျိုးမဟုတ်ဘဲ ကြေကွဲသော ရော
ရယ်သံဖြစ်၏။ ဆန်း က နှင်းကို စိုက်ကြည့်၍ ...

"ဘာရယ်တာလဲ"

"မရယ်ပါဘူး မရယ်ချင်ဘဲရယ်တာ"

ခေါင်းခါနေပြီး ထပ်ရယ်ပြန်သည်။ ဆန်း က ပြုံးလိုက်ပြီး ...

"ကိုယ်လဲ ဒီလိုတွေဖြစ်မယ်ဆိုတာ မထင်ခဲ့ပါဘူး၊ ဒါပေမယ့် ခုတော
သေချာပြီထင်တယ်"

"ဟုတ်မှာပေါ့၊ လူကြီးတွေကပြောတယ်၊ တစ်ယောက်နဲ့တစ်ယောက်
မချစ်ကြပေမယ့် လက်ထပ်ပြီးရင် ပြီးတော့လဲပြီးသွားတာပဲတဲ့၊ အဲ
ဘာပြီးတာလဲဟင်"

ဆန်း မျက်နှာရဲခနဲဖြစ်သွားသည်။ နှင်း က သူ့ကို ကျကျနနမော့
လျက် ဖြေမှာကို စောင့်နေသေးသည်။ ပြီးတော့ ထပ်မေး၏။

"ကိုကို ပြောလေ"

ဆန်း ဒေါသလိုလို၊ မျက်နှာပူသွားသလိုလိုနှင့် မဖြေပြန်တော့လည်
နှင်း က မပြီးနိုင်။

"ဒါ အိမ်ထောင်ရေးပြဿနာတွေပဲ၊ မဆိုင်ဘဲနဲ့ ဘာဖြစ်လို့ လျှော
သိချင်နေတာလဲ"

"နှင်းနဲ့မဆိုင်ပေမယ့် ကိုကိုနဲ့ဆိုင်တယ် မဟုတ်လား၊ အဲဒါ အချစ်
ပြောကြဖြာလား။ ဒါမှမဟုတ် အစက မသင့်မြတ်ကြဘဲ လက်ထပ်ပြီးတာ





နဲ့ သင့်မြတ်သွားကြရော၊ အဲဒါကိုပြောတာလား"

နှင်း က စကားရပ်ပြီး ခဏစောင့်သည်။ ဆန်း ဘာမှမဖြေတော့မှ...

"သင့်မြတ်ကြပြီဆိုရင် ချစ်သွားကြတာပေါ့နော်၊ ကိုကိုက မမစိမ်းကို
ချစ်နိုင်တယ်ပေါ့၊ ဟုတ်လားဟင်"

"အဲဒါတွေ စိတ်မဝင်စားနဲ့၊ မြန်မာပြည်ကို ကိုကို ပြန်လာတာ မင်း
အတွက် ရည်ရွယ်ချက်တွေလဲပါတယ်"

"ဟင် ..."

"ဟုတ်တယ်၊ မင်း ကျောင်းပြီးအောင် ဆက်တက်ရမယ်"

"ကိုကိုကလဲ ဒီလောက်အရွယ်ကြီးကျမှ ..."

"ဘာဖြစ်လဲ၊ တချို့ဆိုရင် ကိုယ်လေးလက်ဝန်နဲ့တောင် ဆယ်တန်း
ဖြေကြတုန်း၊ တက္ကသိုလ်မှာ အိမ်ထောင်သည်တွေ၊ ကိုယ်ဝန်ဆောင်တွေ
လဲ ရှိကြတာပဲ"

နှင်း မျက်နှာလေးဝင်းပကာ သိပ်မကြာလိုက်ဘဲ ပြန်၍မှေးဖျော့သွား
ခဲ့၏။

"ဟိုတုန်းကတောင် နှင်းကို ကျန်းမာရေး ဘာညာတွေနဲ့ ပြီးဆုံး
အောင်ဖြေခွင့်မပေးခဲ့တာ၊ အခု ... အခု အားလုံးရဲ့သတ်မှတ်ချက်ထဲမှာ
နှင်းက အရူး ..."

"အဲဒီလိုပုံစံဖြစ်အောင် မင်း မနေနဲ့တော့ပေါ့၊ ပြောတာဆိုတာ ဆင်
ခြင်၊ အထူးသဖြင့် မကြောက်တတ်တာတွေ ..."

"အဲဒါ ဘာကိုပြောတာလဲ ကိုကို၊ နှင်း အားလုံးရဲ့မျက်လုံးတွေ ပါးစပ်
အောက်မှာ ထားသလိုနေခဲ့ရတာမဟုတ်ဘူးလား။ တစ်ခါတလေ စိတ်က
ပေါက်ကွဲချင်တယ်၊ ရိုက်တာလဲခံရတာပဲ၊ ဘာမှမဖြစ်ဘဲနဲ့ အရူးဆိုပြီး
အခန်းထဲ ထည့်ပိတ်ထားတာကို ခံရတယ်၊ အဲဒီလိုလူမှာ ဒေါသစိတ်တွေ
တစ်ခါတလေ မရှိရတော့ဘူးလား။ နှင်းက ဦးသက်တန့်ရဲ့သမီးသူတို့တွေ



www.burmeseclassic.com

www.burmeseclassic.com



က အသိုင်းအဝိုင်းတွေ၊ ဒီလောက်ထိ နှင်းအပေါ်မှာ စီးမိုးချုပ်ကိုင်ထားနိုင်တာတောင် မကျေနပ်ကြသေးဘူးလား”

ပြောနေရင်း နှင်း က ငိုသည်။ တော်တော်လေး အုံဖွဲ့နာကျင်နေပုံရသော ခံစားချက်များဖြင့် ရှိုက်သံတွေပင် ပါလာ၏။ ဆန်း စိတ်မကောင်းဖြစ်သွားမိသည်။

ဒီကောင်မလေး ဤသို့မျက်ရည်ကျတိုင်း သူ့ရင်ထဲမှာ မီးလောင်ပြင်ကြီးလို ဖြစ်ဖြစ်သွားခဲ့တာ ဘယ်လိုဆက်သွယ်ချက်တွေမှန်း မသိပေ။

ဟိုတုန်းကတည်းက ဘဝကို တိုးတက်မြင့်မားအောင် ရည်ရွယ်ချက်တွေနဲ့ ဆထက်ထမ်းပိုး ကြိုးစားခဲ့တာလည်း ဒီကောင်မလေးကို ပွေ့ပိုက်ချော့မြူရင်းနဲ့ ဖြစ်လာခဲ့တာပါ။

သူ ရည်ရွယ်ခဲ့သည့် တိုးတက်အောင်မြင်လိုခြင်းထဲမှာလည်း သူ့ဘဝတစ်ခုတည်းမဟုတ်။

“နှင်းက သူဌေးသမီးမဟုတ်ပါဘူး ကိုကို၊ မမစိမ်း ဆူပြောနေတာတွေက ကိုကိုနဲ့ စကားလာလာပြောတာကို မကြိုက်လို့ ဆိုရင်တောင်မှ နှင်းဘက်က မတူဘူး၊ မတန်ဘူး ဆိုတဲ့ ခွဲခြားစိတ်နဲ့ မဖြစ်နိုင်ပါဘူး၊ ‘ကိုယ့်ဘဝကိုယ်သိ၊ ဘဝင်မမြင့်နဲ့’ ဆိုတဲ့ စကားတွေ တစ်သက်လုံး နှင်း ကြားခဲ့ရတာ နားရည်ဝနေပြီ၊ အဲဒါကြောင့် နှင်းကို ကြင်နာခဲ့တာ ကိုကို တစ်ယောက်ပဲရှိတာ၊ ဘာအကြောင်းနဲ့မှ နှင်းကို ပစ်မထားပါနဲ့ ကိုကို ခပ်စိမ်းစိမ်းနေတဲ့အခါ နှင်း သေချင်လောက်အောင်ဝမ်းနည်းတယ်၊ ဘယ်သူ ဘာပြောပြော ခံနိုင်ပေမယ့် ကိုကို မျက်မှောင်ကြုတ်ကြည့်တာတောင် နှင်း ငိုချင်တယ် သိလား”

ဒါတွေက ဟိုတုန်းကပါ။ ထိုစကားတွေကြောင့် သူ နှင်းကိုတော့ ပွေ့ပိုက်ကြင်နာခဲ့သည်။ မမစိမ်း ဘာပြောပြော ပြန်ပြောဖြစ်တာလည်း ရှိသည်။





ဒီတိုင်း မျက်နှာလွှဲအံကြိတ်နေလိုက်တာလည်းရှိ၏။ နှင်းကိုတော့ မပစ်ရက်နိုင်။ ထို့ကြောင့် ဦးလေးနဲ့လည်း တိုးတိုးကြိတ်ကြိတ်ပြောရတာတွေ ဖြစ်လာခဲ့၏။

“ကောင်မလေးဘဝကို ငါလဲသိတာပဲ ဆန်း၊ ဒါပေမယ့် လောလောဆယ် ကိုယ့်အလုပ်ရှင်က သူဌေးကြီးဦးသက်တန့် မဟုတ်ဘူး၊ ဆရာနဲ့အောင်ဇော်တို့က တို့အပေါ်မှာ စွေးထွေးတယ်၊ အောင်ဇော်နဲ့ စိမ်းတို့ နှင်းအပေါ်မှာ ဘယ် ပိုပဲဆက်ဆံဆက်ဆံ တို့ ဝင်စွက်ဖက်လို့ရတဲ့ကိစ္စလားကွ၊ နီးရာဓားကိုကြောက်ရတယ်ဆိုတဲ့စကားက သိပ်နားဝင်မချိုပေမယ့် ဒါ အမှန်တရား”

“မှန်ပေမယ့် နှင်းရဲ့ဖေဖေကလဲ ဦးလေးရဲ့အလုပ်ရှင်၊ ထမင်းရှင် ဖြစ်ခဲ့ဖူးတယ်၊ သူ့ရဲ့သမီးလေးက ကျွန်တော့်ကိုခင်တွယ်နေတယ်၊ ဦးလေးလဲ ကိုယ့်အလုပ်ကိုယ်လုပ်၊ ကျွန်တော်လဲ ကိုယ့်ဘာသာ ကိုယ့်အယူအဆနဲ့ ဘယ်လိုနေနေ တစ်ယောက်ကိုတစ်ယောက် မထိခိုက်ကြရင် မပြီးဘူးလား”

“မပြီးဘူးကွ၊ ထိခိုက်လာဖို့တွေရှိတယ်”

ဦးလေး ဒေါသတွေထဖြစ်သွားတာကို သူ နားမလည်သလို ပြန်ကြည့်မိသေးသည်။

ဦးစိမ်းအောင်နဲ့ ဦးလေး ဘယ်လိုကတိကဝတ်တွေ ရှိခဲ့ပြီးသည်ကို ဘာကယ် မသိခဲ့ရိုးအမှန်ပင်။

ကျေးဇူးတရားဆိုတာ ရန်းထွက်မလွယ်အောင် ချည်နှောင်တတ်သောကြိုးဆိုတာ သူ နားလည်သည်။ ဒါတွေကို အစကသိခဲ့လျှင် ဒီလိုတွေ ဖြစ်လာချင်မှလာလိမ့်မည်။ ခုတော့ မရိုးအီနိုင်သောလမ်းကြောင်းဟောင်းကြီးထဲမှာ ဆန်းပြားစွာ ချည်နှောင်ခံခဲ့ရသည်က ဦးစိမ်းအောင်သည့်သမီးနဲ့ လက်ထပ်ပေးချင်၍ ဒီလိုပညာတွေ သင်ပေးခဲ့ပါသည်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



'သူ အစကတည်းက ပွင့်လင်းခဲ့လို့ ဂါဘက်က ခက်နေတာ'တဲ့။ သူ ပွင့်လင်းခဲ့တုန်းက 'သူ့သမီးနဲ့ မင်းကို ပေးစားချင်လို့'လို့များ ဦးလေး ကျွန်တော့်ကို ပြောပြလိုက်ပါလား။

ဆန်း ဘာမှမတတ်နိုင်ခဲ့ပေ။ ဒီဦးလေးဟာ သူ့ရင်ထဲက လှိုက်လှိုက် လှဲလှဲနေရာပေးထားခဲ့ပြီးသည့်ထာဝရကျေးဇူးရှင်။

ဒါကို တုံ့ပြန်ကျေးဇူးမဆပ်နိုင်သေးခင် နောက်ထပ် ကျေးဇူးတွေဖြစ် နေခဲ့၏။ ကိုယ့်ရဲ့လုပ်အားနဲ့ ပေးဆပ်နေခဲ့ရတာကို ဦးလေးက သူ့ရဲ့ ကျေးဇူးရှင်ဟု သတ်မှတ်ခဲ့သည်ဆိုလျှင် ဆန်းတို့သားအဖအတွက် တစ်လျှောက်လုံး ထောက်ပံ့ကျွေးမွေးလာခဲ့သည့် ဦးလေး၏ကျေးဇူးတွေ ကို သူ ဘယ်လိုမှ ငြင်းဆန်လို့မရတော့ပေ။

'သူတို့က ငါ့ရဲ့ကျေးဇူးရှင်ပဲ'လို့ ခေါင်းစဉ်တပ်ပြီး သူတို့ကျေနပ်အောင် မင်း လိုက်လျောမှဖြစ်မယ်'ဆိုသည့် တောင်းဆိုမှုကို လက်ခံခဲ့ရသည်။

ဒါပေမယ့် ဒီအဖြစ်တွေထဲမှာ နှင်းကို အရောတဝင်မနေသင့်ဟုသော ကန့်သတ်ချက်ပါလာတာက ဆိုးရွားလွန်း၏။

နှင်းဟာ သူဌေးသမီးဆိုသည့် အမည်ခံသာသာဘဝလေးနှင့် စံအိမ် ကြီးပေါ်မှာ မျက်နှာငယ်စွာနေခဲ့ရရှာသူ။

သူဌေးရှိနေစဉ်က အမွေကိစ္စတွေ စီစဉ်ခဲ့သည်။ ရှေ့နေတွေနှင့် တိုင် ပင်ခဲ့သည် စသဖြင့် သူ ရောက်ခါစက ဦးလေး ပြောဖူး၏။

"ခုတော့ ဘာရှေ့နေမှလဲ ပေါ်မလာပါဘူး။ မဟုတ်ဘူးထင်ပါတယ် ဒီကောင်မလေးက ဒေါ်ခင်သဇင်နဲ့ရတာမဟုတ်တော့လဲ 'မြရွက်စိမ်း'နဲ့ ဘာမှမဆိုင်ဘူးလို့ သတ်မှတ်လို့ရနေတာပေါ့။ ဝိုပြီး ကံဆိုးသွားတာက သူဌေး အိပ်ရာထဲလဲကာမှ အသက်မီလိုက်ရုံပဲ၊ နှင်း ရောက်လာတာ သူဌေးကြီးက သူ့ဇနီးနဲ့သမီး နှင်းကြောင့်သေရတယ်လို့ မြင်သွားပြီးတော့ ပဲ စီစဉ်လက်စရှိတာတွေကို ပြန်ဖျက်ခဲ့တာလား၊ ဒါမှမဟုတ် ဒီမှာ အခိုင်





အမာရှိနေကြပြီးသားဆိုတော့ ပေးလို့မရတော့လို့ မပေးနိုင်ခဲ့တာလား။ ဒါလဲ ဘယ်သူမှမသိလိုက်ကြဘူး"

ဦးလေးက ကြားခဲ့တာတွေရော၊ သူ့ထင်မြင်ချက်တွေကိုပါ ပြောပြ သည်။

"အန်ကယ်အောင်တို့တော့ သိမှာပေါ့ ဦးလေးရာ"

"အေးလေ သိလို့လဲ ခုလိုအခြေအနေမျိုးနဲ့ပဲ လက်ခံထားတာ ဖြစ် ပါမှာပေါ့"

"ဒီလိုမဟုတ်ဘဲ အဖြစ်မှန်ကို တမင်ဖုံးဖိထားပြီး နှင်းကို စိတ်ဝေဒနာ သည်ဖြစ်အောင် တွန်းပို့နေတာရော မဖြစ်နိုင်ဘူးလား"

"မဖြစ်နိုင်ဘူး၊ ဘယ်မိန်းမနဲ့ပဲရရ နှင်းက ဆရာ့တူမပဲ၊ ချစ်သည်ဖြစ် စေ၊ မုန်းသည်ဖြစ်စေ စွန့်ပစ်ခါထုတ်ရအောင်ထိ မရက်စက်နိုင်လို့ပေါ့။ တစ်ဖက်မှာလဲ ဒေါ်ခင်သဇင်တို့သားအမိကို သူ ကျိန်စာတိုက်သတ်တယ် ဆိုတဲ့နာမည်ဆိုး ရှိနေတာ၊ ခုလို တည်တည်တံ့တံ့ကြီးဆက်ဆံတာ ဆရာ လွန်ပါဘူး"

ဟိုအတိတ်မှာကတည်းက အမုန်တရားပျောက်ကွယ်နေခဲ့သော နှင်း ရဲ့ဘဝ မိဘမဲ့၊ အခြေအမြစ်မဲ့သူဟု စိမ်း မကြားတကြားပြောတတ်ခဲ့သည့် သူ့ဘဝနှင့် ဘာများထူးလို့လဲ။

ဒါကြောင့် တိုးတက်မြင့်မားဖို့ သူ့ရည်ရွယ်ချက်တွေထဲမှာ ဘဝက နှစ်ခု၊ နှင်းနဲ့သူက ဘဝတူတွေပါ၊ သို့သော် ...

ရည်ရွယ်ချက်တိုင်းဟာ တကယ်ဖြစ်မလာတတ်ဘူးလား။ သူ သင်ယူ တတ်မြောက်ခဲ့သည့် စာတွေ၊ လက်တွေ့ ပညာရပ်တွေ၊ တာဝန်ထမ်း ဆောင်ရင်း ကြိုးစားစုဆောင်းနေခဲ့သည့် ဝင်ငွေလာဘ်လာဘတွေက ကိုယ်ပိုင်မဟုတ်ခဲ့လေရာ။

"ကိုကို ..."



www.burmeseclassic.com

www.burmeseclassic.com



ငိုင်တွေနေသည့် သူ့လက်မောင်းကို နှင်းက ဆွဲလှုပ်သည်။ သူ လှည့်ကြည့်လိုက်တော့ ပခုံးစွန်းပေါ်မှာ ခေါင်းလေးဖေးတင်၍ မျက်ရည်တွေကို လက်တစ်ဖက်နဲ့ပွတ်သုတ်ပစ်၏။

"နှင်းမှာ ဖေဖေ မရှိတော့ကတည်းက နှင်းကိုယ်နှင်း ဒီအိမ်ရဲ့ အရှင်သခင်ဆိုတဲ့စိတ်လဲ မထားခဲ့ပါဘူး၊ သူတို့ပဲ ရှာဖွေလုပ်ကိုင်နေတာ၊ သူတို့ ဦးဆောင်နေတဲ့လက်အောက်မှာ နှင်း က မှီခိုသူလို့ပဲ သတ်မှတ်ထားတယ်၊ မဟုတ်တာပြောတယ်ထင်ရင် မခံဟတ်တဲ့အကျင့်တစ်ခုကိုတော့ နှင်း မစွန့်လွှတ်နိုင်ဘူး"

"မတတ်နိုင်ဘူးထင်ရင် အဲဒီအကျင့်ကို စွန့်လွှတ်ရမယ် နှင်း"

ဆန်းက နှင်း လက်ဖဝါးလေးတစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်။ ကရုဏာမျက်ဝန်းများဖြင့် အတန်ကြာအောင် ငုံ့မိုးငေးကြည့်မိ၏။

"ညီမျှခြင်းရဲ့တစ်ဖက်စီကို မရောက်နိုင်သေးသဖြင့် အဖြေတစ်ခုရဖို့ တွက်ချက်နေရတဲ့စာမျက်နှာမှာ ဖျက်ရာပြင်ရာတွေတော့ ရှိမှာပဲ၊ နောက်ပြီး တွက်ခဲ့တာက အဖြေမှန်ရပေမယ့် တင်ပြလိုက်တော့ ကိုယ်တိုင်မသိလိုက်ဘဲ အဖြေမှန်ကို မရေးခဲ့မိတာမျိုးဆိုလျှင် မင်နီကြက်ခြေတွေလည်း ပါလာမှာပဲ၊ ဒါကိုနားလည်ပါ။ သူတို့က ဒီလိုဖြစ်နေတယ်ပြောရင် မဖြစ်တဲ့အကြောင်း သက်သေပြဖို့က မဖြစ်အောင်နေဖို့ပဲရှိတယ်၊ ကိုကိုပြောတာ နားလည်လား"

"ဟုတ်"

"ဒါဆိုရင် ပြန်တော့နော်"

"ဟင် ... ဘာ ..."

နှင်း ခေါင်းလေးငေါက်ညိတ်ပြလေသည်၊ ပြီးတော့ ခေါင်းခါ၏။

"နှင်း ကိုကိုနဲ့ စကားတွေပြောနေမလို့ အုန်း ကို တောင်းပန်ခွင့်တိုင်ပြီး ဆင်းလာတာ၊ သူတို့ ပြန်လာတာနဲ့ ပြန်မှာပါ"





"မဟုတ်ဘူး၊ အဲဒီလို မင်း ပျာယာခတ်နေတာကိုပဲ မြင်ချင်တာ၊ ကိုယ့်ရှေ့မှာ ဆူပူမာန်မဲပြီးခေါ် ချသွားတာကိုလဲ မကြားချင်ဘူး၊ မင်း ပြန်ပါတော့"

နှင်း မျက်ရည်တွေဝေ့ပြန်သည်။ ဒါပေမယ့် မျက်တောင်တွေ တဖျပ်ဖျပ်ခတ်ပစ်လိုက်ပြီး ခေါင်းညိတ်သည်။

"ကိုကို..."

"ပြော"

"နှင်းကို တစ်ခုတော့ ကတိပေးပါ"

"ဘာလဲ"

မျက်ချင်းမပြောသေးဘဲ သူ့မျက်လုံးတွေထဲကို တစ်စုံတရာ ရှာဖွေသလို အကြာကြီး ငေးကြည့်နေ၏။ ပြီးမှ ...

"ကိုကို မြန်မြန်ဆန်ဆန်ကြီး လက်မထပ်ပါနဲ့နော်"

"ကိုယ်လဲ မင်းလိုပဲ နှင်း၊ ကိုယ့်ဆန္ဒနဲ့ ခေါင်းညိတ်၊ ခေါင်းခါ လုပ်ခွင့်မရှိဘူး"

"ဒါဆိုရင် ... ဒါဆိုရင်လေ ကိုကို လက်ထပ်တဲ့နေ့ ..."

နှင်းက နဖူးကဆံပင်လေးတွေကို ထိုးသိပ်တင်ကာ ထိုလက်ကို ဆံပင်တွေမှာ ဖိကပ်တင်ထားရင်း ခေါင်းငုံ့ပစ်လိုက်ပြီး ...

"နှင်း ကိုကို့ဘေးမှာ ရှိနေပါရစေ"

ပြောပြီးမှ မျက်နှာလေးပြန်မော့တော့ ပါးပြင်မှာ မျက်ရည်ကြောင်းတွေ စွန်းထင်းနေလျက် ...

"နှင်းကို မင်္ဂလာခန်းမထဲထိ လိုက်ခွင့်ရအောင် ကိုကို ကူညီနော်၊ နှင်း မုန်းတဲ့သူက နှင်း ချစ်တဲ့ ကိုကို့ကို ပိုင်ဆိုင်သွားပြီဆိုတာ မျက်ဝါးထင်ထင် မြင်ချင်တယ်၊ မြင်ရမှဖြစ်မယ်၊ ရင်နာတတ်အောင်လို့ပါ"

နှင်းရဲ့ပခုံးလေးကို တစ်ဖက်ကနေ ဖွဖွလေးဖက်လိုက်မိ၏။ မျက်ရည်



www.burmeseclassic.com

www.burmeseclassic.com



တွေကိုသုတ်ပေးမလို့ လက်ပြင်လိုက်သော်လည်း ဦးလေး အိမ်ထဲဝင်သွားသည့်အရိပ်ကို မြင်လိုက်သဖြင့် လက်က ပြန်ပြုတ်ကျ၏။

"မင်းနဲ့ ကိုယ် ဘဝတူတွေလို့ ပြောပြီးပြီပဲ နှင်းရယ်၊ မငိုနဲ့ကွာ၊ မငိုတတ်ပေမယ့် ကိုယ့်ရင်ထဲမှာ ပူလောင်နေတယ်၊ အဲဒါ ငိုလိုက်တာထက် ဆိုးမယ်ထင်တယ်၊ ယုံပါ ညီမလေးရယ်၊ မင်းလိုပဲ ကိုကို ..."

သူ ရှေ့ဆက်မပြောဖြစ်ပါ။ 'ရင်ခုန်ခြင်း'ဆိုတာ တစ်ထောင့်ငါးရာသော ချစ်ခြင်းကြောင့်သာ ဖြစ်တတ်ခြင်းမဟုတ်ဘူးဆိုလျှင် နှင်းနဲ့ စတင်ပတ်သက်မိကတည်းက မခံချင်ဒေါသတွေကြောင့်၊ ကြည်နူးပီတိကြောင့် အမျိုးမျိုးသောရင်ခုန်ခြင်းတွေ သူ့မှာ ရှိခဲ့သည်။

သူတို့နှစ်ယောက်မှာ ထပ်တူညီသောရင်ခုန်သံတွေရှိနေခဲ့ကြသည်မှန်လျှင် နှင်းနဲ့သူက ရင်ခုန်ဘက်၊ တို့နှစ်ယောက်ရဲ့ ရင်ခုန်ဘက်သံယောဇဉ်ကို ဒီတိုင်းပဲထားလိုက်ရအောင် ညီမလေးရယ် .....။





## အခန်း (၁၇)

ဆန်း ဒီနေ့ အလုပ် စ,ဆင်းသည်။ ဒီအိမ်နဲ့ဒီခြံက ကားနှင့် မသွားလာချင်သဖြင့် မိတ်ဆုံစားပွဲအနေနဲ့ ဘရိတ်ဖတ်စ်ကို အပြင်မှာပဲစားမည်ဟု ပြောကာ ဘယ်သူမှမသိလိုက်ခင် သူ ထွက်သွားခဲ့၏။

ပြန်ရောက်လာတော့ 'မင်းကို စိမ်း လိုက်ရှာနေတယ်'လို့ ဦးလေးပြောသောကြောင့် ရေချိုး အဝတ်အစားလဲပြီးမှ အိမ်ကြီးဘက်ကို ကူးလာခဲ့သည်။ သို့သော် အထဲကကြားလိုက်ရသည့် ဆူညံသံများကြောင့် ခြေလှမ်းတို့က အားလုံး၏မြင်ကွင်းထဲကိုမရောက်မီ ရပ်တန့်သွားခဲ့၏။

"မဟုတ်ရပါဘူး မမကြီးရယ်၊ ကျွန်မလေ မမကြီးမှာတဲ့အတိုင်းပဲပြောပြီး အထုပ်ကို သေချာအပ်ခဲ့တာပါ၊ သူတို့ကိုယ်တိုင် အဲဒီအထုပ်မှာ မမကြီးနာမည်နဲ့ နံပါတ်စဉ်နဲ့ကပ်ပြီး သိမ်းလိုက်တဲ့အထိ သေချာမြင်လိုပါသေးတယ်"

"နင်ကသာ သေချာနေတာချည်းပဲ၊ ဒီမှာ ... ဒီအကျီက ငါ့ကိုယ်တိုင်နဲ့မှမဟုတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"မမကြီး အပ်လိုက်တဲ့ပိတ်စပဲ မမကြီးရယ်"

ခင်အုန်း က မရဲတရဲပြောသေးသည်။

"ဟဲ့ ဒီအစကို ငါ ပြောနေတာမဟုတ်ဘူးလေ၊ ဒီမှာ... ဒီမှာ ငါ့ကိုကြည့်ဦး"

လှသားပဲလို့ စိတ်ထဲမှာပြောမိပေမယ့် ခင်အုန်း နောက်ထပ်လဲ မပြောရဲတော့ပါ။

"တောက် ... ငါ ဒီလောက်သေချာအောင်လုပ်ပေးလိုက်တာတောင်မှ ဘယ်လိုလုပ်တော့မလဲ၊ ရက်က နီးနေပြီ"

"မမကလဲဗျာ နားကိုညည်းနေတာပဲ၊ ရက် ဘယ်လောက်ကပ်ကပ် ပိုက်ဆံပုံပေးလိုက်ရင် ချက်ချင်းရှေ့ရောက်အောင်လုပ်နိုင်းလို့ရတယ်"

ကွယ်ရာမှာ ကြာကြာရပ်မနေချင်တော့တာနှင့် ဆန်း အိမ်ရှေ့ကနေ တက်သွားလိုက်၏။

"ဟော ... ဆန်း လာလေ"

လှေကားပေါ်မှာရပ်နေသည့် အောင်ဇော် က ခပ်သွက်သွက်ဆင်းလာသည်။ သတို့သမီးဝတ်စုံကြီးကို ကိုယ်မှာကပ်ကြည့်နေသော စိမ်းက ကပျာကယာသိမ်းပစ်လိုက်ပြီး ရှက်ကိုးရှက်ကန်းဖြစ်နေသည်။

"လှသားပဲ မမရာ၊ ဆန်းကို ဝတ်ပြလိုက်ပါလား။ ကိုနီးယားကားထဲက လို ..."

"အို ... မဝတ်ပါဘူးဆိုမှ"

စိမ်းက မောင်ဖြစ်သူကို မျက်စောင်းထိုးပြီး အထည်တွေကို ပွေ့ပိုက်ဝင်သွား၏။ ခင်အုန်း က ကုပ်ကုပ်လေးရပ်ကျန်ခဲ့၏။

"နင်ကလဲ နင်ပဲ၊ မမဘေးနားမှာ နေလာတာ ကြာပြီ ခုထိ အထာမနပ်သေးဘူး။ ဘာဖြစ်လာတာလဲ အကျီက ..."

"ဟို ... ပွနေလို့ဆိုလား"





"သြော် ... မမကလဲ ပွနေတာများ ကျပ်ခိုင်းလိုက်ရင် ပြီးတာပဲဟာ"

"ခင်အုန်း"

"ရှင် မမကြီး"

အထဲကနေ စိမ်း၏ခေါ်သံက ခင်အုန်း သူမနောက်က ပါမလာသဖြင့် ဒေါသထွက်နေပုံဖြစ်သည်။ ခင်အုန်း ပြေးဝင်သွားပြီး သိပ်မကြာခင် ထဘီ၊ အကျီတွေ ဖရိုဖရဲပိုက်လျက် ပြန်ထွက်လာ၏။

ပြီးတော့ နောက်ဖေးဘက်ကိုဝင်မလို့ ခြေလှမ်းပြင်လိုက်လျှင် ...

"ဘာလုပ်ခိုင်းလိုက်တာလဲ"

အောင်ဇော်က လှမ်းမေးသဖြင့် ခင်အုန်း မျက်နှာမသာမယာနှင့် ပြန်လှည့်ကြည့်၍ ...

"သွားလျှော်ပစ်လိုက် တဲ့"

"ကောင်းတယ်၊ နင်တော့ အဲဒီကိစ္စနဲ့ နားပူပြီသာမှတ်ပေတော့"

အောင်ဇော် က ဆန်းဘက်ကိုပြန်လှည့်၍ ပခုံးနှစ်ဖက် တွန့်ပြသည်။

"မမ တော်တော်တင်းမှာပဲ၊ အဲဒီ ဂျပန်ပိုးတွဲကို သူ သိပ်ကြိုက်တာ"

"ဘာတွေဖြစ်ကုန်တာလဲ"

"ဝတ်စုံအပ်ခိုင်းလိုက်တာလေ၊ တခြားလူကိုယ်တိုင်းနဲ့ပါလာလို့"

"အဲဒီလိုဖြစ်တတ်လို့လား"

"မသိပါဘူးကွာ၊ မဖြစ်နိုင်တာကိုဖြစ်လာလို့ မမ ဒေါကန်နေတာပေါ့။ မင်းတို့ တစ်ခါတည်းလက်ထပ်မှာဆို"

"ဟုတ်မယ်ထင်တယ်"

"မင်းတို့ဆွေးနွေးကြတာ အဆင်ပြေတယ်မဟုတ်လား"

"အစကတည်းက မမစိမ်းသဘောအတိုင်းပဲလို့ ငါ ပြောထားသားပဲ"

'မမစိမ်းသဘောအတိုင်းပဲ' ဆိုတာ ရုတ်တရက်ကြားတော့ နားဝင်ချိုသည်။ ဒါပေမယ့် အောင်ဇော် ကတော့ ဆန်း၏မျက်နှာကို စူးခနဲကြည့်



www.burmeseclassic.com

www.burmeseclassic.com



၏။

'ငါ စိတ်မကောင်းပါဘူး' လို့ ပြောချင်တာလား။ ဒါပေမယ့် ဒီစကား ဒီမှာပဲရပ်ထားလိုက်တာ ကောင်းသည်။

"ငါ ဒီအပတ်ထဲမှာပဲ သဘောတကျရတော့မှာ"

"ဟုတ်လား"

"အင်း၊ မင်းတို့ရဲ့ မင်္ဂလာပွဲကို မတက်နိုင်လောက်ဘူး။ မပူပါနဲ့ ငါ ပြန် ရင် လက်ဖွဲ့ကောင်းကောင်း သယ်လာမှာပါ"

သူတို့ ပြောနေကြတုန်း စိမ်း ပြန်ထွက်လာသည်။ မျက်နှာကို ပြေပြေ ပြစ်ပြစ်ပြုပြင်ထားပေမယ့် ဒေါသဖြစ်ထားသည့်ရာသီဥတုက အနီရောင် ငွေ့ငွေ့ဖြင့် တင်ကျန်ရစ်၏။

နဂိုကတည်းက တည်တင်းနေတတ်သည့်နှုတ်ခမ်းသားတို့က ပြေ ပြစ်ခြင်းသို့ တိတိပပမရောက်နိုင်သေးဘဲ ဆန်းနဲ့ မျက်နှာချင်းဆိုင်မှာ ထိုင် ထိုင်လိုက်သည်။

ထိုအခါ အောင်ဇော် က အလိုက်တသိ ထ,ရပ်လိုက်ကာ ...

"ကျွန်တော် ဗိုလ်တထောင် ခဏသွားဦးမယ် မမ၊ အပြန် ပေဖော် ဝင်ကြိုခဲ့မယ်"

ပြောပြီးထွက်သွားသည်။ အနီရောင်ရဲရဲဝတ်စုံနှင့် စိမ်းက စပို့ရှပ်အပြာ ဘောင်းဘီရှည်အဖြူနှင့် ဆန်းကို ဝေ့ခနဲကြည့်၏။

တိုက်ဆိုင်တာလား၊ ဇာတ်ပြတာလားတော့မသိ၊ ကိုယ် အဖြူဆို အမည်းဝတ်ထားတတ်ပြီး ကိုယ်က နီတော့ သူက ဖြူနေပြန်သည်။

စိတ်ထဲမှာတင်းကျပ်သွားပေမယ့် စောစောက ဒေါသငွေ့တွေ စက်လာသည်ထင်ကာ စိမ်း ကိုယ့်စိတ်ကို အတတ်နိုင်ဆုံး ပြန်လျှော့ သည်။ သူမကပဲ စ၍ ...

"အလုပ်သွားတာ အဆင်ပြေရဲ့လား"





"အင်း ပြေပါတယ်၊ မမစိမ်း ခုနက လာတယ်ဆိုလို့"

"ဟုတ်တယ်"

စိမ်းက ဆန်းမျက်နှာကို စေ့စေ့ကြည့်နေပြီးမှ ...

"မနက်က မင်းအတွက် ကားသပ်သပ်ထားပေးခဲ့တယ်၊ ဘာဖြစ်လို့ အစောကြီး ထ,ထွက်သွားတာလဲ"

"မိတ်ဆွေတွေနဲ့ ချိန်းထားလို့ပါ။ နောက်ပြီးတော့ ဒီတိုင်းပဲသွားချင်လို့ လေ၊ အဲဒါ မမစိမ်းတို့ကို ပြောချင်တယ်၊ နောက်နေ့တွေလဲ ကျွန်တော့် အတွက် ကားတွေ ဘာတွေ ဘာမှမစီစဉ်ပါနဲ့၊ အစကတည်းက ..."

"အစကနဲ့ အခု မတူတော့ဘူးလေ၊ လယ်သမားက ရှင်ဘုရင် တက် ဖြစ်တာလဲရှိတာပဲ ရာဇပလ္လင်ပေါ်မှာထိုင်ပြီး ထွန်တုံးထွန်တံ ကိုင်ထားလို့ ရမလား၊ အခေါင်အယောင်ဆိုတာ ခံယူလိုက်တဲ့သူမှ ခံယူလို့ရတာ၊ မင်း ဒီလောက်ကြီးစားအောင်မြင်လာခဲ့ပြီးမှ ဒီရာထူးဂုဏ်ဒြပ်တွေနဲ့ ကားတိုးစီး တာကျတော့ လူမြင်ကောင်းတယ်ထင်လား"

"ကောင်းပါတယ်"

ဆန်းက ခပ်တည်တည်ပြန်ကြည့်ပြီး ဖြေသည်။ စိမ်းမျက်နှာ စိမ်းရဲ့ စကားလုံးတွေကို ရင်ဆိုင်ကြားမိလိုက်တိုင်း 'အခြေအမြစ်မရှိတဲ့ကောင်' ဆိုသည့် စကားတွေပဲ နားထဲဝင်နေ၏။

'အဲဒါပေါ့ မျိုးမစစ်တဲ့လူ ဆိုတာ' စသည်၊ စသော ...

"ကိုယ့်အယူအဆနဲ့ကိုယ် အဆင်ပြေနေရင် လောကကြီးက လှနေ တာပါပဲ၊ ဒီခြံထဲကထွက်ပြီး လမ်းပေါ်ရောက်တာနဲ့ ကျွန်တော်က 'မွန်း တည့်နေ'ပဲ၊ ဟိုတုန်းက မွန်းတည့်နေကို ပြောချင်တာပါ၊ အဲဒါကြောင့် ပြန်ရောက်ကတည်းက ဦးလေးနဲ့ပဲ ကျွန်တော် နေခဲ့တာ၊ နောက်တစ်ခု ပြောချင်တာက ကျွန်တော်တို့ လက်ထပ်ပြီးကြရင်လဲ ..."

"အဲဒီအချိန်ထိ မင်းက လိုင်းကားတိုးစီးမယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် အမေရိကားမှာတာဝန်ထမ်းဆောင်ရင်း စုဆောင်းထား တာ အနည်းအကျဉ်းရှိပါတယ်၊ ကားဝယ်စီးနိုင်ဖို့ထိ ဖြစ်ချင်လဲဖြစ်မယ် အဆင်ပြေသလိုပေါ့"

"အဟီးအကျပြောလိုက်ရင်လဲ ကိုကို လုမယူပါဘူး ဆန်းရယ်၊ မင်း ဟိုမှာနှစ်တွေကြာအောင် ထပ်နေပြီး စုဆောင်းလာတာတွေ တို့က ကြား ပြီးသားပါ၊ ကိုယ်ပိုင်ဆေးခန်းထောင်ဖို့ထိ မင်း ရည်ရွယ်ခဲ့တာ"

စိမ်းက ဟိုဘက်လှည့်ပစ်ပြီး မသိမသာမဲ့သည်။ ပြီးတော့ ပြန်လှည့် ကာ ...

"ခုလဲ မင်း တို့ရဲ့ကားကို မစီးချင်ရင် တို့လိုကားမျိုးလောက်တော့ အေးဆေး ဝယ်စီးနိုင်ပါတယ်၊ ဟိုကနေ တစ်ပွေ့တစ်ပိုက်ကြီးသယ်ချလာ တဲ့ ရည်ရွယ်ချက်တွေ၊ ဆုံးဖြတ်ချက်တွေ ဒီကျတော့ ဘာဖြစ်လို့ ဘာမှ မဟုတ်ဘဲဖြစ်ကုန်တာလဲ"

"မမစိမ်းနဲ့လက်ထပ်ရဖို့ဖြစ်လာလို့လေ"

"ဘာ ..."

စိမ်း မျက်နှာမှာ ဆေးနီဖျန်းပစ်လိုက်သလိုဖြစ်သွား၏။ သို့သော် မှုန် သက်သောပင့်သက်တစ်ရှိုက်ဖြင့် အကုန်လုံးကို ဆေးချပစ်လိုက်သည်။

"အဲဒီတော့ ပြောင်းလဲသွားတာက ..."

"မပြောင်းလဲပါဘူး၊ ငွေစုတာက သုံးဖို့ပဲဆိုတော့ လိုအပ်တဲ့အခါကျ ရင်တော့ သုံးရမှာပါပဲ၊ ကျွန်တော် ပြန်ခါနီးကျမှ ပြန်ရောက်ရင် လက်ထပ် ရမယ်ဆိုတဲ့အမိန့်ကို ဦးလေးက ပို့လိုက်တာ၊ မူလအစီအစဉ်ပျက်သွားပြီ နောက်ထပ်အစီအစဉ်မရှိသေးတဲ့သဘောပဲ"

"အင်း ... လက်ထပ်ပြီးရင်ကော ..."

"လက်ထပ်ပြီးမှပဲ တွေးမယ်"

စိမ်း ဟန်ဆောင်နေရင်း ရင်ထဲမှာ ဆတ်ဆတ်ခါလာ၏။ ဆန်း၏





ခပ်ရိုရိုအကြည့်တွေကို မသိလို့မဟုတ်ပါ၊ ဒါပေမယ့် ပြောင်ပြောင်တင်း တင်းပြောရဲနေတာ ကိုယ်ကလည်း တည့်တည့်ကြီးမေးလို့ဖြစ်ပေမည်။

ဘာပဲဖြစ်ဖြစ် လက်ထပ်ပွဲဖြစ်ဖို့က ဘယ်လိုမှပျက်လို့မဖြစ်နိုင်သည့် ကိစ္စ၊ ဒါ ဘာဖြစ်လို့လဲဆိုလျှင် စိမ်း ဘယ်သူ့ကိုမှ အရှုံးမပေးနိုင်။

ပထမတစ်ချက်သည် ဆန်းနဲ့နှင်းတို့ရဲ့ သံယောဇဉ်၊

နောက်တစ်ချက်က ဆန်း ဘယ်လို ဘယ်အဆင့်ထိပဲမြင့်မားပြောင်း လဲနေပါစေ 'မြရွက်စိမ်း'က ဒါဆိုလျှင် သူ ဒါပဲလုပ်ရမည်၊ တွန်းလှန်ငြင်းဆန် ပွင့်မရှိ။

ဒီအိမ်ထောင်ရေးဟာ သိမ်းပိုက်ခြင်းနှင့်ပေးဆပ်ခြင်းသက်သက်ပဲ ဖြစ်သွားနိုင်ပေမယ့် သူမ ဒါကိုပဲ ရအောင်ယူမှာဖြစ်သည်။

အချစ်ဆိုတာက သူမအသိထဲမှာ သာယာမှုသက်သက်ပဲဖြစ်၏။ သာယာခြင်းတို့ကိုလိုချင်လျှင် လိုချင်တဲ့သူက ဖန်တီးရမည်သာ။

ထိုကဲ့သို့ဖန်တီးသူဟာလည်း ဆန်းပဲဖြစ်သည်။ တစ်နေ့နေ့ တစ်ချိန် ချိန် ရှုထောင့်တစ်နေရာမှာ ဆန်းဟာ သူမ၏နူးညံ့သောချစ်ခြင်းကို လို လားစွာ ဒူးထောက်တောင်းခံလာရမည်။

ဤသို့သောပြောင်းလဲမှုများဆီကိုရောက်ဖို့ ခရီးတစ်ထောက်အလို မှာ ဘယ်လိုနာကျင်အောင့်သက်ခြင်းကိုဖြစ်ဖြစ် သည်းခံနိုင်ရမည်ဟု ကိုယ့် ကိုယ်ကို အမျိုးမျိုးနှစ်သိမ့်ချုပ်တီးထားလိုက်သည်။

ဆန်းနဲ့စိမ်းတို့ မျက်လုံးချင်းချိတ်ဆက်မိနေကြရင်း တစ်ယောက်၏ ရင်တွင်းစကားတို့ကို တစ်ယောက်က ကြားနေရသလိုပင်။

ဆန်းက မချိတရိပြုံးလိုက်ပြီး အရင်မျက်နှာလွှဲ၏။

"လက်ထပ်ပြီးမှဆိုတာကို ပြောပါဦး ဆန်းရဲ့၊ အခု စေ့စပ်ပွဲမလုပ် တော့ဘဲ လက်ထပ်ဖို့စီစဉ်နေပြီ ဘယ်အချိန်ကာလကို မင်း သတ်မှတ်မှာ လဲ"



www.burmeseclassic.com

www.burmeseclassic.com



"လက်ထပ်တဲ့နေ့ပေါ့၊ မတိုင်ခင် တစ်ရက်အလိုအထိ ကျွန်တော့်ကိုယ် ကျွန်တော် လက်ထပ်တော့မယ့်လူလို့ မသတ်မှတ်ချင်တာ"

စိတ်ထဲမှာ ထောင်းခနဲဖြစ်သွားတာ ထိန်းသိမ်းဖို့ မေ့သွားခဲ့သည်။

"လက်ထပ်မှာကို မလိုလားတဲ့သရုပ်ပေါ် အောင်လို့လား"

"မမစိမ်း မေးလို့ ကျွန်တော် ဖြေနေတာလေ၊ သရုပ်ပေါ်ဖို့ , မပေါ်ဖို့ကို တမင်ဖော်နေရလောက်အောင် လက်ထပ်ဖို့ကိစ္စက ကျွန်တော့်ခေါင်းထဲမှာ အလေးအပင် အထုပ်အထည်ကြီးနဲ့ရှိနေတာမဟုတ်ဘူး။ ပြီးတော့ မမစိမ်းနဲ့ ကျွန်တော် နှစ်ယောက်စလုံး လူကြီးတွေစီစဉ်တဲ့အတိုင်း နာခံကြရမှာ၊ ရင်ထဲမှာ ဘယ်လိုသဘောတွေရှိနိုင်ကြမလဲဆိုတာ ကျွန်တော်တို့ချင်းတော့ နားလည်ကြမယ်ထင်တယ်၊ နောက်ထပ် ဝက်ဝှက်တွေနဲ့ မေးခွန်းတွေ ထပ်မထုတ်ပါနဲ့တော့၊ စကားဆိုတာ ကြာကြာပြောရင် အမှားပါတတ်တယ်၊ ကျွန်တော် မရှင်းတတ်ရင် မမစိမ်းပဲ ဒေါသထွက်နေရမယ်"

စိမ်းက ခေါင်းညိတ်နေရင်း အေးစက်စက်ပြုံးသည်။ မဲ့လိုက်တော့ မလိုနှင့် အံကြိတ်၏။

"မမစိမ်း ကျွန်တော့်ကိုလာရှာတာ ဒါတွေမေးမလို့လား"

"မရည်ရွယ်ဘဲ မေးဖြစ်သွားတာ၊ ဘာပဲဖြစ်ဖြစ် ကိုယ့် လက်ထပ်ရမယ့်ယောကျ်ားရဲ့ရင်ထဲမှာ ဘာရည်ရွယ်ချက်တွေရှိတယ်၊ ဘဝတက်လမ်းအတွက် ဘယ်လောက်မြင့်မြင့်မားမား ကြံစည်ကြိုးစားဖို့တွေ ရှိတယ်ဆိုတာတော့ သိချင်တာ အမှန်ပဲလေ၊ တို့ လွန်လို့လား"

"မလွန်ပါဘူး၊ တိုးတက်မြင့်မားဖို့အတွက်ပဲ ကြိုးစားနေတဲ့လူတွေမှာ မနက်ဖြန်တိုင်းမှာ အစီပွာယ်တွေရှိတယ်၊ ပြောတာကိုနားထောင်လိုက်တာထက် သူ ဘာလုပ်နေသလဲဆိုတာကိုပဲ ကြည့်ပါ"

ဆန်းက ဒူးနှစ်ဖက်ပေါ်မှာ တံတောင်နှစ်ဖက်ထောက်၍ လက်ဖဝါးချင်းထပ်ဆုပ်သည်။ စိမ်းကို ခပ်စူးစူးကြည့်လိုက်ပြီးမှ ...





"ဘာအခြေအမြစ်မှမရှိခဲ့တဲ့ မိဘမဲ့ ကလေကချေဘဝနဲ့ အဆင့်အတန်းခွဲခြားတတ်တဲ့ လူ့အမျိုးမျိုးကြားမှာ လူးလိမ့်ကြီးပြင်းခဲ့ရပေမယ့် ကျွန်တော့်ဘဝကို ဒီတိုင်း သူများရဲ့ခြေကြို ခြေကြားမှာ ပစ်ချအဆုံးခံဖို့အထိ ဘယ်တုန်းကမှ မစဉ်းစားခဲ့ဘူး။ ကြိုးစားခြင်းဆိုတာ အဲဒီမှာ စခဲ့တာပဲ။ တိုးတက်ချင်တာ၊ ကြီးပွားအောင်မြင်ချင်တာ အားလုံးမှာ ဆုံးဖြတ်ချက်တွေရှိတယ်၊ သေချာတာက ဒီဆုံးဖြတ်ချက်တွေဟာ လက်ထပ်ဖို့နဲ့ ဘာမှ မဆိုင်ဘူး"

ပြောပြီး ဆန်းက ပြုံးသည်။ စိမ်း မျက်နှာထက်က သွေးသားတွေ ဘယ်လိုအရောင်ရင့်သွားသည်ဆိုသည့်အဖြစ်ကို ကျေနပ်အားရစွာ စူးစိုက်ကြည့်၏။

ဒီလိုထိုးနှက်ပြောလိုက်ဖို့ သူလည်းမရည်ရွယ်ခဲ့ပါ။ ဒါပေမယ့် ...

"ကောင်းပြီလေ၊ မင်းရဲ့ရည်ရွယ်ချက်တွေကို ထားလိုက်ပါ၊ တစ်ခုရှိတာက လက်ထပ်ပြီးပြီဆိုရင် မင်းရဲ့သဘောက တို့ရဲ့သဘော၊ တို့သဘောကိုလဲ မင်း လျစ်လျူရှုလို့မရဘူး၊ အဲဒါကိုတော့ နားလည်မှာပါ"

ဆန်းက ဘာမှမပြောဘဲ ငြိမ်နေလိုက်၏။ သူမမှာ တစ်စုံတစ်ရာပြောဖို့ ရှိနေသေးသည်ကိုလည်း တွက်မိလိုက်သည်။

"မင်းက သမားတော် ဆိုပေမယ့် တို့က အဲဒီလောက်နဲ့ မကျေနပ်နိုင်ဘူး။ လက်ထပ်ပြီးမှ မင်းက တွေးမယ်ဆိုပေမယ့်လဲ တို့က မိန်းမဖြစ်နေတဲ့အတွက် ကြိုတွေးရမှာပဲ၊ အဲဒီတော့ မင်းရဲ့ရည်ရွယ်ချက်ကို မပြောပြချင်တာ ထားလိုက်ပါ၊ တို့ရဲ့ရည်ရွယ်ချက်က မင်းကို ကိုယ်ပိုင်ဆေးခန်းဖွင့်စေချင်တယ်၊ ဒါက ဘယ်သူ့ငွေနဲ့ပဲဖြစ်ဖြစ်ပေါ့၊ အဲ ... ဒီလိုမဟုတ်ဘူးဆိုရင်လဲ အနည်းဆုံး ဆေးခန်းသုံးခုလောက် မင်း ထိုင်ရမှာပဲ၊ ဒါက မင်း သင်ယူတတ်မြောက်ထားတဲ့ ပညာဂုဏ်ပဲလေ"

ပြောနေရင်း ဆန်းကို အကဲခတ်သည်။ ဆန်းက မျက်မှောင်ကြုတ်



www.burmeseclassic.com

www.burmeseclassic.com



ထားသည့်မျက်နှာအား တစ်ဖက်လှဲထားသဖြင့် နှာတံချွန်ချွန်၏ တစ်ခြ
တစ်စကိုပဲမြင်ရသည်။ ပြီးတော့ တင်းခဲ့ တင်းခဲ့ဖြစ်သွားတတ်သည့်
မေးရိုးတစ်ဖက် ...။

ဆန်း အံကြိတ်နေတာလား၊ လက်ခံစဉ်းစားနေတာလား၊ သေချာ
စူးစိုက်အကဲခတ်ပေမယ့် စိမ်း မသိရဘဲဖြစ်နေ၏။

"မင်း စိတ်ဝင်စားရဲ့လား ဆန်း၊ တို့ ဆက်ပြောရမှာလား"

ဆန်း မျက်ခုံနဲ့လှည့်လာ၏။ ခေါင်းညိတ်လိုက်ကာ ...

"ပြောလေ၊ ကျွန်တော် စိတ်ဝင်စားပါတယ်"

" 'အောင်ချမ်းသာ'ဆေးခန်းကြီးကို မင်း သိမှာပါ။ အဲဒီပိုင်ရှင်အ
'မပေါ်'စိန်တိုက်ပိုင်ရှင် ဒေါ်မျိုးမြတ် လေ၊ တို့နဲ့ အရမ်းရင်းနှီးတယ်၊ အဲ
မှာ မင်း လခနဲ့ ..."

"လခနဲ့ ကျွန်တော် မလုပ်နိုင်ဘူး မမစိမ်း၊ ပေးရှင့်အရေအတွက်နဲ့
ကျွန်တော် လိုချင်တယ်"

"ဒီလိုပဲဖြစ်လာမှာပေါ့ကွ၊ ဒါပေမယ့် မင်းမှာ နာမည်မရှိသေးဘူး
လိုချင်တဲ့လခအတိုင်းသာပြောပြီး အနည်းဆုံး နှစ်လဖြစ်ဖြစ် ..."

"အဲဒီနှစ်လမှာ အလကားထိုင်ပေးလိုက်ရင်ရော မဖြစ်ဘူးလား"

"မင်း ဘာဖြစ်လို့ အတိုက်အခံလုပ်နေတာလဲ ဆန်း၊ တို့က ဒီလိုပုံစံမျိုး
တော်တော်ဆွေးနွေးခဲ့ရတာ"

"အဲဒါ မမစိမ်း မှားတာပေါ့၊ အလုပ်လုပ်မယ့်သူက မမစိမ်းမှ မဟုတ်
တာ"

ပြောချင်တာက 'ကျွန်တော်က မမစိမ်း မောင်းနှင်နေတဲ့ ကားတစ်စီး
လား၊ နွားတစ်ကောင်လား၊ မှားပြီ' ဆိုသည့်စကား၊ ဒါပေမယ့် ...

"ဒီမယ် မမစိမ်း လက်ထပ်ပြီးလို့ သက်ဆိုင်ချုပ်ကိုင်နိုင်တယ်ဆိုတာ
မှန်ပါတယ်၊ ဒါပေမယ့် အဲဒါမှာလဲ ဘောင်တစ်ခုတော့ရှိတယ်၊ မမစိမ်းအ





အခု ဘာမှမဟုတ်ကြသေးဘဲ ချုပ်ကိုင်ထားနှင့်နေတာ စိတ်မကောင်း
စရာပဲ၊ ကျွန်တော် ပေးလိုက်နိုင်တာ ဒီခန္ဓာ ဒီဘဝပဲ၊ စဉ်းစားဆုံးဖြတ်ခွင့်
တွေ မပါဘူး"

ပြောပြီးသည်နှင့် ဆန်းက ထရပ်လိုက်သည်။ တခြားသူကို မော့ငေး
ရမှာ ဝန်လေးတတ်သည့် စိမ်းကလည်း မျက်နှာချင်းဆိုင် ထရပ်လိုက်
ပြီး ...

"မပါလို့မရဘူးနော်၊ ခုဖြစ်ဖြစ်၊ လက်ထပ်ပြီးရင်ဖြစ်ဖြစ် အိမ်ထောင်မှု
တာဝန်ဆိုတာ မင်း ထမ်းရမှာပဲ၊ အဲဒီလိုဖြစ်တဲ့အခါမှာလဲ မင်း ထင်ရာလုပ်
ခွင့်မရှိဘူး"

ဆန်းက ခြေလှမ်းပြင်လိုက်ပြီးမှ ပြန်ငဲ့ကြည့်ကာ ...

"မမစိမ်း ဆန္ဒစောနေလို့ပါ၊ သေချာပြန်တွေးကြည့်လိုက်ပါဦး"

ပြောပြီး ခြေလှမ်းကျဲများနှင့် လှမ်းထွက်လာခဲ့သည်။

ဒီမိန်းမနဲ့ ဘယ်လိုအဆင်ပြေအောင်နေမလဲ ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

"အို ... သုံ့များ သွားပေးစရာလား အုန်းရယ်၊ နှင်းကိုပေးပါ၊ နှင်းလိုချင်တယ်"

"လိုချင်တိုင်းယူလို့မရဘူးလေ၊ အုန်းတောင်မှ သိမ်းမထားရဲလို့ ပေးပစ်ရမှာ၊ မမကြီး ပြန်တောင်းမယ်မှတ်လို့ ယူသိမ်းထားတာ၊ ခုတော့ မလေးရှားဝတ်စုံ ဝယ်ပြီးပြီတဲ့၊ လက်ထပ်ဖို့ကလဲ အခု စေ့စပ်ရုံပဲလိုလိုဖြစ်ပြန်ပြီ၊ ဒီဝတ်စုံကြောင့်ဆိုရင် ငါတော့သေပါပြီဟယ်၊ မမကြီး ငါ့ကို လုံးဝကျေနပ်မှာမဟုတ်ဘူး"

ဝတ်စုံကိုရှေ့ချပြီး ခင်အုန်းက ငိုတော့မတတ်ဖြစ်နေသည်။ နှင်းမျက်လုံးတွေကလည်း ဝတ်စုံဆီမှာပဲဖြစ်ကာ မနေနိုင်သည့်အဆုံးမှာ သိမ်းကျုံးပွေ့ပိုက်ယူလိုက်ကာ ...

"ဟဲ့ ... အို ... မလုပ်နဲ့"

"အုန်းရယ် မမစိမ်းကလား မကျေနပ်တာကို ဒီလိုမျိုးသိပ်ပြီးနေမှာ အစက ဒေါသဖြစ်ချင်ဖြစ်မယ်၊ အခု မင်္ဂလာပွဲကိစ္စနဲ့ နောက်ထပ်ဝတ်စုံတိုပဲ စိတ်ဝင်စားနေရတာနဲ့ အုန်းကို ဒေါသဖြစ်ချိန်မရတော့ဘူး။ ပူမနေနဲ့ ဒါကို နှင်းပဲယူသွားတော့မယ်"





ခင်အုန်း အလန့်တကြားဖြစ်သွားကာ ခုတင်ပေါ် ကနေ ဆတ်ခနဲ ထရပ်၏။ အခန်းထဲကထွက်ခွာတော့မလိုဖြစ်နေသည့် နှင်းလက်ကိုလည်း ဆွဲထားကာ ...

"ဒါကြီးယူပြီး ဘာမှလဲလုပ်လို့ရမှာမဟုတ်ဘဲနဲ့၊ မယူပါနဲ့ နှင်းလေးရယ်၊ လိမ္မာတယ်နော်"

"လူကို ကလေးချော့သလိုချော့မနေပါနဲ့၊ အသက်ပဲ အစိတ်သုံးဆယ်ရှိနေပြီ၊ မသိတာ ဘာမှမရှိဘူး မမစိမ်း မလိုချင်ဘူးဆိုလို့ နှင်း ယူတာ၊ သူက လွှင့်ပစ်လိုက်ဆိုလို့ အုန်းက နှင်းကိုပေးလိုက်တယ်၊ အဲဒါ ဘာဖြစ်လို့လဲ၊ ဖယ်ပေး..."

နှင်းက အုန်းလက်ကို တံတောင်နှင့်တိုက်ချပစ်ခဲ့ပြီး ထွက်လာခဲ့သည်။ သူများကတော့ထင်လိမ့်မည်။ သတို့သမီးဝတ်စုံကြီးကို ပိုက်ပွေ့ပြီး ကလေးဆန်နေသည်၊ တစ်စုံတစ်ခုကို စွဲလမ်း၍ ရူးသွပ်နေပြီဟု ...။

သူမ ကလေးမဆန်ပါ၊ ရူးသွပ်တာလည်းမဟုတ်ပေ၊ သူများပစ်ပယ်သည့်ဝတ်စုံကို အရူးအမူးလိုချင်ရလောက်အောင် အတွေးမတိမ်ပါ။

တကယ်တော့ ဒီဝတ်စုံက ကိုယ့်ဝတ်စုံပဲ၊ ကိုယ့်ရဲ့ကိုယ်တိုင်းနဲ့ အကျအနဖြစ်မြောက်လာခဲ့တဲ့ဝတ်စုံ၊ ကိုယ်သာပိုင်ရမှာဖြစ်သည်။

သတို့သမီးဖြစ်ရမည့် သူမအတွက် မဟုတ်ခဲ့ဘဲ သတို့သမီးမဟုတ်သော ကိုယ့်အတွက်ဖြစ်နေသည်၊ ဘာဖြစ်လဲ ...။

အခန်းထဲမှာ ဝတ်စုံကိုဝတ်ပြီး မှန်ရှေ့မှာ ရှေ့ပြန်နောက်ပြန် ဘယ်လိုကြည့်ကြည့် မဝနိုင်၊ ခုခေတ် ကိုရီးယားစတိုင်လ်တွေ ခေတ်စားနေကြတဲ့အထဲမှာ မမစိမ်းက ရှုရှားပုံ ချုပ်ထားသည်။ အစားထပ်ဝယ်လိုက်တာလည်း ရှုရှားမိတ်ပဲတဲ့။ ဘာဖြစ်ဖြစ် ဘယ်လိုဒီဇိုင်း၊ ဘယ်လိုဆန်းမှုန်ငိုတာတွေ နှင်း များများစားစားမသိတော့၊ ဒီဝတ်စုံလေးကိုပဲ သဘောအကျကြီးကျမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ပျော့ပျော့ကပ်ကပ်လေးနှင့်ပြောင်နေသည်။ ဇာတွေကို လက်နှစ်လုံးလောက်အနားတွန့်လေးတွေအဖြစ် ရင်ညွန့်ကနေ တင်သားလေးတွေအထိ တွန့်ရှုံ့ထည့်ထား၏။

အပေါ် ထပ်အင်္ကျီအရှည်မှာ ပုလဲသီးလေးတွေချိတ်ထားသကဲ့သို့ ဂျိုသေးသည်။ အရမ်းကြီးပြောင်လက်နေတာမဟုတ်ဘဲ မရိုင်းမယဉ်လေးနဲ့ လှ၏။ မမစိမ်း သေချာပုံဖော်ပြီး အပ်ထားတာလည်း သေချာပါသည်။

နှင်း ဆံပင်တွေကို လိပ်တင်ကြည့်လိုက်၊ ဖြေချကြည့်လိုက်။

"ဒီဝတ်စုံနဲ့က ဆံပင်တွေကိုတင်ထားမှလှမှာပါ"

တစ်ယောက်တည်းပြောမိပြီး ရယ်မိပြန်သည်။ ပြီးတော့ ဒါက သတို့သမီးဝတ်စုံဆိုတာကြီးကို သတိရရင် မျက်နှာလေးပျက်သွား၏။

မှန်ထဲမှာ သူမ မဟုတ်တော့ဘဲ မမစိမ်းနဲ့ ကိုကို ...

မဟုတ်ဘူး။ ရင်ထဲမှာ ဒိန်းခနဲဆောင့်ခါသွားသည်။ ဘာလဲ ...၊ ဤသို့ပူလောင်လှိုက်ခါရပုံမျိုး နှစ်ကြိမ်တိတိ ခံစားခဲ့ဖူးပြီ။

တစ်ကြိမ်သည် မမစိမ်းကိုပဲ လက်ထပ်တော့မှာဟု ကိုကို ဝန်ခံခဲ့စဉ်က ဖြစ်၏။

ပြီးတော့ ခု နှင်း အံကြိတ်နေရင်း ရယ်၏။

"ဟွန့် ... ဟား ဟား"

ရယ်သံက ငိုသံတွေဖြစ်နေပြီလား ...

"ဟား ဟား ..."

နှင်း မျက်နှာမော့ပစ်လိုက်ပြီး ပီပီပြင်ပြင်ဖြစ်အောင် ထပ်ရယ်လိုက်သည်။ ပို၍ကျယ်အောင်ရယ်၏။ သူတို့ကျတော့ မလိုချင်ဘဲနဲ့ ဘာဖြစ်လို့ရကုန်ကြတာလဲ။

ချစ်လည်းမချစ်ဘဲနဲ့ လက်ထပ်နိုင်ကြတယ်၊ ငါကျတော့ ကိုကို့ကိုအရမ်းချစ်ခဲ့ရပြီး ...





"ဟွန့် ..."

မျက်ဝန်းမှာ မျက်ရည်တွေပြည့်သိပ်လာခဲ့ပြီး နှုတ်ခမ်းမှာ ပြုံးရိပ်ထင်နေဆဲ ...။

"ဘာရမလဲ နှင်းသက်တန့်ပဲဟာ၊ မမစိမ်း အခု ဘာတတ်နိုင်သေးလဲ၊ ဒီဝတ်စုံကို နှင်းရဲ့ကိုယ်တိုင်းနဲ့ထွက်လာအောင် နှင်း လုပ်ခဲ့လိုက်တာက မမစိမ်း မသိခဲ့ဘူးမဟုတ်လား၊ အဲဒါပဲ သိလား။ ကိုယ့်ကိုယ်ကို အတော်ဆုံး အတော်ဆုံးလို့ ဘယ်တော့မှ မတွက်ရဘူး"

"မိနှင်း ..."

ခေါ် သံကြမ်းကြမ်းနှင့်အတူ တံခါးက ဂျိမ်းခနဲဆောင့်ပွင့်သွား၏။ ခန်းထဲကရယ်သံတွေကြားလိုက်သဖြင့် ဒီရှေ့မှာ အောင်ဇော် ရပ်ပြီးနားစွင့်နေခဲ့တာ ကြာပြီဖြစ်သည်။

မျက်နှာပြင်မှာ ဒေါသကြောင့် ညိုမှောင်နေ၏။ နှင်းက လှည့်ကြည့်ပြီး လုံ့မလဲမျက်နှာလေးတစ်ချက်ဖြစ်သွားပေမယ့် ခပ်တည်တည်။

"နှင် ... နှင်က တမင်တကာ သူခိုးကျင့်သူခိုးကြံလုပ်လိုက်တာပေါ့ ဟုတ်လား။ မမရဲ့ မင်္ဂလာဝတ်စုံကို ကိုယ်တိုင်းတွေများထည့်ပေးလိုက်တာ င်ပေါ့"

"ပြောမိလို့လား"

"နှင် ..."

"မကိုင်ပါနဲ့"

အောင်ဇော် က ရှေ့တိုးကာ ဆွဲလွှဲဆောင့်ခါပစ်ဖို့ရွယ်၏။ နှင်းက တ်ထုတ်ခါချပစ်လိုက်ပြီး နောက်ဆုတ်သည်။

"နှင်ဟာ အရူး အရူးနဲ့ အိမ်ဦးချေးတက်ပန်းတဲ့သူ၊ ဒီကိစ္စ မမ သိရင် း မလွယ်ဘူး သိလား"

"ဘာမလွယ်ရမှာလဲ၊ သူ့ဟာသူဖြစ်လာတာ၊ ဖြစ်လာဖို့ အခြေအနေ



www.burmeseclassic.com

www.burmeseclassic.com



ကိုက ဖန်တီးလာတာ၊ နှင်းလုပ်တာမဟုတ်ဘူး”

“နင်လုပ်တာ၊ နင်ပဲ အခုပြောနေတာမဟုတ်လား။ ငါ့မှားနဲ့ ဆတ်ဆတ်ကြားပြီးပြီ၊ ဒီဝတ်စုံကိုရတော့ နင် ဘာလုပ်မှာလဲ၊ ဘာလုပ်နိုင်မှာမို့လို့လဲ ပြော...၊ ဆန်းကိုများ နင် ကြိုက်နေသလား မိနှင်း”

နှင်းမျက်နှာ နီရဲတင်းမာသွား၏။

“ဒီဝတ်စုံကို ခုလိုဝတ်ခွင့်ရတာနဲ့ပဲ ဆန်းကို နင် ပိုင်ရမယ်လို့ စိတ်ကူးယဉ်နေတာလား၊ သွားပြီ ... ခုမှ ရှုးတာ၊ နင် ရှူးနေပြီ သိလား”

“ဟုတ်တယ်၊ ရှူးနေတယ်ပဲ ထားလိုက်ပါ”

နှင်း မျက်ရည်တွေ ဝေ့ခနဲတက်၏။ ထိုစဉ် အောင်ဇော်နောက်မှာ ခင်အုန်း၏အရိပ်လေးကို ဖျတ်ခနဲမြင်လိုက်ရပြီး ပြန်ပျောက်သွား၏။ အနားပဲ ရပ်နားထောင်နေမည်လား၊ မမစိမ်းကို သွားခေါ်နေတာလား။

ဘာပဲဖြစ်ဖြစ် ခင်အုန်းဟာ ပြဿနာကို ကြီးထွားအောင် ဖန်တီးလိုသူမဟုတ်ပါ။

ဒီအိမ်မှာ နှင်း ပြဿနာရှာသည်၊ နှင်းပဲရှူးသည် ဘယ်သူတွေ ခေါင်းစဉ်တပ်တပ် ခင်အုန်းကတော့ ကြင်နာစွာ ဂရုစိုက်မပျက်၊ စကားလည်းမများခဲ့ပေ။

ကိုယ့်ကိုယ်ကို သခင်မတစ်ပါးလား၊ အစေအပါးလား ဘာမှန်းမသိခဲ့သောဘဝမှာ ဘာလိုလို ချိုးဖဲ့နှိမ်ချသောစကားတွေကိုလည်း နှင်း မချေပနိုင်ခဲ့ပါ။

ကြေကွဲ၍နာကြည်းသောမျက်ရည်တို့က တရစ်ရစ်ပြည့်တက်လာကြ၏။

အောင်ဇော်နှင့် သူနိုင်ကိုယ်နိုင် အပြိုင်ကြ၍ စူးစိုက်အားပြိုင်နေခဲ့ရင်း မျက်ရည်လွှမ်းခဲ့သော သူမ၏မျက်ရည်များကသာ အရှုံးပေးခဲ့ရရင်း ...

“အရှူးဆိုတော့ နှင်းက လုပ်ချင်ရာလုပ်မှာ”





ဟု မေးဖျားလေးပင့်၍ စိန်ခေါ်ပြောကာ ...

“ဘာလုပ်မယ်ထင်လဲ”

ဟု တစ်ခွန်းချင်းမေးသည်။ အောင်ဇော် မျက်လုံးကြီးပြူးပြဲသွား၏။

“နင်က မင်္ဂလာပွဲကို ဖျက်ချင်သေးလို့လား၊ ရက်ပိုင်းလေးပဲလိုတော့တာ”

အောင်ဇော် ပျာယီပျာယာဖြစ်သွားလျက် ...

“ဒီဝတ်စုံကိစ္စကို ငါ မေ့လိုက်မယ်၊ နင် ဝတ်ချင်လို့ ယူထားတယ်လို့ပဲထားလိုက်ပါ၊ မမနဲ့ဆန်းရဲ့ မင်္ဂလာပွဲကိုတော့ မဖျက်ဆီးပါနဲ့ ငါ ... ငါ စိတ်ကောင်းဝင်လို့ တောင်းပန်နေတာနော်၊ ဒါတွေ လူကြီးတွေသိကုန်ရင် နင် မလွယ်ဘူး”

နှင်းက နှုတ်ခမ်းလေးမဲ့၍ မျက်နှာလွှဲ၏။ အောင်ဇော်က သတို့သမီးဝတ်စုံနှင့် နှင်းကို မယုံနိုင်စွာငေးမောလျက် ...

“မနက်ဖြန်ဆို ငါက သွားရတော့မှာ၊ မင်္ဂလာပွဲကို မတက်နိုင်တော့ဘူး၊ ငါ စိတ်ဖြောင့်ဖြောင့်သွားပါရစေ”

“သွားလေ ... သွား၊ ဖြောင့်ဖြောင့်တန်းတန်းသွား၊ ကိုကြီး ဒီအိမ်ကို ဘယ်တော့မှပြန်လာရတော့မှာမှမဟုတ်တာ၊ ကျန်ခဲ့တဲ့လူအတွက် နောက်ဆံတင်းနေရင် ရေစက်ချတာတောင် သာခုမခေါ်နိုင်ဘဲဖြစ်နေမှာပေါ့”

“ဘာ ...”

အောင်ဇော် ကိုယ်ကြီးတုန်ခါသွားသည်။ ငယ်ထိပ်တည့်တည့်ကို မိုးကြိုးဆယ်စင်းလောက် တစ်ပြိုင်တည်း ပစ်ချလိုက်သည့်အတိုင်း .....။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

"ဒေါက် ဒေါက် ဒေါက်"

နောက်ကပြေးရင်းခေါ်သည့်အသံကြောင့် ဆန်း ခြေလှမ်းတုံ့သွားကာ နောက်ပြန်ကြည့်လိုက်သည်။

ဒေါက်တာညိုမီသော်က ဆွဲခြင်းလေးတစ်ဖက်နှင့် တစ်ဖက်က အဖြူရောင်အိတ်လေးကိုဆွဲလျက် ...

"ဟား ဟုတ်တယ်၊ စိတ်တွေများနေတာ၊ အိတ်ကို သတိမရဘူး သင့်ခ်ယူ ဒေါက်တာ"

ပြန်လှည့်လျှောက်သွားကာ ဆန်း ပျာပျာသလဲပြောရင်း အိတ်ကို ပြောင်းယူလိုက်၏။ ညိုမီသော် က ရယ်လျက် ...

"သူများတွေခေါ်သလို မီလို့ပဲ ခေါ်ပါ၊ ဒေါက်တာ"

"ဟုတ်ကဲ့၊ ကျွန်တော့်ကိုလဲ ကိုနေ့လို့ပဲခေါ်ပါ"

"ဒါဆို ဆရာစန်းလွင် ခေါ်တဲ့ ဆန်း ဆိုတာကရော ..."

ဆန်းက ရယ်လိုက်ပြီး ခေါင်းညိတ်သည်။ ညနေခြောက်နာရီခွဲပြီ





အပြင်လူနာဆောင်ရှေ့ ကော်ရစ်ဒါလေးမှာ လူရှင်းနေသည်။ နှစ်ယောက် အတူလျှောက်ခဲ့ကြရင်း ...

"ဟုတ်ပါတယ်၊ နာမည်က 'မွန်းတည့်နေ့'လေ၊ နာမည်ကိုမှည့်ပြီးမှ ခေါ်တော့လဲ စိတ်တိုင်းမကျဖြစ်တယ်ထင်ပါရဲ့ဗျာ၊ 'နေ့'ကိုပဲ အင်္ဂလိပ်လို ပြန်ကောက်ပြီး 'ဆန်း'ဖြစ်သွားတာ၊ ကျွန်တော်လဲ ဒီလောက်ပဲသိတယ်"

"ဩော် ..."

ဘာရယ်မဟုတ်ဘဲ ရယ်ဖြစ်ကြသည်။

"မွန်းတည့်နေ့လဲ လှတာပဲ၊ ရဲရင့်တောက်ပမှုတွေ၊ စူးရှထွင်းဖောက်ခြင်းတွေအပြည့်နဲ့"

"မီ ပြောမှပဲ ကိုယ့်နာမည်ကို ဂုဏ်ယူရကောင်းမှန်းသိတယ်"

"တကယ်ပြောတာ၊ ဆန်း ဆိုတာလဲ အဓိပ္ပာယ်ရှိတာပဲ၊ အားလုံးကောင်းပါတယ်၊ မီလေ ဒေါက်တာ့ကို အဲ ... ကိုနေ့ကို ဆရာကြီးမိတ်ဆက်ပေးလို့ တွေ့ဖူးကတည်းက ခင်မင်စိတ်ဖြစ်ခဲ့တာ၊ ရယ်ပြုံးနေတာမဟုတ်ဘဲနဲ့ ကိုနေ့ပုံစံက တည်ကြည်နေတာ"

"ဟောဗျာ တစ်ခုခုတော့ ဝယ်ကျွေးမှထင်တယ်"

"မြင်တဲ့အတိုင်းပဲပြောတာပါ။ မိတ်ဆက်ပွဲမှာပဲ လက်ထပ်ပွဲပါ အဖိတ်ခံလိုက်ရတော့ ပိုထူးခြားသွားတာပေါ့"

ဆန်းက ခေါင်းငုံ့လျှောက်ရင်း ပြုံးနေသည်။ ညိုမီသော် က မျက်နှာငုံ့ထားသည့် ဆန်းကိုပဲ မကြာခဏ ငဲ့ကြည့်ကာ ...

"ဝတ်စုံလေးက အရမ်းလှတာပဲနော်"

"ဗျာ ..."

ညိုမီသော် က သူမကိုယ်တိုင် လိုက်ပို့ပေးထားသည့် ဆန်း ကိုင်ထားသော အဖြူရောင်အိတ်လေးကို မေးဆတ်ပြကာ ...

"ဒီထဲကဝတ်စုံလေးကိုပြောတာ၊ ဟို... ဖြန့်ကြည့်လိုက်တာမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူးနော်၊ စားပွဲပေါ်မှာ အိတ်ကလေးမြင်လိုက်တော့ ဘယ်သူကျန်ခဲ့တာလဲ ဆိုပြီး မတွေးတတ်တာနဲ့ နည်းနည်းလေး အစဆွဲထုတ်ကြည့်လိုက်တာ အဲဒါ သတို့သမီးဝတ်စုံမြင်လိုက်လို့ ကိုနေ့ ပစ္စည်းမှန်းသိပြီး လိုက်ပြေးပေးတာလေ"

"သြော် ..."

"ဝတ်စုံကို နှစ်ယောက်အတူတူဝယ်ကြတာမဟုတ်ဘူးလား၊ ကြည့်ရတာ ကိုနေက အမျိုးသမီးကို အရမ်းချစ်ပုံရတယ်နော်၊ ဒီအိတ်ကို မီ ဆွဲပြီး ထွက်လာတော့ မမသက်ကလဲပြောတယ်၊ ဟုတ်တယ် အဲဒါ ဒေါက်တာ ပစ္စည်းတဲ့၊ ဒါကို ခဏခဏထုတ်ကြည့်နေတာတဲ့"

ပြောတော့ ဆန်းက ရယ်သည်။ ညိုမီသော်က ဆန်း ဝန်ခံနေသည် ထင်ကာ ...

"မီတို့ကြားသလို ယေ်သူငယ်ချင်း လက်ထပ်ကြတာဆို၊ ဟုတ်လား ဟင်"

ဆန်း မျက်နှာကွက်ခနဲပျက်သွား၏။ ညိုမီသော် ခြေလှမ်းချင်း ခလုတ် တိုက်သွားသဖြင့် ဆန်းမျက်နှာကို သတိမထားမိလိုက်ပေ။ ဆေးခန်းထဲ ကထွက်တော့လည်း မီ က ဆန်း ဘေးမှာပဲပါလာကာ ...

"မီ စပ်စုတာမဟုတ်ဘူးနော်၊ မီတို့ကျတော့ ငယ်သူငယ်ချင်းအချင်း ချင်း မေတ္တာမျှခဲ့ကြပေမယ့် ပေါင်းခွင့်မကြုံခဲ့ရဘူး၊ ကိုနေရဲ့၊ အဲဒါကြောင့် ကိုနေတို့အစား ပီတိဖြစ်နေမိတယ်"

"မဟုတ်ပါဘူး မီရယ်၊ လက်ထပ်မှာက ငယ်သူငယ်ချင်းမဟုတ်သလို ဒီအိတ်ထဲကဝတ်စုံကလဲ သတို့သမီးဝတ်စုံ မဟုတ်ပါဘူး"

"ဟင် ... အို ... ဆောရီး ဆောရီးနော်"

ဆန်းက ပြုံးလိုက်ပြီး ခေါင်းညိတ်သည်။

"ရပါတယ်၊ ဝတ်စုံက ညီမလိုချစ်ရတဲ့ မိန်းကလေးတစ်ယောက်





အတွက်ပါ။ ကျွန်တော့်မင်္ဂလာပွဲမှာ ကျွန်တော် ဝယ်ပေးတဲ့ဝတ်စုံလေးနဲ့ ဘက်စေချင်တဲ့စိတ်ကူးဖြစ်လာလို့ ဝယ်လာတာ၊ သတို့သမီးဝတ်စုံ ဘယ် ဆိုနေမှန်းတောင် ကျွန်တော် မသိဘူး"

"ဟင် ..."

ညိုမီသော် တအံ့တသြမော့ကြည့်သည်။ ဆန်းက ကားမှတ်တိုင်သို့ သွက်လက်စွာလှမ်းရင်း စကားဖြတ်ဖို့ကြိုးစား၏။

"မီက လိုင်းကားစီးပြီးပြန်တာလား"

"ဟင့်အင်း၊ ခါတိုင်းတော့ ကားလာကြိုပါတယ်၊ ဒီနေ့က နောက်ကျ နေတော့ လာမကြိုနဲ့လို့ ဖုန်းဆက်လိုက်တာ၊ ကိုနေ ပြန်တဲ့အတိုင်း လမ်း သင့်တော့ အဖော်ရှိတာနဲ့ ..."

ပြောပြီး မီက ရယ်သည်။ ဆန်း ခပ်ယဲ့ယဲ့ပဲပြုံးဖြစ်၏။

ခင်မင်ဖို့တော့ကောင်းပါသည်။ စပ်စုတာလေးတစ်ခုကလွဲလျှင် ...



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

"သမီးရယ် သစ်ခွတိုင်တွေလိုချင်တယ်ဆိုလဲ ဖေဖေ့ကိုပြောပါလ ဧည့်ခံပွဲလုပ်မှာနဲ့ပဲ ဒီလောက်အများကြီး သိမ်းကျုံးဝယ်ဖို့မလိုပါဘူး။ စီစဉ်ပေးလို့ရတာပဲဟာ"

ခြံထဲမှာ အလုပ်သမားတွေ ပြင်ဆင်လှုပ်ရှားနေကြတာကို လက်ဝိုး ကြည့်ရင်း ဦးစိမ်းအောင် က ဝေဖန်သည်။ စိမ်းက ဦးစိမ်းအောင်လက် ကို အိုဗာင်းဖျော်ထားသည့်ကြွေခွက်ကလေးထည့်ပေး၍ ထိုဆီကို လှ ကြည့်ကာ ...

"ဧည့်ခံပွဲလေးဆိုပေမယ့်လဲ ဒါက တစ်သက်မှာတစ်မင်္ဂလာပဲ ဖေ ပွဲပြီးတာနဲ့ ဖြုတ်ချ ထပ်သိမ်းပြီး ပြန်ယူသွားကြတာကို မကြိုက်ဘူး"

"သမီးရယ် ဒါက အခမ်းအနားပြင်ဆင်ဖို့ ငှားရမ်းကြတာ သဘာဝ"

"သမီးကတော့ ဘာမှမငှားချင်လို့"

ခွတ်တရွတ်ဆန်ဆန်ပြောလိုက်တော့ ဦးစိမ်းအောင် က သမီးဖြ ကို ပြန်ကြည့်သည်။ တစ်ခါတလေ သမီးကလည်း နားလည်ရခက်





တွေ ထထလုပ်တတ်၏။ စိတ္တဇဆန်ဆန် ပြောဆိုနေထိုင်သည့် နှင်းကို ဖက်ပြိုင်ကာ အနိုင်မခံ၊ အရှုံးမပေးတွေဖြစ်လိုဖြစ်၊ စကားများ ပေါ်သထွက် ကာ လက်သီးလက်မောင်းတန်းနေတာတွေလည်း မကြာခဏပင်။

ကိုယ်သွားနေတဲ့လမ်း၊ ကိုယ်ရည်ရွယ်ထားတဲ့ပန်းတိုင် အားလုံးကို မြင့်မြင့်မားမားထားပြီးနေကာမှ ဒီလောက်လေးတွေကို ဘာဖြစ်လို့ မှုယူ ခံစားနေမှာလဲ။

နှလည်း မင်္ဂလာပွဲစီစဉ်နေသမျှ သူမသဘောကျ၊ တစ်ယူသန်။

စားပွဲ၊ ကုလားထိုင်၊ ပန်းအိုး၊ ပန်းခွဲ အားလုံးကို လိုက်ဝယ်သည်။ လူပေါင်းများစွာကို တည်ခင်းဖို့ နေရာထိုင်ခင်းတွေစီစဉ်လိုက်ရတာ နည်း လို့လား။

ဒီလိုအပြင်အဆင်တွေကို အပိုင်ဝယ်ပြီးပြဝ်တယ်ဆိုတာ တစ်သက်နဲ့ တစ်ကိုယ် မကြားခဲ့ဖူးပါ။ စီးပွားရှာတယ်ဆိုတာ ကဲ့ ဉာဏ်ဝီရိယနဲ့ပဲ ဆိုင် သည်။ ငါရှာနိုင်လို့ ငါ ဖြုန်းတာဆိုသည့် မာန်မာနနဲ့ အသုံးနဲ့အဖြုန်း မှ မခွဲခြားတော့ဘူးဆိုရင်တော့ ...

"သမီး နှလုပ်နေတာ ဖေဖေ အမြင်မတော်တာရှိလို့လားဟင်"

ဦးစိမ်းအောင် အတွေးဝင်နေတုန်း စိမ်း၏မေးခွန်းက ရုတ်တရက် ဝင်လာသည်။

အမြင်မတော်တာရှိလို့ ပြောရင်ရော 'ဟုတ်ကဲ့' ခေါင်းညိတ်ပြီး အလွယ်တကူ ပြုပြင်သွားမှာမို့လို့လား။ ဒါပေမယ့် ...

"ဒီလိုရှိတယ် သမီးရဲ့၊ ဒီပွဲမှာ ငွေကုန်ကြေးကျခံရတာရော စီစဉ်တာ ကြီးကြပ်ကာ အဆုံး ဖေဖေတို့ အဲ ... သမီး ဦးဆောင်နေတာ၊ တဖြည်း ဖြည်း ပေါ်လွင်နေတယ်၊ သားငယ်ကလဲ မင်္ဂလာရက်ကပ်ကာမှ ခရီးထွက် သွားရတယ်လေ၊ ဖေဖေကလဲ ထောင့်စေ့အောင် ဝင်မကူနိုင်ဘူးမဟုတ် လား၊ အထူးသဖြင့် ဆန်းကို ဘယ်နေရာမှာမှမတွေ့ကြဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သူကလဲ ခုမှ ဆေးရုံစရဆင်းရတာပဲ ဖေဖေရဲ့၊ သူ့အလုပ်နဲ့သူ အသားကျအောင်လုပ်နေရတဲ့အချိန်လေ"

အစကတော့ ဘာလေးညာလေးနဲ့ တကယ်တမ်း မင်္ဂလာပွဲ ဖြစ်မြောက်ရေးကို အားသွန်ခွန်စိုက်ကြိုးပမ်းနေရှာသည့် ကိုယ့်သမီးကိုပင် အံ့သြလာခဲ့မိသည်။

ဒီလောက်မာနကြီးပြီး အထက်စီးဆန်ဆန်နေခဲ့သည့်သူက ဆန်းကိုတောင် နားလည်ပေးလို့။ ဖခင်ဖြစ်သူအကြည့်ကို နားလည်ကာ စိမ်းက အရှုံးမပေးသည့်မဲ့ပြုံးလေးနှင့် ...

"သူ နေပါစေ၊ သမီး ရင်းနှီးခဲ့ရသမျှ ဘာမှ အလကားမဟုတ်ဘူး၊ သူ ပြန်ပေးရမှာ"

ဦးစိမ်းအောင် နားရောမျက်စိရော လည်သွား၏။

"သမီးတို့ခေတ်လူငယ်တွေရဲ့ အယူအဆ၊ အတွက်အချက်ကိုတော့ ဖေဖေ မသိဘူး၊ ဒါပေမယ့် ဒီပွဲကိုဖြစ်မြောက်ဖို့ ဖေဖေတို့ကပဲ အားသွန်ခွန်စိုက် လုံးပမ်းနေခဲ့တဲ့သရုပ်ကြီး ပေါ်လွင်နေတာ မတင့်တယ်ဘူးလို့ ဖေဖေ ထင်တယ်၊ အခု သမီးကိုက ဆန်းကို ဘာမှမပြောမဆိုဘဲထားတာလား၊ ဆန်းက ဘာသိဘာသာနေနေတာလား"

"နှစ်ခုလုံးပဲထင်တယ်"

စိမ်းက လက်ကလေးဖွဖွပိုက်ကာ ဝရန်တာတန်းတွေနားထိ လျှောက်သွား၏။

"ဖေဖေက အဲဒီလိုထင်တာလား၊ သမီးတွက်တာ အဲဒီလိုမဟုတ်ဘူး၊ ဒီပွဲကို သမီးအင်အားနဲ့ အလုံးစုံ ပြီးစေရတဲ့အတွက် သမီးရဲ့စကားတစ်ခွန်း တစ်သွေးတစ်မိနစ်အောက်မှာ ဘာမဆိုပြီးရမယ်၊ သမီးနဲ့သူ ပေါင်းသင်းသွားသမျှ ဒီမင်္ဂလာပွဲမှာ တာဝန်မကျေခဲ့တဲ့သူဟာ မပြီးမဆုံးနိုင်အောင် ပေးဆပ်ရင်း နောင်တတွေရနေရမယ်"





ဦးစိမ်းအောင် မျက်နှာကြီး မကြည်မလင်ဖြစ်သွား၏။

"မဟုတ်တာ သမီးရယ်၊ ဖေးမကြင်နာဖို့ လက်ထပ်တဲ့ဟာ ကြိုးတုပ်အကြွေးတောင်းဖို့မှမဟုတ်ဘဲ၊ စိတ်ကူးယဉ်ဆန်ဆန်စကားတွေကို အကောင်အထည်ဖော်ဖို့မကြိုးစားပါနဲ့ သမီးက မိန်းကလေး"

"မမကြီး ... အဲ ..."

ဝရန်တာတံခါးမှာ ခင်အုန်း သုတ်သီးသုတ်ပျာရောက်လာပြီးမှ သားအဖနှစ်ယောက်စလုံးရှိနေတာကိုမြင်တော့ တုံ့ခနဲရပ်သွားပြီ ...

"ဖုန်း ... ဖုန်းလာတယ် မမကြီး"

"ဟင် ... ဘယ်ကဖုန်းလဲ"

"ဟို ... အစ်ကိုလေးဆီက ..."

"ဇော်ဆီက ..."

"မမကြီး ..."

စိမ်းက ဖုန်းကိုင်မလို့ ခြေလှမ်းပြင်လိုက်လျှင် ခင်အုန်းက စိမ်းရှေ့ဘနေ ပြေးရပ်ထားလိုက်ကာ ...

"မမကြီး ..."

နောက်ထပ် တုန်ယင်ဆို့နင့်စွာခေါ်ပြီး မျက်ရည်တွေ ဝေ့သီလာ၏။

"ဘာလဲ၊ ဘာဖြစ်တာလဲ၊ ဖုန်းလာတယ်ဆို"

"ဟုတ်... ဟုတ်ပါတယ်၊ ခု ချသွားပါပြီ၊ ဟို... ဟိုလေ... အစ်ကိုလေးဆက်တာမဟုတ်ဘူး"

"ဟဲ့ ... ဘာတွေလဲ၊ ပြောစမ်းပါ မြန်မြန်"

"ပြောလိုက်လေ"

ဦးစိမ်းအောင် တစ်စုံတစ်ရာကိုစိုးရိမ်လာကာ အနားတိုးလာရင်း ဆူမိသည်။ ခင်အုန်းက ပါးတစ်ဖက်မှာစီးကျလာသည့်မျက်ရည်ကို သုတ်ပစ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကာ ...

"အစ်ကိုလေး ဆုံး... ဆုံးပြီတဲ့"

"ဘာ ..."

"ဟာ ... အစိပ္ပာယ်မရှိ ..."

စိမ်း နောက်ကို ယောင်ယမ်းဆုတ်ရပ်ကာ ခေါင်းတွင်တွင်ခါသည် ဒါ ဘယ်လိုမှမဖြစ်နိုင်။

"ဟုတ်ပါတယ် မမကြီးရယ်၊ သင်္ဘောကရန်ကုန်ကထွက်သွားပြီး နဲ့ မလေးရှားမှာ ညတောင်မအိပ်ရသေးဘူး မုန်တိုင်း သင်္ဘောပေါ်က ပြု ကျတာတဲ့"

"အဲဒီလိုမှုးရလောက်အောင် ဇော် မသောက်ဖူးဘူး။ ဒါ ... ဒါ လုံး မဖြစ်နိုင်ဘူး"

စိမ်း သွေးရူးသွေးတန်းငြင်းကာ မင်္ဂလာပွဲကိစ္စအတွက် ပြင်ဆင် ကြသော ပုံရိပ်တွေဆီ မျက်လုံးက ရောက်သွားသည်။ မင်္ဂလာပွဲမဟု တော့ဘဲ အသုဘအခမ်းအနားအတွက် တိတ်ဆိတ်စွာလှုပ်ရှားနေ သလိုပင်။

ဒါ မဟုတ်ပါစေနဲ့ သဟင်းမှားတာပဲဖြစ်ပါစေ ...။

"စိတ်ကိုထိန်းထား သမီး၊ ဒီကိစ္စ သေချာသိရအောင် ဖေဖေမေး

ဦးစိမ်းအောင် ခြေလှမ်းတွေက မပြေးရုံတစ်မယ်ပင်။ စိမ်း နောက် ပြေးလိုက်ဖို့ပြင်လိုက်လျှင် ခင်အုန်းက လက်ကိုဆွဲထားလိုက်ကာ --

"မမကြီး ..."

ပြောဖို့ပါးစပ်ပြင်ရင်း နှင်းမျက်နှာလေးကို ဖျတ်ခနဲမြင်မိတော့ စိတ် မှာမကောင်းနိုင်။ ဒါပေမယ့် လူတစ်ယောက်လုံးကြီး သေရတဲ့အထိ တော့ ...





"နှင်းလေ ... နှင်း ..."

"ဘာ ... နှင်း ဟုတ်လား၊ ပြောစမ်း နှင်း ဘယ်လိုပါလာတာလဲ၊ ဘာပြောပြန်ပြီလဲ"

"သူက ..."

ခင်အုန်းသည် သူမ ကြားခဲ့သည့်အတိုင်း ပြောပြရင်း ငိုလည်းငို၏။ စိမ်း အသားဆတ်ဆတ်တုန်ကာ တက်ခေါက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

"ရေတောင်မချိုးနိုင်ဘူး၊ ဒါက ဘယ်ကိုလဲ"

"နှင်းကို စာအုပ် သွားပေးမလို့"

သိသားပဲလို့ စိတ်ထဲမှာပြောဖြစ်ကာ ဦးထွေး မျက်နှာပျက်၏။ ဆန်း သွားမည့်ရှေ့ကနေမဖယ်ဘဲ ဒီတိုင်းရပ်နေလျက် ...

"မင်းကွာ ဟိုမှာ အသုဘကိစ္စနဲ့ လူတိုင်း သောကများနေကြတာ"

"ကျွန်တော်လဲ နေ့ရော ညရော ဝိုင်းကူပေးနေတာပဲ၊ သူတို့ငိုတိုင်းတော့ လိုက်ငိုနိုင်မလား ဦးလေးရာ၊ နှင်း က ပညာတစ်ပိုင်းတစ်စနဲ့ အရှုံးလွှတ်တော့မယ်၊ ဒီနှစ် သူ့ကို ဆက်ဖြေခိုင်းမလို့"

ပြောလေ ကဲလေမို့ ဦးထွေး ဒေါကန်သွားသည်။ ကလေးမဟုတ် ပွေးမဟုတ်နဲ့ ပြူးပြဲအော်ငေါက်နေမှပဲ သိမှာလား။

"နာရေးဖြစ်နေတာကို သိပါတယ်၊ စာမေးပွဲဖြေဖို့ကလဲ အချိန်လွန်သွားရင် တစ်နှစ်ထပ်စောင့်ရပြန်ရော၊ ပထမနှစ်တောင် အောင်ထားပြီး





ကာမှ နှမြောဖို့ကောင်းလို့ပါ၊ တစ်နှစ် နှစ်နှစ်နဲ့ ဘွဲ့ရသွားမယ့်ဟာ ဒါလေးတော့လုပ်ပေးရမှဖြစ်မယ်"

တောင်းပန်သလိုလိုနှင့် ငြင်းဆန်နေတာဖြစ်သည်။ လေးစားဟန်ပြပြီး စော်ကားနေတာလို့ပဲမြင်လာ၏။ ဦးထွေး မျက်နှာကြီးတင်းနေသည့်တိုင် ဘာမှလည်းမပြောဖြစ်ပါ။

"ကျွန်တော် အမေရိကားမှာ အလုပ်တွေကြိုးစားလုပ်ကိုင်ပေးခဲ့တာ..."

"မပြောနဲ့တော့"

ဦးထွေးက ဆုံးအောင်အပြောမခံဘဲ ပိတ်ပစ်သည်။ ဆန်း က ကိုင်ထားသည့်စာအုပ်ထုပ်ကြီးကို ပန်းစင်လေးပေါ် လှမ်းပစ်တင်လိုက်ပြီး လက်နှစ်ဖက်ကို ဘောင်းဘီအိတ်ထဲ ထည့်၏။

ဒီနေ့ဆို အောင်ဖော် ဆုံးခဲ့တာ ရက်လည်ပဲဖြစ်သည်။ မှောင်ရီဖျိုးဖျ ညနေအိ၏အောက်မှာ 'မြရွက်စိမ်း'က စိမ်းစိုနုသစ်ခြင်းတွေ ပျောက်ဆုံးနေသလိုပင်။

ပန်းချီကားဆန်ဆန်လှ၍ မဟာဆန်အောင် ခမ်းနားထည်ဝါသည့် တိုက်ကြီးက ခြောက်သွေ့မှုကြောင့် ဒဏ္ဍာရီဆန်နေသည်လား ...။

လှူ သိပ်မများလှပေမယ့် ခြံထဲမှာ ဝရန်တာမှာ ပြတင်းတံခါးတွေမှာ လှုရိပ်တွေ အမြဲရှိနေတတ်သည့် 'မြရွက်စိမ်း'။

နေ့လား၊ ညလား ခွဲမရလောက်အောင် မီးရောင်တွေထိန်ထိန်ညီးနေခဲ့ခြင်းတွေအားလုံး ခုတော့ မီးရောင်တွေလည်းမြင်၊ ပြတင်းတံခါးတွေလည်း ဘယ်တံခါးမှ ပွင့်မနေခဲ့ပေ။ သူ လှမ်းကြည့်တော့ ကျောပေးရပ်နေသည့် ဦးထွေးကလည်း နောက်ပြန်ငဲ့ကြည့်လိုက်ကာ ...

"အရေးတကြီးကိစ္စ ဆိုတာ လူတိုင်းမှာရှိကြတာမှန်တယ်၊ ဒါပေမယ့် ဖြေရှင်းကြတဲ့အခါမှာ လူမှုရေးဘောင်ဆိုတာ ရှိတယ်ကွ၊ [illegible]ယူသန်



www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်ကောင်းဆုံးဖြတ်တာဟာ လူမှုရေးစိတ်ဓာတ် အညံ့ဖျင်းဆုံးပဲ။ အထူးသဖြင့် ဒီပြဿနာကြောင့် လက်မထပ်ဖြစ်သေးတာပဲရှိတယ်၊ စိမ်းက မင်းရဲ့ဇနီးလောင်း”

ဆန်း မျက်မှောင်ကြုတ်သွားရင်း တစ်ဖက်လှည့်၏။

“အောင်ဇော် က မင်း မတော်ရသေးတဲ့ယောက်ဖပဲ၊ အခု သူတို့ မွေးနေ့ပွဲကျင်းပနေကြတာမဟုတ်ဘူး၊ အသုဘကိစ္စ ...”

“ကျွန်တော် ...”

“မင်း ကောက်လှေ့ာက် မဆိုင်သလိုနေလာခဲ့တာမဟုတ်လား၊ မကူညီရင်နေ မနှောင့်ယှက်ရဘူး၊ ငါ ရှင်းရှင်းပြောမယ်ကွာ သူတို့က နင်းကို သိပ်လိုလားကြတာမဟုတ်ဘူး။ ဒါလဲ သဘာဝကျပါတယ်၊ ဆရာကိုယ်တိုင်က သူဌေးကြီးနဲ့ဆွေနီးမျိုးစပ်ပဲတော်တာလေ၊ နင်း ရောက်လာပုံက သွေးရင်းပေမယ့် အားလုံးနဲ့ လုံးဝစိမ်းသက်နေခဲ့တာကိုး”

“ဘာပဲဖြစ်ဖြစ် ဒီအိမ်၊ ဒီခြံမြေဟာ သူနဲ့လဲသက်ဆိုင်နေတာပဲ ဦးလေး။ မိသားစုအတွင်းရေးကို ကျွန်တော် မဝေဖန်ချင်ပါဘူး၊ ဒါပေမယ့် တွက်ကြည့်ရင် သူတို့က နင်းကို ဖယ်ကြဉ်ရမှာမဟုတ်ဘူး”

“မဖယ်လို့လဲ ဒီလိုဒုက္ခတွေ ပေးနေတဲ့အထိ ...”

“ဘာဒုက္ခလဲ ဦးလေး။ လူတွေ သေတာ၊ ကျူးတာ၊ ကန်းတာ ကံတရားနဲ့ပဲဆိုင်တယ်၊ ကျွန်တော်တို့ဆရာဝန်သမားတော်တွေတောင်မှ တချို့ဆိုရင် တိုင်းရင်းဆေးနဲ့တွဲကြည့်၊ တွဲမြင်တာရှိတယ်၊ ကံနှာဝဋ်နာ ဆိုတာကို ထည့်တွက်တယ်၊ လူတစ်ယောက်ကို သူလိုလူတစ်ယောက်က နေ သေစေ၊ ရှင်စေ သတ်မှတ်ပေးလို့ရသလား”

“ဟာ ... မင်းက တရားတစ်ဖက် ဓားတစ်ဖက်တော့ ပြောနေပြီး ထပ်သိသင့်တာတွေကျတော့ ဘာဖြစ်လို့ ကျော်လွှားသွားတာလဲ”

“မကျော်ပါဘူး၊ ကျွန်တော် ဘာသာရေးနဲ့ပဲပြောတာ၊ ကံ၊ ကံ၏





အကျိုးကိုလဲ နားလည်တယ်၊ ဦးလေးလဲ အဲဒီလိုဖြစ်စေချင်တာ”

“ဒါဖြစ်ဖို့လဲမလိုဘူးကွ၊ သူတို့ကို မင်း သွားပြော၊ သူတို့က နာရေးကိစ္စတွေပြီးရင် ဒီကိစ္စ ရှင်းကြလိမ့်မယ်၊ မင်္ဂလာကိစ္စကို အကန့်အသတ်မရှိ ရွှေ့ဆိုင်းပစ်လိုက်တာလဲ ဒါကြောင့်ပဲဖြစ်မယ်လို့ ငါ ထင်တယ်”

ဘာဖြစ်ဖြစ်ပေါ့ ဆိုသည့် ခပ်ပြေပြေမျက်နှာနှင့် ဆန်း က စကားအကြောင်း အပြီးမသတ်သေးဘဲ တင်ထားသည့်စာအုပ်ထုပ်ကို လှမ်းယူလိုက်သည်။ ပြီးမှ ...

“အဲဒါတွေက ကျွန်တော်နဲ့မဆိုင်ပါဘူး၊ ဘာတွေရှင်းရှင်း ဘယ်လိုလုပ်ကြလုပ်ကြ လက်ထပ်ပြီးတဲ့အခါမှာလဲ နင်းရဲ့ကျောင်းစရိတ်အစစကို ကျွန်တော်ပဲ တာဝန်ယူမှာ”

“ဘာကွ”

“စိတ်ကျန်းမာရေးကြောင့် မဖြေနိုင်းတော့ဘူးလို့ သူတို့ တရားဝင်ကြေညာထားတာလေ၊ အဲဒါကြောင့် နင်း ပညာတစ်ပိုင်းတစ်စနဲ့ ဖြစ်သွားခဲ့တာ၊ သူ ဘယ်လိုပြောပြော ဘယ်သူကမှလဲ ဂရုမစိုက်ကြဘူး”

“ဆန်း အခုက အောင်ဇော် သေရတာ ဘာဖြစ်လို့လဲဆိုတာ မင်း သိတယ်နော်၊ မင်းက ...”

“ကျွန်တော် လက်မခံဘူးလို့ ပြောပြီးပြီပဲ၊ နင်း ဘာမှမဖြစ်ဘူး၊ သူတို့ ပြောသလိုမဟုတ်ဘူးဆိုတာလဲ ယုံတယ်၊ ဘာဖြစ်ဖြစ် နင်းရဲ့ပညာရေးကို ဆုံးခန်းတိုင်စေဖို့ ရည်ရွယ်ချက်တွေ ဟိုမှာကတည်းက ခိုင်မာခဲ့တာ”

“ဆန်း ... မင်းက ဒီကောင်မလေးဘဝအတွက်ပဲ၊ မင်းဘဝတိုးတက်အောင်ကြိုးစားခဲ့သလိုပါလား”

တအံ့တသြကြီးမေးပေမယ့် ဆန်း က နှုတ်ဆိတ်နေ၏။ ဝန်ခံနေတာလား။ ဦးထွေး ဆန်း ဘေးကိုတိုးရပ်သည်။ မျက်လွှာပင့်ကြည့်ပြီး ဆန်းက ဟိုဘက်လှည့်၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်း... မင်းကွာ အဓိပ္ပာယ်မရှိ လုံးဝကို အဓိပ္ပာယ်မရှိဘူး"

မချင့်မရဲခံရခက်နေသည့်အသံနှင့် ဦးထွေး ကျွတ်ခနဲဖြစ်လိုက်၊ ခေါင်းခါလိုက်၊ ဂုဏ်ခနဲနဲ့ ဘာက်လိုက်ပြောနေတာမဟုတ်ပေမယ့် ဆန်းကို ကောင်းစားစေချင်၏။ စိမ်းနဲ့ နှင်းရဲ့ သာလွန်ကောင်းမွန်မှုတွေကို နှိုင်းယှဉ်ခွဲခြားတာတော့မဟုတ်ပါ။ ဒါပေမယ့် မညံ့စေချင်တာတော့ အမှန်ပဲဖြစ်သည်။ လူဆိုသည့်အမျိုးကလည်း ခွေးချင်းကိုက်တာတောင် ကိုယ့်ခွေးက နိုင်မှကြိုက်တတ်တာမျိုး၊ ကိုယ့်ဥမှကိုယ့်ဥ ဆိုတာတွေ၊ ကိုယ့်လက်ပူမှ ပူမှန်းသိ စသဖြင့် ဘယ်လိုစကားပုံနဲ့နှိုင်းယှဉ်ပြောရမှန်းပင် မသိတော့သေးဒါမှမဟုတ် ...

သူလည်း ဆန်းရဲ့မိဘမို့ ဆန်း ကို ဆင်စီးပြီးမြင်းရံတာပဲ မြင်ချင်တယ် ပြောလျှင် မလွန်နိုင်ဘူးထင်သည်။ နှင်း ကို အထင်မသေးရက်ပေမယ့် အထင်ကြီးဖို့လည်းမရှိပေ။

ဆန်းနဲ့နှင်းတို့ ရင်းနှီးတွယ်တာခဲ့ကြတာတွေကို ကြားသိမြင်တွေ့နေခဲ့သော်လည်း ဆန်းရင်ထဲမှာ ဒီကောင်မလေးကို ဒီလောက်ထိ နေရာပေးခဲ့ပြီးမှန်း ဘယ်လိုလုပ်တွေးမိမှာလဲ။

ဦးထွေး ဆန်း လက်မောင်းကို ဆုပ်ကိုင်လိုက်ပြီး ...

"ဆန်း ... မင်း အသိခေါက်ခက် အဝင်နက်တာမျိုး မလုပ်ပါနဲ့ မင်းသိနေတာက မှန်ချင်မှန်နေလိမ့်မယ်၊ ဒါပေမယ့် အားလုံးရဲ့ အမှန်တရားကိုပဲ မင်း ရွေးရမှာ၊ ကိုယ့်ဆန္ဒပြည့်ဖို့တစ်ချက်အတွက်နဲ့ ခဏလေးအတွင်းမှာ ဆုံးဖြတ်ချက်မှားသွားရင် မင်း တစ်သက်လုံး ..."

"နေပါစေ ဦးလေး၊ ကိုယ့်ခန္ဓာကိုယ်ကိုတောင် ကိုယ်ပိုင်တာမှမဟုတ်တာ၊ ဘဝတစ်လျှောက်လုံးမှာ ကိုယ်ဖြစ်ချင်တိုင်းဖြစ်လာခဲ့တာလဲ တစ်ခုမှ မရှိဘူး။ ကျွန်တော့်ဘဝမှာ ကိုယ့်ဒုက္ခသောကကို ပယ်ရှားဖို့ထက် သူများရဲ့သောကကို ကြည့်မနေချင်တဲ့ဆန္ဒက ပထမ၊ အဲဒီ သူများဆိုတာ နှင်း





ဆိုတဲ့ ကောင်မလေးပဲ"

ဦးထွေး လက်မှိုင်ချသွားသည်။ ဆန်း က ဆက်ပြောနေ၏။

"သူနဲ့ကျွန်တော်က ဘဝတူ၊ ကျွန်တော် ပထမဆုံးရင်းနှီးတွယ်တာခဲ့တဲ့ သူစိမ်းမိန်းကလေး၊ ဆွေမျိုးဉာတိဆိုတာလဲ ဦးလေးကလွဲပြီး ရှိခဲ့တာမဟုတ်တော့ သူ့ကို ကျွန်တော် ခင်တွယ်ခဲ့တာ၊ ဘယ်လိုပုံစံမျိုးမှန်းမသိဘူး။ ဒါပေမယ့် မဖျောက်လိုက်နိုင်ဘူး။ ဦးလေးဖြစ်စေချင်သလို ပေးနိုင်တာက ဘဝ၊ ကိုယ်ဖြစ်ချင်တာကို လိုချင်သေးတာက ရင်ဘတ်က၊ နှင်း ကျွန်တော့်ဘေးမှာပဲရှိမှဖြစ်မယ်၊ သူ ပညာသင်ရမယ်၊ ကျွန်တော် ကက်ထပ်ပြီးတဲ့အခါ ကျွန်တော့်ရဲ့ညီမ၊ ဘယ်သူ လက်ခံခံ၊ မခံခံ ဖြစ်ချင်သလိုဖြစ်ခွင့်ရဖို့ ကြိုးစားသွားမယ်ဆိုတာ ရည်ရွယ်ချက်တွေပဲ"

"ဆန်း ..."

ဦးထွေး တစ်စုံတစ်ရာ ထပ်ပြောဖို့ကြိုးစားစဉ် အိမ်ကြီးဆီမှ ဆူညံသံ တွေ ပျံ့လွင့်လာ၏။

"အား"

"ဝုန်း"

"မိနှင်း လာခဲ့စမ်း"

ရူးရှသည့်အော်သံတွေကြောင့် နှစ်ယောက်စလုံး လှည့်ကြည့်လိုက်ကြ၏။ ထိုအချိန်မှာ အသံတွေ ခဏတိတ်သွားပြီး ...

"ဝုန်း"

"ဟင် ..."

"နှင်း"

အောက်ထပ် နောက်ခန်း၏ ခြောက်ပေါက်မြောက်ပြတင်းတံခါး ဝုန်းခနဲ ပွင့်သွားသည်။ ထိုအခန်းသည် နားခန်းသပ်သပ်ဖြစ်ကာ ပစ္စည်းပစ္စယ လည်း သိပ်မရှိ။ ထောင့်မှန်ပုံရှိနေသော ပြတင်းတံခါးတွေမှာလည်း သံပန်း



www.burmeseclassic.com

www.burmeseclassic.com



မရှိပေ။

ဒါပေမယ့် နှစ်ယောက်စလုံးဟာ မြက်ခင်းပေါ်မှာမဟုတ်ဘဲ မြေဖြင့် အထက်မှာ အတော်မြင့်၏။ ထိုအပေါ် တံခါးတစ်ပေါက်မှာ နှင်း ပုံရိပ်လေး လှစ်ခနဲပေါ်လာ၏။

"နှင်း ... ဟိတ် ..."

နှင်း ခုန်ချတော့မှာကိုသိကာ ဆန်း လက်ထဲကအထုပ် လွှတ်ကျသွား၏။

"မလုပ်နဲ့"

အပေါ်ထပ်မဟုတ်သော်လည်း အနိမ့်အမြင့် အကွာအဝေးက နည်းတာမဟုတ်။ ဦးလေး ဆွဲလိုက်သည့်လက်ကို သူ ခါထုတ်ပစ်ခဲ့မိသည်ထင်၏။ နဖူးထက်က ဆံပင်တွေ တိမ်းပါးလွင့်ပျံကုန်သည်အထိ သူ တအားပြေးသည်။

"ကိုကို ..."

"ခုန်မချလိုက်နဲ့"

"ဟင့်အင်း"

နှင်း က နောက်ကို ဖျတ်ခနဲလှည့်ကြည့်ကာ ချက်ချင်း ခုန်ချပစ်လိုက်သည်။

"ဟာ ..."

"အား ..."

ဆန်း မမီလိုက်ပါ။ နှင်း သည် သမံတလင်းပေါ်သို့ ဖုတ်ခနဲကျသွားကာ အဝတ်စတစ်စလို ပုံလျက်လေးအတိုင်း ငြိမ်သက်သွား၏။

"နှင်း ..."

"မိနှင်း ..."

"ဒီသတ္တဝါလေး ငါတို့ကို ဒုက္ခပေးပြန်ပြီ"





နှင်းကို ဆန်း ပြေးပွေ့လိုက်သည်နှင့် နှင်း ခုန်ချခဲ့သည့် အခန်းပြတင်းမှာ ဦးစိမ်းအောင်တို့သားအဖ၏မျက်နှာတွေ ပေါ်လာကြသည်။ ပြီးတော့ ရှေ့ကနေပတ်၍ပြေးလွှားလာကြသော မျက်နှာစိမ်းညှိသည့်နှစ်ယောက်နှင့် ခင်အုန်း။

"နှင်း ... ဟေ့ ... နှင်း ထစမ်း၊ နှင်း ..."

"အင်း"

နှင်းကို သူ မေးဖျားလေးကနေ ကိုင်လှုပ်၍ အတင်းနှိုးတော့ သတိရလာ၏။

"ဟင် ..."

သူမ မျက်လုံးဖွင့်လိုက်စဉ်မှာ အနားရောက်လာပြီဖြစ်သည့် လူစိမ်းတို့၏ မျက်နှာတွေကို မြင်လိုက်ရသဖြင့် နှင်း လန့်ဖျပ်ကာ အတင်းရုန်းထသည်။

"မလိုက်ဘူး၊ မသွားဘူးနော်၊ ဒါပဲ"

ဘာဖြစ်ကြမှန်းမသိသော်လည်း နှင်း မတ်တတ်မရပ်နိုင်ရှာပေ။ ခြေထောက်တစ်ဖက် ထော့နင်းဖြစ်လျက် ထွက်ပြေးမလို့ပြင်ပြီးမှ ဆန်းကို လှည့်ကြည့်ပြီး နောက်မှာကွယ်ရပ်လိုက်၏။

"ဆန်း ... ဆန်း ဖယ်ပေးလိုက်လေ"

နောက်ထပ် အသံကြားလို့ကြည့်လိုက်တော့ စိမ်းတို့သားအဖပဲဖြစ်သည်။ ပန်းရောင်ဝတ်ထားသည့် စိမ်းမျက်နှာက အနီရောင်ပိတ်စလို ဖြစ်နေ၏။ မိန်းမလှတစ်ယောက်၏ဒေါသကို ဆန်း မျက်ဝါးထင်ထင် တွေ့ဖူးခြင်းပဲဖြစ်၏။ တကယ်ကို မလှပပါ။

"သူကတော့ ဒီအတိုင်းပါပဲ၊ ဆေးကုခံဖို့ဆိုရင် ဘယ်တော့မှ အသေ တကြည်မရှိခဲ့ဘူး၊ ကျွန်မတို့ ချော့မော့ပေးပါ့မယ်ရှင်"

စိမ်း က လူစိမ်းနှစ်ယောက်ကို လှည့်ပြောပြီး ဆန်းရှေ့ကို ရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



ပါ။

"ဟင့်အင်း ဟင့်အင်း၊ နှင်း မလိုက်ဘူး၊ နှင်း ဘာမှမဖြစ်ဘဲနဲ့ ကိုကို ကယ်ပါဦး၊ နှင်းကို သူတို့က အရူးဆိုပြီးတော့လေ ..."

နှင်း က ဆန်း ခါးကို နောက်ကနေ သိမ်းကျုံးဖက်ကာ အတင်းအော်သည်။ အော်ရင်း ငိုသံပါ၏။ နှင်း လှုပ်ရှားတိုင်း ဆန်း၏ကိုယ်က ယိမ်းယိုင်နေရကာ ...

"နှင်း ငြိမ်ငြိမ်နေ စိမ်း၊ ဘာမှမပြောနဲ့ ခဏနေ"

"နေလို့ရမလား ကိုကိုရဲ့၊ သူတို့က နှင်းကို အရူးလို့စွပ်စွဲပြီး ဆေးရုံပို့ကြမလို့၊ မလိုက်ဘူး"

"ဘာမလိုက်ဘူးလဲ မိနှင်း၊ ညည်း ဒီဘက်ကို ထွက်ခဲ့စမ်း"

"မိနှင်း ထွက်ခဲ့ လာ၊ အန်ကယ်လ်အောင် ပြောနေတယ်နော်၊ ထွက်ခဲ့"

"ဟင့်အင်း"

နှင်း က ဆန်း ကို ဖက်ထားတာမလွှတ်ဘဲ ခေါင်းတွင်တွင်ခါနေ၏။

"ခင်ဗျားက သူ့လက်တွေကိုဖယ်ချပြီး ဘေးထွက်ရပ်လိုက်ပါဗျာ"

"ဟုတ်ပါဘယ် ဘူမောင်၊ လူနာကို ချော့မော့ဖျောင်းဖျပေးပါ"

ညီသည်နှစ်ယောက်က ပြောရာပြောကြောင်း တိုက်တွန်းသလိုလိုနှင့် မျက်လုံးတွေကတော့ အပြစ်တင်နေတာ အထင်းသားပင်။ ဆန်း ၏ အကြည့်က စိမ်း ဆီသို့ တိုက်ရိုက်သွားကာ ...

"နှင်းက ဘာဖြစ်လို့လဲ မမစိမ်း"

"ကယောင်ချောက်ချားတွေပြောပြောပြီး ဒုက္ခပေးနေတာလေ၊ ညည ဆိုလဲ ကောင်းကောင်းအိပ်တာမဟုတ်ဘူး၊ ပြောချင်တာကြာပြီ၊ ငိုလိုငိုရယ်လိုရယ်"

"မမစိမ်းတို့က နှင်းကို ယိုပိုမယ်၊ ဒီပိုမယ် ပြောနေတာကိုး၊ နှင်း ဘာမှ





မဖြစ်ဘူး ကိုကို"

"ဟိတ် တိတ်တိတ်နေစမ်း"

ဦးစိမ်းအောင် အလွန်အမင်းဒေါသထွက်နေသည့်မျက်နှာကြီးနှင့် အော်သည်။ ဒီအိမ်မှာ လူငယ်တွေ သင့်မြတ်ခြင်း၊ မသင့်မြတ်ခြင်းနဲ့ပတ်သက်ပြီး ဘာမှ စွက်ဖက်ပါဝင်ခြင်းမပြုဘဲနေတာဦးစိမ်းအောင်ပဲဖြစ်သည်။

ဘယ်သူဘက်ကမှမပါသလို ဘယ်လိုနေပါ၊ ဘယ်လိုထိုင်ပါ ဘာဆို ဘာမှ မပြောခဲ့ပေ။ အဘူးသဖြင့် နှင်း တစ်ယောက်တည်းသာပဲ မဆက်ဆံချင်တာမျိုး။ ထို့ကြောင့် နှင်းနဲ့ပတ်သက်ဘာ ဘာမှ ဝင်မပြောတာဖြစ်မည်။ ခုကျတော့မှ မျက်နှာထက်က အမုန်းတရားများက သက်တံရောင်အကွေ့ရာများနှင့် ...

"မြန်မာလူမျိုးတွေက အတိတ်တာပေါင်နဲ့နေတာ၊ တစ်ယူသန် ဇယူသည်းတတ်တာလဲ မြန်မာပဲ"

ဦးစိမ်းအောင်က နှင်းကို အော်ဟစ်ပြောလိုက်ပြီး မြန်မြန်ဦးတည့်ပြောလိုက်တော့ ဆန်း ကိုဖြစ်၏။

"မဦးခချွတ်ဆိုတာ မပြောကောင်းဘူးကွယ်၊ နိမိတ်ဖတ်တယ်ဆိုတာလဲ ပုဂ္ဂိုလ်ထူးတစ်ဦးဦးကမှ ဖတ်လို့ရတာမဟုတ်ဘူး၊ အရူးစကား၊ ကလေးစကားဆိုတာ မင်း ကြားဖူးမှာပေါ့၊ နှင်းကို ဒီတိုင်း ထင်သလိုနေထိုင်ပြောဆိုခွင့်ပေးထားလို့ လုံးဝ မရတော့ဘူး၊ နေမြင့်လေ အရူးရင့်လေဆိုတာမျိုး သူ့ကို သနားလေ ပိုဆိုးလေဖြစ်တော့မယ်၊ အန်ကယ့်လ်အိမ်မှာ ဒီလောက်ထိ ဆိုးဆိုးရွားရွားတွေဖြစ်နေတာ ဟိုတုန်းကတည်းက လုပ်သင့်တာကို ဦး မလုပ်ခဲ့လို့ ..."

"ဟုတ်ပါတယ်၊ လူနာဆိုတာ ဆေးရုံဆေးခန်း ကြေးကိုလို့မရဘူး၊ မိသားစု တော်တော်များများက ကိုယ့်လူကို ဆေးရုံပို့ထားသိုက်ရမှာစိုး ကြတယ်၊ အဲဒါတွေကြောင့်လဲ မဖြစ်သင့်တာတွေ ဖြစ်ကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



မြောကြသူတွေကို ဆန်း က တစ်ယောက်စီလိုက်ကြည့်ပြီး စကား ဆုံးအောင်နားထောင်နေလိုက်သည်။ ပြီးတော့မှ စိမ်း ဘာပြောဦးမလဲဆို သည့် အကြည့်တစ်ချက် ရောက်သွား၏။ စိမ်းကလည်း ဆန်း ဒီတိုင်း ခေါင်းညိတ်ပြီး ဖယ်ပေးလိုက်မှာမဟုတ်ဘူးဆိုတာကို သိသည်။ အကြည့် ချင်းဆုံမိသွားလျှင် ...

"သူတို့က ဘယ်သူတွေလဲ မမစိမ်း"

"စိတ်ကျန်းမာရေးဆေးရုံက လက်ထောက်ကျန်းမာရေးမှူးနဲ့ တပည့် တွေပါ။ ဆရာကြီးနဲ့ အားလုံးဆွေးနွေးပြီးပြီ၊ ဒီညနေ လူနာကိုခေါ်သွားပြီး စစ်ဆေးဖို့ပဲလိုတော့တာ၊ အလကား ဒုက္ခပေးနေတယ်"

"ဆရာကြီးက နှင်းကို တွေ့ပြီးပြီလား"

"ခုမှတွေ့မှာလေ၊ မိုးတောင်ချုပ်နေပြီ"

"မိုးချုပ်နေပြီဆိုတော့ အချိန်မတော် မပို့ပါနဲ့တော့၊ မနက်ကျရင် ကျွန်တော်ကိုယ်တိုင် လိုက်ပို့ပေးပါ့မယ်၊ ခြံထဲမှာ ရှန်းရင်းဆန်ခတ်နဲ့ ဆူညံ နေတာ ဘေးလူလဲကြားတယ်၊ မသင့်တော်ပါဘူး"

"အို... မဖြစ်ပါဘူး၊ အားလုံး စီစဉ်ပြီးနေပြီ၊ သူ့ကို ဒီအိမ်မှာ တစ်မိနစ် တစ်စက္ကန့်မှ ထားလို့မဖြစ်ဘူး။ မင်း ကိုယ်နဲ့မဆိုင်တာကို ဝင်မပါနဲ့"

"ဆန်း"

ဦးထွေးက အနားရောက်လာပြီး သူ့လက်ကိုဆွဲလိုက်သည်။ ပြီးတော့ ခါးကအင်္ကျီကိုဆုပ်ဆွဲထားသည့် နှင်းလက်ကလေးကို ဖြေချဖို့ကြိုးစား၏။

"ဟင့်အင်း ... ကိုကို"

နှင်း ဦးထွေးလက်ကိုခါချပြီး ခါးကို ပြန်ဖက်၏။

"ဆန်း မင်း ဖယ်ပေးလိုက်ပါ၊ လူကြီးတွေက လုပ်သင့်လို့လုပ်ကြတာ"

"ကိုကို မဟုတ်ဘူး၊ နှင်း မရူးဘူး သိလား၊ ကိုကို နှင်းကို ထည့်ပေး လိုက်ရင် နှင်း ရောက်ရာပေါက်ရာ ထွက်ပြေးမှာပဲ"





"ပြေးလေ၊ နှင့်ကို လိုက်ရှာမယ်မှတ်လို့လား၊ ကောင်းရာကောင်း ကြောင်းစီစဉ်ပေးတာကိုမှလက်မခံရင် ကိုယ့်ထိုက်နဲ့ကိုယ့်ကံပဲ"

စိမ်းက ရင့်သီးစွာပြောသည်။

"ပြေးမှာပါ၊ မပူပါနဲ့"

နှင်းက ပက်ခနဲခံပြော၏။ စိမ်း မျက်နှာညိုပုပ်သွားသည်။ ဆန်း က နှင်းလက်ကလေးကို ရအောင်ခွာယူပြီး သူ့ဘေးထိပါလာအောင် ဆွဲယူ လိုက်သည်။ ပြီးတော့ အားလုံးရှေ့မှာပဲပြော၏။

"ကိုကိုပါလိုက်မယ်၊ ဆရာဝန်ကြီးနဲ့တွေ့ပြီးတော့ မင်း တကယ် မကျန်းမာတာ ဟုတ်,မဟုတ် စစ်ဆေးဖို့တော့ မင်း လက်ခံမှာပဲ၊ ပြော တာကို နားလည်လား"

"ကိုကို ..."

"မရဘူး၊ ရူးတယ်ဆိုတာကို မင်း ငြင်းနေလို့မရဘူး၊ မရူးဘူးဆိုတာ အဖြေထွက်မှ ရှင်းသွားမှာ၊ သွားမယ်"

ဆန်းက နှင်း လက်ကလေးကို ဆွဲထွက်သည်။

"ဆန်း"

စိမ်း က ဆန်းရှေ့ကနေ ပိတ်ရပ်လိုက်၏။ တင်းမာလှုန်နေသည့် ဆန်းမျက်နှာကို စိမ်းက စိုက်ကြည့်လိုက်ပြီးမှ ...

"မင်းက တရားလိုရှေ့နေလား၊ တရားခံရှေ့နေလား၊ ခွဲချချင်တာ လား၊ ပြန်တင်မှာလား။ ဘယ်ဘက်ကရပ်တည်တာလဲ ဆန်း၊ မင်း ဘယ်လို အချိုး ချိုးလိုက်တာလဲ"

"မမစိမ်းနဲ့ ဆန့်ကျင်မှာတော့ အမှန်ပဲ။ ဘာဖြစ်လို့လဲဆိုတော့ မညီ ညွတ်ခြင်းမှာ တစ်ဖက်စောင်းနင်းဆိုတာ ရှိနေမှာပဲ၊ နှင်းအပေါ်မှာရှိနေတဲ့ သတ်မှတ်ချက်တွေ မညီညွတ်သရွေ့ မမစိမ်းနဲ့ကျွန်တော် ဆန့်ကျင်မှုတွေ ရှိမယ်၊ ကျွန်တော်တို့ ဆရာဝန်ရှေ့မှာ ဆုံးဖြတ်ကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"နေဦး"

နောက်ထပ် ခြေလှမ်းကို ထပ်မံတားဆီး၍ စိမ်း က ညှော့သည်-
ယောက်ထံ တောင်းပန်သလိုလှမ်းကြည့်ကာ ...

"အားနာပါတယ်ရှင်၊ လူနာပို့ဖို့ကိစ္စ အဆင်မပြေလို့ မနက်ဖြန်ကျ
စီစဉ်ပါ့မယ်၊ ဦးလေးထွေး ဆရာတို့ကို ပြန်ပို့ပေးလိုက်ပါ၊ ခင်အုန်း မိမ
ကို ခေါ်သွား"

မိုးချုပ်စ ညနေရီမှာ လူလုံးလဲမသဲကွဲတော့ပါ။ ဒါပေမယ့် သူ
အားလုံး ထိုနေရာမှာပဲ ထိုပြဿနာနှင့်ရှိလျက် ...

"သူ ဖော့်ကို ဘာပြောခဲ့သလဲ မင်း သိလား ဆန်း"

ဆန်း က ပါးစပ်ပိတ်နေ၏။

"ဟိုအရင်ကလူတွေကို သူ ဘာပြောခဲ့သလဲ၊ ဘာတွေဖြစ်ခဲ့သ
အဲဒါတွေရော မင်း သိလား"

"ကျွန်တော် သိနေတာကတော့ နှင်း ဘာမှဖြစ်တာမဟုတ်ဘဲ တ
လျှောက်လုံး တိုက်ထဲထည့်ပိတ်ထားခဲ့တဲ့အဖြစ်ကိုပဲ"

"ဘာကွ"

"ဟုတ်တယ်၊ လူမှုဆက်ဆံရေးတွေများလာရင် ပြောမှားဆိုမှား
ထပ်ဖြစ်ကုန်မှာစိုးလို့ဆိုတာ သဘာဝလဲကျနေပါတယ်၊ အဲဒီတော့ နှ
အပြင်ထွက်ခွင့်မရတော့ဘဲ နောက်ဆုံး ခြံထဲကိုတောင် ဆင်းခွင့်မရတော့
တာ ..."

"ဒီကောင်မလေး ငါတို့တွေကောင်းလို့ ခုလို လူဇာစ်လုံး။ သူတစ်
ဖြစ်ခဲ့တာရော မင်း သိရဲ့လား"

"မြရွက်စိမ်းက နှင်းနဲ့လဲ သက်ဆိုင်နေလို့ သူ ရှိခွင့်ရနေတာမဟု
ဘူးလား"

"တို့မိသားစုက ထိန်းသိမ်းရှာဖွေမနေခဲ့ရင် သူ ဘယ်လိုလုပ်ရပ်တ





မှာလဲ၊ ဘယ်မှာလဲ အမွေအနှစ်၊ ရှယ်ယာဝင်ထားတဲ့လုပ်ငန်းတွေဆိုတာ
လဲ သူများပြောသလို ပြီးရတော့မှာလေ"

"ဆန်း"

ဦးစိမ်းအောင်က စကားဝိုင်းမှာဝင်ပါဖို့ စ,လာ၏။ လည်ချောင်း တစ်
ချက်ရှင်း၍ စိမ်းဘေးကို တိုးရပ်ကာ ...

"ဒီနေ့ မင်းရင်ထဲမှာရှိတဲ့ အန်ကယ်လ်တို့မိသားစုအပေါ် မှာထားတဲ့
သဘောအယူအဆကို မြင်လိုက်ရပြီ၊ စိတ်တော့မကောင်းပေမယ့် စော
စောစီးစီးသိလိုက်ရတာ ဝမ်းသာပါတယ်၊ မင်းရင်ထဲမှာ နှင်းနဲ့ပတ်သက်ပြီး
နောက်နောင်အထိ ရည်ရွယ်ချက်တွေ စေတနာတွေ အများကြီးရှိနေသေး
တဲ့ပုံပဲ၊ ဟုတ်လား ဆန်း"

"ဟုတ်ပါတယ်၊ ဦးလေးနဲ့ ခုနကပဲ ဒါကိုပြောနေတာပါ၊ ဒါပေမယ့်
ကျွန်တော့်ညီမလေးလို သူ့ဘဝလေးကို တိုးတက်အောင်ကူညီသွားဖို့
အပြင် ဘာမှမပါဘူး"

"အင်း ... ထားလိုက်ပါ၊ အခုကိစ္စမှာရော နှင်းနဲ့ပတ်သက်ပြီး
အန်ကယ်လ်တို့နဲ့ ပဋိပက္ခဖြစ်ရတော့မယ်ဆိုရင် ဘယ်အခြေအနေအထိ
အဖြစ်ခံဖို့ဆုံးဖြတ်လိုက်တာလဲ"

ဆန်းက မျက်လွှာပင့်ကြည့်သည်။ ပြီးတော့ စိမ်း၏မျက်ဝန်းလေးတွေ
ဆီ ရောက်၏။ သူမ သူ့အပေါ် မှာ စိတ်ဝင်စားမှုရှိနေတာကို ရိပ်မိသည်။

မာနစကားတွေ ဘယ်လိုပြောပြော၊ ခပ်ကြောကြောပုံတွေ ဘယ်လိုပဲ
နေနေ ခွင့်လွှတ်ပေးနေတာဟာ ခွင့်လွှတ်နိုင်လို့ပဲဖြစ်သည်။ သူလည်း
အခွင့်အရေးယူနေတာမဟုတ်ပါ။ ဒါပေမယ့် သူ့ရင်ထဲမှာ အဓိကက
ရွက်စိမ်းနု မဟုတ်။

ငယ်စဉ်ကာလ ကလေးဘဝကတည်းက မက်မောတောင့်တခဲ့တဲ့
အရာဟာ ချမ်းသာကြွယ်ဝလိုခြင်းမဟုတ်ဘဲ ကိုယ့်အတွက် အားကိုးမြတ်



www.burmeseclassic.com

www.burmeseclassic.com



နီးထိုက်သူ ...၊

သို့မဟုတ် ကိုယ်က မြတ်နိုးကြင်နာရမည့်သူ ...၊

သွေးသားရင်းချာလို အသိုင်းအဝိုင်းတစ်ခု ဒါမှမဟုတ်လျှင် မွေးချင်းမောင်နှမထဲသို့ တစ်စုံတစ်ယောက်၊ သူ လိုချင်တောင့်တခဲ့သမျှ ရာထူးဂုဏ်သိမ် ဘာမှမပါ။

ထို့ကြောင့် အဘက်ဘက်က ပြည့်စုံသာလွန်နေပါသည်ဆိုသော မိန်းမတစ်ယောက်ကို သူ မမက်မောခဲ့ပေ။

"ကိုကိုလို့ခေါ်မယ်နော်၊ ကိုကြီးဆိုတာက ကိုကြီးအောင်ဇော်ကို ခေါ်တာလေ၊ ကိုကြီးချင်းမှားမှာစိုးလို့"

ဆယ်တန်းကျောင်း စ,တက်ရမည့်နေ့ သူ စာအုပ်တွေစီနေတုန်း ဒုတိယအကြိမ် မြင်လိုက်ရသည့်မျက်နှာလေးဖြစ်သည်။

ဆံပင်ဆံတို၊ ဖြူဝင်းဝင်းမျက်နှာလေးနှင့် နှုတ်ခမ်းပါးလေးတွေက ချစ်စရာကောင်းသည်။ တီရှပ်အဝါရောင်လက်တိုလေးကို ရှေ့ပင်နီအညိုရောင်လေးနဲ့ တွဲဝတ်ထားသဖြင့် ပို၍ ဝင်းထင်းနေ၏။

ထိုမျက်နှာလေးသည် ချွေးတို့ဖြင့် စိုရွှဲနီရဲနေတော့လည်း အလှမပျက်။ သူ့ကြောင့် ဒဏ်ရာတွေဖြစ်ကုန်အောင် ဒုက္ခများသွားခဲ့ပြီး ပျောက်နေလိုက်တာ ဆယ်ရက်လောက်ကြာမှ ပေါ်လာတော့လည်း ရင်းနှီးခဲ့ဖူးသောလူတွေလို နှုတ်ခမ်းလေးတွေက ပြုံးအီနေ၏။

သူမကိုမြင်လိုက်သည်နှင့် ခွေးတစ်ကောင်နှင့်လုံးထွေးသတ်ပုတ်နေရသည့်အဖြစ်ကို ဖျောက်မရနိုင်၊ ဒါ သူ့အတွက်ဖြစ်ရတာမဟုတ်ဘူးလား။

တစ်ယောက်နဲ့တစ်ယောက် ဖြူသလား၊ မည်းသလား မကြည့်ဖြစ်ကြသေးဘဲ ရေးရေစက်ကြောင့် စတင်ငြိတွယ်ခဲ့ကြသည့် သံယောဇဉ်ဖြစ်သည်။

ဒါပေမယ့် နှင်းအတွက် ရပ်တည်လိုက်ခြင်းကို ဦးစိမ်းအောင် ထ





အေးစက်စက်စိုက်ကြည့်၍ ...

"ပြောပါ၊ အားမနာတမ်းပြော၊ နှင်းအတွက် မင်းမှာ ရည်ရွယ်ချက်တွေရှိနေပြီဆိုတာ သိနေကာမှတော့ ထပ်သိရလဲ ပြဿနာမရှိပါဘူး၊ ပြီးတော့ နောက်ထပ်ပြောဖို့တစ်ခုလဲရှိသေးတယ်"

ဦးစိမ်းအောင်က စ,ပြောပြီး မသဲမကွဲမြင်နေရသည့် ဆန်းမျက်နှာကိုပဲ ကြည့်နေသည်။

"ဖေဖေ ဘာတွေမေးနေတာလဲ၊ နှင်းအတွက် သူ ဘာမှလုပ်ခွင့်မရှိဘူး၊ နှင်းက ဘာမို့လို့လဲ၊ သူကရော ဘာလဲ၊ မင်္ဂလာကိစ္စက အားလုံးအကျယ်တဝင့်ဖြစ်ပြီးသား၊ ပြီးတော့ ..."

စိမ်းအသံက တုန်ခါကွဲရှရင်းနှင့် ပျောက်ကွယ်သွား၏။ ငိုချင်တာလား၊ ဒေါသကြောင့်လားဆိုတာ မသေချာ။ ပြီးတော့ ဆိုသည့်စကားကို ဦးစိမ်းအောင်က ဆက်ပြောသွားသောအခါကျမှ ...

"ပြီးတော့ ဆိုတာကို ဖေဖေ ပြောလိုက်မယ်၊ ဒီမှာ ဆန်း ...၊ နှင်းဘာဆက်ပြောသေးလဲ မင်း သိလား"

ဆန်း စိတ်ဝင်စားသွားသည်။ နှင်း ပြောသမျှကို ပုံကြီးချဲ့ စာတမ်းတင်နေကြသူတွေကြားမှာ စကားတွေ ဘာဖြစ်လို့ ခဏခဏမှားနေတာလဲ၊ ဒီကောင်မလေး ဘယ်လိုဆုံးမထားဖြစ်ထားလို့မှမရပါလား။ ထိုအဖြစ်ကို မကြားချင်တော့ဘဲ ရင်ထဲမှာ လေးသွားခဲ့၏။

အောင်ဇော့်ကိစ္စတွေ အပြီးထိ အောင့်အီးသည်းခံနေခဲ့ရသည့် ဒေါသများက ထိုညမှာ ပေါက်ကွဲကာ စိမ်းက နှင်းကို အခန်းထဲက ဆွဲထုတ်၍ စိတ်ရှိလက်ရှိရိုက်တော့သည်။

"နှင်က ငါ့ရဲ့ဝတ်စုံကို နှင့်ကိုယ်တိုင်နဲ့အပ်လိုက်တယ် ဟုတ်လား၊ မိန်းမရိုင်းမ ကဲဟယ် ..."

"မမစိမ်း ... မမစိမ်းနော် ..."



www.burmeseclassic.com

www.burmeseclassic.com



နှင်းက ရိုက်သမျှခံနေရရင်း ပုံလဲသွားလိုက်၊ လက်ကားရှောင်လိုက်နှင့် နာကျင်လာတော့ မျက်ရည်တွေ တလိမ့်လိမ့်ကျလာကြ၏။ ခင်အုန်းတံခါးဝကနေ ကြည့်နေရအခက်၊ ထွက်သွားရအခက်နှင့် ပါးစပ်ကို လက်ဝါးနှင့် ဖိပိတ်ထားရသည်။

သူမ တိုင်ပြောလိုက်တာ မှန်ပါသည်။ ဒါပေမယ့် နှင်းကို နာကျင်စေချင်လို့မဟုတ်ပေ။ ဘယ်သူ နာကျင်တာကိုမှ သူမ မကြည့်ရက်သောကြောင့် ရှိုက်မငိုရသေးဘဲ နှင်းကဲ့သို့ မျက်ရည်တွေ သူမမှာ ကျနေခဲ့၏။

"လူပါးဝတဲ့မိန်းမ၊ နင့်ကိုနင် ဘာမို့လို့ ဆန်းကိုမှန်းနေတာလဲ၊ သတို့သမီးဝတ်စုံခိုးဝတ်နိုင်တာနဲ့ ဆန်းကို စိတ်ကူးယဉ်ခွင့်ရနေပြီ မှတ်လို့လား၊ ငါ့ကို သက်သက်အလုပ်ရှုပ်အောင်လုပ်တာ၊ အရှုးလိုလို အပေါ်လိုလိုနဲ့ ထဲ ဟာ ကဲ ကဲ ..."

"အား ... မမစိမ်း တော်တော့နော်၊ နှင်း အဲဒီလိုမဟုတ်ဘူး၊ အား သေပါပြီ၊ မမစိမ်းသာ ကိုကို့ကိုကြိုက်နေတာ၊ ကိုကိုကမကြိုက်ဘဲနဲ့ ကြိုက်နေတာ"

"ဘာ ... ပိတ် ... ပါးစပ်ကိုပိတ်၊ မပိတ်ဘူးလား"

"မပိတ်ဘူး၊ မမနဲ့ကိုကို ဘယ်တော့မှမညားဘူး သိလား၊ နောက်ထပ်ဝတ်စုံတွေ ဘယ်လောက်ထပ်ဝယ်ဝယ် မမစိမ်း ဘယ်တော့မှ သတို့သမီး မဖြစ်တော့ဘူး"

ဦးစိမ်းအောင် က နှင်း ပြောသမျှကို တစ်လုံးချင်းပြောပြသည်။

ဆန်း မျက်နှာကို မမြင်ရသော်လည်း စကားတစ်ခွန်းမှ ထွက်မလာသဖြင့် ခပ်မဲ့မဲ့ပြုံးကာ ...

"အဲဒါကြောင့် လက်ထပ်ပွဲကို သမီးက ဖျက်မှာမဟုတ်ဘူး ဆန်း ရှေ့ဆက်ပြောစရာတွေ မခံ့ညားတော့ဘူးကွာ၊ မင်းတို့ပဲ ဆက်ပြောကြ"

ဦးစိမ်းအောင် က နောက်လှည့်ထွက်ခွာသွား၏။ သူ အိမ်ပေါ် ပြန်





ရောက်သလောက်အချိန်မှာပဲ ခြံထဲကမီးရောင်တွေ ဖွေးခနဲလက်လာခဲ့သည်။ ထိုအခါ စိမ်းနဲ့ဆန်းတို့နှစ်ယောက်စလုံး မီးရောင်ကို မျက်နှာမူထားသလို ဖြစ်သွားကြ၏။

"ဘယ်သူစပြောမလဲ ဆန်း၊ မင်း ပြောမလား"

"မမစိမ်း ပြောပါ"

စိမ်းက မဲ့၏။

"သိတယ်၊ မင်းမှာ ဘယ်တော့မှ ပြောစရာရှိနေမှာမဟုတ်ဘူးဆိုတာ"

ဆန်းက ဘောင်းဘီအိတ်တွေထဲ လက်တွေထည့်လိုက်ပြီး ကျောခိုင်းပ်လိုက်၏။ ပြီးမှ ခပ်စောင်းစောင်းပြန်လှည့်၍ ...

"မမစိမ်းတို့မိသားစုထဲမှာ နှင်းနဲ့ပတ်သက်သမျှ ဖြစ်လာတိုင်း ဘာဖြစ်ဒိလိုပြောမှုဆိုမှုတွေကြောင့်ပဲ ဖြစ်ဖြစ်နေရတာလဲ၊ ရှိသမျှ လူအားလုံးမှာ ခေတ်ပညာတတ်၊ လူရှုယ်လူလတ်တွေချည်းပဲ၊ အဲဒါ ကျွန်တော်းလည့်ရခက်နေတယ်"

"အယူသည်းနေတယ်လို့ မင်း ပြောတာမဟုတ်လား၊ ထားလိုက်တော့ ဆန်း၊ ခေတ်ပြားဟောင်းကြီးပဲ အစကနေ ပြန်ပြန်ရစ်မနေတော့ဘူး၊ အစက မထူးဆန်းဘဲ ခေတ်ပြားဟောင်းကြီးပေမယ့် အခု စပြီး ထူးဆန်းဘာတွေ လာတော့မယ်။ မင်းရယ်၊ ငါရယ်၊ နှင်းသက်တန့်ရယ်ပေါ့ ကဖားတစ်ခုကို စ,ကြမယ်"

"ဘယ်လို ..."

"ဂိမ်းကစားပွဲမဟုတ်ဘူး၊ ဘာတစ်ခုမှ လုပ်ယူဖန်တီးတာမပါဘဲ ဘာလာမလဲဆိုတာကိုပဲ စောင့်ကြည့်ကြမယ်၊ အဲဒီပွဲအတွက် တည်ခင်းဖို့က မင်းနဲ့တို့ရဲ့ မင်္ဂလာပွဲ"

ဆန်းက ဒီဘက်တည့်တည့်လှည့်လာ၏။

"မင်းကလဲ မလိုလားကြောင်းကို ပြပြီးပြီ၊ ဒါကို တို့ဘက်က သိတော့



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းလဲ ပြောခဲ့ပြီးပြီ၊ ဒါပေမယ့် မင်္ဂလာပွဲကိုဖျက်မပစ်နိုင်ဘူး။ အဆင်ဆိုးပေမယ့် နှင်းသက်တန့်ရဲ့စကားထဲမှာ ငါ့ရဲ့အနာဂတ်ကို ထည့်မပေးလိုက်နိုင်တဲ့ တစ်ချက်တည်းနဲ့ ဒီကစားပွဲကို ငါ ဆက်လိုက်တာပဲ”

ဆန်း ငိုင်ကျသွား၏။ ဘာအဓိပ္ပာယ်ရှိလို့လဲ၊ မိန်းမနှစ်ယောက်ရဲ့ မော်ပား ဒေါသတွေ မျဉ်းပြိုင်ပြေးနေတဲ့ကြားထဲမှာ သူက ဘာလဲ ...။

“မင်းက နှင်းကို မရူးပါဘူးလို့ သက်သေထူပေးချင်တဲ့သူအဖြစ် ဒီပွဲမှာ ဘေးထွက်ရပ်နေလို့မဖြစ်ဘူး၊ အဲဒါကိုတော့ သိမှာပါနော်”

“မရှင်းလို့ တစ်ခု မေးချင်တယ်”

“ဘာလဲ”

“အခု နှင်းကို ဆေးရုံပို့မယ့်ပြဿနာက ဘယ်ရောက်သွားပြီလဲ”

“မင်းတစ်ယောက်လုံးရှိနေတော့ ပဋိပက္ခကို မလိုလားလို့လေ”

ဆန်း က နှစ်မြိုက်စွာပြုံး၍ စိုက်ကြည့်သည်။ ဘောင်းဘီအိတ်ထဲ ထည့်ထားခဲ့သည့် လက်တစ်ဖက်က နဖူးပေါ် ဆင်းကျနေသည့် ဆံပင်တွေကို ထိုးသိပ်ရှင်းပစ်၍ စိမ်း ကို ဒီထက်ရှင်းလင်းစွာ မြင်စေလိုက်ပြီး...

“ဒီထက်ခိုင်လုံအောင်ပြောပါ မမစိမ်း၊ လက်ထောက်ကျွန်းမာရေးမှူးက ရောဂါမရှိတဲ့လူတစ်ယောက်ကို ချုပ်နှောင်ခေါ် လာခဲ့ဖို့အမိန့်မချပါဘူး”

စိမ်း မျက်နှာကွက်ခနဲပျက်သွားသည်။

“စည်းကမ်းမရှိ ထင်သလိုပြောတတ်ပေမယ့် အဲဒီပါးစပ်ကို ထောင်ချုပ်လို့မရဘူး မမစိမ်း၊ တကယ်တော့ နှင်း က အဖြစ်မဲ့တဲ့မိန်းကလေးပါ၊ အစွန်းရောက်တွေရေးပြီး ထွင်နေကြတဲ့ဓာတ်လမ်းတွေကို မမစိမ်း အားကျနေတယ်ထင်တယ်။ ကျွန်တော်ကတော့ အားမကျဘူး၊ ကစားပွဲတွေကိုလဲ ဝါသနာမပါဘူး၊ ကိုယ့်ကိုယ်ကိုကလွဲပြီး ပြိုင်ဘက်ရှိနေခြင်း၊ မနေခြင်းတို့လဲ စိတ်မဝင်စားဘူး၊ မမစိမ်းရဲ့ကစားပွဲထဲမှာ မပါနိုင်တဲ့အတွက် ကျွန်တော် စိတ်မကောင်းပါဘူး”





“မပါလို့မရဘူး၊ မင်းကို ငါ လက်ထပ်ဖြစ်အောင်ကြိုးစားမှာပဲ၊ ဒီလက်ထပ်ပွဲ ဖြစ်ကိုဖြစ်ရမှာ၊ အဲဒါ မင်း မပါလို့မဖြစ်တဲ့အကြောင်း”

ဆန်းက မဲ့၍ စိုက်ကြည့်၏။

“လိုရင်းကို မင်း နားလည်ပါ။ တို့ ... တို့ မင်းကို လက်ထပ်ဖို့ကြိုးစားခြင်းဟာ ...”

“ဘာကြောင့်ဖြစ်ဖြစ် မမစိမ်းက ကျွန်တော့်ဇနီးဖြစ်မယ်၊ ကျွန်တော်က မမစိမ်းရဲ့ခင်ပွန်းပေါ့၊ ကျန်တာတွေ မလိုပါဘူး။ နှင်းကို ကျွန်တော် စောင့်ရှောက်ချင်တာ ခုချိန်ထိ မရိုးသားမှု မပါသေးဘူး၊ ဘာကြောင့်ပဲ လက်ထပ်ဖြစ်ပါစေ နှင်းကတော့ ကျွန်တော့်နားမှာရှိနေရမှာပဲ၊ မမစိမ်းဘက်က နှင်းနဲ့ကျွန်တော့်ကို သံသယကင်းတယ်ဆိုရင် ကျန်တာတွေကို မေ့လိုက်ပြီး ရှေ့ဆက်ဖို့ပဲ စဉ်းစားစေချင်တယ်၊ ဒါမှမဟုတ်လို့ ...”

ဆန်းက ရပ်ပစ်လိုက်ပြီး ဟိုဘက်လှည့်ငေးနေ၏။

“ဆက်ပြောလေ”

“ဒါမှမဟုတ်လို့ နှင်းကို အဝေးရောက်အောင် နည်းလမ်းတစ်ခုခုနဲ့ ကြိုးစားနေဦးမယ်ဆိုရင် မမစိမ်း ကြိုးစားနေသရွေ့ ပဋိပက္ခက ဘယ်တော့မှငြိမ်းမှာမဟုတ်ဘူး”

“မငြိမ်းမှဖြစ်မယ် ဆန်း၊ ငါက မင်းကိုလိုချင်တာ မဖြစ်ရဘူး၊ ဖြစ်စရာအကြောင်းလဲမရှိဘူး၊ မင်း သိနေပါတယ်ကွာ၊ မင်းနဲ့ငါ ဘယ်တုန်းကမှ တူညီခဲ့တာ မရှိဘူး”

ပေါ်တင်ကြီးပါလား။ ဆန်း က ဟက်ခနဲရယ်သည်။ ဆိုလိုတာက ဆရာဝန် သမားတော် မှန်းတည့်နေ ဆိုတဲ့ကောင် ဘယ်လောက်ပဲ ရာထူးရာခံကြီးမြင့်နေနေ သူမနှင့် မတူတန်သေးဘူးပေါ့။

“ဟား ဟား ဟား”

တွေးရင်း သဘောပေါက်ရင်းနှင့် မျက်နှာမော့ရယ်ပစ်လိုက်၏။ စိမ်း



www.burmeseclassic.com

www.burmeseclassic.com



ကလည်း လက်ပိုက်ထားလိုက်ပြီး အေးစက်စက်မျက်နှာလေးနှင့်နေသည်။

ထိုအခါ ပြောနေရင်း စကားတွေ နယ်ကျွံကာ လေးစားသမှုတွေ၊ ထိန်းချုပ်မျိုသိပ်ခြင်းတွေလည်း ပျက်၏။

"အားနာစရာတွေတော့ ဖြစ်ကုန်ပြီထင်တယ်၊ နှင်းရဲ့ကောင်းမှုကြောင့် ကျွန်တော်က ကိုယ်နဲ့မတန်ရာတဲ့မိန်းမတစ်ယောက်ကို ထီပေါက်သလို ရဦးမှာကိုး။ ဟား ဟား"

"ဆန်း ..."

စိမ်း က ခပ်ကြိတ်ကြိတ်ခေါ် လိုက်ပြီး ရှေ့တစ်လှမ်းတိုး၏။ ဆန်းက တည့်တည့်ပြန်ကြည့်ပြီး ပို၍ရယ်သည်။

"ကျွန်တော်က အနိုင်မယူချင်တဲ့ကောင်ပါ၊ အားလုံး ယူပါ၊ ခွေပါဆိုပြီး ပုံချပေးထားခဲ့တာတောင်မှ မမစိမ်း က မာနတွေကြီးလို့ မပြီးနိုင်ပါလား ရယ်ရတယ်ဗျာ၊ ဟုတ်မှာပေါ့၊ Ph.D အထိ ဘွဲ့တွေ တစ်သီကြီးရအောင် ယူလာခဲ့တာ၊ 'မြရွက်စိမ်း'က လိုတဲ့မြက်ခင်းစိမ်းစိမ်းလေးတွေဘေးမှာ ဖြည့်စွက်ဖြန့်ခင်းပေးဖို့လေ၊ သိသားပဲ၊ အဲဒါကြောင့် ဒီအိမ်မှာ နှင်းဆိုတဲ့ ကောင်မလေးနဲ့ ကျွန်တော်က ဘဝတူ၊ သူ့ကို ကျွန်တော် သံယောဇဉ်ကြီးခဲ့တာ ထပ်တူညီခြင်းဆိုတာ အဲဒါပဲ ဒေါ်ရွက်စိမ်းနဲ့ ခင်ဗျားနဲ့ကျွန်တော် ထပ်တူညီကြဖို့ ကြိုက်တဲ့သီအိုရီတွေ ထုတ်သုံးပေတော့"

"ဆန်း ..."

ဆန်းက လှည့်ထွက်သွားသည်။ စိမ်းက ရှေ့ကိုပြေးလိုက်လာပြီး အားရှိပါးရှိ လွှဲရိုက်ပစ်လိုက်၏။ ဆန်း မခုခံပါ၊ မျက်နှာတစ်ဖက်ကို ငဲ့ပစ်လိုက်သဖြင့် ရိုက်ချက်လွဲသွားကာ စိမ်း ပန်းအိုးတွေကြားထဲ လဲကျသွား၏။





## အခန်း (၂၂)

"ကျွန်တော်က ရှေ့နေဦးကြည်ရဲ့ တစ်ဦးတည်းသောသား တွဲဖက်တိုင်းတရားသူကြီး ဦးဇေယျာပါ"

"ဩော် ... ဩော် ..."

မျက်ခုံးနှစ်ဖက် ပင့်တက်သွားတာက တစ်ဖက်သားကို လှောင်ပြောင်ခင်တာမျိုးမဟုတ်ပေ။ လူသာငယ်ပေမယ့် ပညာထည်နေသော ဦးဇေယျာသည် လူရွယ်ကို မလိုလားစိတ်တွေရှိသည့်ကြားကနေ အထင်ကြီး လေးစားစွာကြည့်လိုက်မိသည်။

ဖအေတုန်းကတော့ တိုင်းတရားရုံးရှေ့နေကြီးဖြစ်သည်။ သားက တွဲဖက်တိုင်းတရားသူကြီး တဲ့၊ အလွန်ဆုံး ဒီသူငယ် အသက်ရှိလှမှ ဆန်းနဲ့ မတိမ်းမယိမ်းလောက်ပင်။ ခေတ်ပညာတတ်လူငယ်လေးတွေကိုတွေ့ရတော့ အကြွေစောခဲ့ရသည့် သားဖြစ်သူကိုသတိရမိကာ ရင်ထဲမှာ နာကျင်သွား၏။

"ဘွဲ့ရရင် တော်ပြီပေါ့ ဖေဖေရာ၊ တော်ဖို့ ထူးချွန်ဖို့ မလိုပါဘူး၊ အပြင်



www.burmeseclassic.com

www.burmeseclassic.com



စီးပွားရေးလုပ်တာကမှ ချမ်းသာတာ”တဲ့။ မောင်နှမနှစ်ယောက်စလုံး တစ်လေသံတည်းထွက်ကြ၏။

ဒီလို လူ့ရည်ချွန် လူ့ရည်မွန်လေးတွေကိုများကြည့်ပါဦး။ မျက်လုံးတို့က ကိုယ့်ရှေ့မှာပဲထိုင်နေသည့် သမီးထံ ရောက်သွားခဲ့၏။

လူမှုရေး၊ စီးပွားရေးတွေ ဖိစီးကာ မိန်းမပျိုလေးတန်မဲ့ လှတာက သပ်သပ်၊ နုသစ်လန်းဆန်းမှုရှိမနေတာက သပ်သပ်။

စိမ်း မျက်နှာလေးမှာ သေချာကြည့်လေ ရင့်ရော်နေလေပါ။ ခုဆို ပိုဆိုးသည်။ မောင် သေဆုံးခဲ့ရသည့်ကိစ္စ၊ မင်္ဂလာပွဲဖြစ်မြောက်မှာလား၊ မဖြစ်တော့ဘူးလားဆိုသည့် သောက၊ ပြီးတော့ နှင်းနဲ့ ရန်ဖြစ်လို့မရဘဲ အတိုက်အခံဖြစ်နေခဲ့ရသည့် မောဟတရားများက သူမရင်နှင့်မဆံ့အောင် ဖြစ်နေခဲ့၏။ အဆိုးဆုံးက အောင်ဇော် ပိုးစိုးပက်စက်သေဆုံးခဲ့ရသည့် အဖြစ်ကြောင့်ပင်။

အလောင်းတောင်မှ မမြင်ခဲ့ရပေ။ ထိုအဖြစ်ဟာ ကြာလေ မေ့လေ မဟုတ်ဘဲ ကြာလာလေ ပိုဆိုးလေဖြစ်နေ၏။ အားလုံးကလည်း နှင်း၏ အပြောအဆိုပက်စက်မှုကို တားဆီးပိတ်ပင်နိုင်မှဖြစ်ပေမည်ဟု အကြံပြု နေကြသည်။

စိတ်ကျန်းမာရေးဆေးရုံပို့ဖို့လည်း အကုန်လုံး အဆင်ပြေခဲ့ပြီးမှ ...

“မိန်းကလေးကို ကျွန်တော် ခဏတွေ့ပါရစေ”

ရှည်လျားသောအတွေးများက ဦးဧယျာ၏စကားသံကြောင့် ပြတ်တောက်ကုန်သည်။

“သူ ဆေးခန်းသွားနေတယ်”

စိမ်းက ချက်ချင်းဝင်ပြောလိုက်၏။ ပြီးတော့ ဦးဧယျာခေါ် တရားသူကြီးကိုယ်တိုင် ထုတ်ချပြထားသည့် ဘွဲ့လက်မှတ်တွေ၊ တာဝန်ထမ်းဆောင်နေဆဲရာထူးနှင့် ကိုယ်စားလှယ်လွှဲစာကအစ အထပ်လိုက်ကြီး





ရှိနေသည့် စာရွက်စာတမ်းတွေကို ငေးကြည့်၍ ...

“အန်ကယ်သက်နဲ့တိုင်ပင်ခဲ့တဲ့ ရှေ့နေကြီးသုံးဦးရှိတာကိုရော သူတို့ရဲ့ကိုယ်စားလှယ်လွှဲစာတွေ ပြည့်ပြည့်စုံစုံပါလာတာကိုရော ကျွန်မတို့က အကြွင်းမဲ့ယုံကြည်ပါတယ်။ ဦးဧယျာလို ရာထူးအဆင့်မျိုးနဲ့ ဒီလို သက်သေတွေလုပ်ခဲ့ဖို့တောင် မလိုဘူးဆိုတာကိုလဲ သိပါတယ်၊ ဒါပေမယ့် အမွေဆက်ခံမယ့်သူက စိတ်ဝေဒနာသည်ဖြစ်နေပါတယ်”

“ဟုတ်ပါတယ် မောင်ဧယျာ၊ အဲ ... တရားသူကြီး၊ ဟို ...”

“အဆင်ပြေသလိုခေါ်ပါ အန်ကယ်လ်၊ ဒါ တရားရုံးမှမဟုတ်ဘဲ။ တစ်ခုတော့ရှိပါသေးတယ်၊ ဦးသက်တန့်ရဲ့ သေတမ်းစာအရ အမွေကိစ္စ လွှဲခဲ့တဲ့ရှစ်နှစ်ကတည်းက ဆုံးဖြတ်ပေးအပ်ရမှာဖြစ်ပါတယ်၊ ကျွန်တော့် ဖေဖေက ဒီစာချုပ်စာတမ်းတွေကို ကိုင်ထားခဲ့သူဖြစ်တဲ့အပြင် ဒီသုံးယောက်မှာ ဖေဖေက နောက်ဆုံးထွက်ခွာသူဖြစ်သွားခဲ့တယ်၊ ဒါ တိုတိုပြောတာပါ။ တစ်ယောက်ကတော့ ကျန်းမာရေးမကောင်းတာကြောင့် ပြင်သစ်မှာ ဆေးကုခံရင်း အပြီးအပိုင်နေလိုက်သလိုဖြစ်သွားတယ်၊ တစ်ယောက်က ဖေဖေ့အရင် တစ်နှစ်စောပြီး ဆုံးသွားတယ်လေ၊ ဖေဖေ မဆုံးခင်မှာ ဒါတွေကို ရှာမသွားနိုင်ပါဘူး။ ဒါပေမယ့် ပညာတော်သင်သွားနေတဲ့ ကျွန်တော့်လက်ထဲကို လွှဲပြောင်းထားခဲ့ဖို့ သုံးဦးစလုံး လွှဲအပ်စာတမ်းတွေကို စီစဉ်ထားခဲ့တယ်၊ ဖေဖေ့ပါးစပ်နဲ့ သေချာမပြောနိုင်ခဲ့ပေမယ့် ပြည့်စုံစုံ အားလုံးစစ်ကြည့်နိုင်ပါတယ်”

“မစစ်ပါဘူးကွယ်၊ ဒီလိုလုပ်ဖို့မလိုပါဘူး။ ပြောရမယ်ဆိုရင် အန်ကယ်တို့က ဒီမိန်းကလေးကို ဒီအချိန်ထိ စောင့်ရှောက်ပေးခဲ့ကြတာ မှန်ပေမယ့် ဆွေမျိုးနီးစပ်ပါ၊ လုပ်ငန်းတွေကလဲ အရှုံးပေါ်ခဲ့တယ်၊ ပြုတ်တာတွေလဲ ပြုတ်ပေါ့၊ စီးပွားရေးက ပြောလို့မရဘူးလေ”

ပြောနေရင်း ဦးစိမ်းအောင် က ဦးဧယျာကို အကဲခတ်သည့်ဦးဧ



www.burmeseclassic.com

www.burmeseclassic.com



ယှာ မျက်နှာက ဘယ်လိုပြောင်းလဲကောက်ကွေ့ခြင်းမှမဖြစ်ဘဲ ပကတိ ရည်မွန်လျက် ...

"သေတမ်းစာပါအကြောင်းများကလဲ့ ရှင်းပါတယ်၊ လုပ်ငန်းအားလုံးကို အကောင်းအထည်မပျက်ရှိနေစေဖို့နဲ့ နှင်းသက်တန့်ကို အမွေလွှဲအပ်ပြီးတဲ့အချိန်ကစပြီး စီးပွားရေးလုပ်ငန်းအားလုံးနဲ့ အိမ်ခြံမြေကအစ လုပ်ကိုင်နေထိုင်မှုအားလုံးကို နှင်းသက်တန့်ရဲ့သဘောအတိုင်းပဲ အတည်ဖြစ်စေရမယ်လို့ ပြဋ္ဌာန်းခဲ့တယ်၊ ဆိုလိုရင်းကတော့ မိန်းကလေးက အလုပ်တွေကို ဆက်လက်ဦးစီးပေးပါဆိုရင် ပေးခွင့်ရှိမယ်၊ ဒီအိမ်ခြံမြေမှာ ဆက်နေနိုင်တယ်ဆိုမှ နေခွင့်ရှိမယ်၊ ဒါပါပဲ"

စိမ်း တစ်ကိုယ်လုံး တုန်ခါသွား၏။

"ဘာဆိုင်လို့လဲရှင်၊ 'ရွှက်စိမ်း'ရွှေဆိုင်ကြီးကို ဖေဖေရှာတဲ့အမြတ်အစွန်းထဲကနေ ကျွန်မတို့ ထူထောင်ခဲ့တာပါ"

ဘယ်လိုမှသည်းမခံနိုင်တော့ဘဲ စိမ်း ပြောပစ်လိုက်၏။ ဦးစိမ်းအောင်တားဆီးဖို့ တစ်ကိုယ်လုံး လှုပ်ရှုသွားခဲ့ပေမယ့် အချိန်မမီ။

ဦးဇေယျာက တည်ငြိမ်သည့်မျက်ဝန်းများနှင့် စိမ်းကို လှည့်ကြည့်၍...

"အဲဒါလဲ ရှင်းပါတယ်၊ ဦးသက်တန့်ရဲ့ စာရွက်စာတမ်းတွေထဲမှာ ဦးစိမ်းအောင်တို့မိသားစု ရောက်လာလို့ ညဘက် တိုက်တန်းလျားခန်းမှာ အငှားသဘောနဲ့ထားခဲ့တဲ့စာချုပ်ရှယ်၊ ဘယ်လုပ်ငန်း ဘယ်ရာထူးနဲ့ အလုပ်စ,ဝင်စဉ်မှာ လစာငွေ ထုက်ယူထားခဲ့တဲ့လက်မှတ်တွေက အစ အပြည့်အစုံ မပျောက်မပျက် ရှိတယ်၊ လိုအပ်လာရင်တော့ ဒါတွေက နှစ်ဦးနှစ်ဖက်ရဲ့ မူလက စီးပွားရေးအခြေအနေတွေကို စစ်ရတော့မှာပါ"

"ဒီလိုရှိပါတယ်ခင်ဗျာ"

လူသာငယ်ပေမယ့် ဦးဇေယျာဟာ တိုင်းတရားသူကြီးမှန်း သိထား





သဖြင့် ဦးစိမ်းအောင် နှုတ်မှ အလိုလို ဒီတိုင်းထွက်သွားခဲ့သည်။

ဒီလူငယ်ဟာ သူ့ဖခင်၏ မပြီးပြတ်သေးသောဝတ္တရားရှိသည့်အတိုင်းသာ ရောက်လာခဲ့တာဖြစ်ရာ ဒီလိုပုဂ္ဂိုလ်မျိုးကို လက်ဘာစ်လုံးခြားလုပ်ဖို့ကြိုးစားသော ကိုယ့်သမီးကိုပဲ မေးမေးပြီးရိုက်ချင်တော့သည်။

"ဒီလိုရှိပါတယ်၊ လူငယ်တွေကတော့ သူတို့ ရှာဖွေလုပ်ကိုင်နေကြတာဆိုပြီး အတွေးမှား အမှတ်မှားနဲ့ ပြောမိတာပါ၊ ကိုယ့်စီးပွား ကိုယ့်ဥစ္စာလိုသဘောထားပြီး ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြတာလဲ နှစ်တွေ နည်းမှမနည်းတော့တာ၊ ပြီးတော့ အငယ်ကောင်ခလေး ဆုံးခဲ့တာ တစ်လတောင်မပြည့်သေးဘူး"

"ဟုတ်ကဲ့၊ ကြားရတာ စိတ်မကောင်းပါဘူး၊ နာရေးသဘင်း သပ်သပ်လာမမေးဖြစ်ခဲ့တာကိုတော့ တောင်းပန်ရမှာပဲခင်ဗျာ၊ ဒီကေ့စ်ကို တွေ့ဝဲ့က်ရမှ ဘယ်လောက်အရေးကြီးခဲ့မှန်း ကျွန်တော် သိခဲ့တာ၊ နှစ်တွေလဲကြာပြီဆိုတော့ စာရွက်စာတမ်းတွေစုံတာနဲ့ အားချင်းလာခဲ့တာပါ၊

ဆိုလိုတာက အသုဘကိစ္စ လာမေးတာမဟုတ်ဘူး။ မပြောပါနဲ့တော့လို့ ဆိုချင်ဟန်လား။ ဦးစိမ်းအောင် စိတ်ဆိုးဖို့သည်း သတိမရပါ။

"ဟုတ်ပါပြီ၊ အန်ကယ်လ်တို့ နားလည်ပါပြီ၊ ဒါဆိုရင် မိန်းကလေးက စိတ်ဝေဒနာသည်ဖြစ်နေတော့ အမွေလွှဲဖို့ရယ်၊ ဆုံးဖြတ်သုံးသပ်ဖို့တွေရယ် ဒါတွေ ဘယ်လိုလုပ်မလဲ"

"ခိုင်လုံဖို့ကြိုးစားရမှာပါ၊ လူတစ်ယောက်ဟာ အကောင်းတိုင်းကနေ ရူးသွပ်သွားတယ်ဆိုရင် ရူးရတဲ့အကြောင်းရှိရမယ်၊ ရူးနေတာမှန်ပြီဆိုမှ ရူးတယ်လို့သက်မှတ်မှာပါ၊ ကျွန်တော့်ကို ခွင့်ပြုပါဦးခင်ဗျာ"

ဦးဇေယျာ က စာရွက်စာတမ်းတို့ကို သူ့အိတ်ထဲကို နေစ်တကျစီ၍ ထည့်သည်။ ပြီးစီးတာကိုမြင်မှ ဝင်လာကကည်းက ခပ်ဟုမ်းလှမ်းမှာပဲ မတ်တတ်ရပ်နေခဲ့သော လူငယ်တစ်ယောက်က အိတ်ကို လှမ်းယူသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးဖေယျာက ထ,ရပ်လိုက်ပြီး ...

"ကျွန်တော့်မှာလဲ အချိန်မရတော့ နောက်တစ်ရက် 'နှင်းသက်တန့်' နဲ့တွေ့ဖို့မှာ ဒီတိုင်းမဟုတ်တော့ဘဲ သူ့ရဲ့ ဝေဒနာနဲ့ပတ်သက်သမျှ ဆေးမှတ်တမ်းတွေ၊ သူ့ကိုကုတဲ့ ဆရာဝန်တွေပေါ့။ ဒါမှမဟုတ် တချို့တလေဆိုရင်လဲဖြစ်ပါတယ်၊ ဒါက ပထမဆုံးတွေ့ဆုံခြင်းပဲ၊ အဲဒါတွေကို အန်ကယ်တို့က စီစဉ်ပေးစေချင်ပါတယ်၊ 'နှင်းသက်တန့်'ရဲ့ အမွေလွှဲဖို့ကိစ္စကို နောက်တစ်ဆင့် ကျွန်တော်တို့ စဉ်းစားကြတာပေါ့၊ ခွင့်ပြုပါဦး"

ဘယ်သူကမှ ခွင့်ပြုဖို့ သတိမရ။ ဒါပေမယ့် ဦးဖေယျာကတော့ ပြန်သွားပြီဖြစ်လေသည်။ အဖြစ်အပျက်ကို အစအဆုံး မြင်နေ၊ ကြားနေရသည့် ဦးထွေးကတော့ သက်ပြင်းရှည်ကြီးချလျက် သန့်စင်ဆေးကြောပြီးသည့်ကားကို ဝိုဒေါင်ထဲကိုသာ သာသာလေး ဘက်ခ်ဆုတ်သွင်းထားလိုက်၏။

ဒီအိမ်မှာ အောင်ဖော် ဆုံးပြီးကာမှ ဘယ်သူမှလည်း အပြင်ကို သွားတာ လာတာ သိပ်မရှိတော့ပေ။ သူ ထွက်လာခဲ့စဉ်မှာ ဦးစိမ်းအောင်၏ ဒေါသသံနှင့် စိမ်း၏ ရှိုက်သံရောသော စကားသံတို့က ပျံ့လွင့်ပါလာခဲ့သည်။

"ဘာဖြစ်တာလဲ ဦးလေး"

ပန်းခြံထဲမှာ စာအုပ်ဖတ်နေရင်း ဆန်း က လှမ်းမေးသည်။ ဦးထွေးက ဆန်း ထိုင်နေသည့်ခုံတန်းလေးမှာ ဝင်ထိုင်လိုက်ကာ ...

"ဆရာတော့ မသမာမှုတွေ လုပ်ပြီကွ"

"ဘာဖြစ်လို့လဲ"

ဦးထွေး မျက်နှာမသာမယာနှင့် ပြောမလိုပြင်းနေကာမှ ပြောလည်း မပြောချင်ဘဲဖြစ်နေသဖြင့် တံတွေးပဲမျိုမျိုချ၏။

"ဘာဖြစ်နေကြတာလဲ၊ ခုနက တောင်းအော့စ်အဖြူရောင်ကြီးဝင်သွား





တာ ဘယ်သူ့ကားလဲ"

"တိုင်းတရားသူကြီးလို့ ကြားတာပဲကွာ"

ကိုယ့်စကားကို ရ,လိုက်မိပြီးမှ ဘယ်လိုပြန်ပိတ်ရမှန်းမသိ ဖြစ်သွား၏။ နှင်းနဲ့ပတ်သက်လာလျှင် တစ်ခုခု တစ်ဖက်စောင်းနင်းဖြစ်လာရင် ဆန်း က ငြိမ်နေမှာမဟုတ်ပေ။

အားလုံး သိထားကြတာက နှင်းဟာ ဒေါ်ခင်သဇင်ရဲ့ သမီး မဟုတ်သည်မို့ မြရွက်စိမ်းရဲ့ အမွေဆက်ခံခွင့် ရှိသူမဟုတ်ပေ။

ထို့ကြောင့် မျိုးဆက်ပြတ်သလိုဖြစ်ကျန်ခဲ့သည့် 'မြရွက်စိမ်း'မှာ အရင်းချာဆုံးက ဦးစိမ်းအောင်တို့မိသားစုဖြစ်နေသည်။ သူဌေးကြီးဦးသက်တန့်က အမွေကိစ္စ ဘာမှစီစဉ်မသွားနိုင်ဘဲ စီးပွားရေးအားလုံးကို ဦးစိမ်းအောင်လက်ထဲကို ပုံအပ်ခဲ့၏။ စီစဉ်ဆောင်ရွက်သူ မရှိခဲ့သည့်တိုင် အခြေအနေအတိုင်းအတာအရ ဆက်လက်ထိန်းသိမ်းဆက်ခံနိုင်ခွင့်က ဦးစိမ်းအောင်လက်ထဲမှာပဲရှိသည်။ ကန့်ကွက်မည့်သူလည်း မရှိခဲ့၊ စွက်ဖက်ဝေဖန်ရဲသူလည်းမရှိခဲ့ဘဲ နှစ်တွေကြာခဲ့ပါပြီ။ အားလုံးလည်း ဒီတိုင်းပဲ သိထားခဲ့ကြ၏။

နှင်းသည် ဦးစိမ်းအောင်တို့သားအဖ၏ သနားသဖြင့် သိတတ်သလောက်သာ ခံစားရရှာသည့် မိန်းကလေး။ ဖခင်ကိုယ်တိုင်က ခံစားခွင့် ဘာမှမချန်ရစ်ခဲ့သော သနားစရာဘဝ။

ဦးထွေး မျက်မှောင်ကြီးကြုတ်ချကာ လေးလေးနက်နက် ပြန်တွေးကြည့်သည်။

ဒါဆိုရင် ပြီးခဲ့သမျှအားလုံးဟာ ဦးစိမ်းအောင်တို့ ဒီတိုင်း အကွက်ချ ဖြန့်ခင်းလိုက်သည့် ဖန်တီးမှုတွေလား။ ဒါမှမဟုတ် သူတို့ကိုယ်တိုင် ဒီတိုင်းပဲထင်ပြီး ရေလိုက်ငါးလိုက် နေခဲ့တာမျိုးလား။

ဦးထွေး ဘာဖြစ်သွားမှန်းမသိပေမယ့် ဆန်းက ထပ်မမေးဘဲ အကဲ



www.burmeseclassic.com

www.burmeseclassic.com



ခတ်နေရင်း စောင့်နေခဲ့၏။ ဦးထွေးက ဆန်းနဲ့မျက်လုံးချင်းမဆုံအော
လည်ပင်းကြီးလိမ်နေသည်အထိ မျက်နှာလွှဲထားသည်။

သူ့စိတ်အာရုံထဲမှာ နှစ်ပေါင်းများစွာ ဒုက္ခခံခဲ့ရသည့် နှင်း ပုံစံဝေ
ကို စိမ်းတို့မိသားစု၏အလယ်မှာ ပြန်လည်မြင်ယောင်နေခဲ့သည်။ ခု ကြ
လိုက်ရတော့ ဒီစည်းစိမ်ဥစ္စာတွေအားလုံးက ဒီမိန်းကလေး ပိုင်သည်

သူမက ကြည်ဖြူမှ သူတို့တွေ စားသုံးရမည်တဲ့၊ ကံကြမ္မာဝင့်ကြ
က ကြောက်စရာကောင်းလှပါလား။ မိမိစည်းစိမ်တွေရှိလျက်နှင့် ဝင့်ကြ
ရှိသမျှ ဆပ်နေခဲ့ရသည်။ ဆူသမျှ ရိုက်သမျှ ခံ၊ ကျွေးသမျှ စား၊ ပေးသ
ဝတ်၊ တစ်ယောက်က ဝင့်ကြွေး ကျေတော့ တစ်ယောက်ရဲ့အလှည့် —

ဒီပြဿနာတွေကို ဦးစိမ်းအောင် မည်သို့ဖြေရှင်းပါမည်နည်း။ သူ သိ
သလောက်မှာ ဆရာဦးစိမ်းအောင်ဟာ လူယုတ်မာတစ်ယောက်တော
မဟုတ်ပေ။

ထို့ကြောင့် သူ့ငွေးကြီးမရှိတော့ပေမယ့် ဆရာ့ကိုလည်း သူ လေး
ခဲ့တာပင်။ ဘာဖြစ်ဖြစ် သူတို့ကိစ္စလို့ ထားလိုက်ဖို့က ဆန်းနဲ့စိမ်း လက်ထ
ဖို့ကလည်း သေချာနေပြီ။ ဦးထွေး ပင့်သက်ရှိုက်၍ ဒီဘက်လှည့်လိုက်
ဒါက သူ ဆုံးဖြတ်ရမည့်ကိစ္စမဟုတ်တာကို နားလည်လိုက်၍ပါ။

❀ ❀ ❀





အခန်း (၂၃)

"အို ... ဒီလိုတွေးနေခဲ့တာ ဘယ်သူလဲ ဖေဖေ၊ ပြီးတော့ မိနှင်း ထင်ရာတွေ လျှောက်ပြော၊ လျှောက်ပြေးနေတာ လူကောင်းသူကောင်းနဲ့တူလို့လား၊ ဆရာဝန်စစ်ချက်မှာ အမြေမှန် ရှိရှိ မရှိရှိ မကျန်းမာလို့ ဆရာဝန်ပြနေရတယ်၊ စိတ်ကျန်းမာရေးကို ပြကြည့်ဖို့ သမားတော်တွေက အကြံပေးကြတယ်၊ ဒါတွေလဲ အမှန်ပဲ၊ ဘာဖြစ်လို့ စိမ်းတို့က တရားခံဖြစ်ရမှာလဲ၊ အမွေဆက်ခံမည့်သူကို မမှန်မကန် ချောက်တွန်းကြံစည်တယ်ဆိုတဲ့ စွဲချက်က ဘာလဲ၊ လုံးဝ အဓိပ္ပာယ်မရှိဘူး"

"တိုးတိုးပြောစမ်း သမီး၊ ပြဿနာကို ဘယ်သူမှမသိဘူး။ သမီး ထထအော်နေလို့ လူကြားမယ်၊ ဒီလိုပြဿနာတွေမှာ ဒီလိုအမှုအခင်းအသွားအလာ ရှိတတ်တယ်ဆိုတာ ဦးဖေယျာကိုယ်တိုင် ပြောတာ မြှမ်းခြောက်တဲ့စကားမဟုတ်ဘူး။ သူက တရားသူကြီးတစ်ယောက်"



www.burmeseclassic.com

www.burmeseclassic.com



ဦးစိမ်းအောင်၏မျက်နှာတစ်ပြင်လုံး နီရဲနေ၏။ ဒီရက်ပိုင်းတွေမှာ စိတ်ထောင်းကိုယ်ကျေဖြစ်ရလွန်းကာ ပါးရိုးနှစ်ဖက်က သိသာစွာစွင့်ကားနေသလိုပင်။

မွေးလာကတည်းက သေဆုံးချိန်အထိ စိန်ခဲ၊ ရွှေခဲကိုကိုင်ပြီး ရှင်သန်သွားကြတဲ့သူတွေ ရှိသည်ဆိုလျှင် ဘယ်လိုလူတွေလဲ။

သူ မြင်ဖူး၊ ကြားဖူးသမျှမှာ စည်းစိမ်ဥစ္စာဆိုတာ မမြဲသောသဘောတရား။

ချမ်းသာခြင်း အစဉ်မရှိသလို ဆင်းရဲခြင်း အစဉ်မဖြစ်တတ်ဘူး တဲ့။ နှင်းသက်တန့် ဆိုသော မိန်းကလေးနှင့် သူတို့မိသားစုဘဝချင်းလဲလှယ်ရတော့မည်ဆိုလျှင် သူတို့အတွက် ချမ်းသာရသည့်အချိန် ကုန်ဆုံးပြီဖြစ်ကာ နှင်းသက်တန့်ကတော့ ချမ်းသာခြင်းတွေကို စတင် စားသုံးနေရတော့မည်ဖြစ်သည်။

သူတို့အားလုံး ဟိုတက်တစ်ဘဝသို့ မကူးပြောင်းရသေးပါ။ ဒီတစ်ဘဝထဲမှာပဲ တစ်ဦးကဆုံး၍ တစ်ဦးက စ,မှာဖြစ်သည်။

ဘဝသံသရာဟာ ဘယ်ရွေ့ဘယ်မျှ လည်ပတ်နေဦးမည်လဲ။

သားအဖနှစ်ယောက်၏ ကယောင်ချောက်ချားအတွေးတွေထဲမှာ ထပ်တူထပ်မျှ တူညီမှုတစ်ခုရှိ၏။ ထိုတစ်ခုဟာ ဆင်းရဲခြင်းကို ဘယ်လိုမှ လက်မခံနိုင်ခြင်းပင်။

အုပ်ကိုင်ပိုင်ဆိုင်ထားသည့် စီးပွားဥစ္စာတို့ကိုလည်း ဆုံးရှုံးမခံနိုင်။ ကိုယ်တစ်သက်လုံး ပိုင်ဆိုင်လာခဲ့ပြီးမှ ကိုယ်ပိုင်ပစ္စည်းတွေမဟုတ်ပါဟု စွန့်ခံလိုက်ရသူလို စိမ်း က ယော်သူမို့ ပို၍ထိခိုက်ခဲ့သည်။

နေ့နေ့ညည စဉ်းစားမိတိုင်း အံကြိတ်မိသည်။ မျက်ရည်လွယ်တာ မဟုတ်ဘဲ သူ့အလိုလို စီးကျနေတတ်တာတွေ ခဏခဏ၊ ဦးစိမ်းအောင် ဘယ်လိုမှ မကြည့်ရက်နိုင်ပါ။





သူကတော့ လူကြီးမို့ ဖြေသာနိုင်သေးသည်။ သမီးခမျာ ဒီကာလလေးအတွင်းကျမှ မောင်ဖြစ်တဲ့သူက ဆုံး၊ မင်္ဂလာပွဲက ပျက်။

ထပ်ဝင်လာသည့်ပြဿနာတွေကလည်း ခြေရင်း၊ ခေါင်းရင်း၊ သားရေး၊ နှာရေးကိစ္စမျိုးမဟုတ်၊ အားလုံးဟာ မိမိဘဝနှင့်သာ သက်ဆိုင်ကာ လေထဲက ဖယောင်းတိုင်လိုအဖြစ်မျိုး။

"ဖေဖေတို့ စဉ်းစားရမှာ တစ်ခုပဲရှိတယ်"

ဦးစိမ်းအောင်က သားအဖနှစ်ယောက်တည်းရှိတုန်း ပွင့်ပွင့်လင်းလင်း ပြောဖို့ စိတ်ကူးနှင့် လေသံကိုနှိမ့်ပစ်လိုက်ပြီး စိမ်းဘက်သို့ ကိုယ်ကို တိုးကပ်ကာ ...

"ဆန်းနဲ့လက်ထပ်ဖို့ကို သမီး ရှေ့ဆက်မလား၊ ဖျက်မလား"

"ဟင့်အင်း၊ ဘာဖြစ်လို့ဖျက်ရမှာလဲ၊ မဖျက်နိုင်ဘူး"

စိမ်း ချက်ချင်းခေါင်းခါသည်။ တည်ငြိမ်မှုတွေ ကင်းမဲ့နေပြီဖြစ်သည့် မျက်ဝန်းများက မျက်ရည်ရောင်များကြောင့် ပို၍ပြိုးပြက်လက်နေကြသည်။

နည်းနည်းလှုပ်ရှားလိုက်ခြင်းက ပြုတ်ကျလာတော့မလောက် ထင်ရသည်။ ထိုမျက်ဝန်းများကို ဦးစိမ်းအောင်က ရင်နာစွာ စူးစိုက်ကြည့်၏။

သမီးလေး စိတ်ဖိစီးမှုတွေ များလွန်းနေပါပြီ။

"မိနှင်းနဲ့ သမီး ပြိုင်ထားတယ်၊ ဒီထဲမှာ ဆန်းလဲပါတာပဲ၊ သူ မပါဘူးဆိုပေမယ့် မပါလို့မှမဖြစ်တာ၊ ပါရမှာပဲ၊ လက်ထပ်ပွဲက ဖြစ်ကိုဖြစ်ရမှာ ဖေဖေ၊ မိနှင်း သမီးကို ပက်ပက်စက်စက်ပြောထားတာ ဖေဖေ သိပါတယ်၊ သမီး ဘယ်ဝတ်စုံဝတ်ဝတ် ဘယ်တော့မှ သတို့သမီး မဖြစ်တော့ဘူး တဲ့"

ပြောပြနေရင်း စိမ်း မျက်ရည်တွေ စီးသွယ်ကျလာခြသည်။

"မပေးဘူး၊ ဘာမှမပေးနိုင်ဘူး၊ ဥပဒေ ဘယ်လိုရှိရှိ ထုံးစံတွေ ဘာဖြစ်ဖြစ် သမီးတို့က စပြီး မတရားလုပ်ခဲ့တာ ဘာမှမရှိဘူး၊ ပိုင်ထားသမျှတွေ



www.burmeseclassic.com

www.burmeseclassic.com



အားလုံး ပိုင်ထိုက်လို့ပိုင်တာ၊ ကိုယ်နဲ့ထိုက်လို့ တိုယ့်လက်ထဲ အလို
ရောက်လာတာ၊ လုံးဝ ဘယ်သူ့မှမပေးနိုင်ဘူး။ ခင်အုန်း ... ခင်အုန်း"

"ရှင် လာပါပြီ မမကြီး"

အတင်းထ၊ အော်ကာ ခင်အုန်းကိုပါ လှမ်းခေါ်ပစ်လိုက်တာ ဦးစိမ်း
အောင် တားဆီးချိန် မရလိုက်ပေ။ စိမ်းသည် မျက်ဝန်းထောင့်တို့မှိုရဲလျ
အသားဆတ်ဆတ်တုန့်ကာ နှုတ်ပူးနေသကဲ့သို့ရှိ၏။

"ငါ့ရဲ့ မဂ်လာဝတ်စုံရော၊ ဝတ်စုံလေ ..."

"ရှင် ..."

"ဘာရှင်တာလဲ၊ ငါ့မင်္ဂလာဝတ်စုံ သေချာသိမ်းထားရဲ့လားလို့"

စိမ်း အော်လိုက်သဖြင့် ခင်အုန်း တုန်ခနဲဖြစ်သွားကာ ဦးစိမ်းအေ
ကို လှည့်ကြည့်သည်။ ဦးစိမ်းအောင် ငုတ်တုတ်မေ့နေသူကဲ့သို့ တော
တောင့်ကြီးငေးကာ စိမ်းအဖြစ်ကိုကြည့်ရင်း ကြက်သေ သေနေခဲ့၏။

ဘာတွေဖြစ်ကုန်ပြီလဲ ...

* * *





## အခန်း (၂၄)

"အဲဒီလိပ်ပြာတွေက ဘာလုပ်ဖို့လဲ"

"ဟင်"

"ပြတိုက်မှာ ခေါ်လာနဲ့ သွားသွင်းမလို့လား"

"ကိုကိုကလဲ ..."

"တော်ပြီ၊ ဒီမှာလာထိုင်"

"ကိုကိုကလဲ ..."

"နှင်းသက်တန့်"

"ကိုကိုကလဲ တစ်ကောင်မိရင်တော်ပြီ"

"တောက် ... နားရင်းတော့ အုပ်မိတော့မယ်"

"ကိုကိုကလဲ ..."

'ကိုကိုကလဲ' ပေါင်းများစွာကို တစ်ချက်မှလှည့်မကြည့်ဘဲ ပြောနေ
တာဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



နို့ပြာရောင်ဂါဝန်ရှည်လေးက ခြေဖမိုးပေါ် မထိတထိ ရှည်သည်။ ရင်ဘတ်နှင့်ကျောပြင်နဲ့ လက်ဖျားထိ ဇာအနက်ကျဲနှင့် ဖြတ်ဆက်မို့ ဖြူဝင်းနုမွတ်နေသောရင်ဘတ်လှလှလေးက ရွှေရောင်လက်နေသလိုပင်။

ရှိုင်းသလိုလိုရှိပေမယ့် သိပ်တော့မဆိုးပါ။ ဆံပင်တွေဖြန့်ချထားသဖြင့် ကျောပြင်လေးမှာ ကာကွယ်ပြီးသားဖြစ်နေ၏။

မျက်နှာလေးမှာ ဝင်းညက်ညက်လေးပဲလိမ်းခြယ်ကာ ပန်းခရမ်းရောင်သမ်းနေသည့်နှုတ်ခမ်းကြောင့် ညနေခင်းရယ်၊ အပြာရောင်ကောင်မလေးရယ်ဟာ အဲဒီနှုတ်ခမ်းသားပြောင်အိအိလေးနဲ့မို့ ထင်းနေသည်။

ပန်းရောင်စုံတွေထဲမှာ ရောင်စုံလိပ်ပြာတွေကိုဖမ်းနေရင်း ပန်းဘုရင်မ၏အလှမှာ ညနေခင်းက လက်နက်ချပြီးဖြစ်လိမ့်မည်။

ဆူမလို့၊ ပြောမလို့ ပါးစပ်ပြင်ပြီးမှ ဆန်း ဒီတိုင်းပဲလှမ်းငေးနေမိသည်။ ပြီးတော့ ခုံတန်းလေးထက်ကနေထရပ်ကာ သူမဘေးကို တစ်လှမ်းချင်း သွားရင်း ငေး၏။

“နှင်း သွားချင်ရာသွားလို့ရပြီဆိုရင် ရုပ်ရှင်လိုက်ပြနော် ကိုကို”

“အင်း”

စိတ်ထဲမှာ ဘာဖြစ်လို့ အလွယ်တကူ ကတိပေးလိုက်မိမှန်းမသိ။ ဒါပေမယ့် ဦးလေးက တားခဲ့သည်။

“ပြဿနာတွေရှုပ်နေတုန်း နှင်းကို မင်း ဘယ်မှခေါ်မထုတ်နဲ့ ဆန်း”

“ဘာမှာမှမရှိတော့တာ ဦးလေး၊ အားလုံးရှင်းနေပြီပဲ”

ကတိတွေ ဝတ္တရားတွေရှိခဲ့ပြီးတော့ ဦးထွေး မရှုနိုင်၊ မကယ်နိုင်ဖြစ်နေခဲ့သည်။ ဒါကို ဆန်းလည်း သိသည်ပဲ။

“ဒီပစ္စည်းတွေ ဘယ်သူပိုင်ပဲဖြစ်ဖြစ် ကျွန်တော့်ကို ပညာသင်ပေးခဲ့တာ အန်ကယ်အောင်ပဲ ဦးလေး။ ဒါကို ကျွန်တော် လက်ခံခဲ့တယ်၊ ပြီးတော့ ဒီလိုဖြစ်စေချင်လို့ ဒီလိုကူညီပါတယ်ဆိုတာကို သူတို့က ပြောပြီးသား။





ဦးလေးလဲ ကတိတွေပေးခဲ့၊ စိစဉ်ခဲ့ကြတာပဲ။ အောင်ဇော် သာ မသေခဲ့ရင် လက်ထပ်ပွဲက ဖြစ်ပြီးနေပြီ၊ ကျွန်တော် နားလည်ပါတယ်၊ ဦးလေး အဲဒီအတွက်နဲ့ ခေါင်းခဲမနေနဲ့ မမစိမ်းကို ကျွန်တော် လက်ထပ်မှာ”

“ဟုတ်တယ် ဆန်း၊ ဒီအခြေအနေကျမှ ရန်းထွက်ရင် ဘယ်နည်းနဲ့ဖြစ်ဖြစ် မတင့်တယ်တော့ဘူး၊ ဖြစ်လဲမဖြစ်သင့်ဘူး၊ အဲဒီတော့ မင်းကိုပြောချင်တာက နှင်းနဲ့ လျှောက်လည်ပတ်စွာ သွားလာဆက်ဆံဖို့ရည်ရွယ်ချက်တွေဖြစ်လာတာရှိရင် ဖျက်လိုက်ဖို့ပဲ၊ အားလုံးဟာ အရင်အတိုင်း ဘာမှမပြောင်းလဲဘူးလို့ မင်း သဘောထားလိုက်ပါ” တဲ့။

ဒါပေမယ့် ရင်ထဲမှာတော့ တဖြည်းဖြည်းပြောင်းလဲနေပြီ ညီမလေးရယ်။ တကယ်ဆို မင်းနဲ့ကိုယ်တို့က …

“ကိုကိုလဲ လိုချင်တပ်မက်စိတ်တွေ ဖြစ်လာပြီမဟုတ်လား၊ ဟားဟား”

သူ အနားရောက်လာတာကို လှမ်းကြည့်ပြီး နှင်းကရယ်သည်။ ‘ဟုတ်တယ်’ဟု ရင်ထဲမှာ ပြောမိပေမယ့် ဆန်း ခပ်ယဲ့ယဲ့ပြုံးဖြစ်၏။

နှင်းက လိပ်ပြာဖမ်းသည့်ခြင်းတံလေးကို ချထားလိုက်ပြီး သူ့ဘက်လှည့်သည်။ ရယ်နေသည့်မျက်နှာလေးနှင့် မျက်လုံးချင်းဆုံအောင်ကြည့်တာ တဖြည်းဖြည်းတည်သွားခဲ့ပြီး …

“ကိုကို”

“ဟင်”

“နှင်းကို ရုပ်ရှင်လိုက်ပြမယ်လို့ပြောပြီး ပြင်ဆင်ခိုင်းတယ်နော်”

ဆန်း ပင့်သက်ရှိုက်၍ မျက်နှာလွှဲသည်။

“အရေးကြီးတဲ့စကားတွေ ပြောချင်လို့ဆိုပြီးတော့ ဒီနေရာကို ခေါ်လာတာ ကိုကိုပဲ”

ဆန်း တစ်ခုခုပြောမလို့ကြည့်တော့ နှင်း မျက်ဝန်းလေးတွေက ထပ်



www.burmeseclassic.com

www.burmeseclassic.com



နေရာမှာပေါ့လျက် ...

"နှင်း လိပ်ပြာတွေကိုလိုက်ဖမ်းပြီး ခုန်ပေါက်နေတာ ပျော်နေတာ မဟုတ်ဘူး ကိုကို"

နှင်း မျက်နှာ ဆတ်ခနဲလှည့်လာတော့ မျက်ဝန်းမှာ မျက်ရည်စတို့ ပါလေသည်။ ဆန်း အံ့သြသွားမိ၏။ ငိုလွယ်ရယ်လွယ်တာကို အံ့သြတာ မဟုတ်ပါ။

သူမရင်ထဲမှာ ဘယ်လောက်ထိ ထိခိုက်ခံစားနေခဲ့သည်ကို သူမ ရိပ်မိခဲ့၍ဖြစ်သည်။

"ဘယ်သူတွေ ဘာပြောပြော နှင်းဘက်မှာ ကိုကိုရှိတယ်လို့ နှင်း ထင်ခဲ့တာ၊ နှင်းကို ရူးတယ်လို့ တစ်လောကလုံးက ထင်နေပေမယ့် မရူးဘူးဆိုတာ ကိုကို သိတယ်ပေါ့၊ ခုတော့ ..."

"နှင်း ..."

"နှင်းကို အရူးလို့သတ်မှတ်ရင်တောင် ကလေးလိုလို၊ ချွေးလိုလို သဘောထားပြီး ကိုကို ဆက်ဆံခဲ့တာ၊ ကလေးလေး နှစ်သိမ့်သလိုမျိုး၊ ချွေးကလေးတစ်ကောင်ကို ကျော့သပ်ချော့တာမျိုး ..."

"မဟုတ်တာကွာ"

"ဟုတ်တယ်၊ သူများတွေမသိအောင် ကိုကို့ဘေးကို ခဏလေး ခိုးခိုး ကပ်လာနေရတုန်းက ကိုကို နားလည်တာ၊ ဂရုစိုက်တာတွေကို နှင်း တကယ်သာယာခဲ့မိတယ်၊ ခု သေချာ အတူနေပြောဆိုလာတော့မှ ကိုကို လဲ နှင်းကို ..."

"တော်စမ်း"

ဆန်း ဘယ်လိုမှနားမထောင်ချင်တော့ဘဲ နှင်း လက်မောင်းလေးတစ်ဖက်ကို ဖျစ်ညှစ်ဆုပ်ပစ်လိုက်မိသည်။

"ဘာတွေလျှောက်ပြောနေတာလဲ"





"ကိုကို ညာနေတာတွေလေ၊ နှင်းကို ကျပ်မပြည့်တဲ့ ခပ်ပေါပေါ ကောင်မလေးဆိုပြီးတော့ ကလေးပိစိကွေးလေးကို ညာသလို ညာနေတာ၊ ပုံပြင်တွေပြောဖို့ ကြိုးစားနေတာ၊ ဒီမှာ တအားငိုချင်နေလို့ အော်ရယ်နေရတာ သိလား၊ ကိုကို့ကို ဒေါသတွေဖြစ်လွန်းလို့ လှည့်မကြည့်ဘဲ နေနေရတာ"

နှင်း မျက်ရည်တွေကျလာသည်။ သူ ကိုင်ထားသည့်လက်ပေါ် ကနေ ထပ်အုပ်ကိုင်ပြီး ဖယ်ချပစ်နေ၏။ ဆန်း က ဖယ်မပေးဘဲ ဒီဘက်လက်ကို ပါ ထပ်ဆုပ်ကိုင်ကာ ...

"ဘယ်လောက်ထိဒေါသတွေဖြစ်နေတာလဲ၊ ဘာလုပ်ချင်လို့လဲ၊ ကဲ.. ရော့၊ ကြိုက်သလိုလုပ်"

မျက်နှာချင်းထိမတတ်ဆွဲကပ်လိုက်ပြီးမှ လက်မောင်းနှစ်ဖက်ကို လွှတ်ပေးလိုက်သည်။ လက်နှစ်ဖက် စုံချ၍ မေးဆတ်ပြကာ ...

"ဘာလုပ်မှာလဲ၊ လုပ်လေ"

"ကိုကိုနော် ..."

ဒီလိုကျတော့လည်း မဟုတ်၊ နှင်း နောက်ဆုတ်ရပ်လိုက်ပြီး ခြေလေး ဆောင့်သည်၊ မျက်ရည်သုတ်ခြင်းကို မျက်နှာလေးငုံ၍ သနားစဖွယ်လုပ်နေပြီးမှ ချာခနဲလှည့်ပြေးသွား၏။

"နှင်း ..."

အပြေးကလည်းမြန်သည်။ ချက်ချင်းလိုက်ဆွဲတာတောင် မမီလိုက်ဘဲ လက်ဖဝါးလေးတစ်ဖက်ကို ဖမ်းဆွဲမိတော့ ချွေးတောင်ပြန်ချင်လာ၏။

"နှင်းရယ် ... မင်းကိုယ်မင်း ကလေးဆန်နေတာကျတော့ သတိထားမိရဲ့လား၊ မဟုတ်တဲ့ဘက်ကိုဆွဲတွေးပြီး ကိုယ့်ဆုံးဖြတ်ချက်နဲ့ကိုယ် မှန်နေတယ်၊ မင်းရဲ့ ပတ်ဝန်းကျင်၊ မင်းနဲ့ပတ်သက်ပြီး သူများတွေ ဘာတွေဖြစ်နေကြသလဲ မှင်း သိလား"



www.burmeseclassic.com

www.burmeseclassic.com



နှင်း ခေါင်းခါသည်။ သူ့ကိုစူးစိုက်ကြည့်ပြီး အံကြိတ်ထားပုံက မသိလို့ ခေါင်းခါတာမဟုတ်ဘဲ သိကိုမသိချင်တာမျိုးဖြစ်၏။

"မသိဘူး။ နှင်း သိနေတာ မမစိမ်းနဲ့ကိုကို လက်ထပ်တော့မယ်၊ ဘယ် အရာတွေ ဘယ်လိုပဲပြောင်းလဲသွားသွား ဘာတွေပဲပျောက်ကွယ်နေနေ နောက်ဆုံး ကမ္ဘာကြီးဟာ ဝင်ရိုးစွန်းပေါ်ကနေ ကိုးဆယ်ဒီဂရီထိ စောင်း ကျသွားပြီဆိုရင်တောင်မှ လက်ထပ်ကြမှာပဲဆိုတာ၊ နှင်း သိတာ အဲဒါပဲ"

ဆန်း မျက်နှာပျက်သွားသည်။ ဆုပ်ကိုင်ထားမိသည့် နှင်းရဲ့ လက်ဖဝါး လေးကို တယုတယတွေးဆုပ်ထားရာကနေ ခပ်ဖိဖိဖျစ်လိုက်မိသည်။

ဖြူဝင်းလှပသည့်မျက်နှာလေးကို မချိတရိငေးရင်း ပြောဖို့စကား လည်း အစရှာမရပေ။ ဒါပေမယ့် နှင်းရဲ့နှုတ်ခမ်းပါးလေးတွေက ငြိမ်မနေ။

"ပြောလေ ကိုကို၊ ကျေးဇူးတွေ၊ ဝတ္တရားတွေ၊ မမစိမ်းကို ဘာကြောင့် လက်ထပ်ရမှာတွေ၊ ဘာကြောင့်ရှောင်မရတာတွေ၊ ခု ကိုကို ဘယ်လို အကြောင်းတွေနဲ့ပြောဖို့ရှိသေးလဲ၊ ဒီညနေပြောမယ့် အရေးကြီးစကားက အဲဒါတွေလား"

"မဟုတ်ဘူး"

ဆန်း ပတ်ပြတ်ငြင်းပစ်လိုက်၏။ ညနေခင်းရယ်၊ လေညင်းသွဲ့သွဲ့ ရယ်၊ ရောင်စုံပန်းတို့ ယိမ်းနွဲ့နေကြတာရယ် အားလုံးဟာ စုတ်ချက်ညီ သောပန်းချီကားတစ်ချပ်လို လှနေသည်။

အနုအရှ အလှအပကို ခံစားတတ်သူတို့၏နှုတ်ဖျားမှာ ကဗျာတစ်ပုဒ် ဖြစ်သွားရလောက်အောင် ပတ်ဝန်းကျင်က ပြည့်စုံစွာဖြားယောင်းညို့ငင် လျက်ရှိ၏။

သို့သော် ဆန်းရင်ထဲမှာ နွေတလင်းကဲ့သို့တင်းကျပ်ကာ ပပ်ကြား အက်တွေ ထပြစ်ကုန်ပြီထင်သည်။ ပန်းရနံ့သင်းသော လေညင်းသွဲ့သွဲ့က မီးအားကောင်းဖို့ ပင့်သောလေကဲ့သို့ မွှေးခြင်း၊ အေးခြင်း ကင်းမဲ့နေသည်။





ပွင့်ပြင်းလာခဲ့သောရင်ထဲမှာ တဖျစ်ဖျစ်မြည်သံတွေတောင် ထွက်နေရော့ သလား။

"ကိုကို ..."

နှင်းက တစ်ခုခုကိုပြောမလို့ပြင်ပြီးမှ ပင့်သက်များနှင့် ရောထွေး၍ ပြန်လည်မျိုသိပ်ဖို့ပြင်သည်လား။ ဒါမှမဟုတ် သူ့မျက်ဝန်းများနှင့်ဆုံအောင် တမင်စောင့်နေတာလား မသိပါ။

သူ ကြည့်လိုက်တော့မှ ...

"နှင်း ကိုကို့ကိုချစ်တယ် သိလား၊ အဲဒါ တကယ်၊ ဘယ်လိုချစ်တာလဲ ဆိုတာ မသိဘူး၊ ကိုကို့ကို ဟိုအရင်အချိန်တုန်းကတည်းက ချစ်တာ၊ ကိုကို လို့ခေါ်ခဲ့ပြီးတဲ့နောက်နေ့တွေမှာ စပြီးခင်ပြီဆိုကတည်းက ချစ်တာ၊ အဲဒီလို နှင်းကပြောတော့ မိန်းကလေးတန်မဲ့ အရှက်မရှိပြောတယ်ဆိုပြီး အရူးမို့ ပြောတယ်လို့ ကိုကို သတ်မှတ်ဦးမှာလား၊ အရှက်မရှိဘူးလို့တဲ့ထင်လိုက်ပါ၊ အရူးလို့ မသတ်မှတ်ဘူးဆိုရင် ရပြီ ကိုကို၊ တစ်သက်လုံးရူးနေတဲ့သူလို့ သတ်မှတ်ခံခဲ့ရတဲ့ဘဝထဲကနေ နှင်းကို လွတ်မြောက်ခွင့်ပြုပါ"

"မင်း ဘာတွေပြောနေတာလဲ နှင်း၊ ဘာစကားတွေပြောပြော ဒါပဲ ဘာဖြစ်လို့ ပါပါလာတာလဲ"

"နှင်းမှမရူးတာ၊ နှင်းကို ရူးနေတယ်ဆိုပြီး ဖယ်ကြဉ်ခဲ့ကြတာလေ၊ တရားတံပေါင်နဲ့ ဥပဒေစာတမ်းနဲ့ နှင်း လွတ်မြောက်ခွင့်ရတော့လဲ ကိုကို က နှင်းကို အရူးစာတ်သွင်းနေဆဲပဲ"

"ဟာကွာ ..."

"နှင်းကို ကိုကို့မျက်လုံးထဲမှာ ဘာမှထည့်မတွက်ခဲ့တာ နှင်း နားလည် ပြီ"

"အဲဒါတွေမဟုတ်ဘူး နှင်း၊ မင်း ဘာမှမဟုတ်သလိုလိုနဲ့ အကြောင်း တိုင်းနေနေရာကနေ ဘာဖြစ်လို့ပြဿနာရှာတာလဲ၊ မင်းနဲ့ကိုကို ကြားမှာ



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုပြဿနာမဟုတ်ဘူး၊ ဒီအချိန်မှာပြောရမှာ ဒါတွေလဲမဟုတ်ဘူး”

“ဒါဆို ဘာတွေလဲ ကိုကို၊ မမစိမ်းကို ကိုကို လပ်ထပ်ရမှာပဲဆိုတဲ့ အကြောင်း ဗာရာဏသီချဲ့ပြီး ပြောမှာလား၊ ဒါဆိုရင် နှင်း ပြောမယ်၊ ကိုကို့ကို ထောက်ပံ့ခဲ့တဲ့ကျေးဇူးဆိုတာတွေအားလုံးက ဘယ်သူ့စည်းစိမ်ဥစ္စာတွေလဲ၊ ကိုကို ကျေးဇူးတင်ရထိုက်တာက ဘယ်သူလဲ”

“ကျွတ် ... နှင်း ... ကွာ”

“ပြောလေ ကိုကို၊ တစ်လောကလုံးမှာ တစ်ကောင်ကြွက် တစ်မျက်နှာဘဝနဲ့ ကိုကို တကယ်စောင့်ရှောက်ပေးသင့်တာက ဘယ်သူလဲ”

“အဲဒီလိုမရဘူးကွ”

ရင်ထဲမှာ ကရုဏာဒေါသတွေဖြစ်လာသည်။ ငယ်တဲ့သူက ငယ်သူလို ရင်ထဲရှိတာ ပြောချလိုက်ရုံပဲဖြစ်ပေမယ့် သူ့မှာ မရ။

ဆုပ်ကိုင်ဖမ်းပြောလို့ရတဲ့စကားတွေကို သူမက ပြောသွားနိုင်ပြီ၊ ဆုပ်ကိုင်ဖမ်းလို့မရတဲ့ အကြောင်းတွေကို သူ ဘယ်လို စီကာပတ်ကုံး ပြောရမလဲ။

အိမ်ထောင်ရေး၊ လူမှုရေးတွေဟာ လေထုဖိအားတစ်ရပ်လို လေဖိအားများရာကနေ နည်းရာအရပ်ကို ရွေ့လျားခြင်းဖြင့် လေတိုက်ခတ်ခြင်းကို ပြီးမြောက်စေလို့ ရသလား။

ဂိမ်းကစားပွဲတစ်ခုလို အရှုံးအနိုင် ရင်ဆိုင်ယှဉ်ပြိုင်မှုတွေကို မော်နီတာပေါ်မှာပဲ ဆုံးဖြတ်ပေးလိုက်လို့ရော ရတတ်သလား။

“မင်း နားမလည်ကာတွေရှိသေးတယ် နှင်း၊ နားမလည်ဘူးပြောတာလဲ မင်းကို သူငယ်နှပ်စားလေးလို့ သတ်မှတ်ပေးလိုက်တာမဟုတ်ဘူး နငယ်တာ၊ သန့်စင်တာကို အဲဒါကို ထိခိုက်သွားမှာစိုးတာ။ ဘာဖြစ်ဖြစ် ဆွဲမပြောတာ၊ မင်းမပါတာရော သိချင်သေးလား။ အရှုံးလို့သတ်မှတ်ပြီး ဖယ်ထားတာမဟုတ်ဘူး၊ နေမလောင် မီးမခစေချင်တာမျိုး၊ သူများတွေ





ရင်ထဲမှာ ဘာရှိရှိ ကိုယ့်ရင်ထဲမှာ အဲဒီအတိုင်းပဲရှိတယ်၊ အဲဒါ မင်း မယုံလဲ မတတ်နိုင်ဘူး၊ ဒီမှာ နှင်း ...”

သူ နှင်းရဲ့လက်ဖဝါးလေးနှစ်ဖက်ကို ထပ်ဆုပ်၍ဖျစ်ညှစ်လိုက်သည်။

“မင်းလိုပဲ ကိုယ့်ဘဝရဲ့ ဒုတိယတစ်ပိုင်းဖြစ်တဲ့ ‘မြရွက်ဖိမ်း’ရဲ့နောက်တစ်ပိုင်းမှာ မင်းသာ အဓိကဖြစ်ခဲ့တာ၊ ကိုယ်နဲ့မင်းက ဘဝတူ၊ အဲဒီလိုပဲ သတ်မှတ်ပြီး မင်းကို ကိုယ့်ရင်ဘတ်ထဲ ထည့်ထားခဲ့တာ”

နှင်း မျက်ဝန်းလေးတွေ ငြိမ်သက်ငေးမောလာခဲ့၏။ မကျွမ်းပေမယ့် လွမ်းရမှာမျိုးလား။

“အဲဒါတွေက သန့်စင်ပါတယ်၊ မင်းဘဝလေးကို ကိုယ် စာနာတယ်၊ ကိုယ် မတတ်နိုင်ပေမယ့် အရိပ်မိုးပေးချင်ခဲ့တယ်၊ အဲဒါကြောင့် ကိုယ်ကြိုးစားခဲ့သမျှ အားလုံး မင်းနဲ့သက်ဆိုင်ခဲ့တာချည်းပဲ၊ ဒီနေ့ထိ မင်းဟာ ကိုယ့်ရဲ့ ...”

“သန့်စင်တယ်လို့ ပြောဦးမလို့လား ကိုကို”

ဆန်း မျက်နှာလွှဲပစ်သည်။ တဖြည်းဖြည်း ဖြေချလာသည့် သူ့လက်တွေကို နှင်းက ပြန်ဆုပ်ထားကာ ...

“နှင်းကို ရှင်းရှင်းပြောပါ၊ နှင်းကိုကျတော့ ညီမလေးထက်မပိုနိုင်ဘူးဆိုတာမျိုးနဲ့ထားခဲ့ပြီး မမစိမ်းကို ကိုကိုက ချစ်တာပေါ့”

ဆန်း မျက်နှာ တင်းခနဲဖြစ်သွားသည်။ နှင်း ပျာပျာသလဲဖြစ်သွားကာ ...

“ရွဲ့မဖြေနဲ့ ကိုကို၊ ဟုတ်တယ်လို့ ရွဲ့မပြောလိုက်ပါနဲ့။ နှင်းကို ဘယ်လိုပဲချစ်ချစ်ပါ မမစိမ်းကို လက်ထပ်ရမှာပဲဆိုရင်လဲ လက်ထပ်သွားပါ၊ ဒါပေမယ့် ကိုကို ချစ်တာမဟုတ်ပါဘူး၊ အဲဒါ နှင်း သိတယ်၊ ဟုတ်တယ်မဟုတ်လား၊ အဲဒီတိုင်းပဲမဟုတ်လားဟင်”

“နှင်းရယ် ...”



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ နင့်ခနဲဖြစ်သွားသည်။ မျက်ရည်ဝေ့နေသောမျက်ဝန်းလေးတွေကို မကြည့်ရက်ဖြစ်လာခဲ့ရင်း ရင်ခွင်ထဲမှာ သိမ်းပိုက်ထားလိုက်မိသည်။ နှင်း၏ကိုယ်လေး သူ့ရင်ခွင်ကျယ်မှာ မြုပ်ကွယ်သွား၏။

တကယ်ဆို ဒီရင်ခွင်တွေဟာ အချစ်နှင့် အစိမ်းသက်ဆုံး .....





အခန်း (၂၅)

"တကယ်ဆိုရင် ကျုပ် မတရားသလိုဖြစ်နေပါပြီ၊ ဒါကို ..."

"မဟုတ်ပါဘူး၊ ဆရာ စိတ်အေးအေးထားပါ။ ဒီအချိန်မှာ ဆရာတို့သားစု ဘယ်လိုအခြေအနေထဲရောက်နေတယ် ဆိုတာကို အလုပ်မှာ အရှင်သခင်ပါပဲ၊ ပြောရမယ်ဆိုရင် ကျွန်တော်တို့ ကျွန်ကောင်းပီသစွာ နေတယ်လို့ပဲ မှတ်ရမှာပါ"

ဦးထွေး ဘယ်လိုပြောပြော ဦးစိမ်းအောင် ခေါင်းတွင်တွင်ခါနေသည်။ အဖြစ်က ဦးထွေးတို့သိထားသလိုသာမန်ရိုးရိုးစင်းစင်းလေးမဟုတ်။ ဘယ်သူမှမသိပေမယ့် ကိုယ့်အကြောင်းကိုယ်သိသည်။ အစကတည်းက မဟုတ်တာတွေ လုပ်ခဲ့တာ လူကောင်းမဟုတ်ခဲ့တာလည်း ကိုယ့်ကိုယ်ကိုအသိ။

နဲ့ ဘာလုပ်ရတော့မယ်ဆိုတာ အတိုင်ပင်ခံမရှိဘဲ သူ ဆုံးဖြတ်ပြီးပြီဖြစ်၏။ သို့သော် ဆုံးဖြတ်ချက်အတိုင်း ရှေ့မဆက်ခင်မှာ ဦးထွေးတို့ သန်းတို့ဟာ သူ စီရင်ချက်ချတာကို ကျခံဖို့ လည်စင်းခံဆိုင်းနေကြသည့် တရားခံတွေမဟုတ်ပေ။ သူကလည်း တရားသူကြီးမဟုတ်။

"ဆန်းကလဲ ပြောပါတယ်၊ ဆရာကို အခြေအနေမပျက်ရအောင်တည်အောင် သိုရအောင် သူ စုဆောင်းထားတာတွေအားလုံးကို ထုတ်ပေးဖို့



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ..."

ဦးစိမ်းအောင် မျက်လုံးကြီးပြူးသွားသည်။ ချက်ချင်းပဲ ဝင်းဝင်းလက်လက်ဖြစ်လာ၏။ ဒါပေမယ့် ...

"ဒီ ... ဒီလောက်ထိတော့မလိုသေးပါဘူး၊ ကျုပ်က မင်္ဂလာကိစ္စပျက်ပြီး သမီးလေး တစ်ရက်ကနှစ်ရက်ဖြစ်မှာစိုးရိမ်မိတာ၊ ခုဆိုရင် အခြေအနေတွေက အရမ်းကိုကွာခြားသွားခဲ့ပြီ ဒီမင်္ဂလာကိစ္စ ပြီးတာနဲ့ ကျုပ်တို့ပြောင်းကြရမယ်၊ လက်ထပ်ပြီးကြရင်တောင်မှ ဆန်းက သမားတော်ကြီး တစ်ယောက် ဆိုတော့ သူ့ရာထူးဂုဏ်ဒြပ်နဲ့ထိုက်တန်အောင် နေထိုင်ရေးအတွက် ..."

"ဒါက မလိုပါဘူး ဆရာ၊ ပြောရမယ်ဆိုရင် ဒါက ယောကျ်ားလေးရှင်းစီစဉ်ရမယ့်ဝတ္တရားတွေမဟုတ်လား၊ နေထိုင်ဖို့ရော၊ စီးဖို့ကားအတွက် အားလုံး ဆန်းပဲ စီစဉ်မှာပါ"

"ဟင် ..."

ရင်ထဲမှာ အထင်ကြီးကြည်နူးခြင်းတွေ တလိပ်လိပ်တက်၏။ ဆန်းကိုယ်တိုင် သူနဲ့စကားကြာရှည်စွာပြောဖြစ်ပေမယ့် မင်္ဂလာကိစ္စတွေ အကျယ်တဝင့်မပါခဲ့သေးပေ။ ဒီစကားတွေကို ဆန်းနဲ့သူ မဆွေးနွေးဖြစ်ခဲ့တာ မျက်နှာပူခဲ့မိလို့ပဲဖြစ်သည်။ ကိုယ်ကျွေးမွေးစောင့်ရှောက်ခဲ့သူက တကယ့်ပုဂ္ဂိုလ်ကြီးဖြစ်လာတော့ သမီးနဲ့လက်ထပ်ဖို့ကျမှ စိတ်ထဲမှာ တစ်မျိုးတစ်မည်ဖြစ်နေမိတာ ဘယ်လိုခံစားချက်မှန်းမသိ။

ဦးထွေးကတော့ ဆန်း ကို ဘယ်လိုစည်းရုံးနိုင်သည် မသိပါ။ သားသမီးလည်းမဟုတ်ပါဘဲ ဦးလေးနဲ့တူ တော်စပ်ရုံအဆင့်နှင့်ပင် သားကောင်းရတနာတစ်ပါးလို ပုံပြင်ထိန်းကျောင်းနိုင်သူပင်။

စကားနည်းသလောက် နာခံတတ်သော ဆန်း၏အကျင့်ကောင်းလေးကိုပဲ ဦးစိမ်းအောင် အကဲခတ်မိပါသည်။ သမီးအတွက် သူ့ရွေးချယ်မှု





မှန်ကန်လွန်းလို့ ပိုနေသေးသည်ဟု အထပ်ထပ်တွေးမိသည်။

ပြီးတော့ မနေနိုင်မထိုင်နိုင် မေးလိုက်မိသေးသည်။

"ဆန်းက နိုင်ငံခြားမှာ ပညာတွေသင်၊ တာဝန်တွေထမ်းဆောင်ရင်းနဲ့ စီးပွားဥစ္စာလဲဖြစ်ထွန်းခဲ့တယ်နော်၊ သိပ်ကိုတော်တဲ့ကလေးပဲ"

"ဟုတ်ကဲ့"

ဦးထွေး ခေါင်းညိတ်လိုက်ပေမယ့် ရင်ထဲမှာ မကောင်းပါ။ ဖွင့်အန်ခွင့်မရသောစကားလုံးတို့ကို ဆက်လက်ပြောနေမိသော်လည်း ...

"သူ တကယ်ကြိုးစားလာခဲ့တာတွေက ဦးစိမ်းအောင်ရဲ့သမက်ဖြစ်ဖို့တော့ မဟုတ်ဘူး ဆရာ၊ သူ့ဘဝအတွက် သူ လိုလားမျှော်လင့်တဲ့ သီးခြားရည်မှန်းချက်တွေနဲ့ ကျားကုတ်ကျားခဲ ကြိုးစားခဲ့တာ"

"ချိုးဖဲ့နှိမ်ချလွန်းတဲ့ 'မြရွက်စိမ်း'က ရွက်စိမ်းနုဆိုတဲ့ မိန်းကလေးရဲ့ လက်အောက်ကနေ ယောကျ်ားမာနနဲ့ ရုန်းထွက်ဖို့ကြိုးစားခဲ့တာမှာ သူ သဘောထားခဲ့တာက 'မြရွက်စိမ်း'ဟာ သားရဲတွင်းတစ်ခု ဖြစ်မယ်ထင်တယ်"

"ဒါပေမယ့် သားရဲတွင်းထဲကနေလွတ်ဖို့ ဇွဲနပဲနဲ့ကြိုးစားကုပ်တွယ်တက်နိုင်ခဲ့ပြီးကာမှ တွင်းနှုတ်ခမ်းပေါ် ရောက်လာတော့ သူ ကျခဲ့တဲ့တွင်းဟာ ချောက်ကမ်းပါးစောက်ကြီးရဲ့ ခါးလယ်က တွင်းပေါက်ဖြစ်နေတယ်တဲ့၊ ရှေ့တိုးလဲ အသူရာကမ်းပါးထံ ပြုတ်ကျမှာပဲ၊ နောက်ပြန်ဆုတ်လဲ ရှင်ဖို့မှ မရှိတာ"

"သူ ဘာလုပ်ဖို့ရှိလို့လဲ။ ကျေးဇူးတရားဆိုတာ ချောက်ကမ်းပါးနဲ့တူသလား၊ ဒါမှမဟုတ် ရစ်ပတ်သွေးစုပ်တတ်တဲ့ နွယ်ရှင်ပင်တွေလိုလား၊ ဘာနဲ့ပဲတူတူ သူ ဘယ်လိုသဘောထားပြီးတော့ လည်စင်းပေးပေး ကျွန်ခံဖို့ကလဲ အရှင့်အတွက်ဆို အသွေးအသားကိုဖောက်ထုတ်ပေးရဲတဲ့ကျွန်မျိုးပါ။ ပြောရမယ်ဆိုရင်တော့ ဟိုဘဝက ဆရာတို့မိသားစုကိုကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



တို့ ဘုဝရီးက ပေးဆပ်ရဖို့ကြွေးတွေ တင်ကျန်ခဲ့တာပဲဖြစ်မှာပါ"

မပြောဖြစ်လိုက်သော နောက်ဆက်တွဲစကားတို့ကို ရင်ထဲမှာပဲ အဆုံးသတ်လိုက်ရပေမယ့် ဦးထွေးမျက်နှာက သိသာစွာပျက်ကျနေခဲ့သည်။

စကားသံတွေ ထွက်ကျမလာသော်လည်း ပြောနေဘိသကဲ့သို့ ...

"ကိုထွေး"

"ဗျာ"

ဦးထွေး ခေါင်းကြီးငုံ့ချပစ်တာကို ဦးစိမ်းအောင်က သေချာ လိုက်ငုံ့ကြည့်ပြီး ပခုံးကိုဆုပ်ကိုင်ခေါ် ၏။

"ခင်ဗျားမှာ တစ်ခုခု အခက်အခဲများရှိနေသလား၊ ဟိုဗျာ ... ဆန်းနဲ့ ကျုပ် ဒီကိစ္စကို တစ်ခါမှ မပြောဆိုခဲ့ဖူးဘူးလေ၊ ဒါကလဲ လူငယ်ချင်း ပြောဖို့ပဲ လိုတယ်လို့ ကျုပ် ထင်ခဲ့လို့ပါ၊ အဲဒီတော့ ဆန်းကများ တစ်ခုခု ..."

"မဟုတ်ပါဘူး"

ဦးထွေး ခေါင်းခါလိုက်၏။ ဆန်း က ဘယ်တော့မှ ဘာမှပြောမှာ မဟုတ်ပါ။ ပြောမလာနိုင်အောင်လည်း သူ အပြတ်ပြောခဲ့ပြီးပြီ။

ဟိုအစကတော့ ဆရာ့ကျေးဇူးတွေရှိလို့ ဆိုတာမျိုး။ အခု အခြေအနေတွေ ပြောင်းလဲသွားခဲ့တော့လည်း ...

"မင်းကို ဆရာ့သမီးနဲ့ လက်ထပ်ပေးရမယ်ဆိုတုန်းက ငါ ဘယ်လောက်ပျော်ခဲ့သလဲ မင်း သိလား၊ မင်း ဘာပညာတတ်မှမဖြစ်ခင်ကတည်းက မင်း ပညာဆုံးခန်းမတိုင်ဘဲ လူဆိုးဖြစ်သွားမလား၊ လူပေဖြစ်သွားမလား၊ ဘာကောင်ဖြစ်မယ်မှန်းမသိသေးဘဲ မင်းနဲ့ သဘောတူကြောင်း ပြောခဲ့တာ၊ အဲဒီအချိန်မှာ ဒရိုင်ဘာရဲ့ တူနဲ့ သူဌေးသမီး တူတန်ပါ့မလားလို့ နည်းနည်းမှကို ငါ တွေးမကြည့်ခဲ့ဘူး။ ဘယ်သူဖြစ်ဖြစ် အကောင်းဆုံးပဲဖြစ်ချင်တာကိုးကွ၊ ကျေးဇူးဆိုတာ အဲဒါပဲ"

"ငါ့ကိုလေးစားခဲ့တာ၊ မင်းကို ယုံကြည်ပေးခဲ့တာ၊ သူ့သမီးနဲ့ တင့်





ဘယ်စေချင်လို့ ပညာသင်ပေးတယ်ဆိုတော့ ကြားမကောင်းဘူးဖြစ်သွားသလား၊ ဒါ တကယ်တော့ သူ ဖြူစင်စွာယုံကြည်ခဲ့တာပဲ၊ သူ့သမီးရဲ့ ဘဝတစ်ဝက်ကို အပ်နှံထားလိုက်တာ၊ ဦးစိမ်းအောင် ဆိုတဲ့ သူဌေးကြီးကို ငါတင်ခဲ့တဲ့ကျေးဇူးဟာ အဲဒါပဲ ဆန်း။ ငါ့တစ်သက်မှာ လူများခိုင်းတာကိုပဲ ကြိုးစားလုပ်ဆောင်ပေးရင်း နိမ့်ပါးစွာနေခဲ့ရတယ်၊ ဒါကြောင့် ဆရာ့လို သူဌေးကြီးတစ်ယောက်ရဲ့ အထင်ကြီးလေးစားခြင်းခံခဲ့ရတဲ့ အဲဒီတစ်ကြိမ်တစ်ခါကို တစ်သက် မမေ့နိုင်ဘူး၊ သူဌေးကြီးနဲ့ငါ ခမည်းခမက်တော်ရဦးမှာပါလားလို့ အိပ်ရာဝင်တွေးမိပြီး ပီတိဖြစ်ခဲ့ရတဲ့ညတွေဟာ ငါ့အတွက် တစ်သက်စာပါ၊ တစ်ကိုယ်ကောင်းဆန်တာပဲဆိုဆို ဒီတစ်ကြိမ်တော့ ငါ့ကို မင်း နားလည်ပေးစမ်းပါ၊ မင်းတို့အတွက် ငါ အမြဲတမ်းအဆင်သင့်ဖြစ်နေခဲ့တာတွေအတွက် မင်း ဒီတစ်ခါပဲ နာခံပါ"

ဆန်းကို ပြောခဲ့သမျှ ပြန်တွေးကြည့်ပြီး တစ်ရက်ကုန်ဆုံးခဲ့တိုင်း စိတ်မကောင်းခြင်းက ကြေကွဲခြင်းသို့တိုးပြောင်းခဲ့သည်။

ခွင့်လွှတ်ပါလို့ အကြိမ်ကြိမ်တောင်းပန်ရင်း ဦးထွေး ဖွတ်ရှေ့တိုးနေခဲ့ခြင်းဖြစ်၏။ တကယ်တော့ ဆန်းသည် ကိုယ့်ကိုယ်ကို သေတော့မည်မှန်းသိနေသည့်သူကဲ့သို့ ...

စည်းစိမ်ဥစ္စာ၊ ဘဝအတွက်သာယာမှု၊ ဒါတွေအားလုံးကို ဘာမှမက်မောမှုမရှိတော့ဘဲ ရက်ရောစွာချပေးနေခြင်းဖြစ်သည်။

'မြရွက်စိမ်း'မှာ ရှေ့နေတွေနှင့် 'နှင်းသက်တန့်'တို့ ပြောဆိုတိုင်ပင်နေကြတာတွေ၊ ဦးစိမ်းအောင်တို့နဲ့ ရင်ဆိုင်ရှင်းလင်းနေကြတာတွေ ဒါတွေကိုလည်း ဘာမှနားမထောင်၊ ဂရုတစိုက်လည်းမရှိတော့။

အလုပ် စဝင်ပြီဆိုကတည်းက ဆေးရုံကြီးမှာ အချိန်ပြည့်နေသည်။ ပြီးတော့ ဆေးခန်းတွေမှာ လျှောက်ထိုင်၏။ နှင်းနဲ့ စိမ်းတို့ပြသနာတွေပြီးသာသည့်နောက်ပိုင်းမှာ ဆန်းက ပါဂျရိုအနက်ရောင်လေးတစ်စီးမယ်စီး



www.burmeseclassic.com

www.burmeseclassic.com



သည်။

ပြီးတော့ သူ့ကို သေတ္တာတစ်လုံးချပေးပြီး 'အန်ကယ်အောင်တို့ကို ပေးလိုက်ပါ၊ သူတို့ ဒုက္ခရောက်နေမှာပေါ့'တဲ့။

ကိုယ့်ကိုရွဲ့တာလား၊ တကယ့်စေတနာလား၊ မျက်နှာကို အကဲခတ်ကြည့်တာ မရပေ။ သေတ္တာကိုဖွင့်ကြည့်တော့လည်း စာအုပ်တွေ၊ စာရွက်စာတမ်းတွေပဲမို့ ဘာမှလဲ ဖွမကြည့်ဖြစ်ခဲ့ပါ။

'ဘာကိုသုံးရမှာလဲ၊ ဘယ်မှာလဲ ငွေ'လို့ မေးလိုက်ဖို့ အကြိမ်ကြိမ် အားယူပေမယ့်လည်း မမေးဖြစ်။ သို့သော် ဒီသေတ္တာထဲမှာ ဘာတွေရှိနေနိုင်တာကိုတော့ ခန့်မှန်းမိနေသဖြင့် သိမ်းထားလိုက်သည်။ ဦးစိမ်းအောင်တို့ကိုတော့ မပေးဖြစ်သေးပါ၊ ဆင်းရဲခြင်းဟာ သူ့အတွက် ခါးသီးရလောက်အောင် ဘယ်တုန်းကမှ မဆိုးရွားခဲ့သဖြင့် ဒီလိုသောကမျိုးလဲ မဖြစ်ခဲ့ဘူးပေ။

ခုတော့ ဦးထွေးမှာ နေ့စဉ်နှင့်အမျှ မှိုင်တွေငေးရင်း အချိန်တွေ ကုန်ရ၏။ နှင်းကို အမွေလွှဲတော့မည်လည်း ကြားသည်။ ဆရာတို့ ပြောင်းကြရမည်လို့လည်း ကြားခဲ့ပြီးဖြစ်သည်။ ထို့ပြင် ...

စိမ်းနဲ့ဆန်း လက်ထပ်ပြီးမှပြောင်းမယ်ဆိုတာလည်း ဆရာက ပွင့်ပွင့်လင်းလင်းပြောပြီးသား။ ဘာဖြစ်လို့ ခုချိန်ထိ လက်ထပ်ဖို့ပြန်စ,မလာသေးတာကိုတော့ စဉ်းစားမရဘဲဖြစ်နေခဲ့၏။

တကယ်ဆို ပွဲမစ,ရသေးတာပဲရှိသည်၊ လက်ထပ်ပွဲက ဖြစ်ခဲ့ပြီးသား လက်ထပ်စာချုပ်မှာ လက်မှတ်ထိုးလိုက်ကြတာနှင့်လည်း ပြည့်စုံသွားမှာပင်။

ဆရာကိုယ်တိုင် ဒီလိုဖြစ်စေချင်လွန်းတဲ့ဆန္ဒတွေ ရှိနေတာ သူ့ အသိ ဘာဖြစ်လို့ ဘာမှမပြောတာလဲ၊ ဒါမှမဟုတ် မျက်နှာငယ်သည့်ဘက်မှာ ဖြစ်နေပြီမို့ ပြောရခက်သွားတာမျိုးလား။





ဒီလိုဆိုရင်တော့ သူက စ,ပြောသင့်ပြီထင်၏။

ဦးထွေး မျက်နှာပြန်မော့၍ ဦးစိမ်းအောင်နှင့် သေချာရင်ဆိုင်ရပ်လိုက်သည်။ ဦးစိမ်းအောင်ကလည်း ဦးထွေး မော့လာဖော်ရမှ ကျေနပ်သွားကာ ...

"ကျုပ် စိုးရိမ်တာက ဆန်းရဲ့စိတ်ထဲမှာ တစ်ခုခုကျန်နေမှာကိုပဲ၊ သမီးကလဲ မကျန်းမာဘူးဆိုတော့ ..."

"ဗျာ ... စိမ်းက မကျန်းမာဘူး ဟုတ်လား"

ဦးထွေး တအံ့တသြဖြစ်သွားတော့ ဦးစိမ်းအောင် ကွက်ခနဲ မျက်နှာပျက်သွား၏။

"ဒီလိုဗျာ၊ ခု ... ခုချိန်ကျမှ အားလုံး စုပြုံပြီး အဆင်မပြေဖြစ်လာတော့ စိတ်ညစ်တာပေါ့၊ ကျုပ်လို လူကြီးတစ်ယောက်တောင်မှ ခံနိုင်ရည် တော်တော်မွေးရတာ"

"ဟုတ်တာပေါ့ ဆရာရယ်"

ဦးထွေး လိုက်လှဲစွာပြောမိခြင်းပါ။ ဒီထက်ဆိုးရွားတဲ့ဒုက္ခတွေ ရှိပါဦးမလား။ ဆင်းရဲတာ ချမ်းသာတာ ဒွန်တွဲနေတယ်ဆိုတာ မဆန်းပေမယ့် စိမ်းတို့လိုအဖြစ်မျိုးကြီးကို ဘယ်လိုလူခံနိုင်မှာလဲ။

ဟုတ်ရှာပေမည်။ စာနာစိတ်တွေဖြစ်လာမိတော့ ကိုယ့်တူစိတ်ဆင်းရဲနေတာကို မကြည့်ရက်လို့ တွေဝေနေမိသည့်စိတ်က 'ငါ မမှားပါဘူး'ဆိုသည့် မာနလေး ပြန်ဝင်၏။ သူများ ဒုက္ခရောက်နေတဲ့အချိန်မှာ ကူညီကယ်တင်နိုင်တာကမှ ခင်ပွန်းကောင်း၊ ကိုယ့်စိတ်ကို ပြန်၍သန့်စင်မြင့်တင်၍ ...

"ဒါကြောင့် ကလေးကို အပြင်မှာ မမြင်မိတာကိုး၊ ဒါဆိုရင်လဲ မင်္ဂလာကိစ္စကို ကျွန်တော်တို့ကပဲ မြန်မြန်ဆန်ဆန်ပြီးစီးအောင် စီစဉ်လိုက်ရင် မကောင်းဘူးလား ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ..."

"ကျွန်တော့်ကို ပိုင်စိုးပိုင်နင်း ပြောရဲလိုက်တာလို့ မထင်ပါနဲ့ ဆရာ မိန်းကလေးဆိုတာ ဆင်းရဲတဲ့ဒဏ်ကို မခံနိုင်တာ ပိုကြပါတယ်၊ ပြီးတော့ စိမ်းက မာနကြီးတဲ့မိန်းကလေး၊ အခု လုပ်ငန်းတွေကိုရော အားလုံးကိုပါ တရားဝင် ဘယ်လိုဆုံးဖြတ်မလဲဆိုတာ မသိရသေးဘူး၊ အဆုံးအဖြတ်က မလှခဲ့ရင် သူ့စိတ်ခံစားချက် ဘာဖြစ်သွားမလဲ၊ ကျွန်တော်က အဲဒါကို စိုးရိမ်လို့ပါ"

ဦးစိမ်းအောင် က ကြည်နူးဝမ်းသာသည့်မျက်နှာကြီးနှင့် ငေးကြည့်နေ၏။

"သူတို့ချင်း မချစ်ကြပေမယ့် လက်ထပ်ပြီးတဲ့အခါ ဒီထက်ရင်းနှီးကြမယ်၊ ကြင်နာရိုင်းပင်းလာမယ်၊ အေးအတူပူအမျှ ဘဝကြင်ဖော်ရှိနေရင် သူ ခံစားရသက်သာမှာပါ၊ ဆန်းကလဲ တခြားလူမှမဟုတ်တာ ဆရာ 'မြရွက်စိမ်း'က အခြေအနေတွေ အမြင်လှမသိကြသေးခင် မင်္ဂလာကိစ္စကို ပြီးစီးလိုက်ရင် ကလေးရဲ့သိက္ခာတွေအတွက်လဲ ပိုကောင်းပါတယ်"

"ကိုထွေးရာ ... ခင်ဗျား ..."

ဦးစိမ်းအောင် လှိုက်လှိုက်လှဲလှဲခေါ်ရင်း ဦးထွေး၏ ပခုံးနှစ်ဖက်ကို ဖျစ်ညှစ်ကိုင်၏။

"ခင်ဗျား ... ခင်ဗျား တကယ့်ကို မိတ်ကောင်း၊ အဆွေခင်ပွန်းကောင်း ပီသတဲ့သူပါ၊ သိပ်ကိုကျေးဇူးတင်တယ်ဗျာ၊ တကယ်လို့ ဒီနေ့ပြောတဲ့ စကားတွေ မနက်ဖြန်မှာ လွဲမှားတိမ်းစောင်းကုန်လို့ ဖြစ်မလာခဲ့ရင်တောင်မှ ခင်ဗျားရဲ့စေတနာနဲ့သိတတ်မှုကို ကျုပ်တစ်သက် ဘယ်တော့မှ မမေ့တော့ဘူး၊ တကယ်မမေ့ပါဘူး"





## အခန်း (၂၆)

"ချောလိုက်တာ ဆန်းရယ် ..."

နှုတ်ဖျားမှ တိုးတိုးတိတ်တိတ်စွာညည်းမိသည်။ တိုက်ကြီး၏ သူမအိပ်ခန်းမှ စီးမိုးငုံ့ကြည့်စဉ် ဦးထွေး အမြဲတမ်းနေခဲ့သော တစ်ထပ်ပျဉ်ထောင်အိမ် ဝပ်ဝပ်လေးကို မြင်နေရသည်။

ဦးထွေးက စိတ်ဝင်စားစရာမဟုတ်သော်လည်း အိမ်ရှေ့ဝရန်တာ ကျဉ်းကျဉ်းလေးမှာ စာလိုင်ဖတ်နေသည့် ဆန်းရဲ့ပုံရိပ်က ဆွဲညှို့အားပြင်းနေခဲ့သည်။

အုတ်ခဲကျူးရောင်ရှပ်အင်္ကျီလက်တိုပွပွ၊ နီညိုရောင်ပုဆိုးနှင့် သေသပ်ရှင်းသန့်နေသောဆံပင်ရယ်၊ ပြီးတော့ ဖြူဝင်းနေသည့်မျက်နှာရယ် ...။

အဝေးကြီးကနေ ထင်းနေအောင်မြင်ရသည့် ကုလားထိုင်ပေါ်မှာ ထိုင်လျက် ခြေတစ်ဖက်ကို ဝရန်တာအောက်တန်းပေါ်မှာ တင်ထား၏။

စာအုပ်ထူကြီးကို ထိုဒူးနှစ်ဖက်ပေါ်မှာ ဖေးတင်ပြီး ဖတ်နေပုံက စမတ်ကျသည်။ ဘယ်လိုကြည့်ကြည့် ရှင်းသန့်ချောမွေ့နေသည်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဟိုတုန်းကဆို ကွယ်ရာကနေ ချောင်းကြည့်မိတာတောင် ခဏ တဖြုတ် သတိလက်လွတ်ဖြစ်သွားတာရှိချင်ရှိမည်၊ ချက်ချင်း မဲ့ရွဲ့ မျက်နှာ လွှဲမိတာပဲဖြစ်၏။

ခုင် ့ မာနကြီးဖို့ စိမ်း မေ့နေသည်။ ငေးပြီးရင်း ငေးချင်နေသည်။ မြင်နေရတာကို အားမရဘဲ ရှေ့ထပ်တိုး၍ ထပ်မြင်ချင်၏။ အခန်းထဲကနေ ကုန်းကွချောင်းကြည့်နေသော သမီးအဖြစ်ကို ဦးစိမ်းအောင် အခန်းပေါက် ဝကနေ ရပ်ကြည့်နေခဲ့၏။ ပြီးတော့ တံခါးကိုဝင်သာအောင်ဖွင့်လိုက်ပြီး အထဲကို လှမ်းဝင်လာခဲ့သည်။

"သမီး"

"ဟင် ..."

စိမ်း ဖျတ်ခနဲလှည့်ကြည့်ကာ သူခိုးလူမိသလိုဖြစ်သွားပြီး မျက်နှာ လေး ရဲသွား၏။ ကျောထက်မှ ပြန့်ဝဲကျနေသောဆံနွယ်ဘွေက ပါးရိုးလေး တွေပေါ် ထိဆင်းကာ ခုနေ စိမ်းကို အပြင်လူမြင်လျှင် တစ်ခုခုဖြစ်နေတာ လားဟု မေးကြမှာမလွဲပင်။

ဘာဖြစ်လို့လဲဆိုတော့ တင်းတင်းနေတတ်သည့် စိမ်း၏မျက်နှာ ကလစ်တွေ ဆံထိုးတွေနှင့် အမျိုးမျိုးအလှဆင်၍ လှသထက်လှအောင် အမြဲပြင်ဆင်ထားတတ်သော ဒီဆံပင်။

အားလုံးက ခုချိန်မှာ စနစ်တကျ ဘာမှမရှိ၊ ဖရိုဖရဲဖြစ်နေပြီလို့ မပြော နိုင်သော်လည်း မသေသပ်တော့တာ သိသာ၏။ မိတ်ကပ်ပါးပါးနှင့် အရောင် မထင်သော မျက်နှာလေးကို ဦးစိမ်းအောင်က စိုက်ကြည့်၍ ...

"နေကောင်းရဲ့လား သမီး"

"ကောင်းပါတယ်၊ ခေါင်းမူးမူးနေတာနဲ့ပဲ သမီးကို လူမမာကြီးလို့ သဘောထားလိုက်တာလား ဖေဖေ၊ မြင်လိုက်တာနဲ့ နေကောင်းလားလို့ မေးတာ ‹ ဖြေချင်တော့ဘူး"





စိမ်း မျက်နှာလေးက တင်းနေ၏။ ဦးစိမ်းအောင်က မထိုင်ပေမယ့် သူမက စာကြည့်စားပွဲရှေ့မှာ ထိုင်ချပစ်လိုက်၏။

"ဖေဖေလာရင် သမီး သိချင်တာက ဦးဇေယျာနဲ့ ရှေ့နေတွေ ရောက် လာသေးလား၊ ဘာပြောသွားလဲ၊ မိနှင်းနဲ့ ဘာတွေပြောကြသလဲ၊ သူမီးတို့ နဲ့ ဘာတွေရင်ဆိုင်ဖို့ရှိသလဲ၊ အဲဒါပဲ၊ သမီးနဲ့ ဖေဖေ့ကြားမှာ နှုတ်ခွန်းဆက် စကားတွေ လိုလို့လား"

"လိုပြီးကော သမီးရယ်"

ဦးစိမ်းအောင် စိတ်ပျက်ဝမ်းနည်းသံနှင့် လှိုက်လှဲစွာဆိုသည်။

"သမီးအတွက် အဲဒါတွေ အရေးကြီးနေပေမယ့် ဖေဖေ့အတွက် သမီး ထက် ဘာမှအရေးမကြီးဘူး၊ လူရှိရင် ငွေရှိတယ်ဆိုတဲ့စကား ရှိတယ် မဟုတ်လား၊ လူနဲ့ကံတရားဆိုတာလဲ ကြွေတစ်လှည့် ကြက်တစ်ခုန်ပဲ"

"အို ... မဟုတ်တာ"

နှင်း ခါးခါးသီးသီးပြော၍ စားပွဲကို ဖျန်းခနဲပုတ်ပစ်သည်။

"လူရှိရင် ငွေရှိတယ် ဟုတ်လား၊ အဲဒါ အလကားစကား။ လောကကြီး မှာ ငွေလောက်အရေးကြီးတာ ဘာမှမရှိဘူး၊ ဖေဖေပြောတဲ့ သမီးထက် ဘာမှအရေးမကြီးဘူးဆိုတာလဲ အဲဒါ သမီး လက်မခံဘူး၊ သမီးတောင်မှ ကိုယ့်ကိုယ်ကို ငွေလောက်အရေးကြီးတယ် မထင်ခဲ့တဲ့ကိစ္စ ..."

"သမီး ..."

ဦးစိမ်းအောင် ဒေါသနှင့်အော်ပစ်လိုက်၏။ စကားပြောတာတွေက ဘောင်လွတ်နေပြီမို့ ကြားလို့လဲမတော်၊ မိဘတစ်ယောက်၏နားနဲ့လည်း ဘယ်လိုမှထောင်လို့မရ။

"သမီး စကားကို ဘာဖြစ်လို့ ဘောင်မဝင်အောင်ပြောနေတာလဲ၊ ဘယ်သူမှလက်မခံနိုင်တဲ့စကားတွေပြောပြီး ကိုယ့်ကိုယ် သူများက အရူး လို့သတ်မှတ်အောင် လုပ်နေတာလား"



www.burmeseclassic.com

www.burmeseclassic.com



စိတ်ရှိလက်ရှိပြောချင်တာကို အသံမထွက်အောင် အံကြိတ်ထားရသဖြင့် ဦးစိမ်းအောင်၏စကားသံက သွားကြားစေ့သံမျိုးဖြစ်နေသည်။ စိမ်းပြန်ကြည့်သည့်မျက်ဝန်းတွေကလည်း မိဘက ဒေါသဖြစ်ပြလိုက်လို့ ကြောက်ရွံ့ငြိမ်သက်သွားမည့် သမီးအလိမ္မာလေးလိုမဟုတ်။

"ဘာဖြစ်လို့ အရှုံးလို့သတ်မှတ်ရမှာလဲ၊ ရှုံးနေတာ သမီးမဟုတ်ဘူး"

"သမီး တိတ်စမ်း"

"အဲဒီလို သမီးကို ဖေဖေ မအော်ပါနဲ့၊ ဖေဖေလဲ ဖေဖေပဲ၊ သမီးလဲ သားသမီးပီပီ မိဘရှာဖွေကျွေးတာကို လက်ဝါးဖြန့်သုံးပြီး မှီခိုနေရတဲ့သမီးမျိုးမဟုတ်ဘူး၊ သမီးနဲ့ဖေဖေက အမြဲတမ်း တိုင်ပင်ဖော် တိုင်ပင်ဖက်"

"အဲဒါ ဟုတ်ခဲ့တယ်၊ အခု သမီး ဘာတွေဖြစ်နေသလဲ၊ သမီး ဘယ်နေရာတွေမှာ ထူးခြားဆန်းပြားနေခဲ့သလဲ ကိုယ့်ကိုယ်ကို သိရဲ့လား၊ ဟိုတုန်းက ရှက်စိမ်းနုရဲ့ စိတ်ဓာတ်တွေ ဘယ်ရောက်ကုန်ပြီလဲ"

ဦးစိမ်းအောင်က စိမ်းလက်မောင်းလေးတစ်ဖက်ကို မတ်တတ်လေး ပါလာအောင် ဆွဲထူလိုက်ကာ ...

"သမီး အခု စကားတွေ မဆင်မခြင်ပြော၊ ထင်ရာတွေလုပ်နေတာ ဘယ်လောက်အန္တရာယ်များသလဲ သမီး သိရဲ့လား၊ ခုချိန်မှာ သား အောင်ဇော် သေဆုံးသွားခဲ့တဲ့အဖြစ်ကို ပူဆွေးနေရုံနဲ့လဲ ပြီးသွားမှာမဟုတ်ဘူး။ 'မြရှက်စိမ်း'က အမွေကိစ္စတွေ ဘယ်လိုဖြစ်လာမလဲဆိုတာကို ထိုင်စောင့်နားထောင်နေလို့လဲ အပိုပဲ၊ ငွေ အဓိကဆိုပေမယ့် အဲဒီငွေတွေကို ကိုယ့်ဟာမဟုတ်ဘဲ သွားလုယူလို့မရဘူးဆိုတာ သမီး သိတယ်"

"အဲဒါကြောင့် ဆန်းကို လက်ထပ်ရမယ်၊ ဒါပဲလား ဖေဖေ"

"ဟုတ်တယ် သမီး၊ လိုရင်းက လက်ထပ်ဖြစ်ဖို့ပဲ"

စိမ်းက နှုတ်ခမ်းလေးမဲ့ပစ်လိုက်ပြီး စောစောက ဆန်းကို သူမ ရပ်ကြည့်နေခဲ့သည့် ပြတင်းပေါက်ဆီကို မျက်လုံးဝေ့၏။ ပြီးတော့ ဆတ်ခနဲ





ပြန်လှည့်လာကာ ...

"သမီးရဲ့ ရွှေဆိုင်ကြီးကို သမီးပိုင်ဖြစ်ကြောင်း အားလုံးသိပြီဆိုမှ တခမ်းတနား လက်ထပ်မယ်၊ သခင်ဟာသခင်၊ ကျွန်ဟာကျွန်ပဲဆိုတာ သင်းတို့နှစ်ယောက် သိမှဖြစ်မယ်"

ဒီမိန်းကလေး ဘာတွေပြောနေတာလဲ။ ဦးစိမ်းအောင် ကျွက်ကျွက်ခဲမတတ်ဖြစ်ရင်း သမီးမျက်နှာလေးကို ကြည့်မိသည်။ သနားကရုဏာဖြစ်ရတာက သပ်သပ်၊ မချင့်မရဲစိတ်တွေနှင့် ဒီလောက်ပြောရခက်လှချေလားဆိုပြီး ကိုင်ပေါက်ပစ်ချင်လာတာလည်း ထိန်းမရချင်။

ဒါပေမယ့် သမီးလေးခမျာ စိတ်ဖိစီးမှုတွေ ဒီလောက်ခံစားနေရရှာတာပဲ ပြန်တွေးမိတော့ ကရုဏာဒေါသတို့က သူ့အလိုလိုပြေသွားပြန်သည်။

"သမီး ..."

"မသိဘူး။ သမီးကို ဘာမှမပြောနဲ့တော့၊ နှင်းသက်တန့် ဆိုတဲ့ တစ်ယောက်ကို ဘယ်တော့မှအရှုံးမပေးဘူး။ ကိုယ်အမြဲနိုင်လာခဲ့တဲ့ ကျေးကျွန်သာသာမိန်းမမျိုးကို လုံးဝ အရှုံးမပေးနိုင်ဘူး"

"ဟုတ်တယ် မပေးရဘူး၊ အဲဒါကြောင့် သမီးက ဆန်းကို လက်ထပ်ရမှာ၊ မိနှင်းက ဆန်းကို ဘယ်လောက်တွယ်တာခဲ့သလဲ၊ ခုလဲ တွယ်တာနေဆဲပဲ၊ ဆန်းကိုယ်တိုင်က သူ့ငွေတွေကိုချပေးပြီး ဒီလက်ထပ်ပွဲကို စီစဉ်နိုင်းတာမဟုတ်ရင် မိနှင်း ခုလို ခေါင်းထွက်ရပ်နေမှာမဟုတ်ဘူး၊ သူ တွယ်တာနေတဲ့လူကို သူ ပိုင်ဆိုင်ချင်မှာပဲ၊ ဒါကို သမီးက အနိုင်ယူချင်ရင် ဆန်းကို လက်ထပ်လိုက်တာနဲ့ ပြီးပြီပေါ့"

"ဘာ ... ဖေဖေ ဘာပြောတယ်"

ဦးစိမ်းအောင် အာပေါက်အောင်ရှင်းပြနေပေမယ့် စိမ်း စိတ်ဝင်စားသွားတာက နှင်းကို နိုင်ရေး မနိုင်ရေး မဟုတ်ဘဲ ...



www.burmeseclassic.com

www.burmeseclassic.com



"သူ့ငွေတွေကိုချပေးတယ်၊ ဆန်းက … ဆန်းက ဟုတ်လား ဖေဖေ"

"ဟုတ်ပါ့ဘယ်လေ၊ သမီး အားငယ်မှာစိုးလို့တဲ့၊ မင်္ဂလာကိစ္စကို စိတ်ကြိုက်စီစဉ်ဖို့ …"

ဒါက ကိုယ့်ဘာသာ ဖြစ်နိုင်ချေရှိတာလေးနဲ့ သာသာထိုးထိုးပြောလိုက်တာပါ။ ဆန်းက ယူသုံးပါလို့ စကားရှိတဲ့အကြောင်းပဲ ဦးထွေးက ပြောသေးသည်။ ရော့ပါ၊ ယူပါတော့ဆိုပြီး ချပေးခဲ့တာတော့မဟုတ်ပါ။ စိမ်းကတော့ ထိုစကားတစ်ခွန်းကိုပဲ ကျေနပ်သွားသည်ထင်၏။

"မြရွက်စိမ်းမှာ ဖြစ်နေတာတွေကို ဆန်း အားလုံးသိပါတယ်နော် ဖေဖေ"

"သိတာပေါ့ သမီးရယ်၊ ကိုထွေးက ဖေဖေ့ဘေးမှာ အမြဲရှိနေတဲ့ အတွင်းလူပဲ၊ ခုဆိုရင် ခမည်းခမက်ဖြစ်တော့မယ့်လူ၊ သူတို့က ဘယ်လို အခြေအနေတွေမှာဖြစ်ဖြစ် ဖေဖေတို့အပေါ်မှာ သဘောထားပြောင်းမယ့် လူတွေ မဟုတ်ဘူး၊ ဖေဖေတို့ရဲ့ ဂုဏ်သိက္ခာအရှိန် ဒီထက်ထိုးဆင်းမသွားခင် ဆန်းနဲ့ သမီး လက်ထပ်ပြီးဖြစ်ရမှာ၊ ဖေဖေပြောတာ နားလည်ရဲ့လား"

"ငွေတွေရော …"

"ဘာ …"

စိမ်းက ဖခင်ဖြစ်သူကို သိချင်စိတ်ပြင်းပြနေသည့် မျက်ဝန်းကလေးနှင့် ကြည့်လျက် …

"ဆန်းက ငွေတွေအပ်တယ်ဆို၊ သူ့ကို ဘယ်လိုစုခဲ့သလဲ၊ ဘယ်လောက်ရှိသလဲ၊ ဘာတွေလုပ်မှာလဲလို့ သမီး မေးခဲ့တုန်းက သူ ဘာမှ မပြောခဲ့ဘူး၊ အခု ဖေဖေ့ကို ဘယ်လောက်အပ်တာလဲဟင်…"

"ဟို …"

ဦးစိမ်းအောင် ဘာဖြေရမှန်းမသိဖြစ်သွားသည်။ ခါတိုင်းအချိန်တွေဆို အလွန်ထက်မြက်ဖူးရှသော ရွက်စိမ်းနု ဆိုသည့် မိန်းကလေးရှေ့မှာ ဒီလို





မှားယွင်းလို့မရပေ။

သားအဖချင်းမို့ ပိုသိတာဖြစ်၏။ ဖေဖေ့ အလင်္ကာတွေအပေါ်မှာလည်း စိမ်းက ပါးနပ်စွာအုပ်ချုပ်နိုင်သူဖြစ်၏။ သူမရှေ့မှာ … တိုက်တာ၊ မျက်တောင်ခတ်ပစ်လိုက်တာ ဘာဖြစ်ဖြစ် အမူအရာ … ပြောင်းသွားတာနှင့် ရိပ်မိနိုင်စွမ်းရှိတဲ့သူ …။

ခုတော့ သူမ အကဲမခတ်အားတာလား၊ သိချင်စိတ်တွေများပြီး … အရာတွေပျက်သွားတာကိုတောင် သတိမထားနိုင်အောင်ဖြစ်သွားတာလား။

"အဲဒါကို ဘာဖြစ်လို့ ခုမှထည့်ပြောတာလဲ ဖေဖေ၊ ဟိုတစ်ခါ ဖေဖေ ပြောတုန်းက ဆန်းနဲ့လက်ထပ်ဖို့ကို လောလောဆယ် ရုံးမှာလက်မှတ်ထိုးထားရမယ်၊ တခမ်းတနားဖြစ်ဖို့က နောက်မှဆို၊ ကိုယ့်မှာငွေတွေရှိရက် တစ်သက်မှာ တစ်မင်္ဂလာကို လက်မှတ်ထိုးရုံနဲ့ တိတ်တိတ်ဆိတ်ဆိတ်ပြီးရမှာလား၊ သမီးမေးတာ အဲဒါကိုပါ"

ဦးစိမ်းအောင် တံတွေးမျိုချပြီး မျက်နှာပြခဲ့မော့၏။

"စိုးရိမ်လို့ပေါ့ သမီးရယ်၊ ဟိုအစက ဆန်းရဲ့ငွေနဲ့ဆိုရင်လဲ သမီးက လက်ခံနိုင်မှာမဟုတ်ဘူးလေ၊ ခုကျတော့ သမီး ရှက်မခံလဲ ဖေဖေက တိုက်တွန်းတော့မယ်လို့ ဆုံးဖြတ်ပြီး ပြောရတာ"

စိမ်းက စဉ်းစားနေသေးသည်။ ခဏကြာမှ …

"မနက်တုန်းက ခင်အုန်း ပြောသွားတယ်၊ နှင်းကလဲ လက်ထပ်မှာဆို ဘယ်သူနဲ့လဲ၊ လက်ထပ်ပွဲနဲ့ အမွေလွှဲတဲ့ကိစ္စကို တစ်ခါတည်းလုပ်မှာတဲ့၊ အဲဒါ တကယ်လား"

ဦးစိမ်းအောင် စိတ်ညစ်ရပြန်ပါပြီ။ ဒီ ခင်အုန်း ဘာတွေလျှောက်ပြောသွားတာလဲ။ ဒေါသနှင့် စိတ်ပျက်ခြင်းက ပြိုင်တူဖြစ်ကာ ဦးစိမ်းအောင် မျက်နှာရှုံ့မဲ့သွား၏။



www.burmeseclassic.com

www.burmeseclassic.com



“ပြောနေကြတာပဲ သမီးရယ်၊ အစကတည်းက ဒီမိန်းကလေး ပြောတာဆိုတာတွေကို မကြိုက်လို့ ဖေဖေက ကိုယ့်တူမလို့တောင် သတ်မှတ်ခဲ့တာမဟုတ်တော့ ခုလိုဖြစ်နေကြတော့ ပိုဆိုးတာပေါ့၊ ဖေဖေနဲ့သူ တွေ့လဲမတွေ့ဖြစ်ဘူး၊ ဘာမှလဲမမေးမြန်းဖြစ်ဘူး၊ အခြေအနေက ဖေဖေတို့က အပြင်လူဆိုတဲ့အနေအထားနဲ့ အတည်ပြုတော့မလိုဖြစ်နေပြီ၊ ရှေ့နေတွေ ဝင်ထွက်သွားလာနေကြတာပဲ၊ သူတို့ကလဲ ဖေဖေ့ကို ဂရုစိုက်နေတာမဟုတ်ဘူး၊ ဖေဖေကလဲ မေးစရာလား”

စိမ်း လက်ခံသွားပေမယ့် စဉ်းစားနေဆဲဖြစ်၏။ အောင်ဇော် သေဆုံးခဲ့ခြင်းဟာ မင်္ဂလာပွဲပျက်ခြင်းနှင့် ‘မြရွှက်စိမ်း’စံအိမ်ကြီးထဲက ပြဿနာတွေ ဆက်တိုက်ကြုံခဲ့ပြီးကာမှ ငိုရလွန်းလို့ သူမ ခေါင်းတွေချည်းပဲ ကိုက်နေခဲ့သည်။

မငိုဘဲနေတာတောင်မှ တစ်ခုခုကိုတွေးနေလိုက်တာနှင့် ခေါင်းက ကိုက်၏။ ဒေါသထွက်တာနှင့်ကိုက်သည်။ နောက်ဆုံး ကိုယ်ခန္ဓာကို ဖျတ်ခနဲ ဆတ်ခနဲထိုင်ထလှုပ်ရှားမှု မြန်သွားတာမျိုးမှာတောင် ခေါင်းကိုက်လာတတ်သည်။

စိတ်မြန်လက်မြန် သွားလာပြောဆိုချင်တာတွေရှိတာတောင် ဒီဝေဒနာကြီးကို မခံစားနိုင်လို့ ငြိမ်နေခဲ့ရ၏။ ဤနည်းအားဖြင့် ရောဂါသည်လူမမာကြီးလို အခန်းအောင်းနေခဲ့ရတာ ရက်တွေမနည်းတော့ပေ။

ထို့ပြင် သူမကိုယ်တိုင် အပြင်မထွက်ချင်တာလည်းပါသည်။ ကိုယ့်အခြေအနေ နိမ့်ကျသွားခဲ့စဉ်မှာ ကိုယ် မုန်းတီးသူက ကိုယ့်ရဲ့အထက်အမြင့်မှာ စံစားမြင့်မားနေတာကို မမြင်ချင်။

နှင်း အတော်ကြီးပြောင်းလဲသွားတာဖြစ်သည်။ အစကတည်းက အကြောက်အလန့်မရှိခဲ့သော မျက်ဝန်းတွေက စိန်ပွင့်တွေလို တလက်လက်ဖြာနေသလားထင်ရသည်။ အမြဲတမ်း ကိုယ်ပေးတာတွေပဲ ဝတ်နေ





ခဲ့ရသူက ခုကျတော့ နေ့ချင်းညချင်း ဖြစ်သွားခဲ့တာ မြွေအရေခွံလဲတာကမှ ကြာဦးမည်။

လှနေသည့်သူမို့ ပိုလှလာ၏။ ဘယ်လိုပဲနှိပ်စက်ထားထား ဘယ်တုန်းကမှ အောက်စည်းက ဆက်ဆံခဲ့သည်မရှိသော တင်းတင်းစေ့ထားသည့် နှုတ်ခမ်းတို့မှာ မဲ့ပြုံးတို့ စွန်းထင်းနေခဲ့သည်။

အဆိုးဆုံးသည် ဆန်းကို ရဲတင်းစွာဆိုးနွဲ့ ရင်းနှီးနေခြင်းပဲဖြစ်သည်။ အခန်းထဲမှာပဲနေတာများပေမယ့် မြင်နေရသည်။ တစ်ခါတလေ ရယ်သံတွေကိုကြားရ၏။

ရှင်းသန့်ချောမွေ့နေတတ်သည့် ဆန်းဘက်ကတော့ အမြဲတမ်း ရည်မွန်သည့်အပြုံးထက် မပိုပါ။ ပိုလွန်းနေတာက သူမပဲဖြစ်သည်။ ဆန်းက ကိုယ်နဲ့လက်ထပ်တော့မှာဖြစ်၏။ ဒါကို သူမမှာ ကင်းကင်းနေရမှန်းမသိသေး။

ခုဆိုရင် လူကြီးတွေသဘောတင်မဟုတ်တော့ဘဲ ဆန်းကိုယ်တိုင်က လိုလားစွာ သဘောတူနေတာဖြစ်သည်။ ဒါကို သူမ မသိလို့လား။ ဒါပေမယ့် ...

“မဟုတ်လောက်ပါဘူး မမကြီးရယ်၊ နှင်းလေးကလဲ လက်ထပ်တော့မှာပါ၊ ဘယ်သူဆိုတာတော့ ကျွန်မလဲမသိဘူး”

စိမ်း အခန်းထဲမှာ တက်ခေါက်ကြိမ်းဝါးနေတော့ ခင်အုန်းက ပြောပြသည်။ ဒါ မနက်ကမှသိရတာဖြစ်သည်။

အနီးစပ်ဆုံးတွေးမိတာက ဆန်းက သူမဘက်မပါလို့ ရှုပြီးလက်ထပ်ဖို့ စီစဉ်တာပဲဖြစ်နိုင်၏။ တကယ်ဆို ဖေဖေက ထပ်ပြီး ‘ဒီသတင်း ဟုတ်တယ်သမီး’လို့များ ထောက်ခံလိုက်လျှင် ဘယ်လောက်ပျော်စရာကောင်းမလဲ။ စိမ်းက မကျေနပ်ပေ။

“ဘာအကြောင်းနဲ့ပဲနေနေ ပုံမှန်ဆိုရင် မခေါ်လို့ရတယ်လေ၊ အခု



www.burmeseclassic.com

www.burmeseclassic.com



သမီးတို့နဲ့ သူက ရှင်းလင်းစရာတွေလဲရှိနေသေးတယ်မဟုတ်လား၊ မိနှင်း ဘာလုပ်နေတယ်၊ ဘာတွေကြံစည်နေတယ်ဆိုတာ ဖေဖေ စိတ်မဝင်စားရင်လဲ နားစွင့်ထားရမှာပဲ"

အကြာကြီးတွေးနေပြီးမှ စိမ်းက အပြစ်တင်စကား ပြန်ပြော၏။

"ရပါတယ်၊ ဖေဖေပြောတာလဲ မှန်တာပဲ၊ ဒါက စေ့စပ်ရမယ့်ကိစ္စ ဆိုတော့ သူများက ပြောမလာဘဲနဲ့ ဖေဖေ မစပ်စုချင်တာ မမှားပါဘူး သမီးဘာသာပဲ မိနှင်းကိုမေးမယ်"

"ဟာ ... ဘာလုပ်ဖို့လဲ သမီးရာ၊ သူ့အလုပ်သူလုပ်၊ ကိုယ့်အလုပ် ကိုယ်လုပ်ရုံပဲရှိတာ၊ အစကတည်းက အတူနေခဲ့ကြပြီး အဆင်ပြေခဲ့ကြ တာမဟုတ်ဘူး၊ သမီး သွားမေးရော ဒီကောင်မလေးက ပြေပြေလည် လည် မှန်မှန်ကန်ကန် ပြန်ဖြေမယ်ထင်လား၊ ပါးစပ်ကရော လက်ကရော မဟုတ်တာတွေ လျှောက်မပြောရင် ကံကောင်း၊ သမီးနဲ့ ဆန်း လက်ထပ် လိုက်ရင် ဒါတွေပြီးပြီပဲမဟုတ်ဘူးလား"

"ဟင့်အင်း"

စိမ်းက ခေါင်းခါသည်။ ဒါပေမယ့် ဘာမှထပ်မပြောတော့ဘဲ ပါးစပ် ပိတ်နေခဲ့၏။ ဦးစိမ်းအောင်လဲ ဒီတိုင်းနဲ့ပဲ ပြန်လှည့်ခဲ့ရသည်။

လက်ထပ်ဖြစ်ဖို့ ဘာကြောင့်အရေးကြီးနေတယ်ဆိုတာ မသိဘူးလား သမီးရယ် ...၊ ခက်ပါဘိ။





အခန်း (၂၇)

အောက်ထပ်ကစကားသံတွေကြောင့် စိမ်း ခြေလှမ်းတွေကို တစ်လှမ်း ချင်းနှေးချပစ်လိုက်မိသည်။ အခန်းထဲက ထွက်လာကတည်းကိုက ဒါတွေ ကိုသိချင်လို့ ...။

"မဟုတ်ပါဘူး သမီးရယ်၊ ဦးတို့က ဦးဇေယျာရဲ့ညွှန်ကြားချက်အတိုင်း အားလုံး ဆောင်ရွက်သွားမှာပါ။ ဦးဇေယျာကလဲ သမီးရဲ့ဖေဖေ ဦးသက် တန့်ရဲ့သေတမ်းစာပါ အချက်အလက်အားလုံးကို တစ်ခုချင်း ရှင်းလင်း ဖြေချသွားနိုင်အောင် တိတိကကျ စီစဉ်ညွှန်ကြားနေတာပါ။ ခုလိုမေးရတာ က လူမှုရေးပိုင်းတွေ ပါကုန်ပြီးထင်တယ်"

"ဟုတ်ပါတယ် ဟုတ်ပါတယ်၊ တူမကြီးနဲ့ အိမ်ထောင်ဖက် ဘယ်သူ ဘယ်ဝါဆိုတာထိ ဦးတို့က စီစဉ်ဆောင်ရွက်ဖို့မပါပါဘူး၊ သမီးရဲ့အသက် နှစ်ဆယ်ပြည့်တဲ့နှစ်မှာ ဒီလုပ်ငန်း ဒီပစ္စည်း အမွေအနှစ်တွေအားလုံးကို သမီးလက်ထဲကို တရားဝင်လွှဲပြောင်းပေးဖို့ပဲလေ၊ ဒါ့အပြင် သမီးရဲ့စာရိတ္တ အကျင့်စရိုက်၊ ထိန်းသိမ်းနိုင်မှုအရည်အချင်း၊ ဒါတွေနဲ့ပတ်သက်ပြီတော့



www.burmeseclassic.com

www.burmeseclassic.com



လည်း မပါဘူး၊ အသက်နှစ်ဆယ်မှာ အမွေလွှဲပြောင်းမပေးနိုင်ခဲ့တဲ့ လွဲချော်မှုကိုပဲ ဦးဇေယျာက သူ့ဘက်က ချို့ယွင်းချက်ကြီးတစ်ခုလို သတ်မှတ်ခဲ့တာ"

သေတမ်းစာပါသဘောတရားအရ ဒီအမွေအနှစ်တွေဟာ နှင်းသက်တန့်သာ သုံးစွဲခံစားခွင့်ရှိသည်။ သူမ၏အရည်အချင်းအရ တိုးပွားသည်ဖြစ်စေ၊ ပျက်စီးသည်ဖြစ်စေ၊ သူမပိုင်ဆိုင်သွားခဲ့သည့်အဖြစ်ကိုသာ သေဆုံးသူက ဆန္ဒပြင်းပြခဲ့၏။

သူ လွှဲပြောင်းပေးအပ်နိုင်ခဲ့သည့်နောက်ပိုင်းမှာ စံစားခွင့်ဟာ သူမ၏ ကံတရားအတိုင်း ...၊ သေတမ်းစာကို နှင်းလည်းဖတ်ခဲ့ပြီးပါပြီ၊ ဖေဖေ သူမအတွက် ဤသို့စီစဉ်ပေးအပ်ခဲ့သည်မှန်း မသိခင်ကတောင် ဖေဖေ မသေဆုံးမီလေးမှာ သမီးအဖြစ် အသိအမှတ်ပြုပြီး တိုက်ကြီးပေါ် ခေါ်တင်ပေးခဲ့သည့်အဖြစ်ကို နှင်းက ကျေးဇူးတင်လို့မဆုံးဖြစ်ခဲ့တာပါ။

ဒါဟာ တကယ်တော့ သူဌေးကြီးဦးသက်တန့်၏ရင်ထဲက နှလုံးသားဘယ်အရပ်ကို ဗဟိုပြုခဲ့သလဲဆိုတာ နှင်း မသိခဲ့လို့ဘဲဖြစ်သည်။

ဒေါ်ခင်သဇင်ကို လက်ထပ်ခဲ့ပေမယ့် နှင်းရဲ့မေမေ့ကို ဖေဖေက အချစ်ဆုံးတဲ့။ သေတမ်းစာ၏အောက်ဆုံးလက်မှတ်မထိုးမီလေးမှာ စာကြောင်းလေးတွေ ရေးထားခဲ့သည်။

အချစ်ဆုံးသူတစ်ယောက် ကြားသိပါစေ။
ကိုယ်တို့ မကြာခင် ဆုံတွေ့ကြမည်။

ဟူ၍ ဖြစ်၏။

တကယ်တော့ နှင်းကိုမြင်လိုက်ကတည်းက သူ လွမ်းဆွတ်တမ်းတနေခဲ့သမျှ စိတ်အမောတို့ကို ဦးသက်တန့် တစ်သက်တာအတွက် ကျေနပ်သွားခဲ့ခြင်းလည်းဖြစ်ပေမည်။ နှင်းကိုခေါ်လာပြီး သိပ်မကြာခင် ဖေဖေ ဆုံးသွားခဲ့သည်။





သားအဖနှစ်ယောက် နွေးထွေးကြင်နာစွာ ကြာရှည်မနေခဲ့ရသော်လည်း တာဝန်ကျေအောင် ဖေဖေ စီစဉ်သွား၏။ ကိုယ့်ဘဝအတွက် ကျေနပ်ဝမ်းသာနေရတာက သပ်သပ်၊ ဒီပီတိကိုခံစားရတိုင်း ဖေဖေ့ကို သတိတရစိတ်နှင့် မျက်ရည်လည်းကျခဲ့ရသည်။

မေမေ့ကို ဒီလောက်ထိ ဖေဖေချစ်ခဲ့တာတွေ၊ နှင်း ဘာဖြစ်လို့သိခွင့်မရခဲ့တာလဲ။ ဒီထက် ပိုပြီး ဖေဖေ့ကို နွေးထွေးသင့်ပါလျက်နှင့် ခေါ်မှသွား၊ မေးမှပြော၊ နှင်းကိုယ်တိုင် ဖေဖေ့ကို စိမ်းသက်ခဲ့၏။

နာကြည်းတာမဟုတ်ဘဲ ဖေဖေ့ကို ရင်းနှီးလို့မရခဲ့တာဟာ 'ခုကျမှ မကောင်းတတ်လို့ လာခေါ်တာ' ဆိုသည့် အတွေးရိုင်းကလေး ဝင်နေလို့ပဲဖြစ်သည်။ ဖေဖေ့ကို နှင်း အားကိုးချစ်ခင်စိတ်ဖြစ်ခဲ့တာပဲရှိသည်။ လှိုက်လှဲကြင်နာလိုစိတ် မရှိခဲ့တာ မှန်၏။

ဒီအချိန်ကျမှ ကိုယ့်ဘက်က လွဲမှားခဲ့တာတွေကို တွေးမိရင်း စိန်ပုံရွှေပုံပေါ် ထိုင်လိုက်မိတာတောင်မှ ပြည့်ဝစွာမပျော်နိုင်၊ ဖေဖေ့ကိုတမ်းတတိုင်း မျက်ရည်ကျရတာလည်း၊ အထီးကျန်ဆန်လွန်းလှသည်။

တွေးနေရင်း မျက်ရည်ဝေ့လာတော့ မျက်တောင်ရှည်များနှင့် ပုတ်ခတ်ဖယ်ရှားကာ နှင်း ကိုယ့်စိတ်ကို ပစ္စုပ္ပန်ရောက်အောင် ပြန်ဆွဲယူရ၏။

"ဦးဇေကိုပြောပေးပါနော်၊ နှင်း အားလုံးပြည့်စုံပါတယ်၊ ကျေးဇူးတင်ပါတယ်လို့၊ အမွေလွှဲဖို့ကို ရက်ရွှေ့နေတာကလဲ လူကြီးတွေကို အလုပ်ရှုပ်အောင် တမင်လုပ်တာမဟုတ်ပါဘူး၊ နှင်း လက်ထပ်မယ့်သတို့သားက ဘယ်နေ့ ဘယ်ရက်ရောက်လာမယ်ဆိုတာ သေချာမသိရလို့ပါ၊ သူ ဘယ်သူလဲဆိုတာကတော့ ..."

"ရပါပြီ ရပါပြီ ဦးတို့ ထပ်မမေးတော့ပါဘူး၊ မေးလိုက်မိတာကိုတောင် အားနာမိပါတယ်ကွယ်၊ ဒါဆို ဦးတို့ ပြန်ဦးမယ်၊ ဦးဇေယျာကို သမီးမုန့်ဆက်ဦးမလား၊ ဦးတို့ပဲ ဝင်ပြောပေးရမလား"



www.burmeseclassic.com

www.burmeseclassic.com



"ဦးတို့ ပြောပေးပါ၊ နှင်း ဖုန်းမဆက်တော့ဘူး။ ဒီဟာတွေက ဖုန်းနဲ့ ပြောသင့်တဲ့စကားတွေမှမဟုတ်တာ၊ ဒါမှမဟုတ်ရင်ပဲ နှင်း သွားတွေ့လိုက်ပါ့မယ်"

"ရပါတယ်၊ သမီး အဆင်ပြေသလိုလုပ်၊ ဦးတို့ဆီ အချိန်မရွေး ဖုန်းဆက်လို့ရတယ်"

လူကြီးတွေပြန်သွားကြတော့ နှင်း အကြာကြီးငိုင်နေမိသေးသည်။

ခင်အုန်းက ကော်ဖီပန်းကန်တွေ ပြန်လာသိမ်းရင်း နှင်းကို မော့ကြည့်ကာ ...

"နှင်းလေး ယောကျ်ားယူမယ် ဟုတ်လား"

ရင်းနှီးကြသူတွေမို့ ခင်အုန်းက တည့်တည့်ပဲမေး၏၊ နှင်းက ခေါင်းညိတ်၍ ...

"ဟုတ်တယ်"

"အံ့သြလိုက်တာ နှင်းလေးရယ်၊ ဘယ်မှလဲမသွားမလာဘဲနဲ့ လက်ထပ်မယ့်သူ တွေ့ထားတယ်ဆိုတာလေ ..."

"ဘာလဲ၊ ဘယ်သူလဲလို့ သိချင်နေတာလား"

"ဟို ..."

"ဟား ဟား"

နှင်းက မျက်နှာလေးမော့၍ ရယ်သည်။ ဝါထိန်နေသော အပြောင်သားပျော့ပျော့လေးကို တီရှပ်ပုံချုပ်ထားကာ ဆံပင်တွေကို နောက်မှာ တစ်ဝက်ချန်၍ နဖူးနဲ့နားသယ်စပ်အားလုံး စုသိမ်းစည်းထားသဖြင့် မျက်နှာလေးက ရှင်းနေသည်။

နှုတ်ခမ်းနီလေးတွေက အရယ်သန်ပေမယ့် သွားတန်းလေးတွေက ရှုမငြီးအောင်လှသူလေးဖြစ်၏။ နှင်းက ဘယ်လိုရယ်ရယ် ချစ်စရာကောင်းသည့်မျက်နှာလေးက ပျောက်မသွားတော့ပေ။





အရယ်ရပ်ပြီး ပြောပြတော့မလားဆိုသည့် မျှော်လင့်ချက်လေးနှင့် ကော်ဖီပန်းကန်တွေအားလုံး ကောက်တင်ပြီးမှ ဗန်းကလေးကိုကိုင်လျက်သားနှင့် ခင်အုန်း ဒူးတုပ်ထိုင်ရာမှ မထဖြစ်ဘဲ နှင်းကိုငေးနေ၏။ နှင်းက အပေါ်ထပ်လှေကားရင်းရှိသော အခန်းထောင့်အကွယ်သို့ ငေးခနဲကြည့်ကာ ...

"လက်ထပ်တာများ အုန်းရယ် ငွေရှိရင် လက်ထပ်လို့ရတာပဲဟာ၊ အစက ငွေရှိတဲ့သူတွေ လက်ထပ်ကြမယ်ဆိုတော့ နှင်း ငေးနေခဲ့တယ်လေ၊ အခု နှင်းလဲငွေရှိပြီပဲဟာ ..."

ပြောချလိုက်တာ ဘာမှန်းမသိ။ ခင်အုန်း ပါးစပ်တပြင်ပြင်နှင့် ဘာမှလည်း မမေးတတ်တော့ပေ။ နှင်းက နေရာမှ ဆတ်ခနဲထရပ်၍ လက်ပိုက်လိုက်သည်။

"နည်းနည်းမှ မကြားမိဘူးလား၊ စောစောက လူကြီးသူကြီးတွေကို တောင်မှ နှင်းရဲ့သတို့သား ဘယ်သူပါလို့ မပြောလိုက်တဲ့ဟာ ..."

"ဟင် ..."

အဲဒါတွေလည်း ခင်အုန်း သေချာမသိပါ။ မေးချလိုက်တာက နှင်းနဲ့ သူက ဒီလိုပဲ ပြောဆိုနေကျမို့ ...

"နှင်းမှာလဲ ချစ်သူရှိတာပေါ့၊ သူနဲ့လက်ထပ်မှာ၊ သိချင်ရင် ခင်အုန်းလဲ အမွေလွှဲတဲ့နေ့ကို စောင့်ကြည့်လေ"

ခင်အုန်း ဒီတိုင်း ငုတ်တုတ်မေ့ကျန်ခဲ့၏။ သိမ်းဆည်းပြီး ထ,ထွက်သွားရမှာက သူမဖြစ်သော်လည်း တကယ်ထွက်သွားသူက နှင်း ဖြစ်နေ၏။

နှင်းသည် ရှားညိုရောင်ကွာတားဘောင်းဘီလေးကို ဒူးအောက်နားထိ ထပ်ခေါက်တင်ထားကာ ဘယ်ဘက်ခြေချင်းဝတ်မှာ ဖုရှိန်းလေး တစ်ခု ဝတ်ထား၏။

ပန်းနုရောင်ခြေသည်းဆိုးဆေးလေးတွေရှိသော ဖြူနီနီရှိနေသည့်



www.burmeseclassic.com

www.burmeseclassic.com



ခြေဖဝါးလေးတွေက တမင်ဖော်ပြထားသလိုဖြစ်နေခဲ့သည်။

ခြံထဲကိုဆင်းခါနီးမှ ကိုယ့်ကိုယ်ကို ခြေဖျားထိ တစ်ချက်ငုံ့ကြည့်ဖြစ်သေးသည်။ ပြီးတော့ ပြုံးလိုက်ပြီး ပြန်စလိုက်သောခြေလှမ်းအရွေ့မှာပင်...

"ဒါက ဘယ်ကိုလဲ"

နောက်က လေသံမာမာကြောင့် နှင်း တုံ့ခနဲရပ်ပြီးသားဖြစ်သွား၏။ သူမ နောက်လှည့်မကြည့်ပါ။

စကားသံလည်း နောက်ထပ်ထွက်မလာဘဲ ရှူးဆေးနံ့တစ်ချက် ဝေ့ခနဲရောက်လာပြီး တစ်ဆက်တည်းမှာ သူမရှေ့ကို စိမ်း ရောက်လာ၏။

နောက်ကနေလျှောက်လာပြီး ဘေးမှာလည်းမရပ်ဘဲ ရှေ့တည့်တည့်မှာ ပိတ်ရပ်လိုက်သဖြင့် ရှေ့ဆက်သွားခွင့်မပြုခြင်းကို ပြင်လိုက်တာပဲဖြစ်သည်။

နှင်းက ဒီတိုင်းရပ်ကြည့်နေလိုက်၏။ ပြီးတော့ စိမ်း ဝတ်ထားတာကို ကြည့်ပြီးပြုံးလိုက်သည်။

ကျောက်စိမ်းရောင်ပေါ်မှာ အနက်စင်းတွေကန့်လန့်ဖြတ်ရစ်ထားတဲ့ က အဝါရောင်သာဆိုလျှင် ကျားတစ်ကောင်နှင့်တစ်ထပ်တည်း။

"နှင်းက ဘာပြုံးတာလဲ"

"ပြုံးပါတယ်ဆိုမှ ပြုံးနိုင်လို့ပြုံးတာပေါ့။ မမစိမ်း မပြုံးနိုင်ဘူး မဟုတ်လား၊ အပျှန်း"

"မပြုံးနဲ့၊ နှင့်ပါးစပ်ကို ခုချက်ချင်း တည်တည်တံ့တံ့ပြန်ပြင်လိုက်"

"ပအား ... ပြဿနာပဲ"

"မိနှင်း ငါမေးတာကိုဖြေစမ်း။ နင် အခု ဘာအချိုးချိုးနေတာလဲ"

"နှင်းက ဘာလုပ်နေလို့လဲ မမစိမ်း"

တစ်ဖက်က မကြောက်တတ်သည့်မျက်ဝန်း၊ တစ်ယောက်ကျတော့





ငြိမ်သက်ခြင်းမရှိသော ယောက်ယက်ခတ်လှုပ်ရှားနေရင်း စူးစူးရဲရဲဖြစ်နေသည့် မျက်ဝန်းတွေနှင့် ...။

နှင်းက တစ်ချက်မှမရွှေ့လျားဘဲ စိမ်းက ရှေ့တိုးလိုက်တော့ နှစ်ယောက် ပိုနီးကပ်သွား၏။

"နှင် လက်ထပ်မယ်ဆိုတာ ဘယ်သူနဲ့လဲ၊ ဘယ်တော့လဲ"

မျက်လုံးဆုံနေရာကနေ နှင်းက မဲ့ပြုံးနှင့် မျက်နှာလွှဲသည်။ ခုတော့ ပြုံးရဲနေပြီပေါ့။ မာနနှင့် စိမ်းရင်ထဲမှာ ဆတ်ဆတ်ခါသွား၏။ ဟိုတုန်းကလို ထိမထင်နေတတ်တာတောင်မှ အော်ငေါက်ပစ်လိုက်လျှင် မျက်လွှာချသွားရသည်။

အဲမှမဟုတ် ခေါင်းငုံ့ထားမှ။ ဒီပုံစံ မရမချင်းလည်း စိမ်းတို့က အလျှော့ပေးခဲ့ဖူးတာ မရှိပါ။ စိမ်းက နှင်းမျက်နှာ ခပ်စောင်းစောင်းကို စူးစူးဝါးဝါး ကြည့်ကာ ...

"ဖြေလေ၊ နင် မဖြေနိုင်ဘူးမဟုတ်လား။ အရူးမ ..."

နှင်း ဆတ်ခနဲဖြစ်သွားသည်။ နီရဲလာသည့်မျက်နှာကို စိမ်းက ပိုင်နိုင်သည့်မဲ့ပြုံးနှင့်စိုက်ကြည့်၍ ...

"ဘာလဲ၊ နန်းမတော်မယ်နကို အားကျလို့လား၊ အဲဒါက ဟိုးခေတ်ရာဇဝင်ထဲမှာ ကျန်ခဲ့ပြီ၊ စိတ်ကူးယဉ်တာလည်း ကိုယ်နဲ့တန်ရာတန်ရာကို ယဉ်ရတယ်"

"မမစိမ်း"

"နင် ငါ့ကို ပခုံးချင်းယှဉ်လို့ရပြီလို့ ထင်နေတာလား မိနှင်း"

"မမစိမ်း တော်နော်"

နှင်း ကိုယ့်နှုတ်ခမ်းကိုကိုက်ထားကာ အသက်ရှူတွေပြင်းထန်လာ၏။ တစ်စုံတစ်ခုပြောမိတော့မှာကို ကိုယ့်ကိုယ်ကို သိသည်။ စိတ်ကို ထိန်းချုပ်ထားကာ ဘယ်လိုမှမရဘဲဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဟိုအရင်ကတော့ နှင်းပါးစပ်ကိုကြောက်လို့ဆိုပြီး ဘာမပြောရ၊ ဝင်မပါရဆိုသည့် အမိန့်တွေနှင့် အခန်းတံခါးပိတ်ထားခံခဲ့ရသည်။ ပြီးတော့ အရှူးဇာတ်သွင်းကြ၏။

နှင်း ထွက်လာတာမြင်တာနှင့် 'ဘာပြောဦးမလို့လဲ၊ ခင်ဗျားပါးစပ်ကို ပိတ်ပြီးကြွ၊ အခန်းထဲပြန်ဝင်၊ ခုပြန်ဝင်'ဆိုတာမျိုးတွေ၊ ခုတော့ ...

"ဘာလဲ ဘာပြောချင်လို့လဲ၊ ပြောလိုက်စမ်း၊ နှင့်ဟာနှင် ဘာကောင်မပဲဖြစ်ဖြစ် လူတောမတိုးရဲတဲ့ဘဝကလာတာ၊ ကိုယ့်ဘဝကိုနားလည်ပြီး လူတောမတိုးရဲဖြစ်နေတော့ ဒီလိုဒီအခွင့်အရေးတွေရဖို့ ရှိနေတာကောင်မှ မပြောရဲဘူးမဟုတ်လား၊ တစ်သက်လုံး ငါတို့ရဲ့ပေးစာကမ်းစာနဲ့ ကျွန်လို နေလာခဲ့ပြီး ..."

"မမစိမ်း ..."

"အား"

"ခုန်း"

နှင်း တအားအော်ကာ စိမ်းကို ဆောင့်တွန်းပစ်လိုက်၏။

နဂိုကတည်းက မကျန်းမာသူမို့ စိမ်း ခွေခနဲပစ်ကျသွားသည်။ ပြောချင်တာတွေကို ချုပ်တီးနေရတော့ တွန်းပစ်လိုက်ပြီးတော့လည်း နှင်း အားမနိုင်။

"တောက်"

အားရှိပါးရှိတက်ခေါက်ပြီး ပါးစပ်တစ်လုံးကြီးပြင်လိုက်စဉ် ...

"နှင်း ... နှင်း နေဦး"

ပြေးလွှားရောက်လာသူက ဆန်း ဖြစ်၏။ ဆန်းရဲ့နောက်မှာ ခင်အုန်းပါလာသည်။

"နှင်း ... တော်ပြီ"

လဲကျနေသည့်သူမကိုကျော်၍ ဒေါသမာန်ဟုန်ပြင်းနေဆဲဖြစ်သည့်





နှင်းထံသို့ ရောက်သွားသဖြင့် ခိုပ်းမျက်နှာ ညိုမှောင်သွား၏။ ဆန်းက သတိမထားမိပါ။

"တော်ပြီ၊ တစ်အိမ်တည်းအတူနေကြတာ ဒီလောက်ထိဖြစ်ရမယ့်လူတွေလား၊ သွားတော့ သွား"

"ဟင့်အင်း"

နှင်းက ဆန်းလက်ကိုဖယ်ချပစ်လိုက်ပြီး စိမ်းကို လှမ်းကြည့်၏။

"တော်ပြီလို့ပြောနေတယ်ကွာ"

ဆန်းက နှင်းမျက်နှာရှေ့ကနေ သူ့အရပ်မားမားကြီးနှင့် လိုက်ကွယ်ပစ်၍ စိမ်းနဲ့ နှင်း၏ အခြေအနေကို ဖြတ်တောက်ပစ်ဖို့ကြိုးစားသည်။

"ကိုကိုပြောနေတာ နားမထောင်ဘူးလား၊ ကလေးတွေလဲမဟုတ်ဘဲနဲ့ ဒီလိုတွေဖြစ်ကြတာ ဘယ်လောက်ရှက်ဖို့ကောင်းလဲ၊ ဟင် ..."

"ကိုကိုက ..."

နှင်းကိုကျတော့ မရှက်တတ်ဘူးလို့ပြောတာလား၊ နှင်း စကားဆုံးအောင်မပြောနိုင်ဘဲ ဆန်းကိုမော့ကြည့်ရင်း မျက်ရည်တွေ ပြည့်သိပ်လာ၏။

"သူ ... သူ ဘာတွေပြောသလဲ ကိုကို သိလား၊ အဲဒါကျတော့ ကိုကို သိလို့လား၊ ဖြစ်ကြတာချင်းတူတူကို နှင်းကပဲ အရှက်မရှိတာပေါ့"

"နှင်း ..."

ပြောရခက်လှချည်လားဆိုပြီး ပခုံးလေးနှစ်ဖက်ကနေ ဆွဲခါယမ်းပစ်ချင်၏။ အပြစ်တွေတင်နေတာ ဘာဖြစ်လို့လဲ၊ စိတ်ပူလွန်းလို့ပြေးလာခဲ့ရတာ ဘယ်သူ့အတွက်လဲ၊ သံယောဇဉ်ဆိုတာကို မင်း မမြင်တတ်သေးပါလား။

"နှင်းလေးရယ် လာပါ.. လာပါဟယ်၊ မဖြစ်ကြပါနဲ့တော့နော်"

ခင်အုန်းက အစက စိမ်းကိုပြေးထူပေးတာပါ။ စိမ်းက တွန်းပစ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် နောက်ပြန်ဖင်ထိုင်လျက်လဲကာ ခါးတောင်မျက်သွားခဲ့၏။

စိမ်းကို နောက်ထပ်မထိရဲတော့ဘဲ နှင်းကိုပဲ ချော့မော့ဆွဲခေါ်ရင်း ခါးကိုလည်း တစ်ဖက်ကဖိ၍ ရှုံ့မဲ့မဲ့ဖြစ်သွားရှာသည်။

"ဟူး ..."

ဆန်း သက်ပြင်းမှုတ်ထုတ်၍ နဖူးပြင်ကို လက်ဖနောင့်နှင့် ဖိပွတ်ပစ်လိုက်မိ၏။

"ဒီဘက်ကိုလှည့်လိုက်ပါဦး ဆန်းရဲ့၊ ကျောသားရင်သား ခွဲခြားမယ်ဆိုရင်လဲ မင်းအတွက် ရင်သားဖြစ်သင့်တဲ့လူက တို့ပါ"

ကျောနောက်ကစကားသံကြောင့် ဆန်း မျက်မှောင်ကြုတ်သွားသည်။

"မင်းနဲ့တို့ လက်ထပ်ဖို့က တို့ ခေါင်းညိတ်တဲ့နေ့ပဲမဟုတ်လား"

ဆန်း ဘာမှမဖြေပေမယ့် သူမဘက်ကို မျက်နှာချင်းဆိုင်လှည့်ရပ်လိုက်သည်။ ကျောက်စိမ်းရောင်အနက်ကျားနှင့် ပြန်ကျနေသည့်ဆံပင်တွေ ဖရိုဖရဲမှာ မျက်နှာပြင်မှာလည်း ချွေးတို့ဖြင့်ပြောင်နေ၏။

ဟိုတုန်းက ဆိုဖာထက်မှာ ခြေချိတ်ထိုင်နေတတ်သည့် ရွှက်စိမ်းနှင့် ဘာမှမဆိုင်။ ဆံပင်ပုံ၊ အဝတ်အစား ပုံပျက်ယွင်းမှာစိုး၍ ခြေလှမ်းတာက အစ တစ်လှမ်းချင်း။ ကားပေါ်မှာတောင်မှ တံခါးတွေ အလုံပိတ်ထားသည့်အပြင် အဲကွန်းဖွင့်တာတောင် ခပ်ပြင်းပြင်းဖွင့်တာ မကြိုက်တဲ့သူ။

လူတစ်ယောက်ဟာ အသက်တစ်ချောင်းတည်းနှင့် ဘယ်နှစ်ဘဝလောက် ပြောင်းနိုင်သလဲ။ လုံးဝမတူညီတော့သည့် စိမ်း၏အသွင်ပြင်ကို ဆန်း က စူးစိုက်ကြည့်သည်။

ထို့ပြင် ဒီနေ့ထိ လက်ထပ်မယ့်ကိစ္စနှင့်ပတ်သက်ပြီး သူမက ပြောဖူးခဲ့တာမရှိ။

နှင်းက နဖူးထက်မှာ ချွေးတို့နှင့်ပူးတွဲနေသည့်ဆံစတို့ကို ဖြစ်သလို





ပွတ်သုတ်ဖယ်ရှားပစ်လိုက်ကာ ...

"လက်ထပ်ဖို့ ကုန်ကျစရိတ်အတွက် မင်း တာဝန်ယူထားတာဆို"

ဆန်းက မဖြေ။

"မင်းက မယုံနိုင်စရာပါလား၊ ခုချိန်ထိ ဘယ်သူ့ကို ဦးစားပေးရမှန်း မင်း နားမလည်ဘူးလား ဆန်း၊ ဒီနေ့က ပြောခွင့်ရှိသေးတာ၊ မရှိတာ ငါ မသိပေမယ့် ပြောရမှာပဲ၊ မင်းနဲ့ နှင်းရဲ့ မနေ့တစ်နေ့က၊ မနှစ်က၊ ဟို အတိတ်က ရင်နှီးစွာနေထိုင်ခဲ့ကြသမျှ ဒီနေ့ကစပြီး လုံးဝမမြင်ချင်ဘူး"

"မမစိမ်း ..."

"ပြော"

"နှင်းနဲ့ပတ်သက်ပြီး မမစိမ်းနဲ့ ကျွန်တော် ဆွေးနွေးခဲ့ဖူးတယ်နော်"

"အဲဒါတွေ ပြန်စပြီး မင်းပြောချင်လို့လား"

"ပြန်စချင်လို့မဟုတ်ဘူး၊ မစ,စေချင်တော့တာ၊ နှင်းနဲ့ပတ်သက်တာ ထပ်ပြောမိရင် ထပ်ဖြစ်ကြဦးမှာပဲ"

"ဘာကွ"

"အဲဒီတော့ အဲဒါတွေထားခဲ့လိုက်မယ်၊ အခု ကျွန်တော် ဒီနေရာထိ ပြေးလွှားရောက်လာခဲ့တာ နှင်းနဲ့မမစိမ်း ပြဿနာတက်နေကြပြီလို့ ခင်အုန်း လာပြောလို့ ..."

"သြော် ... သြော်...၊ မင်းရဲ့နှင်းကို ငါက ရိုက်နှက်လိုက်မှာစိုးလို့ ပြေးလာရတယ်ပေါ့"

"လုံးဝမဟုတ်ဘူး၊ သတ်ပုတ်ရိုက်နှက်တဲ့ဒဏ်ရာ အရှိန်ကုန်ရင် ပြန်ပျောက်သွားမှာ၊ သူ့ကို ဒေါသဖြစ်အောင် တူးဆွရိုက်ပုတ်လိုက်ရင် သူက ဒီတိုင်းငြိမ်ပြီးထွက်သွားမှာမဟုတ်ဘူး"

စိမ်းက စူးစူးရဲရဲပြန်ကြည့်နေပြီး ဘာမှမပြောပေ၊ ဆန်းက အသံငြိမ်ငြိမ်ဖြင့် ဆက်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်မလေး ဒေါသဖြစ်ရင် ဘာတွေပြောတတ်တာ မမစိမ်း သိတယ်မဟုတ်လား"

စိမ်း မျက်ဝန်းလေးတွေ တလက်လက်ဖြစ်လာ၏။ ညို့ခနဲကျဉ်း မြောင်းသွားလိုက်၊ အေးစက်ရီဝေသွားလိုက်နှင့် သူမ၏စိတ်ခံစားမှုများ အတိုင်း ပြောင်းလဲနေခဲ့သည်။

"ဘာဖြစ်လို့ ဒီလိုမျိုး ပဋိပက္ခတွေ မမစိမ်း ဖန်တီးတာလဲ။ နှင်းကို ဒီလိုနေပါ၊ ဒီလိုထိန်းပါဆိုပြီး ကျွန်တော် သင်ကြားဆုံးမထားခဲ့တာတွေဟာ သူ့ကို သူများကဲ့ရဲ့တာ မခံရစေချင်သလို ဘယ်သူ့ကိုမှလဲ ဒုက္ခမရောက် စေချင်လို့။ နှင်းသက်တန့် ဘယ်လိုမိန်းကလေးပဲဖြစ်ဖြစ် မမစိမ်းနဲ့ မဆိုင် သလိုနေလို့ ရနေပြီပဲ၊ သူ ဘာလုပ်လုပ် ဘယ်လိုနေနေ ထားလိုက်ပါလား"

"ထားလို့ရမလား၊ သူက အပေါ်ထပ်မှာ ထင်သလိုကြဲ၊ ထင်သလိုလုပ် မယ့်ကိစ္စ၊ ငါကျွေးတာစားပြီး ငါ့လက်ကိုက်တဲ့မျိုး၊ သူက ငါ့အိမ်မှာနေပြီး တော့ ..."

"ဒါက နှင်းရဲ့အိမ် မဟုတ်ဘူးလား"

"ဘာ ..."

စိမ်းမျက်နှာ ဖွေးခနဲဖြစ်သွား၏။ ပြီးတော့မှ တဖြည်းဖြည်းရဲညိုတက် လာကာ ...

"မင်းက ..."

"မမစိမ်းရဲ့အတ္တတချို့ကိုဖြေချလိုက်ဖို့ပါ၊ ဘာပဲဖြစ်ဖြစ် မမစိမ်းနဲ့ ကျွန်တော် လက်ထပ်ပြီးတဲ့အခါ မမစိမ်း မဆင်းရဲစေရဘူး၊ နှင်းကိုရော ဒီအိမ်၊ ဒီပစ္စည်းတွေနဲ့ပတ်သက်သမျှ အားလုံးကို ကိုယ်နဲ့မဆိုင်တာ မဆိုင် မှန်းလက်ခံလိုက်မယ်ဆိုရင် အေးချမ်းသွားမှာပဲ"

စိမ်းမျက်နှာလေးက တအံ့တသြကြီးပုံစံဖြစ်သွားကာ ဆန်းကို ခြေဆုံး ခေါင်းဆုံးကြည့်လိုက်ပြီး ...





"ဆန်း ... မင်းက ဘာလဲ၊ ငါ့ကို လက်ထပ်တာလား၊ မင်းရဲ့နှင်းကို မထိခိုက်စေချင်လို့ ထိန်းသိမ်းပေးတဲ့သဘောနဲ့လား၊ ငါက မိနှင်းကို ခဏ ခဏ ပြဿနာရှာနေလို့ မိနှင်း အေးချမ်းသွားအောင် ငါ့ကို ခွဲထုတ်ပေး လိုက်တာမျိုးလား"

"သမီး ..."

ဦးစိမ်းအောင် ခြေလှမ်းကျဲကြီးများနှင့် ရောက်ချလာသည်။ သူ့ကား ရပ်ကတည်းက ခင်အုန်းက ပြေးပြောလိုက်ပြီးဖြစ်သည်။

"နှင်းနဲ့မမကြီး စကားများကြတာ၊ မမကြီး လဲကျသွားတုန်း ကိုဆန်း ရောက်လာလို့ပေါ့" တဲ့။

စိုးရိမ်တာတွေရော ဒေါသရော ရင်ထဲမှာ ပြောင်းဆန်နေ၏။

"ဘာဖြစ်နေကြတာလဲ၊ ဘယ်မှာလဲ မိနှင်း"

ကိုယ့်လက်အောက်ကလူက မထီလေးစားတွန်းထိုးခုံသည့် ဆို တော့ ဦးစိမ်းအောင် သမီးဘက်ကနေ ဆတ်ဆတ်ခါနေခဲ့၏။

"ဖေဖေ"

"သမီးကို မိနှင်း ဘာလုပ်လိုက်တာလဲ"

ပြောပြီးတက်ခေါက်ကာ စိမ်း ဖြေတာကိုပင်မစောင့်ဘဲ ဦးစိမ်းအောင် က အိမ်ပေါ်ထပ်ကိုမော့ကြည့်ပြီး ခြေလှမ်းပြင်သည်။

"အန်ကယ်အောင် ..."

ဆန်းက ခေါ်လိုက်ပြီး ဦးစိမ်းအောင်ဘက်ကို လှည့်၏။

"ပြီးသွားပါပြီ၊ အခြေအနေကို ပိုဆိုးကုန်အောင်ဖလုပ်ပါနဲ့ ကျွန် ဘာ် ကြားကနေတောင်းပန်တာပါ"

"ဟ ... သမီးက လူမမာကွ၊ လူမမာကို သူ ဒီလိုတွန်းထိုးစရာလား"

ဦးစိမ်းအောင်ကို ခင်အုန်း ပြောလိုက်တာမှန်း ဆန်း သိလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ခင်အုန်းကလည်း နှင်းကို မုန်းတဲ့သူတော့မဟုတ်ပါ။ သူ့ကို ပြောပြသလို သေချာလိပ်ပတ်လည်အောင်မပြောလိုက်သဖြင့် ဦးစိမ်းအောင် ဒေါပွနေတာဖြစ်နိုင်၏။

"တောက် ... သူက ဘာတွေမှာန်တက်နေတာလဲ"

"ဒီလိုမဟုတ်လောက်ပါဘူး အန်ကယ်လ်၊ ဒါပေမယ့် ဘယ်သူ့ပဲလွှန်လွှန် နှင်းကလဲ လူမမာသာသာပဲရှိသေးတာပါ"

အရူးလို့သတ်မှတ်ပြီးတော့တောင်မှ ဆေးရုံပို့ဖို့စီစဉ်ခဲ့ကြသေးသည်ဟု ပြောချင်တာလား၊ ကိုယ့်စိတ်ကို မလုံမလဲဖြစ်ကာ ဦးစိမ်းအောင် ဖျတ်ခနဲမျက်နှာလွှဲသည်။

"အဲဒီအရူးကို မင်းက ဘက်လိုက်ပြီးပြောနေတာပဲ ဆန်း၊ ဘာစကားပြောပြော မိနှင်းဘက်ကပဲ မင်းအမြဲနေတာ၊ အခု ငါ့ကိုတွန်းချသွားတာကျတော့ ငါကပဲလွှန်တာပေါ့၊ ငါ လွှန်လို့ခံရတာပေါ့ ဟုတ်လား၊ ဟုတ်လား ဟဲ့ ပြောလေ"

"သမီး တော်တော့"

ဦးစိမ်းအောင်ကိုယ်တိုင် ဆန်းကို မကျေနပ်ဖြစ်သွားခဲ့ပေမယ့် စိမ်းကပါ ပေါက်ကွဲနေသဖြင့် သမီးကို ဆွဲခေါ်လာခဲ့ရင်း ကိုယ့်စိတ်ကို ဖြေရသည်။

"ဒေါသမထွက်နဲ့ မထွက်နဲ့ မင်းလုပ်ရမှာ မင်းသမီးနဲ့ မြန်မြန်ပေးစားလိုက်"





အခန်း (၂၈)

"နှင်း မရူးဘူး ကိုကို၊ သူ ရူးနေတာ၊ သူပဲ နှင်းကို အရူးမလို့ တွင်တွင်ခေါ်ပြီး အခု သူ တကယ်ရူးသွားပြီ"

"အဲဒီလိုစကားတွေပြောတာ ကိုကို မကြိုက်ဘူးလို့ ပြောထားတယ်နော် နှင်း၊ တော်တော့"

"မတော်နိုင်ဘူး၊ ကိုကို ဘာဖြစ်လို့ နှင်းကိုပဲ အပြစ်တင်နေရတာလဲ၊ နှင်း တစ်သက်လုံးသည်းခံလာခဲ့ရတာ ခုချိန်ထိ မပြီးနိုင်သေးဘူးလား၊ ကိုကို့ကိုမုန်းတယ်၊ ကိုကိုလဲ အတူတူပဲ၊ မမစိမ်းက ကိုကို လက်ထပ်တော့မယ့်မိန်းမမို့လို့ နှင်းက စော်ကားတယ်ဆိုပြီး မခံရပ်နိုင်ဖြစ်နေတာ"

"နှင်း ..."

ဆန်း နှင်း ပခုံးလေးကိုဆောင့်ခါသည်။ နှင်းက လက်နှစ်ဖက်နှင့် ဖိခတ်ဖယ်ပစ်၏။ ရုန်းရင်းဆန်ခတ်တွေဖြစ်နေတာကို စိမ်း စူးစိုက်ကြည့်ရင်း ရန်ပွဲလို့ သတ်မှတ်ရမှာလား၊ ကြင်နာနေကြခြင်းလို့ မြင်ရမှာလား။

ကြည့်နေရင်း သေချာလာတာက ရန်ဖြစ်နေကြတာတော့ မဟုတ်နိုင်။ နှင်းက ရန်းနေရင်း ရှိုက်ကြီးတငင် ငိုချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နှင်းဘဝ တစ်သက်လုံးကတည်းက အထီးကျန်ပါ၊ ခုချိန်ထိ … ခုချိန်ထိလဲ …"

"မင်း အထီးကျန်မဖြစ်စေရဘူး"

နှင်းကိုစိုက်ကြည့်၍ ဆန်းက မချင့်မရဲပြောသည်။ ပြီးတော့ ယုယကြင်နာစွာ ထွေးပွေ့ခြင်းဖြင့် ရင်ခွင်ထဲမှာ ပွေ့ပိုက်ထားလိုက်၏။ စိမ်းမျက်လုံးထဲမှာ မီးပွင့်သွားသည်။

ညဦးနက်နက်ပေမယ့် အိမ်ထဲကမီးရောင်နှင့် ဆန်းတို့နှစ်ယောက် ရပ်နေသည့် နောက်ဖေးလေးမှာ အလင်းရောင်ရှိနေသည်။ ကြင်နာစွာပွေ့ဖက်ထားကြသည့်သဏ္ဌာန်ကို ဒီတိုင်းမြင်နေရ၏။

စိမ်း ဝရန်တာပေါ်ကနေ ခုန်ချလိုက်ချင်စိတ်တွေပေါက်အောင်ဖြစ်နေမိ၏။ ညဦး၏လေပြည်က သယ်ဆောင်လာသောကြောင့် သူတို့ပြောနေသည့်စကားသံတွေက ဒီတိုင်း။

"မမစိမ်းကို ကိုကို လက်ထပ်ရပေမယ့် ကိုကို့ရဲ့စိတ်က မင်းဆီမှာပါ နှင်းရယ်၊ မင်းကိုပဲ ကိုကို ချစ်ခဲ့တာ"

"ကိုကိုရယ် …"

နှင်းမျက်နှာလေး မော့ငေးနေ၏။ ဆန်း မျက်နှာ တဖြည်းဖြည်း ငုံ့ကျလာသည်။ နှင်းရဲ့နှုတ်ခမ်းလေးတွေကို ဦးတည်နေမှန်း သိလာလျှင် စိမ်းဘယ်လိုမှကြည့်မနေနိုင်တော့ပေ။

"ဆန်း … ဆန်း ဟိတ် ရပ်လိုက်၊ ရပ်နေလိုက်နော်၊ မနမ်းရဘူး"

တအားအော်ပစ်လိုက်၏။ ပြီးတော့ ဝရန်တာပေါ်ကနေ ပြေးဆင်းရန် နောက်ကိုလှည့်လိုက်လျှင် …

"ဟင် …"

"မမကြီး"

သူမသည် မွေ့ရာနုနုထက်မှာ ငုတ်တုတ်ထိုင်လျက်ဖြစ်နေကာ





ခင်အုန်းက အိပ်ချင်မူးတူးပုံစံနှင့် သူမ၏အိပ်ရာလေးဆီကနေ လှမ်းလဲထလာ၏။ သူမ အိပ်မက်မက်နေခြင်းကို သိလိုက်ရသည်နှင့် တစ်ပြိုင်နက် နားထဲမှာ ဂစ်တာသံသဲ့သဲ့ကို ကြားလိုက်ရ၏။

ဒီအိမ်မှာ ယောကျ်ားဆိုလို့ ဂစ်တာတီးမည့်သူ ဆန်းတစ်ယောက်ပဲ ရှိသော်လည်း ဆန်းက ဂစ်တာတီးခြင်း၊ ဂီမ်းဆော့ခြင်းအလုပ်တွေနှင့် ဘယ်တော့မှအချိန်မဖြုန်းတတ်ပေ။ ဒါ ဆန်းရဲ့ ဟိုတုန်းကတည်းက အကျင့်။ ခုလို သမားတော်တစ်ယောက်ဖြစ်နေတော့ ပိုဆိုး၏။

သူ့မှာ အချိန်ပြည့် စာတွေဖတ်လိုက်၊ မှတ်လိုက်နှင့် ဒီတိုင်းထိုင်နေတာ နားနေတာ သိပ်မရှိပေ။

ဂစ်တာတီး၍ သီချင်းဆိုနေတာ နှင်းပဲဖြစ်သည်။ ဖော် ဂစ်တာတီးတိုင်း အနားမှာ မယောင်မလည်နေသည်။ ဂစ်တာကို ခိုးယူပြီးတီးသည်။

ဖော်နှင့်ရင်ဆိုင်တိုးလို့ ဆူပူအော်ငေါက်လည်း ခံသည်။ လက်ပါပြီဆိုလည်း မျက်ရည်တစ်ပေါက်မှမကျအောင် အံကြိတ်ခံ၏။ နှင်း ဂစ်တာကောင်းကောင်းတီးတတ်နေတာ မဆန်းပါ။ ဆန်းနေတာက ဆိုနေသည့် သီချင်းပဲဖြစ်၏။

သီချင်းတစ်ပုဒ်ဆုံးတိုင်း 'ကိုကို့ကိုချစ်လို့'ဆိုတာ ပါသည်။

ညတိုင်း ဆေးသောက်ပြီးမှအိပ်လို့ပျော်တာမို့ ဆေးသောက်ပြီး အိပ်ရာထဲဝင်လိုက်စဉ် အိပ်ပျော်လုလုကျမှ နှင်း သီချင်းဆိုနေတာကို ကြားလိုက်ရသည်။ ဒါပေမယ့် ဒီသီချင်းမဟုတ်ပါ။ ဘာပဲဖြစ်ဖြစ် 'ကိုကို' ဆိုတဲ့ခေါ်သံတွေကြောင့် လူက အိပ်ချင်၊ ဒေါသတွေထွက်နှင့် သူမ အိပ်မက် မက်ခဲ့ရခြင်းဖြစ်သည်။

"တောက် …"

စိမ်း တက်ခေါက်၍ အိပ်ရာပေါ်ကဆင်းလိုက်သည်။ သီချင်းသံက စီုပြည်နေဆဲ။



www.burmeseclassic.com

www.burmeseclassic.com



... သူများတကာတွေလို ...အတူသွား အတူလာနေချင်ပေမယ့်လို့...

... မသိသလို သိသလို ကျောက်ဆစ်ရုပ်လေးလို နေနိုင်လွန်းသူမို့...

... ပြောပြန်ရင် ဖြူဖြင်မှာ ... စိုးရိမ်ကဲလို့ ...

... သို့ပေမယ့်လဲ အပြစ်မဖို့ ... ကိုကို့ကိုချစ်လို့ ... ...

"ဂျိမ်း"

"မမကြီး"

စိမ်းက အခန်းထဲကနေ ပြတင်းတံခါးကို အားကုန်တွန်းဖွင့်ပစ်လိုက်၏။ ခင်အုန်း မျက်စိကျယ်သွားကာ အနားရောက်သွားသည်။

ဒါပေမယ့် ဘာပြောရမှန်းမသိ၊ ဆွဲလည်းမဆွဲရဲ။ အချိန်ကလည်း ညဆယ့်တစ်နာရီထိုးလုပြီဖြစ်သည်။ ဒီအချိန်ထိ သူဌေးလည်း ပြန်မရောက်သေးပါ။

ဟိုတုန်းက တစ်ခါတလေ နှစ်ရက်လောက်ထိ အိမ်ပြန်မအိပ်တတ်တာရှိသည်။ အောင်ဇော် မရှိသည့်နောက်ပိုင်းမှာ အိမ်ပြန်နောက်ကျတာပင်မရှိဘူးပေ။

ခင်အုန်း တစ်ယောက်တည်း နာခံရမှာလား၊ ဆရာလုပ်ရမှာလား။ ဘာမှန်းမသိ။

"ကြည့်စမ်း၊ ဒီအချိန်ကြီးထိ ခြံထဲမှာနေပြီး ဂစ်တာတီးနေတာ"

စိမ်း တက်ခေါက်တာ ဘယ်နှစ်ခါမှန်းမသိ။ မျက်လုံးတွေက မီးလင်းနေဆဲရှိသည့် ဆန်း၏ အိပ်ခန်းပြတင်းပေါက်လေးဆီ စူးစိုက်ကျရောက်သွားသည်။

ဘယ်နေရာကနေ သီဆိုနေမှန်းမတွေ့ရပေမယ့် သီချင်းသံကတော့ ထိုပြတင်းတံခါးဆီသို့ ငေးမောပို့လွှတ်နေသည့်သံစဉ်တွေမှန်း သိသာနေသည်ပဲ။

"မမကြီး ... မမကြီး ဘာလုပ်မလို့လဲ၊ ဘယ်သွားမလို့လဲဟင်"





"ဖယ်စမ်းပါ၊ ငါ့ဟာငါ ဘယ်သွားသွား"

"မမကြီးရယ် ဟိုလေ ... ညကြီးမိုးချုပ်မို့လို့ပါ"

"ညကြီးမိုးချုပ် ဟုတ်လား၊ သူတောင်မှ ကိုကိုရေ၊ မောင်မောင်ရေနဲ့ သီချင်းဆင်းဆိုနိုင်သေးတာ ငါက ဘာဖြစ်လို့မဆင်းနိုင်ရမှာလဲ၊ ဖယ်စမ်း"

"အမေ့"

ရှေ့ကကာနေသည့် ခင်အုန်းကို စိမ်းက တွန်းဖယ်ပစ်လိုက်သဖြင့် ခင်အုန်း ပစ်စလက်ခတ်လဲကျသွား၏။ ပြီးတော့ တစ်ချက်မှ ပြန်လှည့်မကြည့်တော့ဘဲ စိမ်းက အောက်ထပ်ကို ပြေးဆင်းသွားသည်။

"မမကြီး"

ခင်အုန်း ကမန်းကတန်း ထလိုက်၏။ နွေရာသီဆိုပေမယ့် မိုးသံတွေကြားနေရသည်။ အချိန်အခါမဟုတ်ဘဲ ညနေက မိုးတစ်ပြိုက်ရွာလိုက်သေးသည်။

စိမ်း လူမမာ ပြန်ဖြစ်နေတာလည်း မနေ့ကတည်းကဖြစ်သည်။ ဦးစိမ်းအောင်က သေချာမှာခဲ့သဖြင့် စိမ်းအတွက် စိတ်ပူကာ ခင်အုန်း ထက်ကြပ်မကွာ ပြေးလိုက်၏။ မတားဆီးနိုင်မှန်းသိပေမယ့် စိမ်းနဲ့နှင်းတို့ ရင်ဆိုင်မိသည့်နေရာမှာ သူမ ရှိနေမှဖြစ်မည်။

နှင်း တစ်ခုခုပြောလိုက်မှာကို စိတ်ပူခြင်းသည် အလုပ်ရှင်မို့ စောင့်ရှောက်ပေးရသောဝတ္တရားထက် အများကြီးပိုပါ၏။ ခင်အုန်း အသက်သိပ်မကြီးသေးပေမယ့် စိမ်းနှင့်ဆို မတိမ်းမယိမ်းတော့ရှိသည်။

ဒီအိမ်မှာနေလာတာလည်း ကြာပြီမို့ နှင်းနှင့်ပတ်သက်၍ ပြဿနာဖြစ်ရသမျှ ကိစ္စတော်တော်များများကို သိထားခဲ့သူဖြစ်သည်။ ထို့ကြောင့် ဒီအချိန်မှာ ပို၍စိတ်ပူမိခြင်းဖြစ်သည်။ တဖြည်းဖြည်းနားလည်လာခဲ့တာ တစ်ခုသည် နှင်းနဲ့ ဘယ်သူနဲ့ပဲဖြစ်ဖြစ် သင့်မြတ်ငြိမ်းချမ်းနေခြင်းဖြင့်သာ ပြဿနာအရပ်ရပ်ကို ပြီးပြောက်စေမှာဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



နေမကောင်းဖြစ်လာပြီးသည့်နောက်မှာ စိတ်ကြွမ်းလူကြွမ်းဖြစ်နေသော စိမ်းကတော့ သူ့မျက်လုံးထဲမှာ နှင်းမျက်နှာတစ်ခုကိုပဲမြင်သည်။ နားထဲမှာ 'ကိုကို'ဆိုသည့် ခေါ်သံကိုပဲစွဲနေ၏။ ထိုအခါ ခြေလှမ်းများက လှေကားထစ်တွေကို ကျော်လွှားဆင်းပစ်နေမိတာတောင် ကိုယ့်ကိုယ်ကို သတိမထားမိ။

"သမီး"

ကိုယ့်ဘာသာ တံခါးဖွင့်ပြီး အိမ်ထဲကို အေးအေးဆေးဆေးဝင်လာခဲ့တာပေမယ့် ဦးစိမ်းအောင် ထိတ်ခနဲဖြစ်သွားကာ ကဗျာကတမ်း အော်လိုက်မိ၏။

သူ ဖျတ်ခနဲလှမ်းမြင်လိုက်တော့ စိမ်း လှေကားပေါ်ကဆင်းလာတာနှင့်မတူဘဲ တိုက်ရိုက်ခုန်ချပစ်လိုက်သလိုဖြစ်နေသဖြင့် ...

"သမီး"

နောက်ထပ်ခေါ်မိရင်း လှေကားရင်းကို ပြေးလွှားရောက်သွားမိသည်။ သူ့ကိုမြင်လိုက်ကာမှ နောက်မှာ ခင်အုန်းက ရင်ဘတ်လေးဖိရင်း ရပ်တန့်သွား၏။

"ဘာတွေဖြစ်လာတာလဲ သမီးရယ်၊ ဖေဖေ မျက်လုံးတွေကိုပြာသွားတာပဲ"

"ဖေဖေ မကြားဘူးလား၊ မိနှင်း ... မိနှင်း အရှက်မရှိလုပ်နေတာလေ"

ဦးစိမ်းအောင် မျက်ခုံးထူထူကြီးတွေ တွန့်ကျသွား၏။ သူ ခြံထဲဝင်လာတုန်းက ဂစ်တာသံကြားလိုက်ပါသည်။ ခုတော့ မကြားရတော့ပါ။

ဒီလိုပဲ မိနှင်း ခဏခဏတီးတတ်တာမို့ သတိတောင်မထားမိခဲ့ပေ။

"ကိုကို့ကိုချစ်လို့တဲ့"

"ဟင် ..."

စိမ်း အသံထွက်လာတော့ ပို၍အံ့သြသွား၏။ ဆန်းနဲ့နှင်းတို့ သံယော





ဇဉ်တွေကြီးခဲ့ကြတာကို။ 'မြရွက်စိမ်း'က လူတွေအားလုံး သိကြသည်။ ဒါ့အပြင် ခြိန်းပါးချင်းတွေလည်း သိတဲ့လူတွေသိကြ၏။

ဒါပေမယ့် ဘယ်တုန်းကမှ နှင်း ဒီလို မရိုးမသားသံစဉ်တွေနှင့် စောင်းချိတ်မဆိုဖူးပါ။

"ဖေဖေ စဉ်းစားကြည့်လေ၊ အဲဒါ သမီးကို သက်သက်တိုက်ခိုက်တာ၊ ကိုကိုဆိုတာ သူ ဘယ်သူ့ကိုခေါ်တာမှန်း ခေါးကစ သိတယ်၊ ဆန်းနဲ့သမီး လက်ထပ်မှာကိုသိရက်နဲ့ အရှက်မရှိ ..."

"သမီး"

"ဟင့်အင်း ဟင့်အင်း၊ ဖေဖေ ဖယ်ပေးပါ၊ မိနှင်းကို သမီး စိတ်ရှိလက်ရှိ ကုတ်ဖဲ့ပစ်ရမှ ကျေနပ်မှာ၊ ကိုင်ပေါက်ထုရိုက်ပစ်မှာ"

"နေဦး သမီး"

"ဟင့်အင်း"

"သမီး ဖေဖေ ပြောနေတယ်လေ"

တားဆီးမရအောင်ပြောနေသဖြင့် ဦးစိမ်းအောင်လက်ထဲက အိတ်လည်း ပြုတ်ကျသွား၏။ အိတ်သည် လှေကားလက်ရန်းတိုင်ကြီးနှင့် ပစ်ရိုက်ပြီးမှ ဟိုဘက်ကို ကျော်ကျသွားသဖြင့် အထဲက ဟန်းဖုန်းတွေရော၊ မျက်မှန်အိတ်တွေနှင့်စာရွက်စာတမ်းတချို့ပါ တစ်ခုစီ ထွက်ကျကုန်လေသည်။

"ဘယ်လိုဖြစ်နေလဲ သမီး၊ သမီး ကလေးမဟုတ် သူငယ်မဟုတ်နဲ့ အကျိုးသင့်အကြောင်းသင့်ပြောရင် နားထောင်ပါလား"

ပြောမရလွန်းတော့ ကရုဏာဒေါသနှင့် စိမ်းပခုံးလေးတစ်ဖက်ကို ဆောင့်ခါပစ်မိ၏။

"မသိဘူး၊ နားလဲမထောင်ချင်တော့ဘူး၊ သမီး သိနေတာ တစ်ခုပဲရှိတယ်၊ အဲဒါ မိနှင်း သမီးကို ရှုံးအောင်လုပ်နေတာ၊ နည်းမျိုးစုံနဲ့တိုက်ခိုက်



www.burmeseclassic.com

www.burmeseclassic.com



တုံ့ပြန်နေတာ"

စိမ်း ရှိက်ငိုရင်း ခေါင်းခါရင်းနှင့် လက်သီးနှစ်ဖက်ဆုပ်၍ အော်သည်။ အဖြူရောင် ညဝတ်ဂါဝန်ရှည်ကြီးနှင့် ဆံပင်တွေဖြန့်ချထားလျက် အိပ်ရာဝင်ချိန်ပေမယ့်လည်း စိမ်း၏ရုပ်သွင်က မငြိမ်းချမ်းပါ။

ထို့ပြင် မေးဖျားချွန်ချွန်လေးနှင့် နှာသီးဖျားလေးတွေပေါ်မှာ ချွေးတို့စို့နေ၏။ နှုတ်ခမ်း ဖျားတို့ထက်မှာလည်းရှိနေသည်။ လည်ပင်းနှင့် ရင်ဘတ်ဖြူဝင်းဝင်းလေးမှာလည်း ရေဖျန်းထားတာနှင့်ပင် တူနေသေးသည်။ သမီး၏ စိတ်ဖိစီးမှုဝေဒနာအရှိန်ကို တွက်မိကာ ဦးစိမ်းအောင် ရင်နင့်သွား၏။

သူ တစ်ခုခုလုပ်ပေးသင့်ပြီလို့ တွက်လိုက်မိပြီဖြစ်သည်။





<u>အခန်း (၂၉)</u>

နာရီကြည့်လိုက်တော့ ဆယ့်နှစ်နာရီကျော်သွားပြီဖြစ်၏။ မျက်နှာရှေ့က စာအုပ်ကိုပိတ်လိုက်ပြီး အကြည့်တို့က နှင်းရဲ့အိပ်ခန်းလေးဆီ ရောက်သွားသည်။

ညကိုးနာရီခွဲလောက်က မီးမှိတ်သွားပြီး ခြံထဲမှာ ဂစ်တာဆင်းတီးနေတာ ကြားခဲ့သည်။ သီချင်းသံတိတ်သွားခဲ့ပေမယ့် အခန်းမီး ပြန်လင်းလာတာ မတွေ့သေးပါ။

နှင်း ဂစ်တာတီးတာဖြစ်ဖြစ်၊ ညဘက် အပြင်ကို ဘာအကြောင်းနဲ့ပဲ ထွက်ပါစေ ပြန်ဝင်လာတာနှင့် မီးဖွင့်ပြီး နာရီဝက်လောက်ကြာမှ ပြန်မှိတ်ပြီး အိပ်တတ်တာ သူ သိသည်။ နှင်း အပေါ်ကို ပြန်မရောက်သေးတာလား။

စာကြည့်စားပွဲကနေ ထ,ရပ်လိုက်ပြီး ပြတင်းတံခါးနားကို လျှောက်သွားရင်း နှင်းရဲ့အိပ်ခန်းဆီ မော့ကြည့်မိပြန်သည်။ နားစွင့်ကြည့်လိုက်တော့လည်း ဘာသံမှမကြားရတော့ပေ။

နေရာမှာ အကြာကြီးရပ်နေပြီးမှ ခေါင်းတစ်ချက်ခါလိုက်ပြီး သူ အိပ်ရာဝင်ခဲ့သည်။ ညဆယ့်နှစ်နာရီဆိုသည့် သန်းခေါင်ယံအချိန်ဟာ တစ်လောကလုံး တိတ်ဆိတ်ငြိမ်သက်နေကြပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် 'မြရွက်စိမ်း'မှာ တိတ်ဆိတ်ခြင်း၊ ဆူညံခြင်းဖြင့် ငြိမ်းချမ်းခြင်းနိမိတ်ကိုရှာဖွေဖို့တော့ မလွယ်တာ အမှန်ပင်။

စောစောက ကားသံကြားလိုက်ပြီး မကြာမီ တိုက်ကြီးထဲက ဆူညံသံတစ်ချက်ထွက်လာသေးသည်။ ဦးလေးကတော့ ထိုအသံ၏အကြောင်းရင်းကို သိလိမ့်မည်ထင်သည်။ သူမေးရင်တော့ ပြောပြဖို့စိတ်ကူးနှင့် ဒီနားကိုလည်း လာရပ်ခဲ့သေးသည်။

ဒါပေမယ့် သူ မမေးခဲ့ပေ။ ဘာအကြောင်းဖြစ်ဖြစ် စိတ်မဝင်စားတတ်အောင်နေဖို့အတွက် မျက်နှာရှေ့မှာ စာအုပ်တစ်အုပ်က ရှိပြီးသား။

အိပ်ရာထဲမှာ ပက်လက်လှန်၍ ခေါင်းအောက်မှာ လက်နှစ်ဖက်သွင်းထားရင်း မျက်လုံးတွေမှိတ်ထားပေမယ့်လည်း အိပ်လို့မပျော်နိုင်။

နှင်း အိမ်ပေါ်တက်သေးရဲ့လား၊ ခြံထဲမှာလား ဆိုသည့် အတွေးက နှိပ်စက်နေ၏။ စောစောက ဆူညံသံတစ်ချက်ကို စိတ်မဝင်စားပေမယ့် နှင်းနဲ့ တစ်ခုခုသက်ဆိုင်နေပြန်ပြီလားဟု တွေးမိတော့ ရင်ပူလာသည်။

ထိုစဉ် မိုးသက်လေ ဖျောခနဲသုတ်သွားခြင်းနှင့်အတူ မိုးစက်တို့က တဖြောက်ဖြောက်ကျလာသံကို ကြားလိုက်ရ၏။ ဆန်း အိပ်ရာထဲကနေ ခြေနှစ်ဖက်ချထိုင်ပြီးသားဖြစ်သွား၏။ ပြီးတော့ ခြေထောက်တွေက သူ့ဆုံးဖြတ်ချက်ကိုမစောင့်ဘဲ ခြံထဲသို့ခေါ်ဆောင်သွားခဲ့သည်။

မိုးသက်လေကလည်း အေးသည်။ မိုးစက်တို့က မစိပ်ပေမယ့် တစ်စက်ချင်း တစ်ပေါက်ချင်း ကျနေတာကိုက စိမ့်စိမ့်လေးအေးနေခြင်းကို အားပေးနေသလိုရှိ၏။

ထို့ပြင် နေ့ဘက်မှာ နုနွဲ့လှပနေသော ရောင်စုံပန်းခင်းနှင့် သစ်ပင်တို့၏အရိပ်က ည၏မှောင်ခြင်းကြောင့် အုပ်အုပ်သဲသဲဖြစ်သည်။ တိတ်ဆိတ်ခြင်းက မိုးစက်တို့၏တေးသံမှာ ငိုက်မျဉ်းနေသည်ထင်၏။

သူ ရှေ့ကိုတိုးလျှောက်နေရင်း မျက်လုံးတွေကို အစွမ်းကုန် အလုပ်





ပေးထားမိသည်။ ရွှတ်ခနဲ ဖျတ်ခနဲ သူ့ခြေသံကိုက တစ်စုံတစ်ရာထံမှ ညှို့ငင်နေခြင်းလိုလို၊ ကျောက်ခုံလေးရှိသည့် တရုတ်စံကားပင်အောက်ကို သူရောက်တော့ ခြေလှမ်းတွေရပ်သွားသည်။

ထိုနေရာမှာ ပတ်ဝန်းကျင်ကိုရော အရာဝတ္ထုအားလုံးကိုပါ မှုန်ပျပျတော့ မြင်နေရ၏။ နှင်း မရှိတော့ပါ။ ဟိုရှေ့ပန်းစင်အောက်က သစ်သားခုံတန်းလေးဆီမှာလည်း မရှိ။

ဒါပေမယ့် စူးရှသည့် သူ့မျက်လုံးတို့က ကျောက်ခုံလေး၏ ဟိုဘက်ထိပ်မှာ ထောင်ထားသော ဂစ်တာ၏လက်ကိုင်ကို လှမ်းမြင်လိုက်ရသည်။ ထိုစဉ် ...

"ကိုကို"

"နှင်း"

ထိတ်ခနဲဖြစ်သွားကာ ကျောနောက်ကို လှည့်ကြည့်လိုက်မိသည်။ နှင်းက အပြာရောင်ဟုထင်ရသော ဖြူလွလွအရောင်ပေါ်နေသည့် ဘောင်းဘီရှည်ပွပွနှင့် ညဝတ်အင်္ကျီကို ဝတ်ထားသည်။

နဖူးထိပ်မှခွဲချထားသည့်ဆံနွယ်တို့က ပဲ့ရိုးလေးတစ်ဖက်စီမှ ပျော့နွဲ့စွာ ဖြာဆင်းနေကြသည်။ တိုက်ဆီမှ မီးရောင်ယဲ့ယဲ့ဖြင့် နှာတံချွန်ကော့ကော့လေးက အရိပ်နှင့် နှစ်ထပ်ဖြစ်နေ၏။

ချက်တောင်ဖျားလေးတွေကို စီးမိုးငုံ့ကြည့်ရင်း ဂစ်တာဆီသို့ ပြန်ကြည့်မိပြန်ကာ ...

"မင်း ခုချိန်ထိ အိမ်ပေါ်မတက်ရသေးတာလား"

"ခု တက်တော့မှာပါ"

"မင်းကွာ ..."

ဆန်း စိတ်ပျက်လက်ပျက်ညည်းသည်။ မိုးသက်လေက သုတ်အံ ဖျန်းခနဲနှင့်အတူ မိုးစက်တို့ ဝေ့ဝဲကြွေဆင်းလာတာကို တစ်ချက်မော့



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရင်း ...

"သွား ... သွားတော့၊ အထဲဝင်တော့"

"ကိုကို ဘာလာလုပ်တာလဲ"

သွားဆိုတာကို တုတ်တုတ်မျှမလှုပ်ဘဲ နှင်းက တစ်လုံးချင်းပြန်မေး၏။

"မင်းလို အချိန်တွေဖြုန်းပြီး တစ်ညလုံးထိုင်နေတာမဟုတ်ဘူး၊ စာဖတ်နေတာ၊ မျက်လုံးညောင်းပြီး အိပ်လို့မရတော့လို့"

"အဲဒါကြောင့် မိုးရွာထဲကို ဆင်းလာတာလား"

ဆန်း မျက်နှာပျက်သွားခဲ့၏။ အလင်းရောင်က မှုန်ပျပျပဲရှိပေမယ့် နှင်းက စူးစိုက်ကြည့်နေသည်မို့ မြင်မှာပဲဖြစ်၏။ သူ ဘာဖြစ်လို့ ဆင်းလာမိတာလဲ။ ရုတ်တရက် ထိုမေးခွန်းပေါ်လာခြင်းကို ဆန်း ချက်ချင်းပြန်ဖျောက်လိုက်၏။

"ကိုကို နှင်းကိုစိတ်ပူပြီး အိမ်ပေါ်မတက်သေးဘူးလားလို့ လာကြည့်တာမဟုတ်လား"

ဆန်း မဖြေပါ။ ဒါပေမယ့် ...

"မေးခွန်းတွေဆင့်မနေနဲ့ မင်းကို ကျက်ပါ၊ မှတ်ပါဆိုပြီး ဝယ်ပေးထားတာတွေအားလုံး စာအုပ်ထဲမှာပဲနေသားတကျထားတာလေ၊ ခုချိန်ထိ ခေါင်းထဲမှတ်ဖို့ စိတ်ကူးမရှိသေးဘူးလား"

နှင်းကလည်း ပြန်မဖြေဘဲ မျက်နှာလေးလွှဲ၍ငြိမ်နေ၏။

"ဒီလိုအချိန်တွေ ဘယ်လောက်နှမြောဖို့ကောင်းသလဲ နှင်း၊ မင်းရဲ့ပညာရေးအတွက် ကိုယ့်ခေါင်းထဲမှာ ကိုယ့်အတွက်ထက် ပိုခဲ့တာ ..."

နှင်း မျက်နှာလေးပြန်လှည့်လာ၏။ ဒါပေမယ့် စကားမဆို။

"ကိုယ့်ဘဝ မလှပေမယ့် အနာဂတ်မှာ တောက်ပလာအောင် ကိုယ်ကြိုးစားနိုင်တယ်။ မင်းကို အဲဒီလိုပဲ ဖြစ်စေချင်ခဲ့တာ သိရဲ့လား။ ကိုယ်က ယောက်ျားလေးမို့ ကိုယ့်ထူးကိုယ်ချွန်နိုင်ပေမယ့် မင်းက မိန်းကလေး၊





အဲဒါကြောင့် မင်းအတွက်ကို ကိုယ့်ရဲ့ပစ္စုပ္ပန်တိုင်း၊ အနာဂတ်တိုင်းမှာ အမိကထားခဲ့တာ"

"ရိုးနေပြီ ကိုကို၊ အဲဒီစကားတွေကြားရတာ နားထဲမှာအီနေလို့ ကိုကို ရှုံစိုက်ပါလားဆိုပြီး ပီတိဖြစ်ဖို့တောင် မေ့နေပြီ"

"မလိုပါဘူး၊ မင်းဆီက ဘာမှပြန်လိုချင်လို့မဟုတ်ဘူး။ မင်း ကိုကိုပေးသလောက်ယူထားစေချင်တယ်၊ မင်းအတွက် ကိုကို ပေးခဲ့သမျှဟာ တစ်ဘဝလုံးစာအတွက် အသုံးတည့်မယ့် သယံဇာတတွေပါ။ မင်းဆီက ကိုကို ဘာမှမလိုချင်ဘူး။ ပေးတာတွေကို မင်း ယူတတ်စေချင်တာ"

"မလိုချင်ဘူး"

နှင်း လေသံက မာနေသည်။ လေတစ်ချက် ခပ်ကြမ်းကြမ်းဝှေ့သွားသဖြင့် ပါးတစ်ဖက်ပေါ်မှာ ဆံစတို့ ဖြန့်ခင်းသွားကြ၏။ နှင်းက သာသာလေးပြန်ဖယ်ရကာ ...

"ဘဝတစ်ကွေ့မှာ ကိုကိုနဲ့နှင်း ခရီးသွားဟန်လွှဲတွေ့ကြရတာမျိုးပဲဆိုရင်တောင် ခရီးအစမှာ နာမည်ဘယ်လိုခေါ်သလဲ၊ ဘယ်သွားမှာလဲလို့မေးပြီး ရင်းနှီးကြမယ်၊ ခရီးဆုံးတော့မယ့်အချိန်မှာ ဘယ်သူပဲကျန်ခဲ့ကျန်ခဲ့၊ ဘယ်သူပဲဆက်ပါသွားသွား ထာဝရခွဲကြရပြီပဲ၊ နှုတ်ဆက်ကြမယ့်အချိန်ကျမှ နာမည်လေး ဘယ်လိုခေါ်သလဲလို့ မေးမနေပါနဲ့တော့ ကိုကို၊ သိအပ်တာက ခွန်းချိုနှုတ်ဆက်စကားမဟုတ်တော့ဘူး၊ မျက်ရည်တွေထဲက အမှန်တရားပါ၊ သေခါနီးလူတွေ၊ အမှန်ကို ဝန်ခံသွားကြသလိုမျိုး ခုချိန်ထိ ကိုကို ဘာဖြစ်လို့လဲ ကွေ့ရှောင်ပြေးနေတာလဲ၊ ကိုကို့ဆီက နှင်းကြားချင်တာ ဒီစကားတွေမဟုတ်ဘူး"

ဆန်းက အားလုံး ဆုံးအောင်နားထောင်နေပြီးမှ ... ဟိုဘက်လှည့်ပ်လိုက်သည်။

"ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



နှင်းက ဆန်းလက်မောင်းတစ်ဖက်ကို အားရှိပါးရှိ ပြန်ဆွဲပစ်လိုက်၏။ ဆန်းကိုယ်ကြီး ယိုင်ခနဲပြန်လှည့်လာတော့ အကျီရင်ဘတ်စပေါ်မှာ လက်ဖဝါးနှစ်ဖက် ယှက်တင်၍ ...

"ကိုကို လက်ထပ်တဲ့နေ့ နှင်း လက်ထပ်မယ်"

"ဘာပြောတယ်"

"အဲဒါကြောင့် စာမေးပွဲပြီးဆုံးဆောင်ဖြေဖို့က ဒုတိယအရေးကြီးဖြစ်သွားတယ်"

"မင်းက ..."

"ပြောပြတာ၊ တစ်ခုခု ကိုကို မေးရဲရင်မေးပါ၊ နှင်း ဖြေမယ်"

"နှင်းသက်တန့်"

ဆန်းက နှင်းပခုံးလေးနှစ်ဖက်ကို ခပ်ဖိဖိဆုပ်၍ ရှေ့ကိုဆွဲယူလိုက်၏။

"ဟိုနေ့က ပြဿနာဖြစ်ခဲ့တာရော၊ ခင်အုန်းကလဲပြောတယ်၊ ဦးလေးလဲ ပြောသွားတယ်၊ ဒါပေမယ့် 'မင်းကို ငါ မမေးခဲ့ဘူး၊ အဲဒါ အားလုံးထက် မင်းကိုယုံကြည်ခဲ့တာ၊ အလကား ယုန်ထင် ကြောင်ထင် အပြောခံနေရတာဆိုပြီး မင်းအတွက် မခံချင်ဒေါသတောင်ဖြစ်လိုက်သေးတယ်၊ မင်း ဘာပြောလိုက်တယ် နှင်း၊ ဘာပြောတာလဲ၊ ပြန်ပြောစမ်း"

"လက်ထပ်တော့မယ်လို့ပြောတာ၊ ကိုကို အောက်ထပ်မှာ ညှို့ခံခွဲလုပ်ရင် နှင်း အပေါ်မှာ မင်္ဂလာဆောင်မယ်၊ နှင်းနဲ့ကိုကို ထာဝရ ဝေးကြရပြီဆိုရင်တောင် နှင်းက ကျန်ခဲ့ရတဲ့သူ မဖြစ်ချင်ဘူး၊ မဆုံနိုင်မှတော့ သုံးနဲ့လေးလို ကျောခိုင်းပြီးသားပေါ့"

နောက်ထပ် ဆန်း ငိုင်ကျသွားစဉ်မှာ နှင်းက လက်တွေကို ဖယ်ချပစ်လိုက်သည်။ ထို့နောက် မဝေးသောမျက်ဝန်းတို့သည် တူညီစွာငြိတွယ်သွားခဲ့ကြပြီး ...

"နှင်း ဆုတောင်းတယ် သိလား၊ ဖြူဆိုရင် စွတ်စွတ်ဖြူပါစေ၊ မဖြူနိုင်





ရင် မဟူရာထက်နက်သွားချင်တယ်၊ အဖြူမစစ်၊ အနက်မဖြစ်နဲ့ မသန့်စင်သော အညိုရောင်မေတ္တာမျိုးကို နှလုံးသားတစ်စုံပိုင်ဆိုင်ရှင်သန်ရတဲ့ ဘဝတိုင်းမှာ မကြုံဆုံမပိုင်ဆိုင်ရပါစေနဲ့"

နောက်ဆုံးစကားသံမှာ ရှိုက်သံတွေနှင့် နင့်နေ၏။ နှင်းက ပြောပြီးသည်နှင့် လှည့်ထွက်ပြေးသွားသည်။

"နှင်း"

ဆန်း တွေခနဲဖြစ်သွားပြီးမှ နောက်ကနေပြေးလိုက်ကာ နှင်း လက်ကလေးတစ်ဖက်ကိုဖမ်းဆွဲလိုက်သည်။ နှင်းကိုယ်လေး သူ့ဘက်ကို တစ်ပတ်လည်ပြီး ပြန်ပါလာ၏။

"နှင်းရယ် ..."

သူနှင့် ပါးပြင်ထက်က မျက်ရည်တွေကို သုတ်ပေးလိုက်ရင်း ...

"စကားတတ်လှချေလား နှင်းရယ်၊ မင်းကို ... မင်းကိုလေ မသန့်စင်တဲ့အညိုရောင်တွေပေးခဲ့တာမဟုတ်ဘူး၊ သန့်စင်တဲ့အညိုရောင်တွေပါ၊ မင်းကို ကိုကို သိပ်ချစ်တယ်"

နှင်းကိုယ်လုံးလေးကို သိမ်းပိုက်ထွေးပွေ့ဖက်ထားလိုက်မိသည်။ ထိုစဉ် မိုးစက်တို့ ခပ်စိပ်စိပ်သည်းလာတာကိုလည်း သတိမထားမိကြပေ။

သူ့ နှင်းရဲ့ဆံနွယ်နုနုလေးတွေထက်မှာ မျက်နှာတစ်ခုလုံး ဖိကပ်နှစ်ရင်း နမ်းရှိုက်နေမိသည်။ ထို့ပြင် အလင်းရောင်အားနည်းလွန်းသော ပန်းမွေးရာသီလေးထဲမှာ သူ နမ်းခဲ့တာ ဆံနွယ်လေးတွေမှ ကရဲ့လား၊ ရေမွှေးနံ့လိုလို၊ ပေါင်ဒါနံ့လိုလို၊ ပြီးတော့ နှုတ်ခမ်းနီနံ့ ...

ရင်ထဲမှာ တိုးတိတ်စွာတောင်းပန်မိတာ ဘာကိုမှန်းမသိ။

တစ်သက်မှာ တစ်ခါ၊ ဒီတစ်ကြိမ်သာ မှားခွင့်ပြုပါ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၀)

"အမွေလွဲတဲ့ကိစ္စက ကိုယ်စားလှယ်ရှေ့နေကြီးတွေနဲ့ပဲ ပြီးလိုက်ရပါတယ်၊ ဒါပေမယ့် ဒီကေ့စ်ကို ဖေဖေကိုယ်တိုင် ကျွန်တော့်ကို ဆက်လက်ဆောင်ရွက်ပေးဖို့ အမှာရှိခဲ့တာကြောင့် နုလိုဆုံးခန်းတိုင်တဲ့အထိ ပါဝင်ခဲ့ရတာပါ။ ဒီက ညီမ လိုအပ်တာရှိသေးရင် ဆွေးနွေးတိုင်ပင်နိုင်ပါတယ်"

လိုအပ်သည့် စာချုပ်စာတမ်းများနှင့် လူကြီးတွေလည်းစုံနေပြီ။ ဦးဇေယျာက ထိပ်ဆုံးခုံမှာ ခန့်ညားစွာထိုင်လျက် အကျိုးဆောင်ရှေ့နေတွေလည်း ရှိနေကြ၏။

နှင်းဘက်က လူကြီးအဖြစ်နှင့် ဦးထွေး ပါဝင်ခဲ့သော်လည်း အောက်ထပ်မှာ စိမ်းရဲ့မင်္ဂလာပွဲရှိနေသောကြောင့် ပြန်ဆင်းသွားပြီဖြစ်၏။

ဘယ်လိုရှုထောင့်ကပဲကြည့်ကြည့် တိုင်းတရားသူကြီး ဦးဇေယျာသာ အစစ အဆုံးပြေအောင် စီစဉ်မထားခဲ့လျှင် နှင်း ဘက်ကလည်း နှင်း





တစ်ယောက်တည်းမို့ အမွေလွဲအပ်ပွဲက ဘယ်လိုခြောက်သွေ့စွာပြီးဆုံးသွားမည်မသိနိုင်။

ခင်အုန်းလည်း အပေါ်ထပ်ကိုတက်မလာနိုင်၊ စားသောက်ပွဲတွေ၊ မင်္ဂလာအခမ်းအနားတွေပြင်ဆင်ထားသော်လည်း ရှေ့နေကြီးများနှင့် သက်သေလူကြီးမင်းများမှလွဲ၍ တခြားသူ တစ်ယောက်မှမပါ။

နှင်းသည် အဖြူရောင်သတို့သမီးဝတ်စုံနှင့် ဆံပင်တွေကို ရှေ့နောက်အားလုံးအပြောင်သိမ်းလိပ်ကာ အလိပ်တွေ အခွေလေးတွေနေရာများမှာ စိန်ခဲထိုးတွေ ထိုးစိုက်ထား၏။

လက်ကောက်၊ ဆွဲကြိုး၊ လက်ဝတ်ရတနာ ဘာမှမပါဘဲ မျက်နှာပြင်လေးမှာ ဖြူဖျော့ဖျော့လေးလိမ်းထား၏။ နှုတ်ခမ်းနီ ပုလဲရောင်က အဖြူရောင်ပဲမို့ သူမမျက်နှာလေးမှာ နုစ်စွမ်းအားမဲ့နေတာနှင့် တူသည်။

ထို့ပြင် အမွေတွေလွှဲပြောင်းရယူပြီးဖြစ်သည့် မျက်နှာလေးကလည်း ထူးခြားရွှင်မြူးဟန်မပြ။ မနေ့တစ်နေ့ကထက်ပင် ပို၍ တည်တင်းအေးစက်နေသေးသည်။ အမွေလွှဲခြင်းကိစ္စကို တိကျစွာဆောင်ရွက်သွားခဲ့ရင်း လူကြီးတွေက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြ၏။

ဦးဇေယျာက အားလုံး၏ စိတ်သဘောတို့ကို ခြုံငုံနားလည်သဖြင့် နှင်းကို အကဲခတ်ရင်း လည်ချောင်းတစ်ချက်ရှင်းသည်။

သူမလေးသည် သူမအတွက် အကျိုးဆောင်ပေးနေကြသူတွေကို တောင် မေ့လျော့နေလေသလားမသိ။ ရွှေသားရုပ်လေးထုဆစ်ချထားသလို မေးတာ၊ ဖြေတာမှာ ခေါင်းညိတ် ခေါင်းခါပြုခြင်းမှလွဲ၍ လက်မှတ်ထိုးခြင်းအပြင် တခြားသော လှုပ်ရှားပြောဆိုခြင်း ဘာမှမရှိ။

အောက်ထပ်မှပျံ့လွင့်လာသည့် တူရိယာသံတွေကြောင့် အပေါ်ထပ်မှာ စိုပြည်နေသလိုရှိသော်လည်း ခြောက်သွေ့နေတာ အမှန်။

"ညီမကို တစ်ခုတော့မေးချင်တယ်၊ ရမလားမသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဦးဇေယျာ ဆိုပေမယ့် ဆန်းတို့အရွယ်သာသာပဲမို့ ညီမဟုခေါ်တာက မဆိုးပါ။ နှင်းက ခေါင်းညိတ်လိုက်ပြီး …

"မေးပါရှင်၊ နှင်း ဖြေပါ့မယ်"

"ဒီလိုပါ၊ လွန်ခဲ့တဲ့နှစ်ရက်က ဟောဒီက ရှေ့နေကြီး ဦးစောဆီကို ဦးစိမ်းအောင် က ဖုန်းဆက်တယ်တဲ့၊ ညီမ သိပြီးပြီနော်"

"ဟုတ်ကဲ့"

နှင်းက ဘယ်သူနဲ့လက်ထပ်မှာလဲ၊ လက်ထပ်ဖို့ကို သေတမ်းစာအရ လူကြီးတွေက စီစဉ်ပေးမှာလား၊ နှင်းက သူ့သဘောကျ သူ့ချစ်သူနဲ့လားစသဖြင့် ဖုန်းဆက်မေးတဲ့အကြောင်း ထိုနေ့ကပဲ ရှေ့နေကြီးက ဖုန်းဆက်ပြောပါသည်။

"အဲဒီမေးခွန်းတွေကို ကျွန်တော်တို့က ဘာမှမသိတော့ မသိဘူးလို့ဘဲ ဖြေခဲ့တာပါ၊ အဲဒါလဲ သူ ယုံတာ၊ မယုံတာ မသိပေမယ့် ကျေကျေနပ်နပ်ဖြစ်မသွားတာကတော့ သေချာပါတယ်"

"ဟုတ်ကဲ့ ပြောပါရှင်"

"နောက်ထပ် သူပြောတာက တစ်နှစ်ထဲမှာ နှစ်မင်္ဂလာမလုပ်ကောင်းတာကို တစ်အိမ်တည်းမှာ နှစ်မင်္ဂလာလုပ်တဲ့ကိစ္စကြီးကိုတောင် လူကြီးတွေက အားပေးနေရသလားဆိုတဲ့ သက်ရောက်တဲ့စကားမျိုးတွေလဲ ပြောသွားသေးတယ်တဲ့၊ တကယ်က ဒီမင်္ဂလာကိစ္စကို မမေးတော့ဘူးဆိုပြီး နေလိုက်ကြတာပါ၊ ဦးသက်တန့်ရဲ့ သေတမ်းစာပါ အမွေလွှဲအပ်ဖို့ဆောင်ရွက်ပေးစေလိုခြင်းမှာ မင်္ဂလာကိစ္စတွေနဲ့ လုံးဝငြိတာမရှိပါဘူးလေ။ ခုလဲ အမွေလွှဲတဲ့ကိစ္စ ပြီးပါပြီ မေးဖို့လဲ မလိုပါဘူး၊ ဒါပေမယ့် အခုပြင်ထားတဲ့ ပွဲပုံစံက မင်္ဂလာဧည့်ခံပွဲတစ်ခုနဲ့ တူနေတယ်"

ပြောပြီးအားနာသည့်အပြုံးမျိုးနှင့် ဦးဇေယျာက မျက်လွှာတစ်ချက်ချ၏။





"တကယ်တော့ မင်္ဂလာပွဲလုပ်မှာဆိုရင်တော့ ညီမအနေနဲ့ ဒီက လူကြီးတွေကို မဖိတ်ဘဲမနေဘူးထင်ပါတယ်၊ အခု ကျွန်တော်တို့ ဘာမှမသိရဘဲ ဒီလိုပြင်ဆင်ထားတာကို ပြောပြမယ်ဆိုရင်တော့ ကျေနပ်စရာပဲဗျာ"

နှင်းက ပြုံးလိုက်သည်။ မျက်ဝန်းတို့က မျက်နှာကြက်မှာ ရောင်စုံစက္ကူလိပ်များနှင့် ချိတ်ဆွဲထားသည့် ပူဖောင်းတို့ဆီ ရောက်ကာ …

"ဒါလေးတွေပဲပြင်ထားတာပါ၊ စားသောက်ပွဲတွေ ဘာတွေ မရှိပါဘူး"

နှင်း ပြောမှ သူတို့ထိုင်နေကြသည့်စားပွဲရှည်ကြီးအပြင် တခြားစားပွဲပြင်ဆင်ထားတာမရှိမှန်း သတိထားမိသွားကြ၏။ နှင်းက သူတို့အားလုံး၏မျက်လုံးတွေ သူ့မထံ ပြန်ရောက်လာသည်အထိ စောင့်နေပြီးမှ ယဲ့ယဲ့လေးပြုံးကာ …

"နှင်း အဲဒီလို ထင်သလိုလုပ်တတ်လို့ သူတို့ရဲ့ မဟုတ်မဟုတ်စွပ်စွဲပြောဆိုတာတွေကိုခံရတာထင်တယ်"

တစ်ယောက်တည်းညည်းသလိုပြောရင်း အပေါ် တစ်ထပ်လုံးမှာ ဆွဲချိတ်ထားသည့်ရောင်စုံပူဖောင်းတွေကို နာကျင်သည့် မဲ့ပြုံးကလေးနှင့်မော့ငေးသည်။

"အဲဒါတွေက နှင်း စိတ်ကူးဖြစ်တဲ့အတိုင်း လုပ်ထားတာပါ၊ မြန်းခနဲမြင်ရင် လူအထင်သေးစရာဖြစ်ချင်ဖြစ်မယ်၊ နှင်းအတွက်ကတော့ 'သတို့သား အလိုရှိသည်'ဆိုတဲ့ ကွက်လပ်နဲ့ ဧည့်ခံပွဲမဟုတ်ဘူး၊ ဒါ နှင်းရဲ့တိုက်ပွဲတစ်ခုဆိုလဲ မမှားဘူး၊ ဒါပေမယ့် အနိုင်ရဖို့ မသေချာတဲ့တိုက်ပွဲပါ"

နားထောင်သည့်လူတွေ မျက်စိလည်ကုန်သည်။ လျှို့ဝှက်ချက်တွေပြည့်နှက်နေသည့် ဖြစ်မှုပေါင်းစုံကို ကိုင်တွယ်ဖြေရှင်းပေးခဲ့ဖူးကြပေမယ့် နှင်းရဲ့လျှို့ဝှက်ချက်သေးသေးလေးကိုတော့ ဘာမှန်းမသိဘဲဖြစ်သွားကြ၏။



www.burmeseclassic.com

www.burmeseclassic.com



နှင်း နေရာမှထ ရပ်လိုက်ကာ ပြတင်းတံခါးကနေ ခြံဝဆီသို့ လှမ်းကြည့်လိုက်၏။ မင်္ဂလာပွဲကို ကြွရောက်လာသည့် ကားနှစ်စီး ဆက်တိုက်ဝင်လာတာကိုမြင်တော့ ပြုံးလိုက်မိသည်။

မာယာမပါသော ကြေကွဲအပြုံးမျိုးပဲဖြစ်သည်။ သူမသည် ရှုံးနေပြီဖြစ်သော်လည်း လက်နက်မချနိုင်သေးဘဲ ရန်သူလက်နက်မျိုးစုံတို့အလယ်မှာ မခိုင့်တခိုင်ရပ်နေရသူကဲ့သို့ ဖြစ်နေပြီလား။

ခုလောက်ဆို ကိုကို့ သတို့သားဝတ်စုံနဲ့ မင်္ဂလာပွဲထဲမှာ ဒါမှမဟုတ် ပွဲတက်ဖို့ အဆင်သင့်ဖြစ်နေတဲ့ မျက်နှာတည်တည်ကြီးနဲ့လား ...၊

ကိုကိုရယ် ...၊ ကိုကို ချစ်သည်ဖြစ်စေ, မချစ်ဖူးဖြစ်စေ မမစိမ်းက ကိုကို့ကို ပိုင်သွားပါပြီ။ 'သိပ်ချစ်တယ်'ဆိုတဲ့ စကားသုံးခွန်းကို တစ်သက်စာထာဝရ သိမ်းရစ်တော့ဆိုပြီး နှင်း ရင်ကွဲနာကျပြီးသေကျန်ရစ်ခဲ့ရင်လည်း ကိုကိုကတော့ မမစိမ်းခင်ပွန်း ဖြစ်နေမှာပါ။

ကိုကိုပေးခဲ့တဲ့အချစ်တွေက နှင်းအတွက် အကုန်လုံးလား၊ တချို့တလေ တစ်စိတ်တစ်ပိုင်းလား။ မမစိမ်းကို ထပ်ချစ်ဦးမှာလား၊ မချစ်တော့ဘူးလား ...၊ ကိုကိုရယ် မသေချာတာတွေကို ပွေ့ပိုက်လွမ်းဆွေးရင်း နှင်း ရင်ကွဲပါပြီ။

မျက်ရည်တွေ ကျလုကျခင်ထိ ပြည့်သိပ်လာသည်။ မျက်တောင်တို့ဖြင့် ပုတ်ခတ်ဖယ်ရှားလို့လည်းမနိုင်ဘဲ မျက်ဝန်းအိမ်တွေအောင့်လာ၏။ မျက်ရည်တို့သည် ပြိုဆင်းခွင့်မရပေမယ့် မျက်တောင်ဖျားတို့မှာ စိုခဲကပ်တွယ်လျက်၊ 'နှင် ငိုနေပါတယ်'လို့ သရော်လှောင်ပြောင်ကြသလိုပင်။

"ဦးတို့အားလုံးကို နှင်း မထီလေးစားဆက်ဆံခဲ့တာမဟုတ်ပါဘူး။ အဲဒါကို နားလည်ပေးပါနော်"

နှင်း ပြန်လှည့်လာပြီး အနူးအညွတ် တောင်းပန်သည်။ ဦးဖေယျာကိုယ်တိုင် 'ကိစ္စမရှိကြောင်း' လက်ကာပြပြီး စိတ်မကောင်းဖြစ်သွားခဲ့၏။





နှင်း၏ မျက်တောင်ဖျားတို့က မျက်ရည်စများနှင့် မျက်ခမ်းစပ်လေးတွေနီနေတာကို မကြည့်ရက်သလို မျက်နှာလွှဲသည်။

နှုတ်ခမ်းသားလေးတွေက ကတုန်ကယင်ဖြစ်နေရှာတာကို မြင်လိုက်တာနှင့် သူမလေး ဘယ်လိုခံစားနေရနိုင်သည်ကို ခန့်မှန်းမိသည်။ ထို့ပြင် 'မြရွက်စိမ်း'မိသားစုနှင့် 'နှင်းသက်တန့်'ဆိုသော မိန်းမလှလေး၏ ငိုချင်းရှည် ဇာတ်လမ်းတွဲကြီးကိုလည်း သိသင့်သလောက်တော့ သူ သိခဲ့သည်။ သူ့လိုပဲ ဒီထဲမှာထိုင်နေကြသူအားလုံးလည်း သိကြပြီးဖြစ်၏။

နှင်းသက်တန့်သည် 'မြရွက်စိမ်း'မှ မိသားစုဝင်နှစ်စုနှင့်ဆက်တိုက်ရင်ဆိုင်ခဲ့ရပြီး ဖခင်ရင်းဖြစ်သော ဦးသက်တန့်မှလွဲ၍ ထိုမိသားစုနှစ်စုလုံးဟာ သူမကို လိုလားခဲ့သူမရှိ။

ဒီနေ့ ပြင်ဆင်ထားပုံအရမှာလည်း ချစ်မှုရေးရာမှာ သူမ ကံဆိုးခဲ့သည်မှန်းဖော်ပြနေပြီဖြစ်၏။ ထို့ကြောင့် အားလုံးပဲ ဘာမှထပ်မမေးနိုင်၊ မပြောနိုင်လောက်အောင် ငိုင်တွေကုန်ကြ၏။

သုံးစွဲမကုန်နိုင်သော အတွင်းပစ္စည်းတွေ၊ လုပ်ငန်းတွေများစွာအပြင်တခြား ဦးသက်တန့် ပိုင်ဆိုင်ထားသော ခြံမြေတွေလည်း သူမ ပိုင်ဆိုင်ခဲ့ပြီဖြစ်သော်လည်း ဒီလိုနေ့မျိုးမှာ သူမ မပျော်နိုင်ပါလား။ နှင်းက မူလနေရာမှာပဲ သာသာလေးပြန်ထိုင်ကာ ...

"နှင်းကို စိတ်ဒုက္ခပေးခဲ့လွန်းလို့ အဲဒီလူကို ဒီတစ်ကြိမ်တော့ ကာသိကအောက်ဖြစ်သွားပါစေဆိုပြီး စိတ်ကူးခဲ့တာပါ။ ဒါပါပဲ။ နှင်းမှာ လက်ထပ်ရမယ့်သူဆိုပြီး ရည်ရွယ်ထားတာမရှိသလို နောက်ထပ် ကောက်ကျစ်တဲ့ရည်ရွယ်ချက်တစ်စုံတစ်ရာဆိုတာလဲ မရှိပါဘူး"

"အင်း ..."

တိုင်းတရားရုံးရှေ့နေဦးစောက သက်ပြင်းရှည်ကြီးချလိုက်တော့ ...

"တူမကြီး မပြောပေမယ့် အနေအထားကို ဦးတို့ ခန့်မှန်းမိပါပြီ ဘာပဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဖြစ်ပေါ့ သမီးရယ် ကိုယ်ထိလက်ရောက်မဟုတ်ပေမယ့်လဲ သူများကို စိတ်ဆင်းရဲစေဖို့ ရည်ရွယ်တယ်ဆိုတာ သိပ်တော့မကောင်းဘူးပေါ့၊ ဒါပေမယ့် ...”

“ဦးက အခု နှင်း စိတ်ကူးထားတာလေးတွေကိုလဲ ဖျက်ပစ်သင့်တယ်လို့ ပြောတာလား”

“ဟာ ... အဲဒီလိုမဟုတ်ပါဘူး၊ ဦးပြောချင်တာက သမီးကိုပဲ စိတ်ချမ်းသာအောင် ကြံဖန်မွေးမြူသင့်တဲ့အကြောင်း အကြံပြုချင်တာ၊ လူတိုင်းဟာ မိမိစိတ်ချမ်းသာအောင် ကြိုးစားဖန်တီးနေကြတာပဲ၊ ဦး နားလည်ပါတယ်၊ ပြီးတော့ ဒါကို ကိုယ်ရေးကိုယ်တာကိစ္စတွေပါ၊ သမီးရဲ့စိတ်ကူးကို ဦးတို့ မဝေဖန်ပါဘူးကွယ်၊ ကိုယ့်ဘဝက အကောင်းဆုံး အမြင့်ဆုံးကို ရောက်နေပြီမဟုတ်လား၊ ဒီအချိန်မှာ စိတ်ချမ်းသာစေချင်တာ”

“နှင်းသက်တန့်”

“ဟင် ...”

စကားပြောနေကြသည့် မလှမ်းမကမ်းမှာ လူရိပ်တစ်ခု ပေါ်လာ၏။ နှင်း ဖျတ်ခနဲလှည့်ကြည့်ပြီး မျက်နှာလေးတည်သွား၏။ ဦးစိမ်းအောင်သည် နို့စိမ်းရောင်ပိုးပုဆိုးအပြောင်နှင့် အင်္ကျီအဖြူ တိုက်ပုံအဖြူကို ခံ့ညားစွာဝတ်ထားသည်။

သတို့သမီးရဲ့ ဖခင်ရာထူးကို ပြောဖို့မလိုဘဲ တင်းထားသည့်မျက်နှာပြင်ထက်မှာ ထင်းနေအောင်ပုံပေါ်ထားခဲ့၏။ ဖိတ်စာတွေဝေ၊ ကြီးကျယ်သော မင်္ဂလာပွဲက ပျက်ခဲ့သည်။

ထို့ကြောင့် ဒီပွဲမှာ ဖိတ်စာမပါ၊ အခမ်းအနားမဲ့စွာဖြင့် ပရိသတ် အနည်းငယ်မျှကို ဘယ်လိုမှလည်း ထည့်ဝါစွာ ဧည့်မခံနိုင်။ ဒီပွဲမျိုးသာ သူများတွေ အတွက်ဆို စေ့စပ်ပွဲသာသာပဲရှိသည်။ သူ့မှာတော့ သမီးလေးအတွက် အရှက် သိက္ခာတွေ နောက်ထားပြီး စီစဉ်ခဲ့၏။





သူတို့ရဲ့ ကံတရားတွေကို ကမောက်ကမ ကစဉ့်ကလျားတွေဖြစ်ကုန်အောင် လုပ်ခဲ့တာ နှင်းသက်တန့်ပဲဖြစ်သည်။ သူတို့မိသားစု၏ ကံကောင်းခြင်းအားလုံးကို ဆုပ်ယူဝါးမျိုပစ်လိုက်တာလည်း သူမပဲ။

“နှင်းသက်တန့်”

“ပြောရခက်နေတာရှိရင် ဒီ မင်္ဂလာလက်ဖက်ရည် ယူသောက်လိုက်ပါလား အန်ကယ်လ်အောင်၊ လည်ချောင်းရှင်းသွားအောင်ပေါ့”

“မင်္ဂလာလက်ဖက်ရည် ဟုတ်လား”

မေး၍ ဦးစိမ်းအောင် ရှေ့တိုးလာသည်။ ဦးဇေယျာတို့လူစုကို တောင်းပန်သည့်မျက်ဝန်းများနှင့် ဝေ့ခနဲကြည့်ပြီး နှင်း မျက်နှာပေါ် ကျရောက်လာသော အကြည့်များက မီးမြားများနှင့်တူ၏။

“ပြစမ်းပါဦး နင့်ရဲ့ သတို့သား”

“ဟား ဟား ဟား”

နှင်းက ပမာမခန့်ရယ်ပစ်လိုက်၏။ ကိုယ့်ကိုစောင့်ရှောက်ထားခဲ့စဉ်က အုပ်ထိန်းသူတွေအဖြစ် နာခံအပ်သည့်နေရာမှာ ထားခဲ့သည်။ ဒါပေမယ့် ဟိန်းဟောက်လိုက်တိုင်း တုန်သွားတတ်သည့် ကြောက်ရွံ့မှုမျိုး နှင်းသက်တန့် ဖြစ်ခဲ့ဖူးတာ ရှိလို့လား။ ထိုင်ပြီးသည့်နေရာမှ ပြန်ထရပ်သည်။ စားသောက်ပွဲတို့နှင့်အတူ ရှိနေကြသည့် လူကြီးတွေက တိတ်ဆိတ်စွာ ကြည့်နေခဲ့ကြ၏။

“အခုလာတာ နှင်းရဲ့ သတို့သားကို လာကြည့်တာလား”

မလှမ်းမကမ်းမှာ ရင်ဆိုင်ရပ်လိုက်သည့် နှင်းကို ဦးစိမ်းအောင်က စူးစိုက်ကြည့်၏။ ခေါင်းမှာ စိန်တွေ ပြိုးပြက်လက်နေ၏။ အဖြူရောင်ဝတ်စုံက ခေတ်မီပြီး သူမကိုယ်ပေါ်မှာ ချပ်ချပ်ရပ်ရပ်ရှိသည်။

ခေါင်းဆောင်း ဒါမှမဟုတ် လက်အိတ်တွေစွပ်ပြီး ဒီထက်နည်းနည်းလေးပြင်လိုက်လျှင် တကယ့်သတို့သမီးဖြစ်သွားပြီ။ ဒါ ဘာ[illegible]ဘောလဲ။



www.burmeseclassic.com

www.burmeseclassic.com



ဦးစိမ်းအောင် မေးရိုးကြီးနှစ်ဖက် ကားခနဲဖြစ်သွား၏။ သမီးကို မခံချင်အောင် တမင်ပြောနေတယ်ပဲ မှတ်ခဲ့တာ၊ ခုကျတော့ သူမက မင်္ဂလာအခမ်းအနား တကယ်ပြင်ဆင်ထားခဲ့သည်။

"အားလုံးသိတယ်၊ ဖေဖေ မသိဘူးလားဟင်၊ အပေါ်ထပ်မှာ သမီးတို့လိုပဲ မင်္ဂလာအခမ်းအနား ပြင်ထားတယ်၊ အဲဒါ သတို့သား ဘယ်မှာလဲ၊ သူ့ရဲ့သတို့သားက ဘယ်သူလဲ၊ သမီး ရင်တွေပူလိုက်တာ၊ မီးတွေလောင်နေသလိုပဲ ဖေဖေ၊ ဆန်းလဲ ခုထိ ရောက်မလာသေးဘူး"

"သူတို့က မနေ့တစ်နေ့ကထိ ကြင်နာနေကြတာ၊ သူ့ရဲ့သတို့သားက ဆန်းလား၊ ဆန်းက မင်္ဂလာပွဲကိုလာရင် အောက်ထပ်က သတို့သားအဖြစ် တက်မှာလား၊ အပေါ်ထပ်က သတို့သားအဖြစ် သွားမှာလား၊ ဟင့်အင်း ... အဲဒီလို မဖြစ်ရဘူး"

မိတ်ကပ်ပြင်ပေးနေသည့်ဆရာမ စိတ်ညစ်ရလောက်အောင် မျက်ရည်တွေသိမ်းမနိုင်အောင်ကျနေသည့် သမီးရဲ့သောကကို သူ မမြင်ရက်လွန်းလို့ တက်လာခဲ့တာဖြစ်သည်။

မြင်ရသလောက်ဆို မင်္ဂလာအခမ်းအနားမျိုးနဲ့တူပေမယ့် မဟုတ်ဘူးဆိုတာ သိပါသည်။ နှင်းကိုယ်မှာ သတို့သမီးဝတ်စုံ ရှိနေသော်လည်း ပွဲတက်ဖို့ပြင်ထားတာ မဟုတ်မှန်းလည်း သိသာ၏။ သို့သော် ...

'ဘာမှမဟုတ်ပါဘူးလို့' တစ်ခွန်းတည်းဝန်ခံလိုက်ရုံနှင့် ပြီးမယ့်ဟာကို ဘာဖြစ်လို့ ဟုတ်သလိုလို၊ မဟုတ်သလိုလို သူများတွေ ဒုက္ခရောက်အောင် ထိုးနှက်နေခဲ့တာလဲ။

"နှင်းသက်တန့် ငါ တစ်ခုပြောပါရစေ"

အန်ကယ်တွေ၊ ဦးတွေ သည့်မပြောနိုင်လောက်အောင် ဦးစိမ်းအောင်ဒေါသက တဘတမံ ကျူးနေခဲ့၏။ ရှေ့ကို တစ်လှမ်းချင်းတိုး၍ နှင်းကို စူးစူးရဲရဲကြည့်ကာ ...





"နှင့်ရဲ့ သတို့သား ဘယ်သူဖြစ်ဖြစ်၊ ဒီအပေါ်ထပ်မှာ နှင် ဘာလုပ်နေနေ အောက်ထပ်ကို လုံးဝ ဆင်းမလာနဲ့"

"ဒါ ကျွန်မအိမ်ပဲ"

"မှန်တယ်၊ ဒါပေမယ့် ဟောဒီလူကြီးတွေရှေ့မှာပဲ အမွေကိစ္စပိုင်းဆိုင်ရာ ရှင်းကြကတည်းက အားလုံးရှေ့မှာ နှင့်ကို ငါ ပြောခဲ့တာ၊ ဒီမင်္ဂလာပွဲပြီးတဲ့အထိ အောက်ထပ်ကို သုံးမယ်၊ နေမယ်"

"အဲဒီတုန်းက ရှေ့အပတ်လိုလို၊ ဒီမနက်ဖြန်လိုလို အန်ကယ်အောင်ပြောခဲ့တာလေ၊ ရက်တွေကြာလာတော့ ဒီပွဲမဖြစ်တော့ဘူးတောင် ထင်ခဲ့တာ"

"ဒါကို ..."

"နေပါဦး၊ နှင်း ပြောလို့မှမပြီးသေးတာ၊ ကျန်တာတွေကို အစကဖြန်ကောက်မနေဘဲ ဒီနေ့ ကိုယ့်အလုပ်ကိုယ်လုပ်ကြတာပေါ့၊ မကောင်းဘူးလား"

"မကောင်းဘူး"

ဦးစိမ်းအောင် မျက်နှာက ဒေါသကို မချိမဆန့် မျိုသိပ်ထားဆီးနေရမှန်း သိသာနေ၏။

"စိမ်းက ကျန်းမာရေးမကောင်းသေးဘူး၊ ပြင်ဆင်ပြီးလက်စနဲ့ အဆုံးမသတ်နိုင်ခဲ့တဲ့ မင်္ဂလာပွဲကို မြန်မြန်ဆက်လိုက်ချင်လို့ ခုလိုလုပ်ရတာ၊ ကျန်တာတွေလဲ နှင်သိပါတယ်၊ အဲဒီတော့ အများကြီးပြောမနေချင်ဘူး၊ စိမ်းနဲ့ နှင် မျက်နှာချင်းဆိုင်ဖို့ မကြိုးစားပါနဲ့၊ ကိုယ့်ကို မဖိတ်တဲ့ပွဲမျိုး၊ တက်ဘူးဆိုတဲ့မာနနဲ့ ကင်းကင်းနေလိုက်ပါ၊ ငါ့သမီးရဲ့ မင်္ဂလာပွဲမှာ နှင့်ကိုသိလားတဲ့သူမရှိဘူး"

"ဟား ဟား"

နှင်းက ခြောက်ကပ်ကပ်ထရယ်ရင်း တဖြည်းဖြည်း အူလှိုက်သည်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်ဖြစ်လာသည်။ တအားရယ်ရင်းလည်း မျက်ရည်တွေဝေ့ကာ ...

"တော်တော်မှုတပါလား၊ နှင်းကိုကျတော့ အလိုမရှိလို့ မလာရဘူးတဲ့၊ ဒီကမုန်းတဲ့သူတွေကို အိမ်မှာလက်ခံထားရတာကျတော့ ကိုယ့်အိမ်ကိုတောင်မှ အောက်ဆင်းခွင့်မရှိဘူးတဲ့လား"

ကိုယ့်ကိုယ်ကိုပြောသလိုမျိုး ခေါင်းညိတ်နေရင်း နှင်းက ဦးစိမ်းအောင်ကို ဆတ်ခနဲပြန်ကြည့်၏။

"စိတ်ချလက်ချ ပြန်ဆင်းသွား အန်ကယ်လ်အောင်၊ နှင်းက ဘယ်သူ့အမိန့်ကိုမှ နာခံဖို့စိတ်ကူးမရှိဘူး၊ အချိန်ပိုတွေကုန်မှာစိုးလို့"

"နှင် ... နှင် တော်တော်အပြောင်းအလဲမြန်ပါလား နှင်းသက်တန့်ပြောလဲပြောရဲတယ်"

ဦးစိမ်းအောင်သည် ဒေါသအမှောင်ဖုံးကာ ပြောသင့်၊ မပြောသင့် ဘာမှချင့်ချိန်မနေနိုင်တော့ဘဲ ဦးဇေယျာတို့အားလုံးဘက်ကို လှည့်၍ ...

"ဟောဒီမိန်းကလေးဟာ လူတွေက အရူးလို့ပြောတာလဲ မလွန်ပါဘူး၊ သူ့ရဲ့စိတ်၊ သူ့ရဲ့စကားတွေဟာ ဘယ်တော့မှ မတည်ငြိမ်၊ မမှန်ကန်ဘူး၊ သူ့လက်နဲ့ ကာယကံမြောက် မကျူးလွန်ပေမယ့် သူ့ကြောင့် သေကျေပျက်စီးခဲ့တဲ့လူတွေ ခုထိ မစဲသေးဘူး၊ တကယ်တော့ အရူးပဲ၊ တကယ်ရူးနေတာ၊ အခု သူလုပ်နေ ပြောနေတာတွေကို လူကြီးမင်းတို့ အမြင်ပါပဲ၊ ဒါ အကောင်းစိတ်နဲ့ဆိုရင် ဘယ်မိန်းကလေးမှ မလုပ်ဝံ့တဲ့ လုပ်ရပ်တွေပါ"

ဦးဇေယျာက ဘာမှမမေးတော့ဘဲ ဦးစိမ်းအောင်ကို တည်ငြိမ်စွာကြည့်နေ၏။ တခြားရှေ့နေကြီးတွေကလည်း ဘာခွန်းတစ်ပါဒမှ ဝင်ရောက်စွက်ဖက်ခြင်းမပြုပေ။ ထိုပြဿနာများသည် သူတို့သိထားပြီးဖြစ်စေ၊ မသိတာတွေရှိသေးသည်ဖြစ်စေ ဝင်ရောက်စွက်ဖက်သင့်သည့်ပြဿနာ မဟုတ်။ ထို့ပြင် ရူးခြင်း၊ မရူးခြင်း၊ လူကို သေစေခြင်း၊ မသေစေခြင်း စသည့်





အကြောင်းများသည်လည်း ဥပဒေဘောင်အတွင်းမှ စီရင်ဆုံးဖြတ်ရမည့် အကြောင်းများ မဟုတ်သည်ဖြစ်ရာ သူတို့အနေဖြင့် ပြောစရာမရှိပေ။

"သူဌေးကြီးရှင့် ..."

"ဟင်"

ခင်အုန်း ရောက်လာတော့ အခြေအနေက တစ်ဖက်သို့တိမ်းစောင်းသွား၏။

"မမကြီးက မေးနေလို့ပါ၊ ဟို ... အရေးကြီး ..."

"လာပြီ"

ဦးစိမ်းအောင်က ဖျတ်ခနဲခြေလှမ်းပြင်လိုက်ပြီးမှ ပြန်ရပ်၍ ဦးဇေယျာတို့ကို ငဲ့ကြည့်ကာ တည့်တည့်ပြန်လှည့်ရပ်၏။

"ဒီနေရာမှာ လူကြီးမင်းတို့ ရှိနေတဲ့အတွက် ကျွန်တော် စိတ်ချပါပြီ၊ သမီးရဲ့ မင်္ဂလာပွဲကို တက်ရောက်ဖို့လဲ ဖိတ်ကြားပြီးသားဆိုတော့ ဒီမှာ အမွေကိစ္စပြီးတာနဲ့ အောက်ထပ်ကိုကြွလာမှာပဲလို့ထင်ပါတယ်၊ မင်္ဂလာ သီချင်းသံကြားပြီးတာနဲ့ မပျက်မကွက်ကြွပါခင်ဗျာ"

လေးလေးစားစား ထပ်၍ဖိတ်ကြားသည်။ ပြီးမှ နှင်းကို အစိမ်းပွာယ်ပါပါကြည့်၍ လှည့်ထွက်သွားခဲ့၏။

ဦးစိမ်းအောင် စကားပရိယာယ်တစ်မျိုးဖြင့် နှင်းကို ထိန်းသိမ်းထားပေးဖို့ ပြောသွားတာမှန်း အားလုံး သိကြသည်၊ တစ်ချိန်တည်းမှာ နားလည်လိုက်ကြသည်က ဒီမိသားစုနှင့် နှင်းသက်တန့်၏ကြားက မငြိမ်းသောမီးဟာ ဘယ်ထိလောင်မြိုက်ဦးမည်ဆိုတာကို မခန့်မှန်းနိုင်အောင် အရှိန်ဟုန်ပြင်းနေသည့်အဖြစ်ကိုပင်။

ဦးစိမ်းအောင် ကွယ်သွားသည်နှင့် နှင်း၏မျက်ဝန်းမှာ မျက်ရည်တွေ မိုးရေကျသောရေတံလျှောက်မှရေတွေလို အဆက်မပြတ် ကျဆင်းလာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုမျက်ရည်တွေကိုကြည့်၍ ဘယ်သူမှ စိတ်မကောင်းကြပေ။ အပေါ်ယံကြည့်လျှင် ဦးစိမ်းအောင်တို့မိသားစု အလူးအလဲကျရှုံးနေပြီဟု ထင်စရာရှိပေမယ့် တကယ်တမ်း ဆက်လက်နစ်နာနေဆဲဖြစ်သူမှာ နှင်းသာလျှင်ဖြစ်ကြောင်း သိလာရလေ စိတ်မကောင်းဖြစ်ရလေ ...။

ဒီလိုကံကြမ္မာမျိုးတွေလည်း ရှိတတ်ပါလား ...။





အခန်း (၃၁)

"ကိုဆန်း တော်လောက်ပြီလေ၊ မသောက်ဖူးဘဲနဲ့ဗျာ"

"လုပ်ဦး ဆရာအေး၊ ဒီကောင်လေး နောက်တစ်ခွက်ချရင် မင်္ဂလာပွဲ ဘယ်လိုလုပ်တက်နိုင်မှာလဲ"

"ဟုတ်တယ်၊ ကျွန်တော်တို့အဖြစ်ဖြစ်လာရင် ဆရာဝန်တွေဖြစ်ပြီး ကဲ့ရဲ့ခံရမှာ"

ဒေါက်တာတွေ၊ သမားတော်တွေဖြစ်ပြီး မူးနေကြသည်ဆိုသည့် အဖြစ်မျိုးတော့ အရောက်မခံလိုကြခြင်းဖြစ်သည်။ သူတို့သုံးယောက်ထဲမှာ မျက်လုံးအထူးကုသမားတော် ဒေါက်တာရန်ပိုင်က ဦးဆောင်ကာ ဆန်း၏မင်္ဂလာပွဲကိုတက်ရောက်ဖို့လာခဲ့ကြခြင်းဖြစ်၏။ ဒီရောက်တော့ ဆန်းက သူ့အိမ်ကလေးထဲကိုခေါ်ပြီး ပြင်ဆင်ထားသည့်စားပွဲဝိုင်းကလေးမှာပဲ လေးယောက်ဝိုင်းဖွဲ့မိကြ၏။

"ဟ ... ပွဲက မစသေးဘူး ဘချလာနိုက်က စောလှချေလား"



www.burmeseclassic.com

www.burmeseclassic.com



စားပွဲမှာထိုင်တယ်ဆို စမိကြသေးသည်။ တကယ်တမ်းကျတော့ ဒါပျော်ပွဲရှင်ပွဲအတွက် ဧည့်ခံတာမဟုတ်ခဲ့ဘဲ ယယ်သူငယ်ချင်းတွေလိုလည်း မရင်းနှီးကြတော့ ဒေါက်တာမွန်းတည့်နေ လက်ထပ်မည်ဆိုတာကိုပဲ သိကြသည်။ များများစားစား သိပ်မသိ။

လက်ထပ်ပွဲလုပ်ခဲ့သေးသည်။ နာရေးနှင့်တိုက်ဆိုင်သွားကာ ပွဲပျက်ခဲ့ပြီး ခုမှ ပြန်စခဲ့ရသည်။ သူ့ဘဝသူ ဘယ်တော့မှ ကြွားဝါမပြောခဲ့သော ဆန်း၏မင်္ဂလာပွဲက တခမ်းတနားကြီးမဟုတ်ဘူးဆိုတာကိုလည်းသိကြ၏။

အားလုံးသိကြတာ ဒီထက်မပိုခဲ့ပါ။ ဒီဝိုင်းမှာ ဖန်ခွက်တစ်လုံးကုန်အောင် မျိုချလိုက်ပြီးမှ ရီဝေယစ်ထွေကာ ဆန်းနှုတ်ဖျားမှ ရင်တွင်းစကားတွေ ပွင့်အန်လာခဲ့၏။ တစ်ခွက်မော့ပြီး နောက်တစ်ခွက်ထည့်တော့ အားလုံး ဝိုင်းဆွဲထားရသည်။

သူတို့မှာ မင်္ဂလာပွဲကို မတက်ရသေးသည်မို့ ရှေ့မှာ တစ်ခွက်စီထည့်ထားမိကြပေမယ့် တို့တို့တိတိနဲ့ပဲ ထိန်းနေကြရ၏။ ဆန်းက မူးနေပါပြီ။

"မနက်က ကျွန်တော် လက်မှတ်ထိုးဖို့ ရုံးကို မသွားခဲ့ဘူး။ အဲဒါ ... အဲဒါ ဘာဖြစ်သွားနိုင်သလဲ ဆရာ၊ အခု လက်ထပ်ပွဲမှာ လက်ချင်းချိတ်ထွက်ကြရင် ညားကြတာပဲမဟုတ်ဘူးလား"

"ဒါကတော့ကွာ ..."

ဒေါက် ဦးရန်ပိုင် တစ်စုံတစ်ရာ ဖေးမပြောချင်ပေမယ့် သူလည်း ထဲထဲဝင်ဝင်သိထားသည့်ကိစ္စတွေမဟုတ်။ ဆန်း တော်တော်အသည်းကွဲနေတာကိုလည်း မြင်နေရသဖြင့် ဘယ်ဘက်က ဘယ်လိုပြောရမှန်းမသိ၊ ပြီးတော့ ပါသေးသည်။

နှင်း ... တဲ့၊ နှင်းဆိုတာ မိန်းကလေးတစ်ယောက်ဖြစ်မှာ သေချာတာတစ်ခုကလွဲ၍ သူတို့ နောက်ထပ်သေချာသိတာ ဘာမှမရှိ။

"ကျွန်တော်လေ ... ကျွန်တော့်ညီမလေး မဟုတ်ဘူး။ ကောင်မလေး





အဲ ..."

ဆန်း အာလေးလျှာလေးကြီးဖြစ်လာသည်။ မျက်တောင်ဖျားတို့ စင်းကျလာ၏။ ဦးရန်ပိုင် ဖင်တကြွကြွနှင့် ဘေးကမိတ်ဆွေတွေကို ဘယ်လိုလုပ်မလဲဟု မေးဆတ်မိ၏။ အားလုံးက ခေါင်းတခါခါ။

"ကျွန်တော် နှင်းကို သိပ်ချစ်တယ်၊ ချစ်တယ်ဗျာ၊ ဟိုအစက သူ့အစ်ကိုကြီးလိုလို၊ သူ့ကို ဖြူ... ဖြူစင်စွာ စောင့်ရှောက်သွားတော့မလိုလို၊ ခု... ခုကျတော့ စာချုပ်... ဟုတ်တယ် မနက်က စာချုပ်မှာ ကျ... ကျွန်တော် လက်မှတ်ထိုးလိုက်ရင် ..."

ဆန်းက သူ့ရှေ့က လက်ရာပျက်ရုံပဲရှိသေးသည့်ဖန်ခွက်တို့ကို တစ်လုံးစီငေးကြည့်၏။ မှေးစင်းနေသည့် မျက်တောင်ဖျားတို့က အထက်သို့ လွန်ဆန်၍ ပင့်လှန်မတက်နိုင်ဘဲ ဒီတိုင်းငေးရင်းဖြင့် ...

"ခုလောက်ဆို ကျွန်တော်က မမစိမ်းရဲ့ခင်ပွန်း၊ ယောကျ်ား ဖြစ်ပြီးနေပြီ"

"အေးလေ၊ မနက်က လက်မှတ်ထိုးထိုး၊ မထိုးထိုး ခုလဲ လက်ထပ်ရမှာပဲမဟုတ်ဘူးလား၊ ဒီအဖြစ်ကို ရင်ဆိုင်ရတော့မှာပဲလား"

အထွေထွေရောဂါအထူးကုဆရာဝန် မိုးအောင်က ဝင်ပြောတော့ ဆန်းက မျက်ကြောစင်းနှင့်ပဲ လှမ်းကြည့်၏။ ပြီးတော့ ခေါင်းခါပြကာ..

"ဘယ်ဟုတ်မလဲ၊ မဟုတ်ဘူး ကိုမိုးရဲ့၊ ကျွန်တော် ... ကျွန်တော် အချိန်တွေအများကြီး လွမ်းလို့ရသေးတာပေါ့၊ ခုချိန်ထိ နှင်းကိုလွမ်းလို့ မပြီးသေးဘူး၊ ကျွန်တော်လေ သူ့ကို ထာဝရ တကယ့် အဟုတ် သေသေချာချာစွန့်လွှတ်လိုက်ရတော့မယ်ဆိုတော့ ..."

ဆန်းက သူ့ရင်ဘတ်ကိုပုတ်၍ အင်္ကျီရင်ဘတ်စကို ပြန်ဆုပ်ဆွဲ၏။

"ဆန်း မလုပ်နဲ့ဗျာ၊ ဝတ်စုံတွေ ကြေကုန်တော့မှာပဲ"

သုံးယောက်ထဲမှာ အငယ်ဆုံးဖြစ်သည့်မောင်မောင်က ဆန်းကိုပ်ပစ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည့် အကျီစကို လက်ထဲကနေ မရမက ပြန်ဖြေပေးသည်။ ဆန်းက ထိုလက်ကို ဖမ်းဆုပ်ထားလိုက်ပြီး ...

"နှင်းကိုပဲချစ်တာ သိပြီ"

"ဒုက္ခပါပဲ"

"ကျွန်တော် မမစိမ်းကို လက်ထပ်ဖို့အင်အား ဘယ်လိုမွေးမွေး မရဘူး၊ အဲဒါကြောင့် ဒါတွေမျိုချဖို့အတွက် စီစဉ်ရတာ၊ ကျွန်တော့်ဦးလေး ဘယ်လိုတားတား ကျွန်တော် ဒီတိုင်းပဲပြောခဲ့တယ်၊ မူးမှဖြစ်မှာလို့လေ"

"ငါတို့ ဒါတွေကို ခုမှ သေချာကြားရတာဆိုတော့ အကြံဉာဏ်ပေးကြဖို့က နောက်ကျကုန်ပြီကွ၊ အဲဒီတော့ စိတ်မကောင်းဘူးလို့ပဲ ပြောရတော့မှာပဲ၊ ယောကျ်ားပဲကွာ လုပ်ရဲရင်ခံရဲရတယ်မဟုတ်လား၊ ဒီလိုဖြစ်သင့်တယ်ထင်လို့ ကိုယ်တိုင်ဆုံးဖြတ်ခဲ့ပြီးမှ သတ္တိကြောင်နေရင် မင်း ဘာဖြစ်သွားမလဲ"

ဆန်းက တစ်ဝက်ကျနေပြီဖြစ်သည့် ဖန်ခွက်ကို ကောက်ကိုင်ပြန်သည်။ ဒေါက်တာမောင်မောင်က တင်းကျပ်စွာဆုပ်ဆွဲထားလိုက်၏။

"အားလုံး မှားကုန်မယ် ကိုဆန်းရာ၊ တော်ပါတော့၊ ဟိုမှာ ဧည့်သည်တွေလဲ တော်တော်စုံနေပြီထင်တယ်၊ ထပ်မလုပ်နဲ့တော့"

ဆန်းက ဖွတ်မလှုတော့ဘဲ ငြိမ်သွားသည်။ သေသပ်စွာဖြီးထားပြီးဖြစ်သည့် ဆံပင်တွေကို လက်နှစ်ဖက်နှင့်ထိုးဖွမလိုပြင်ပြီးမှ ပြန်သပ်ချသည်။

မျက်နှာမော့ပြီး ဆတ်ခနဲခါထုတ်ပစ်၏။ မျက်လုံးတွေ မှိတ်လိုက်ပြန်ပိတ်လိုက်လုပ်ပြီးမှ ရယ်ကာ ...

"မူးသွားပြီ၊ ကောင်းတယ်၊ အဲဒီလိုမကြည်လင်နေမှ ဒီပွဲဆုံးအောင် ကျွန်တော် နေနိုင်မှာ"

"ဘယ်လိုလဲ ဆန်း၊ ငါ ဘယ်လိုသွားကြေညာပေးရမှာလဲ၊ မင်း ဘာ





လုပ်မှာလဲ"

ဦးထွေး အိမ်လေး၏တံခါးဝမှာ ပေါ် လာသည်။ အဖြူရောင် အနောက်တိုင်းဝတ်စုံနှင့် လူက စမတ်ကျကျ၊ ခေါင်းက မခိုင်ချင်ဖြစ်နေသော တူဖြစ်သူ၏ ဂရုမစိုက်မှုကို ဘယ်လိုမှ သည်းမခံနိုင်တော့ပေ။

ဒါပေမယ့် တစ်ဖက်မှာလည်း မင်္ဂလာပွဲက ကျင်းပနေပြီဖြစ်၏။ ဟိုဘက်ကိုပြေးကြည့်တော့လည်း စိမ်းက မင်္ဂလာဝတ်စုံတွေ တစ်စုံပြီးတစ်စုံ လဲချပြီး မကျေနပ်တွေဖြစ်၊ ပြီးတော့ ဆန်းကိုမေးပြီး ငိုး။

နှင်းကိုမေးပြီး ဒေါ်သတွေထွက်၊ ဆရာဦးစိမ်းအောင်၏ အံကြိတ်တက်ခေါက်သံကလည်း ဘယ်သူ့ကိုမှန်းမသိနိုင်။

"ဆန်းက အိမ်ထဲမှာပဲမဟုတ်လား ကိုထွေး၊ အပေါင်းအသင်းတွေဆီမှာလား၊ ဧည့်သည်စုံနေပြီ ဘာလို့မလာသေးတာလဲ"

ဦးစိမ်းအောင် နှာရှိုက်ကြည့်ထွက်မေးသည်။ အခန်းထဲမှာ စိမ်း မေးနေတာကိုလည်း ကြားခဲ့ရ၏။

"မနက်ကလက်မှတ်ထိုးဖို့ပျက်ကွက်တာ ရိုးမှရိုးရဲ့လား ဖေဖေ၊ တကယ်ပဲ အော်ပရေးရှင်းရှိနေတယ်ဆိုတာ ဟုတ်ရဲ့လား၊ ခုလဲ သူ ရောက်မလာသေးဘူး၊ သူ ဘာတွေရည်ရွယ်ပြီး ဒီလိုလုပ်နေတာလဲ၊ သမီး ထင်နေတာ တကယ်ဖြစ်လာပြီထင်တယ်"

စိမ်းသည် ကျီးလန့်စာစားလို့ ပြောရမည်လား။ ပြေးပေါက်ပိတ်နေသည့် သားကောင်တစ်ကောင်၏ တုန်လှုပ်ခြင်းမျိုးလား။

ကြားရတာ ဘယ်လိုမှမနေသာတော့သည်မို့ ဒီဘက်ကိုပြန်ကြည့်လိုက်တော့ ကိုယ်တူက ပုလင်းထောင်နေ၏။ ဒီဖြစ်ရပ်တွေထဲမှာ ဘယ်သူမှ ရှုံးကြတာမဟုတ်ဘဲ သူပဲ ရှုံးတော့မည်ထင်သည်။

ရွှေဆိုင်က စိမ်း မျက်နှာသာအပေးဆုံးသော အရောင်းစာရေးမလေးနှစ်ယောက်လည်း ရှိနေကြသည်။ သူမတို့လည်း စိမ်းကို နားမလည်နိုင်



www.burmeseclassic.com

www.burmeseclassic.com



လောက်အောင်ဖြစ်နေကြသည့်မျက်နှာများနှင့် လိုအပ်သမျှ ဝိုင်းလုပ်ပေးရင်း ဒီထက်ပို၍မတတ်နိုင်။

အဖြူရောင်တွေချည်းသုံးစုံဖြစ်နေပြီး သုံးစုံလုံးကိုပဲ စိမ်းက သဘောမကျပုံမပေါ်။ အစက တပြုံးပြုံး တချော့ချော့နှင့် အလှပြင်ဆရာမလည်း မပြုံးနိုင်တော့ဘဲ မြန်မြန်ပြီး မြန်မြန်ပြန်နိုင်ဖို့ကိုပဲ အာရုံစိုက်လာခဲ့၏။

ဒါကို စိမ်းကလည်း ဂရုမစိုက်ပါ။ နောက်ဆုံး လူငယ်တွေအကြိုက် ကိုရီးယားဝတ်စုံနှင့် ဆံထုံးပြားပြားလေးပဲ သူမကိုယ်မှာ တင်ကျန်ခဲ့သည်။

"ခင်အုန်း"

"ရှင် မမကြီး"

မှန်ထဲကိုစိုက်ကြည့်နေပြီး သူမကိုသူမ လှဖို့ မလှဖို့ထက် တစ်စုံတစ်ရာကိုပဲ စူးစိုက်တွေးနေခဲ့မှန်း သိသာလှစွာ။

"မိနှင်း ဘာလုပ်နေသလဲ"

"ဧည့်သည်တွေနဲ့စကားပြောနေတယ် မမကြီး"

"ဘယ်ကဧည့်သည်တွေလဲ"

"ရှေ့နေကြီးတွေပါပဲ၊ တခြားဧည့်သည်မရှိဘူး"

"ငါ့ဧည့်သည်တွေနဲ့ ဘယ်သူပိုများလဲ"

ခင်အုန်းက အနားကလူတွေကို ဖျတ်ခနဲကြည့်၏။ ရှေ့နေကြီးတွေနဲ့ သက်သေလူကြီးတွေ အားလုံးပေါင်းမှ ခြောက်ယောက်ပဲရှိသည်။

ဆန်းနဲ့စိမ်းတို့ရဲ့ မင်္ဂလာပွဲ ခင်းကျင်းထားတာက အောက်ထပ်တစ်ထပ်လုံးအပြင် ပေါ်တီကိုရှေ့ မြက်ခင်းပြင်မှာပဲ စားပွဲတွေရှိသေးသည်။

မတော်တဆ မိုးချုပ်သွားခဲ့လျှင် အလှဆင်ပြီးသားဖြစ်ဖို့ ရောင်စုံမီးလုံးတွေလည်းဆင်ထားပြီးသား။ ခြံဝမှာ ကားတွေလည်း အများကြီးပါ။

အောက်ထပ်တစ်ဝက်လောက်မှာလည်း ပရိသတ်တွေ ပြည့်နေပြီဖြစ်သည်။ သတို့သားရောက်လာပြီး သတို့သမီးကိုခေါ်မည်။ ရွှေလက်တွဲ





၍ ပွဲဝင်ကြဖို့ပဲကျန်တော့သည်။ ဒါကို ပရိသတ်ချင်း ယှဉ်စရာလား။

ဘာပဲဖြစ်ဖြစ် ဘယ်သူမှမသိသော်လည်း ခင်အုန်းက အတွင်းလူမို့ သိသည်။ နှင်း ပြောခဲ့သော စကားတွေအပေါ်မှာ စိမ်း တုန်လှုပ်နေတာပါ။ သတို့သားမရှိဘဲ မင်္ဂလာပွဲကျင်းပနေသည်ဆိုသော ယုတ္တိမတန်သော အဖြစ်ကို တကယ်တွေး၍ သတို့သား ဘယ်သူဖြစ်မှာလဲဆိုသည့် မေးခွန်းကြောင့် ချောက်ချားနေခဲ့၏။

နှင်း ဘာတွေလုပ်နေတာလဲဆိုတာ အားလုံး သိသည်။ မသိတာ စိမ်း တစ်ယောက်ပဲဖြစ်၏။ သဘာဝကျခြင်း၊ မကျခြင်းကို မတွေးနိုင်အောင် နှင်းကို ရန်သူအဖြစ်ထက်ပို၍ ဘာကိုမှမမြင်။

ထို့ပြင် ဆန်း ရောက်မလာလေ တုန်လှုပ်ခြင်းက ပိုကဲလေ၊ ပိုကဲခြင်းကြောင့် နှင်းကိုပဲတွေးရင်း ကိုယ့်ကိုယ်ကို မင်္ဂလာဆောင်နေသည့် သတို့သမီးဆိုတာကိုတောင် သတိရရဲ့လား။

ခင်အုန်းက စိမ်းရဲ့ရှေ့ထိလာကာ မေးသမျှဖြေနေရင်း ထူးဆန်းနေသော စိမ်းမျက်ဝန်းထဲက စူးရဲခြင်းများကို ငေးမောနေခဲ့၏။

"ငါ ဆန်းဆီကိုသွားမယ်"

"ရှင် ..."

"နောက်ဖေးကဆင်းသွားမယ်"

"မမကြီး"

"မမစိမ်း ဟို ... သတို့သားက ဒီကိုလာခေါ်မှာလေ"

"ဟုတ်သားပဲ ညီမရယ်"

"အို... ရှင်တို့မသိပါဘူး"

စိမ်းက မှန်ရှေ့ကနေ ဖျတ်ခနဲထရပ်လိုက်ပြီး ခင်အုန်းကို လှည့်ကြည့်သည်။

"ဆန်း အိမ်ထဲမှာရှိတယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ရှိ … ရှိ …"

"သွားမယ်"

"ဟုတ်"

ခင်အုန်းက တုန်မတတ်ကြောက်ရွံ့နေသဖြင့် စာရေးမလေးနှစ်ယောက်က ရှေ့တိုးလာရာ …

"တစ်ယောက်မှ မလိုက်နဲ့"

"မမစိမ်း ကိုဆန်းက လာတော့မှာတဲ့၊ အန်ကယ် ခုနကပဲပြောသွားတာလေ"

စိမ်းက လှည့်မကြည့်သော်လည်း ရှင်းတော့ပြလိုက်သေးသည်။ ခင်အုန်းက စိမ်းနောက်ကနေ ထက်ကြပ်မကွာလိုက်ပါရင်း …

"မမစိမ်း ဟို … ဂါဝန် နည်းနည်းမ,ထားပါလားဟင်"

ဖြူဖွေးတောက်ပြောင်အိနေသည့် ဂါဝန်လေးက သံမံတလင်းထက်မှာ တရွှန်းရွှန်းမြည်အောင် ပွတ်တိုက်ငေ့ါခါသွားသဖြင့် ခင်အုန်း နှမြောနေမိသည်။

စိမ်းက ဘယ်သူပြောတာကိုမှ ပြန်မပြောဘဲ ရှေ့တိုးလိုက်၊ ပြန်ဆုတ်လိုက်နှင့် ဘယ်သူမှမမြင်နိုင်သည့် တံခါးကနေ ရှာဖွေထွက်၏။

မင်္ဂလာပွဲက အိမ်ထဲမှာမို့ ရင်းနှီးကြသူတွေ ဝင်ထွက်နေကြသဖြင့် လူမမြင်အောင်ရှောင်ရင်း နောက်ဖေးစတိုခန်းကနေ ခုန်ချဆင်းရသည့်အဖြစ်။

"ဖြိုး"

"ဟယ် … မမကြီး"

ဝတ်စုံဖြူလေးက ခုန်ချလိုက်စဉ်မှာ အောက်နားအရစ်လိုက်အတိုင်း ပြဲထွက်သွား၏။

"မမကြီးရဲ့ယ်"

"ဖယ်စမ်း"





ခင်အုန်း စိတ်မကောင်းစွာဖြင့် စိမ်းဆီကိုပြေးသည်။ ခုန်ချရသည်က မမြင့်လှပါ။ သူမက အရင်ခုန်ချပြီး စိမ်းကိုဖမ်းထားဖို့ဖြစ်သည်။

ဒါပေမယ့် တံခါးဂျက်က ထောင့်စွန်းမှာငြိပြီး ဂါဝန်ပြဲသွားသဖြင့် လူကိုတုံ့ဆွဲလိုက်သလိုဖြစ်ကာ စိမ်းက သူမဆီမရောက်ဘဲ နံရံအောက်ခြေနှင့် ပွတ်ကပ်ကျ၏။ ဒါကို ပြေးထူလိုက်မိလျှင် စိမ်း လှဲရိုက်ပစ်လိုက်တာ တွန်းရုံမဟုတ်ဘဲ ခင်အုန်း ပါးတစ်ဖက် ကွဲထွက်သွားပြီလားထင်ရ၏။

ခင်အုန်း အားခနဲအော်ကာ ဖင်ထိုင်လဲကျသွားခဲ့သည်။ တစ်သက်နဲ့တစ်ကိုယ် သူများရဲ့အိမ်ဖော် ဆိုပေမယ့် ပါးရိုက်ခံရလောက်အောင်လည်း ဘယ်သူ့အပေါ်မှ သူမ အပြစ်မလုပ်ခဲ့ဖူးပါ။ ဤသို့ ကြမ်းတမ်းမောက်မာလွန်းသည့်အိမ်ရှင်မျိုးနဲ့လည်း မကြုံဖူးပေ။

ကိုယ်က လွန်မိသည်လား၊ သူက ဆိုးတာလား၊ နာကျင်လွန်းသည့် ပါးပြင်ကို အုပ်စမ်းရင်း စိမ်းကို ထိတ်လန့်အံ့သြစွာကြည့်မိ၏။

စိမ်းက သူမကိုယ်သူမ ဘာလုပ်ပစ်လိုက်သည်မှန်းပင် ခေါင်းထဲထည့်ခဲ့ပုံမပေါ်ဘဲ တိုနံ့နံ့ ကြည့်ရှုမကောင်းအောင်ဖြစ်သွားသော ဂါဝန်စကို စုသိမ်းကာ ပါးစပ်အဟောင်းသားဖြစ်နေဆဲ …။

ပြီးတော့ ဓာအပွင့်ကျဲလေးတွေနှင့် အနားတွန့်လေးရှိနေသော လက်အိတ်နှစ်ဖက်ကို ဘာတွေမှန်းမသိသလို ငုံ့မိုးငေးနေပြန်သည်။ ဂါဝန်ပြဲနှင့်သူမကိုယ်ကို ဆက်စပ်မရနိုင်သလို ချောက်ချောက်ချားချားကြည့်နေပြီးမှ …

"သွားပြန်ပြီ၊ ဝတ်စုံတစ်စုံ သွားပြန်ပြီ"

တစ်ယောက်တည်း တီးတိုးရေရွတ်ရင်း အသံကျယ်လာ၏။

"ခင်အုန်း"

"ဟင့် … ရှင် …"

ကျိတ်၍ရှိုက်ငိုရင်း စိမ်း ဘာဖြစ်နေမှန်းလည်း သဘောပေါက်လာ



www.burmeseclassic.com

www.burmeseclassic.com



ကာ ခင်အုန်း ရှိုက်သံသဲ့သဲ့နှင့် ထူး၏။ စိမ်းက ဂါဝန်စနှစ်ဖက်ကို စုံကိုင်မ၍ မျက်ဝန်းလေးတွေဝိုင်းလျက် ...

"ငါ ... ငါ့ရဲ့ဝတ်စုံ သွားပြီ၊ ဝတ်မရတော့ဘူး၊ ကျန်သေးလားဟင်၊ ငါလဲဖို့ကျန်သေးရဲ့လား၊ ပြန်လဲရင်ရော မီပါဦးမလား"

ခင်အုန်း နေရာမှ လူးလဲထ၍ မျက်ရည်သုတ်ကာ ...

"ခုတောင်မှ အိမ်ထဲမှာ လူတွေပြည့်နေပြီ မမကြီးရဲ့၊ ကိုဆန်းနဲ့မမကြီးတို့ကို မျှော်နေကြတာ၊ မမကြီး ဒီမှာခဏနေခဲ့နော်၊ ကျွန်မ ဝတ်စုံတစ်စုံ သွားပြေးယူလိုက်မယ်"

"ဘာ ..."

"အားလုံးပြင်ပြီးသားပဲ မမကြီးရယ်၊ ဝတ်စုံလဲဝတ်လိုက်ရုံပဲဟာ နော်၊ မမကြီးက စိတ်တိုင်းမကျနိုင်လို့ပါ။ ဝတ်စုံတွေ အကုန်လုံးလှတယ်၊ မမကြီး စိတ်ကြိုက်ပုံနဲ့ အပ်ထားတဲ့ ဟိုဝတ်စုံနဲ့ ယှဉ်ရင်တောင် ..."

"ဘာ... ဘာပြောတယ်"

ခင်အုန်း ပါးတစ်ဖက်နာတာထက် ပိုလန့်သွား၏။ ဒါကို အစမဖော်သင့်မှန်းတွေမိတော့ စကားက လွန်ပြီးသွားပြီ။ ထိုပြင် ဆတ်ခနဲ မျက်နှာလှည့်သွားကာ စိမ်း၏ မျက်လုံးတွေ ရွှေ့ပြောင်းကျရောက်သွားသည့်နေရာသို့ သူမ လိုက်ကြည့်မိလျှင် ...

"အယ်"

နှင်းက ဝရန်တာမှာ မတ်တတ်ရပ်နေ၏။

"ကြည့်စမ်း သူက ..."

စိမ်း မျက်လုံးတွေမှာ မီးလျှံမီးစွယ်များ အလျှံညီးညီးထ,တောက်လာသလိုပင်။ နှင်းကိုမြင်းခြင်းမဟုတ်ဘဲ အဖြူရောင်သတို့သမီးဝတ်စုံကိုပဲ မြင်၏။

ထိုအခါ သူမ အမှတ်တမဲ့အဖြစ် ကျန်ရစ်ခဲ့ပြီဖြစ်သော စကားသံတွေ





ကို အမှတ်တရပြန်လည်ကြားယောင်လာခဲ့၏။

"ဘယ်ဝတ်စုံနဲ့ပဲဖြစ်ဖြစ် မမစိမ်း ဘယ်တော့မှ လက်မထပ်နိုင်ဘူး၊ ဘယ်တော့မှ သတို့သမီး မဖြစ်ဘူး၊ အဲဒါ မှတ်ထား"

"ကိုကို မချစ်ဘဲနဲ့ မမစိမ်းကပဲ တစ်ဖက်သတ်ချစ်နေတာ"

"မမစိမ်း ဘယ်တော့မှ သတို့သမီး မဖြစ်ဘူး"

စိမ်း ခေါင်းတွင်တွင်ခါ၍ နားနှစ်ဖက်ကိုပိတ်သည်။ ပြီးတော့ ...

"ဘာလို့မဖြစ်ရမှာလဲ"

ဟု သွေးရူးသွေးတမ်း ထ,အော်၏။

"ချွတ် ... အဲဒါ ငါ့ဝတ်စုံ၊ သတို့သားမရှိဘဲနဲ့ အရူးထနေတာက နင်၊ အရူးမ ချွတ်လို့ဆို"

"မမကြီး သတိထားပါဦး"

"ဖယ်စမ်း"

"အား"

ခင်အုန်းကလည်း အမှတ်မရှိတဲ့သူပါ။ နောက်ထပ် ဆောင့်တွန်းခံလိုက်ရသဖြင့် ဒုတိယမ္ပိ လဲကျသွားသောအခါ ခါးရိုးနာသွား၏။ တော်တော်နှင့် ပြန်မထနိုင်တော့ပေ။

ဖြစ်ပျက်နေကြတာကို တစောင်းရပ်နေရာကနေ မျက်ဝန်းလေးတွေ ဖွေ၍ ငုံ့မိုးကြည့်နေခဲ့သော နှင်း၏နှုတ်ခမ်းမှာ အပြုံးလေးလက်သွား၏။

စိမ်း အော်နေသမျှ သူမ ကြားသည်။ ဇွေ့ဇွေ့ခုန်ပေါက်ကွဲနေဘာကိုလည်း မြင်၏။ အံ့သြစိတ်နှင့် တည့်တည့်လှည့်ရပ်ပြီး ကျကျနန လှောင်ပြုံးပြုံးလိုက်ဖို့စိတ်ကူးမိတာလည်းဖြစ်၏။

ဒါပေမယ့် ဒီတိုင်းပဲရပ်နေမိကာ ရှေ့ကိုပဲ မျက်နှာပြန်လွှဲမိသည်။

ခက်ပါလား။ မရောင်းချင်ပါဘူးဆိုမှ ချိန်ပါ ချိန်ပါ ဆိုတာမျိုးလား။ တစ်ဘဝလုံးမှာ အရှုံးတွေချည်းပဲ မွေ့ပိုက်ကျန်ရစ်တော့မည့်သူလို့ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကို ကင်ပွန်းတပ်လိုက်ပြီး စိတ်ကို တုံးတုံးချခဲ့သည်။

အပေါ်ထပ် အောက်ထပ် မပြေလည်နိုင်သည့် ကိုယ်ရေးကိစ္စတွေကြားမှာ နောက်ထပ်စွက်ဖက်ဖို့လည်းမရှိတော့ပါ။ တခြားလိုအပ်တာရှိလျှင် အချိန်မရွေးပြောပါဟု နှုတ်ဆက်ပြီး ဦးဓေယျာကလည်း ပြန်သွားပြီဖြစ်၏။

ဦးစိမ်းအောင် ထပ်မံဖိတ်ကြားသွားတာကိုရော နှင်းရဲ့မင်္ဂလာအခမ်းအနားနဲ့ပြင်ဆင်ထားမှုမှာ ပရိသတ် မရှိသဖြင့် အားနာစွာရှိနေပေးဖို့ရောရှေ့နေကြီး ငါးယောက်ကတော့ သည်းခံနိုင်ခြင်း ဖွဲ့နပဲနှင့် စောင့်ဆိုင်းနေဆဲရှိ၏။ ဒါပေမယ့် နှင်းအတွက် ပရိသတ်လုပ်ရင်း အောက်ထပ်ကဖိတ်ကြားချက်ကို တက်ရောက်ပြီးတာနှင့် ပြန်ဖို့ ဖင်တကြွကြွနဲ့ပါ။

ဘယ့်နှယ်ကြောင့် သတို့သမီးက နောက်ဖေးပေါက်ကထွက်လာရတာလဲ၊ ပြီးတော့ မင်္ဂလာဝတ်စုံက စုတ်ပြဲ၍ ဖရိုဖရဲ။

မျက်လုံးထဲမှာ စိမ်းရဲ့ပုံစံကို သတိတရစွဲသွားသဖြင့် နောက်ထပ်မျက်ဝန်းတို့ကို မေးစင်းငုံ့ကြည့်မိသည်။

"မကြည့်နဲ့၊ ဘာငုံ့ကြည့်တာလဲ၊ ဝတ်စုံသူခိုးမ၊ အရူး"

ဆဲသံကြီးက ကျယ်လောင်စွာဟိန်းထွက်လာ၏။ နှင်းက အံ့သြ၍တရားကျသောအောင်နိုင်သူ၏အပြုံးမျိုးဖြင့် မဲ့ပစ်လိုက်သေးသည်။ ဒါကိုစိမ်း သေချာမြင်လိုက်၏။

"ကြည့်စမ်း၊ ပြုံးပုံက ... ပြုံးပုံက ... အထက်စီးကနေ ငုံ့ကြည့်ပြီးမျက်လွှာစင်းစင်းနဲ့ မျက်စောင်းထိုးနေတာ"

စိမ်းက ခေါင်းကဆံထိုးတွေ၊ ကလစ်တွေကို စိတ်ရှိလက်ရှိ ဆွဲဖြုတ်လွှင့်ပစ်ရင်း လက်အိတ်တွေကိုပါ ချွတ်ပစ်လိုက်၏။

"မမကြီး"

ခင်အုန်း ပြေးကပ်မလို ကျုံးထပြီးမှ ပြန်ထိုင်ကျ၏။ ပြီးတော့ လက်





တကာကာနှင့် ...

"မလုပ်နဲ့လေ မမကြီး၊ ပြန်ပြင်နေရင် ဘယ်လိုလုပ်မီတော့မှာလဲ"

"သတ်မယ်၊ သင်းကို ငါ သတ်ပစ်မယ်"

နှင်းက အပြုံးမပျက် ငုံ့ကြည့်နေဆဲဖြစ်သည်။ ထိုအပြုံးကို စိမ်း မခံစားနိုင်။ ထိုမျက်စောင်းကြောင့် တစ်ကိုယ်လုံး အရည်ပျော်ကျမတတ်ပူလောင်လာ၏။

"သတ်မယ်၊ နင့်ကို အခုလာသတ်မှာ"

"ဟာ ... မ... မလုပ်နဲ့၊ ဟိုမှာ ဝင်သွားပြီ"

မိတ်ဆွေတွေက ဖေးမ၍ ကိုယ့်ကိုယ်ကို တော်တော်ကြီးထိန်းသိမ်းရင်းထွက်လာခဲ့ရသည့် ဆန်းမျက်လုံးတွေ ကျယ်သွားသည်။ မူးနေတဲ့လူက စိမ်း ပြေးသွားတာကိုမြင်လို့ လှမ်းအော်တော့မှ တခြားလူတွေက မြင်ကြ၏။

"ဘာလဲ၊ ဘာဝင်သွားတာလဲ"

ဆန်း ပြောတော့ သူတို့ စိမ်းကို မမြင်လိုက်ကြတော့ပေ။ အိမ်ရဲ့ဘေးပေါက်ကနေဝင်၍ သတို့သမီးကိုခေါ်မည်။ ပြီးတော့ ရွှေလက်တွဲ၍ မင်္ဂလာဧည့်ခံပွဲကို ပြီးမြောက်စေဖို့ဖြစ်ပေမယ့် တွဲထားသည့်လူတွေကို ဖယ်ချတွန်းထားပစ်ခဲ့ပြီး ဆန်းက နောက်ဖေးဘက်ကိုပြေးသွားသဖြင့် အားလုံးအံ့သြကုန်ကြ၏။

အခြေအနေတွေ ရုတ်ရုတ်သဲသဲဖြစ်ကုန်ကြသောကြောင့် သူတို့မှာဆရာဝန်ကြီးတွေဆိုပြီးတော့လည်း စည်းနဲ့ကမ်းနဲ့ စောင့်ထိန်းမနေနိုင်တော့ဘဲ ဆန်း ပြေးသွားသည့်နောက်ဖေးဘက်ကိုပဲ ပြေးလိုက်ရတော့သည်။

အားလုံး ငုံ့မိုးကြည့်နေသဖြင့် နှင်း အစအဆုံးမြင်သည်။ မကြာမီစိမ်း သူမထံသို့ ရောက်လာတော့မည်ဆိုတာကိုလည်း တွေးမိလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူမမှာ ရင်ဆိုင်မယ်၊ ရှောင်တိမ်းမယ်၊ တစ်ခုခုပြင်ဆင်ထားဖို့ အချိန်လည်းမရှိတော့တာကို သိသည်။

စိမ်း ဒီလိုပေါက်ကွဲပြီး ဒီလောက်ထိ ပုံပျက်ပန်းပျက်ဖြစ်သွားလိမ့်မည်ဟု မတွေးမိခဲ့တာလည်းပါလိမ့်မည်။ ဘာတွေဖြစ်ကုန်တာလဲ။ မမစိမ်း ဒီလောက်ထိ ဘာဖြစ်လို့ ပြင်းထန်စွာပေါက်ကွဲသွားတာလဲ။

သူမ တွေးနေဆဲမှာ စိမ်း၏အရိပ်က ဝရန်တံခါးမှာ ဘွားခနဲပေါ်လာသည်။

"နှင်းသက်တန့်"

နီရဲသုန်မှုန်နေသည့်မျက်နှာသည် မျက်ဝန်းများအထိ ရဲတက်နေ၏။ ထို့ပြင် တဆတ်ဆတ်တုန်ယင်နေသော သူမလက်တစ်ဖက်ထဲမှာ ဓားပါးလေးတစ်ချောင်း။

နှင်း ထိတ်ခနဲဖြစ်သွားသည်။ စုတ်ပြဲနေသောဝတ်စုံနှင့် ဆံပင်တွေဖရိုဖရဲပုံစံသည် မျက်လုံးတွေ နီရဲနေတာနှင့် ပေါင်းကြည့်တော့ ဘီလူးသရဲစီးနေသလိုပင်။

ထို့ကြောင့် လက်ထဲမှာပါလာသည့်ဓားဟာ ခြိမ်းခြောက်ရုံသက်သက်အတွက် ကိုင်ထားတာမဟုတ်မှန်း သိလိုက်၏။ ဒါပေမယ့် ပြေးပေါက်ပိတ်၍ စိမ်းက ရပ်နေသဖြင့် ဓားကိုကြောက်လျှင် ဝရန်တာမှ ခုန်ချလိုက်ဖို့သာရှိ၏။

"မိန်းကလေး ... မိန်းကလေးလက်ထဲကဓားကို ချလိုက်ပါ"

"မကပ်နဲ့နော်၊ ကျွန်မတစ်ယောက်တည်းပဲသတ်မှာ၊ အများကြီးစုပြုံမသတ်ချင်ဘူး၊ လုံးဝမကပ်နဲ့၊ ကပ်တာနဲ့ အသတ်ပဲ"

စိမ်းက သူမနှင့် မလှမ်းမကမ်းနောက်မှာ ရောက်လာကြသည့်ရှေ့နေကြီးတွေကို ဖျတ်ခနဲလှည့်ပြောပြီး ကိုယ်ကို တံခါးပေါင်မှာ ကပ်လိုက်၏။





ထိုအခါ နှင်းဘက်ကို တစောင်းပေးရပ်လိုက်သလိုဖြစ်သွားကာ ကိုင်ထားသည့်ဓားနှင့် ဟိုဘက်ကိုရော ဒီဘက်ကိုရော ဝေ့ဝဲချိန်ရွယ်ပြီး ခြိမ်းခြောက်နေလေသည်။

"တစ်ယောက်ကိုမှ မသတ်ပါနဲ့ကွယ်၊ သူများကိုသတ်ရင် ကိုယ်လဲသတ်တဲ့အပြစ်ဒဏ်ခံရတာပဲ၊ အခု တူမကြီးရဲ့ မင်္ဂလာပွဲ အချိန်မဟုတ်လား၊ အောက်ထပ်မှာ ပရိသတ်တွေ ရုတ်ရုတ်သဲသဲဖြစ်သွားပါ့မယ်၊ ဓားကို ချလိုက်ပါ"

"မချဘူး၊ ရှေ့မတိုးနဲ့နော်၊ သတ်မှာ၊ ဟိုအရူးမကိုသတ်ပစ်မှဖြစ်မှာ၊ မဟုတ်ရင် သူက ဆန်းကိုသုံးပြီး သတို့သမီးလုပ်မယ်၊ ငါ့ဝတ်စုံတွေကိုခိုးပြီး ငါ့ကို သတို့သမီးမဖြစ်အောင် နှောင့်ယှက်မယ်"

ပြောနေရင်း ဘေးတိုက်ရွေ့ပျားလျက် နှင်းနားကို တိုးကပ်သွားသည်။

"တူမကြီးရယ် ဦးတို့က ဥပဒေရဲ့ဘက်တော်သားတွေပါ၊ တူမ သဘောမကျတာရှိရင် ဦးတို့ကို တိုင်ပါ၊ ဦးတို့ အားလုံး ကူညီမယ်"

"အိုး ... ညာမနေစမ်းပါနဲ့ ကူညီမယ်၊ ဘာကူညီမှာလဲ၊ ကူညီပါရစေဆိုပြီး ဟိုဘက်ကပဲ တစ်ဖက်သတ်ပါကြတာ၊ မရှိတဲ့သူ၊ နေစရာမရှိ၊ စားစရာမရှိဖြစ်ရတာတွေ ရှင်တို့ ဘာသိလဲ"

ပြောနေရင်း ငိုချလိုက်ပြန်ကာ ...

"သူ့ကိုသတ်ပစ်မှ အကုန်လုံးပြန်ရမှာ၊ အကုန်လုံး အကုန်လုံး ... ကဲဟာ ..."

"အား"

ဓားကို လက်နှစ်ဖက်နှင့်စုံကိုင်၍ နှင်းကို တအားပြေးထိုးကိုက်သည်။ သူမ၏လှုပ်ရှားမှုကိုပဲ စူးစိုက်ကြည့်နေခဲ့တာမို့ နှင်း လန့်ဖျပ်အော်မိပေမယ့် သီသီလေးလွတ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"သမီး ... ပြေး"

စိမ်း အရှိန်လွန်ကာ ဝရန်တာတန်းပေါ်ကို ရင်ဘတ်နှင့်ပစ်ကျ၏။ နှင်း ထိတ်လန့်လွန်းသဖြင့် စိမ်းကိုပြန်ကြည့်ပြီး မှင်တက်မိနေသည်။ ရှေ့နေဦးစော လှမ်းအော်မှ ပြေးဖို့သတိရကာ စိမ်းက လှစ်ခနဲပြန်လှည့်လာပြီဖြစ်၏။

"သေစမ်း"

နောက်တစ်ချက် ပြေးထိုးတော့ နှင်း မလွတ်နိုင်မှန်းသိကာ ကြောက်ကြောက်လန့်လန့်နှင့် စိမ်း၏ဓားကိုင်လက်ကို သူမကိုင်ထားသည့် မှန်ဝိုင်းလေးနှင့် လွှဲပစ်လိုက်မိ၏။

"အ..."

မှန်ဝိုင်းလေးက လက်ကိုမထိဘဲ နဖူးကို တည့်တည့်ထိသည်။ ခဏအတွင်းမှာ သွေးတွေ ဖြာခနဲရဲဆင်းသွား၏။

"မိနှင်း ... အရူးမ ... အရူးမ လာစမ်း"

နဖူးကသွေးကို ပြန်စမ်းကြည့်ကာ စိမ်း အသိစိတ်တွေကင်းမဲ့ကုန်၏။ ရှေ့နေကြီးတွေလည်း ဝင်ရောက်တားဆီးချင်ပေမယ့် မတားရဲဘဲ ခြေကားလက်ကားနှင့် ကျန်ခဲ့ကြ၏။

"နှင်း ..."

"ကိုကို"

နှင်း လိုက်ခနဲဝမ်းသာသွား၏။ လှေကားထိပ်ဘက်ကနေ ပြေးလာသည့် ဆန်းကိုမြင်လိုက်သဖြင့် ဆန်းဆီကို တအားပြေးမိသည်။

"ဘာလဲ၊ ဘာဖြစ်တာလဲ"

"ဟိုမှာ ..."

ဆန်း မေးလို့မဆုံးမီ ဓားတစ်ချောင်းနှင့် ဆံပင်တွေ ဖိုးရိုးဖားရားလွင့်ပျံလျက် ပြေးလိုက်လာသည့် စိမ်းက မြင်ကွင်းထဲရောက်လာ၏။





"မမစိမ်း ...၊ ကိုယ့်ကို မမစိမ်းကိုလုပ်ပါဦး"

နှင်းက နောက်လှည့်မကြည့်ဘဲပြောရင်း သူ့ခါးကို သိမ်းကျုံးဖက်၍ တုန်နေသည်။

"မမစိမ်း"

"ဟင် ..."

ပြေးလွှားပါလာသည့် စိမ်းက ဆန်းကိုမြင်လိုက်တော့ တုံ့ခနဲရပ်သွား၏။ ပြီးတော့ ဆန်းကို စူးစူးရဲရဲကြည့်နေရာမှ မျက်ဝန်းတွေက ရီဝေဝေမောသွားသည်။

"ဆန်း ..."

"ဟုတ်ပါတယ် ကျွန်တော်ပါ။ မမစိမ်း ဘယ်လိုဖြစ်နေတာလဲ၊ ဓားကြီးချလိုက်ပါ။ ကျွန်တော်တို့ မင်္ဂလာညစာစားပွဲရှိတယ်လေ"

"ညစာစားပွဲ ..."

"ဟုတ်တယ် မမစိမ်း။ အဝတ်အစားတွေ သွား... လိုက်ပါ။ ကျွန်တော် မမစိမ်းကို လာခေါ်တာလေ"

"ငါ့ကိုလာခေါ်တာ"

စိမ်းက ဆန်းတစ်ကိုယ်လုံးကို စုန်ချီဆန်ချီကြည့်၍ တပ်မက်မြဟ်နိုးသည့်မျက်ဝန်းတို့မှာ ...ပြုံးယောင်သမ်းလာသည်။

"မမစိမ်း ဝတ်မှုံသွားလိုက်နော်၊ ဓားကြီး ပြန်ချထားလိုက်ပါ"

"ဓား ..."

စိမ်းက ဓားကိုပြန်ကြည့်ကာ ဘာဖြစ်လို့ ဒီဓားကို ကိုင်ထားမိပါလိမ့်ဟု စဉ်းစားနေသလိုမျိုး စူးစိုက်ကြည့်လို့မပြီးနိုင်။

ထိုစဉ် လေတစ်ချက်ဖြူးသွားသောကြောင့် ပြမ်းနေသောဝတ်ရုံ၏တန်းလန်းတစ်စက သူမမျက်လုံးရှေ့ကို ဝေ့ခနဲလွင့်တက်လာ၏။ သူမအာရုံထဲမှာ မြင်ကွင်းတွေပြိုးပြက်လက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝတ်စုံတွေမှ သုံးလေးစုံတောင်ရှိတာ မမကြီးရယ်"

"နှင်းလေးယူထားတဲ့ဝတ်စုံထက်တောင်လှသေးတယ်၊ မမကြီးက တစ်စုံမှာမှ မကြိုက်တာ"

ခင်အုန်းသည် မင်္ဂလာဝတ်စုံတွေ အထပ်လိုက်နှင့် ရှုံ့မဲ့ညည်းညူနေ၏။

"ဒါမှ စိတ်တိုင်းမကျသေးရင်တော့ ခက်ပြီ ညီမရေ့ ညီမကျမှပဲ သတို့သမီးဝတ်စုံတွေ တစ်ပုံကြီးနဲ့ဖြစ်နေတော့ ထူးထူးဆန်းဆန်းခေါင်းခြောက်ရတယ်"တဲ့။

မှန်တစ်ချပ်ရဲ့ရှေ့မှာ ဖြူခြောက်ခြောက်မျက်နှာနှင့် သူမကို ပြင်ဆင်ပေးနေသော မိန်းကလေးလည်း ရှုံ့မဲ့မဲ့မျက်နှာမှာ နှုတ်ခမ်းကပါ စူထော်နေ၏။

မဟုတ်သေးပါဘူး၊ ဝတ်စုံ ...၊ ဒီဝတ်စုံတွေ ဘာဖြစ်လို့ ငါ့မှာ များနေတာလဲ။ စိမ်း မျက်မှောင်ကြုတ်စဉ်းစားသည်။ ခေါင်းထဲမှာ တဖျပ်ဖျပ်ရှပ်တိုက်ပြေးနေသည့်မြင်ကွင်းမျိုးစုံက ဘာတွေ ဘယ်လိုဖြစ်ခဲ့မှန်းလည်း ဘာတစ်ခုမှ ဆုပ်ဖမ်းကြည့်လို့မမိဘဲဖြစ်နေသည်။

ရှုပ်ထွေးသောအတွေးများနှင့် လွန့်လူးလှုပ်ခါနေသော ဝတ်စုံအပြစ်ကို စူးစိုက်ငုံ့ကြည့်နေဆဲ၊ ဖျတ်ခနဲလှည့်လာသည့်မျက်နှာတစ်စုကြောင့် စိမ်းကလည်း မော့ကြည့်လိုက်ပြီးသားဖြစ်သွား၏။

"ဟင် ..."

မျက်လုံးထဲမှာ ဘွားခနဲမီးပွင့်သွားသည်ထင်၏။ အာရုံမှာပေါ်နေသော ကောင်းလာလိုက်၊ ဆိုးရွားလုလုဖြစ်သွားလိုက် သတိတရားတို့က ထိုမျက်နှာကို မြင်လိုက်ရသည့် စက္ကန့်ပိုင်းလေးအတွင်းမှာပဲ မီးဟုန်းဟုန်းထ တောက်၏။

"နှင်း သက် တန် ... အရူးမ"





ဓားကို အားရှိပါးရှိလဲမြှောက်လိုက်ပြီး အော်သည်။

"နင့်မျက်လုံးကို ထိုးဖောက်မယ်၊ ဘယ်တော့မှ မထီတထိမျက်စောင်းထိုးလို့မရတော့အောင် ဖောက်ထုတ်ပစ်မယ်၊ ပြီးတော့ နင့်လျှာကို အရင်းကနေ လှီးထုတ်ပစ်လိုက်မယ်၊ ငါ့ကို သတို့သမီး ဘယ်တော့မှမဖြစ်ဘူးလို့ ပြောတဲ့ကောင်မ၊ သေပေတော့"

ရှေ့ကို ခြေနှစ်လှမ်းခန့် တဖြည်းဖြည်းတိုးလာရာမှ ရိပ်ခနဲပြေးဝင်သည်။

"မမစိမ်း မလုပ်နဲ့"

"ဟော့ ... ဟော့ ... တားကြပါဦး၊ သမီး ..."

ဘယ်လိုဖုံးဖိထားသော်လည်း အောက်ထပ်ကလူတွေ အားလုံး သိကုန်ကြ၏။ ဦးစိမ်းအောင် ရှေ့ဆုံးမှပြေးတက်လာကာ နောက်မှလူတွေ အတန်းလိုက်ပါ၏။

ဒါပေမယ့် စိမ်း မျက်လုံးထဲမှာ နှင်းတစ်ယောက်တည်းကိုပဲမြင်နေသလိုပင်။

သူမ၏ အသိတရားတို့ ပုံမှန်အလင်းရောင်ပျပျလေးဆီ တရွေ့ရွေ့ တိုးသွားနေချိန်မှာ နှင်းမျက်နှာကိုမြင်လိုက်ရသဖြင့် အခြေအနေက အဆိုးဆုံးဖြစ်သွားခဲ့သည်။

ဆန်းကိုလည်း ဂရုမစိုက်တော့။ ရှေ့နောက်ဝဲယာမှာ လူတွေ ဘယ်လိုဝိုင်းထားထား ဓားကို တင်းကျပ်စွာဆုပ်ကိုင်၍ နှင်းကို တအားပြေးထိုးသည်။

"အား ..."

နှင်း လန့်အော်ကာ ဆန်းရင်ခွင်ထဲမှာ မျက်နှာကပ်ပစ်လိုက်ပြီး ကိုယ့်ကိုယ်ကို သေပြီဆိုသည့် အသိတစ်ခုပဲဝင်၏။ ဓားနှင့် အားရပါးရထိုးချလိုက်ပြီကို သိလိုက်သဖြင့် ပြေးဖို့လည်းစိတ်မကူးတော့ဘဲ ဆန်းရင်ခွင်ထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာပဲ စိတ်တို[illegible]

သို့သော် ဆန်းက နှင်းကို အထိမခံပါ။ ကျောပြင်လေးထဲကို ဟစ်ဆုံးထိ နစ်ဝင်သွားနိုင်လောက်အောင် အရှိန်ဟုန်ပြင်းသည့်ဓားကို တားဆီးဖို့လည်း မတတ်နိုင်တော့သဖြင့် နှင်းကိုဖက်ကာ ဆွဲလှည့်ပစ်လိုက်၏။

"အ"

ဓားက ပါးနားမှ အေးခနဲဖြတ်သန်းသွားကာ ပခုံးနှင့်နောက်ကျောတစ်လျှောက်မှာ ဖျင်းခနဲပူလောင်သွား၏။

"သမီး မလုပ်နဲ့"

ဦးစိမ်းအောင်ကိုယ်တိုင် အနားကိုရောက်လာပေမယ့် ဓားကိုင်ထားသည့် စိမ်းကို ဝင်မဆွဲရဲပေ။ နောက်ထပ် ဓားချက်တွေဝင်လာသည်။

ပခုံးတစ်ဖက်မှာ ပူခနဲတစ်ချက်ထိသွားပြန်၏။ ဒီတိုင်းရှောင်နေလျှင် နှင်းကိုလည်းထိတော့မှာမို့ ဆန်းက မိုက်တိမိုက်ကန်းဆုံးဖြတ်ကာ စိမ်းဘက်က ဓားချက်တစ်ချက်ရောက်လာအပြီးမှာ ရှောင်ထွက်လိုက်ရင်း စိမ်း၏ဖက်ပိုးကို လက်ပြန်တစ်ချက် လွှဲရိုက်ပစ်လိုက်၏။

"အား"

စိမ်း ခွေခနဲလဲကျသွား၏။ လူက လဲကျပြီး ဓားက ကြမ်းပြင်မှာ ထောက်လျက်ရှိကာ ဓားရိုးကိုတင်းကျပ်စွာဆုပ်ထားဆဲဖြစ်၏။

ထို့ပြင် နဖူးကဒဏ်ရာနှင့် အရိုက်ခံရသည့်အရှိန်ကြောင့် မဟန်နိုင်တော့တာကို မရမကပြန်ထဖို့ အသည်းအသန်လူးလဲကြိုးစားသေးသည်။

နောက်ဆုံး တအိအိပြန်၍လဲကျသွားကာ လုံးဝ ငြိမ်သက်သွားခဲ့၏။

"သမီး"

ဦးစိမ်းအောင် သမီးဖြစ်သူကို ပြေးပွေ့၏။ စိမ်းက သတိလစ်မေ့မြောနေပြီဖြစ်သည်။

"ဖြစ်ရလေ သမီးကြီးရယ်"





"အို ... ဒါ ... ဒါက ရွက်စိမ်းနုလား၊ မယုံနိုင်စရာပဲ"

"ဘာတွေဖြစ်ကုန်တာလဲ"

"ဟိုမှာလေ သတို့သားပေါ့"

သွေးချင်းချင်းနီကာ ရုပ်ဖမ်းမရအောင် ဖရိုဖရဲဖြစ်နေသဖြင့် မင်္ဂလာပွဲလာကြသူတွေက စိမ်းကို ရုတ်တရက် မမှတ်မိကြပေ။

ဆန်းကိုသိတဲ့လူ ရှိသလို မသိတဲ့လူတွေလည်းရှိ၏။ ဒါပေမယ့် သတို့သမီးဝတ်စုံနှင့် မိန်းမလှလေးတစ်ယောက်ကို တယုတယပွေ့ဖက်ထားသဖြင့် သတို့သမီးဟာ ထိုမိန်းကလေးပဲလို့လို ...၊

ဦးစိမ်းအောင် မှင်သက်နေတော့ပါ။ မျက်နှာလည်း တစ်ချက်မှမမော့တော့ပေ။

ဘာပဲဖြစ်ဖြစ် ရှိပါစေတော့ ...



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၃)

"ဘယ်သူမပြု မိမိအမှုပါပဲ"

"ဟုတ်တယ်၊ ပစ္စုပ္ပန်မှာဖြစ်သမျှဟာ အတိတ်က မိမိရဲ့ပြုလုပ်ချက်တွေပေါ့"

လှနှာခုတင်ရဲ့တေးမှာ မိတ်ဆွေပရိသတ်က မနည်းမနောပင်။ လှနှာက သမားတော်တစ်ယောက်ဖြစ်ကာ ပရိသတ်ကလည်း အထူးကုသမားတော်တွေ၊ ဒေါက်တာတွေပဲဖြစ်နေ၏။

မဟုတ်တာဆိုလို့ နှင်းတစ်ယောက်ပဲရှိသည်။ နှင်းက ခေါင်းရင်းမှာ ခေါင်းအုံးတွေဆင့်၍ ခပ်လျှောလျှောထိုင်နေသည့် ဆန်းရဲ့ဘေးမှာပဲထိုင်နေကာ သူမလုပ်ဇာတ်တာက မျက်ရည်တွေပြည့်သိပ်လာလိုက်၊ မျက်တောင်တွေခတ်ပစ်ပြီး တားဆီးချုပ်တီးနေလိုက်။

သူမအတွက် ဆန်းကိုယ်မှာ ဓားချက်တွေထိထားသည်။

အသက်အန္တရာယ် မစိုးရိမ်ရပါဘူးဆိုတာတောင်မှ 'ကိုကိုများ ငါ့ကြောင့်သေသွားခဲ့ရင်' ဆိုသည့်အတွေးကြောင့် ငိုပြီးရင်းငိုချင်နေ၏။

ထို့ပြင် စိမ်းက သတိရလာတော့ ဘယ်သူဘယ်ဝါ ဘာကိုမှ မမှတ်မိတော့လောက်အောင် စိတ်တွေဖောက်ပြန်သွားခဲ့သည်။





ဦးစိမ်းအောင်သည် မင်္ဂလာပွဲကို ဖျက်သိမ်းကြောင်း သူကိုယ်တိုင်ပဲ ကြေညာကာ သမီးဖြစ်သူကို အခန်းထဲမွေ့ယူသွားခဲ့၏။

နောက်တော့ ဆေးရုံရောက်သွားသလား၊ အပြီးတိုင်ထွက်သွားတာလား၊ ရှုပ်ထွေးသောအခြေအနေတွေကြောင့် နှင်း ဘာကိုမှမသိလိုက်ပေ။ ဦးဇေယျာကတော့ ပြော၏။

"ဖြစ်မလာသေးတာကို အများကြီးကြိုတွေးပြီး အပင်ပန်းမခံနဲ့၊ သူရေးတဲ့ဇာတ်ကို သူ နိုင်အောင်က,မှာပါ၊ လိုအပ်တဲ့အခါ တည်ဝဲတည်ငြိမ်ငြိမ်ဆုံးဖြတ်နိုင်အောင်သာ ပြင်ဆင်ထား၊ ကိုယ်က မှန်တဲ့ဘက်မှာပဲ"

လူတိုင်းကလည်း အံ့သြမဆုံးဖြစ်ကြပြီးသည့်နောက်မှာ ဒီတိုင်းပဲပြောကြသည်။

"ဒီကောင်မလေးက ဦးသက်တန့်ရဲ့သမီးလေးကို။ ဒါကြောင့် ဖအေနဲ့တော်တော်ဆင်နေတာ၊ ကျွန်မတို့ကတော့ ဟိုတုန်းက သူတို့အကြောင်းကိုမှမသိတာ၊ ဦးစိမ်းအောင်တို့မိသားစုကိုပဲ အပိုင်လွှဲခဲ့တယ်မှတ်တာ"

"ကောင်မလေးကိုထားခဲ့တာ ကျွန်တစ်ယောက်လိုပဲနော်"

"ဟုတ်တယ်၊ ရှူးနေတာလို့ပြောပြီး အပြင်ကိုပေးမထွက်ဘူးလေ၊ ဒါကြောင့် လူတိုင်းမသိကြတာ၊ ခုတော့ သူများကမရှူးဘဲ သူ့သမီး ရူးသွားပြီ၊ 'ဝဋ်ဇာတ်ထိတိုင်းရှ'တဲ့၊ ကြောက်စရာကောင်းလိုက်တာ"

ရုတ်ရုတ်သဲသဲဖြစ်သွားခဲ့သော မင်္ဂလာပွဲ၏အရှိန်က ထိုနေ့မှာပဲ တစ်နေ့လုံး တစ်ညလုံး ပြောမဆုံးအောင်ဖြစ်သွားခဲ့ကြ၏။

ရှူးပြီဆိုတော့မှ ဆန်းကို သူမ ဘယ်လောက်ထိ တိတ်တခိုး မက်မောနေခဲ့မှန်း ပေါ်လွင်လာခဲ့သည်။ နှင်း ပြောသမျှ နှင်း ကြည့်သမျှအပေါ် ဘယ်လောက်ထိ မျိုသိပ်အုံ့ဖွဲ့နေခဲ့မှန်း သိသွားကြ၏။

ထိုအခါ 'နှင်းသက်တန့် ဆိုတဲ့ကောင်မလေးက ဘာတွေပြောခဲ့ဖူးလို့လဲ' ဆိုသော မေးခွန်းတွေဆင့်ပွားပါလာကြသည်။ နောက်တော့လည်း မေး



www.burmeseclassic.com

www.burmeseclassic.com



ကြည်းမှာပါ။

ရင်ဆိုင်ရဖို့တွေ အများကြီးရှိနေသေးသည်။ ဒါပေမယ့် လောလော ဆယ်မှာ ဆန်း၏ကျန်းမာရေး ကောင်းလာဖို့တစ်ခုကိုပဲ နှင်း လိုချင်မိသည်။

နှင်းရဲ့ဘေးမှာ ကိုကို ရှိနေမှုဖြစ်မည်။ ကိုကိုရှိမှ ဘဝတစ်ခုလုံး ပြီး ပြည့်စုံမှာပါဆိုလျှင် ပိုတယ်လို့ပြောကြမည်လား။

နှင်း ကိုကို့ကို ချစ်လို့ပါ။

စိတ်အတွေးနှင့် မျက်လုံးတွေက ကိုကို့မျက်နှာဆီ ဝေ့ခနဲရောက်၏။ မိတ်ဆွေတွေနှင့် စကားပြောရင်း ပြုံးနေသည့် ကိုကို့မျက်လုံးတွေနှင့်ဆုံမိ လျှင် ကိုကို့မျက်နှာ ကွက်ခနဲပျက်သွားသည်။

"ဘာဖြစ်လို့လဲ"

"ဟင့်အင်း"

နှင်း ခေါင်းခါကာ မျက်ရည်စတို့ကို လက်ခုံလေးနဲ့ပါ သုတ်ပစ်သည်။ ဆံနွယ်နုနုတို့က ဆန်းကြည့်နေသည့်ပါးပြင်တစ်ဖက်ဘေးကနေ ဝေ့ဝဲ နွဲ့ကျလာ၏။

ဒီဆံစတို့ကို သိမ်းတင်ကာ မေးဖျားလေးကို သူ့ဘက်ဆွဲယူကြည့်ချင် သည်။ ဒါပေမယ့် တခြားလူတွေက ဝိုင်းနေသဖြင့် ...

"အဲဒါပေါ့ဗျာ၊ ဆရာဝန်များတော့ ဆေးထိုးရခက်တာ၊ ဒီဒဏ်ရာကို ဘာမှမဖြစ်လောက်ပါဘူးဆိုပြီး အိမ်မှာပဲ ပတ်တီးစည်းပေးဖို့ ဖွတ်ကိုပြော တာ၊ ဟား ဟား ဟား"

ဦးစောက အကျယ်ကြီးထ,ပြော၏။

"အေးလေ၊ သိပ်မနက်ပေမယ့် ဒဏ်ရာက သေးသေးမှမဟုတ်တာ"

ဦးရန်ပိုင် ရောက်လာတော့ အားလုံးက နေရာဖယ်ပေးကြကာ ...

"ဆရာကြီးတပည့်ကိုလဲကြည့်ပါဦး၊ ကလေးလို ချုပ်နှောင်ဖင်လှန်ပြီး ဆေးထိုးရမလိုဖြစ်နေပြီ"





"ဟော"

"ဟား ဟား"

ရှိနေသည့် ဆရာ၊ ဆရာမတွေပါ ဝိုင်းရယ်ကြသည်။ စားစရာတွေ တစ်ပွေ့တစ်ပိုက်ကြီးသယ်လာသည့် ဦးထွေးက စားပွဲလေးပေါ်မှာ သေချာသွားအောင်တင်ပြီးမှ ...

"ပြောပါဦး ဆရာတို့ရယ်၊ သွေးတွေ ဘာတွေတောင်သွင်းထားရတာ ကို၊ သူ လူမမာဖြစ်ရမှာ သိပ်ကြောက်တာ၊ သုံးရက်ရှိပြီ၊ လေးရက်ရှိပြီနဲ့ ဆင်းချင်နေတာလေ၊ ကျွန်တော့်မှာ ဆရာတို့နဲ့လှည့်ပြောနေရတာ"

ဦးရန်ပိုင်ကိုပဲကြည့်၍ တိုင်သည်။ ဒီထဲမှာ ဦးရန်ပိုင်က ပါမောက္ခ ဖြစ်ကာ အသက်လည်းအကြီးဆုံး။ သူက ဆန်းနှင့်နှင်းကို ဝေ့ခနဲကြည့်၍ ပြုံးလိုက်သည်။

"လူမမာမဖြစ်ချင်တာ ဟုတ်ရဲ့လား၊ သူ့ဘာသာ မိန်းကလေးအတွက် သက်စွန့်ဆံဖျားဝင်ကယ်ပြီး ဒဏ်ရာကို သူများတွေ ဝိုင်းစိတ်ပူတော့ ရှက် နေတာမဟုတ်ဘူးလား"

"ဟာ ဆရာကလဲ ..."

ဆန်းမျက်နှာ ရဲခနဲဖြစ်သွားသည်။ အားလုံး ဝိုင်းရယ်ကြတော့ ပိုဆိုး ၏။ နှင်း ရှက်ကိုးရှက်ကန်းထ,ရပ်ကာ ဦးထွေး ယူလာသည့် ဆွဲခြင်းကြီးကို ဟိုဟာဆွဲချ၊ ဒီဟာဆွဲထုတ်နှင့် ဘာတွေလုပ်မိမှန်းလည်းမသိ။

"ဟုတ်တယ်ဗျာ၊ ကျွန်တော် အဲဒါတွေမတွေးမိဘူး၊ ဒီဒေါက်တာ ကောင့် လူမမာ ကြာကြာမဖြစ်ချင်တာလဲ ..."

"ဟာ ... ကိုလွင် ..."

"ဟား ဟား"

ဆန်း လူပျိုဖျန်းလေးလိုရှက်နေလေ ပိုစ,ကြလေ၊ လူနာအခန်းက လူနာအခန်းနှင့်မတူဘဲ ရယ်သံများနှင့် စိုပြည်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း ... ကိုင်း **round** မယ်၊ ကိုးနာရီထိုးနေပြီ"

ဦးရန်ပိုင်က နာရီကိုမြှောက်ထားပြီး လက်ကိုမကြည့်ဘဲ ဆန်းကို ပြုံးကြည့်၏။ ပြီးတော့ အလုပ်မရှိ အလုပ်ရှာနေသည့် နှင်း၏ကျောပြင်လေးကို မသိမသာ မျက်ခုံးပင့်ပြလိုက်ပြီးမှ ဦးဆောင်၍ထွက်ခွာသွားသည်။

ဆန်းက ပြုံး၍ လည်ကုပ်ကဆံပင်ကို သပ်နေသည်။

"ပြုံးလို့ပါလား၊ နေကောင်းပြီထင်တယ်နော်"

ဦးလေးက တစ်မျိုး။ ဆန်းက မော့ကြည့်ပြီး ဘာမှမဖြေဘဲ မချိုမချဉ်မျက်နှာလွှဲသည်။

"ဟွန်း ... ငါသိပါတယ်၊ မင်း နေကောင်းသွားပြီဆိုတာ၊ ရှေ့လျှောက်အရက်မသောက်ဖြစ်တော့ဘူးဆိုတာလဲ မင်းကတိပေးစရာမလိုတော့ဘူး"

ဦးထွေးက တည်တည်ကြီးပြောနေရာမှ တဖြည်းဖြည်းပြုံးလာကာ...

"ငါ ဆရာကြီးကို မေးစရာရှိလို့ သွားလိုက်ဦးမယ်"

ဟု ပြောပြီး ထွက်သွား၏။ နှင်းက ဆန်းအတွက် စားစရာပြင်နေရင်း ဖွန်းရှာမတွေ့သဖြင့် ဟိုလှန် ဒီလှန်လုပ်ရင်း ဒီဘက်လှည့်ကာ ...

"ဦးလေးက ဖွန်းလဲမပါဘူး ကိုကို၊ မေ့လာတယ်ထင်တယ်၊ ခဏလေးနော်"

"နှင်း"

ဆန်းက နှင်းလက်ဖဝါးလေးကို ဖမ်းဆွဲလိုက်၏။

"ဘာတွေအကြောင်းရှာတာလဲ၊ အနားမှာမနေချင်လို့လား"

"မဟုတ်ပါဘူး ကိုကိုရယ်၊ ကိုကို့ကို ကြာဇံပြုတ်တိုက်မလို့ပါ၊ ဒီမှာဖွန်း ..."

"ဘာမှမစားချင်ဘူး၊ ဒီမှာလာထိုင်"

နှင်းလက်ကလေးကိုဖိဆွဲ၍ အနားမှာလာထိုင်ခိုင်းသည်။ နှင်းကဆန်းရဲ့ဘေးမှာ ဝင်ထိုင်လိုက်ပြီး ...





"ကိုကို ဘာပြောမလို့လဲဟင်"

"ဘာပြောမယ်ထင်လဲ"

တစ်ယောက်ကိုတစ်ယောက်ငေးကြည့်ရင်း နှင်းက ခေါင်းခါ၍ ...

"မထင်တတ်ဘူး ကိုကို၊ ကိုကို့ကို နှင်း အကဲမခတ်တတ်ဘူး၊ ကိုကိုက ..."

"ကိုကို့ကို စိတ်နာနေတာလား"

"ဟင့်အင်း"

"မမစိမ်းကို လက်ထပ်ဖို့ဆုံးဖြတ်ခဲ့တာကိုလေ၊ မှန်မှန်ဖြေပါ"

"မဆိုးပါဘူး ကိုကို၊ နှင်းကို ကိုကို အများကြီးကြင်နာခဲ့တာပါ၊ နောက်ထပ် မရနိုင်တော့ရင်တောင် ရထားပြီးတာတွေနဲ့ပဲ ကျေနပ်နေနိုင်အောင် နှင်း ကြိုးစားခဲ့တာ"

"ရလား"

"ကိုကိုရောဟင်"

"ဘာကိုလဲ"

"နှင်းကိုချစ်တယ်ဆိုပြီး မမစိမ်းကို လက်ထပ်ဖို့ဆုံးဖြတ်ခဲ့တာလေ ချစ်လို့ရလား"

ဆန်းက ခေါင်းခါ၍ နှင်းလက်ဖဝါးလေးကို ထင်းခနဲဖျစ်၏။

"ကိုယ်မေးတဲ့အတိုင်းတူတဲ့မေးခွန်းတွေကို မေးကွာ၊ အများကြီး ရှင်းပြနေရမှာတွေ မရှင်းချင်တော့ဘူး၊ ပြီးတော့ ဒါတွေကိုပြောတိုင်း တစ်ဖက်သားကို ပုတ်ခတ်ရမှာတွေရှိတယ်၊ ကိုယ်တို့ အဲဒီအတိတ်ကအကြောင်းတွေကို ထားခဲ့ရအောင်နော်"

နှင်းက ဆန်းကိုငေးကြည့်နေပြီး ခပ်လေးလေးခေါင်းညိတ်သည်။

"ထားခဲ့ဖို့ဖြစ်ဖြစ်၊ ရင်ဆိုင်ဖို့ဖြစ်ဖြစ် ကိုကို နှင်းရဲ့ဘေးမှာရှိနေမယ်ဆိုရင် နှင်း မကြောက်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ရှိနေချင်တယ်၊ ဒါပေမယ့် ဟိုတုန်းကလိုမဟုတ်ဘူး၊ အဲဒီလိုမဟုတ်တော့ဘူး။ ဒီတစ်ခါ ထပ်ပြီး သိက္ခာ သမာဓိတွေနဲ့ လုံးထွေထမ်းပိုးထားရဦးမယ်ဆိုရင် မင်းနဲ့ကိုကို ဒီလိုအဖြစ်မျိုးတွေ ဒါမှမဟုတ် ဒီထက်ဆိုးတဲ့အဖြစ်တွေ ထပ်ရှိလာနိုင်တယ်။ မင်းရဲ့ဘေးမှာထာဝရရှိချင်တယ်နှင်းရယ်၊ ကိုကို့ကို မင်း စိတ်နာနေတာမရှိခဲ့ဘူးဆိုရင် ခွင့်ပြုပါ၊ မင်းကို လက်ထပ်ပါရစေ"

နှင်း မျက်နှာလေးငုံ့ပစ်လိုက်စဉ်မှာ ထပ်ဆုပ်ထားသည့် ဆန်းနဲ့ သူမ၏ လက်ခုံများပေါ်သို့ မျက်ရည်စက်တို့ လွှတ်လပ်စွာခုန်ဆင်းသွားကြသည်။

"ဘာလို့ငိုတာလဲ နှင်းရယ်၊ ဘာဖြစ်လို့လဲဟင်၊ ပြောရခက်သွားလို့လား၊ နှင်း ကိုယ့်ကို လက်မခံနိုင်တော့လို့လား"

နှင်း ခေါင်းခါသည်။ ဘာမှလည်းမပြောနိုင်။ ဆန်းသည် မချင့်မရဲစိတ်နှင့် ကိုယ်ကိုမတ်မတ်ပြင်ထိုင်သည်။ နှင်း သူ့ကို မမုန်းဘူးဆိုတာ သိသည်၊ ဒါကြောင့် ဝမ်းနည်း၍ ဒါမှမဟုတ် ဝမ်းသာ၍ တစ်ခုခုကြောင့်ဖြစ်နိုင်သော ငိုနေခြင်းကို ယုယစွာတွေးမွေ့ထားပြီး ချော့ချင်မိသည်။ ဒါ သီးသန့်လူနာခန်းလေးပေမယ့် အမြင်မတော်ဖြစ်သွားမှာလည်း စိုး၏။

"နှင်း တိတ်ပါကွာ၊ ကျွတ်"

မချင့်မရဲစိတ်သည် တစ်ခါတစ်ခါ အထူးကုသမားတော်ကြီးဖြစ်နေရသည့် ကိုယ့်ကိုယ်ကိုတောင် ကူးစက်ချင်ခဲ့၏။ ဆယ်ကျော်သက်လူငယ်လေးတွေလိုဆို ပန်းခြံ၊ စားသောက်ဆိုင်၊ လမ်းဘေးမှာ ဘယ်မှာဖြစ်ဖြစ် လွှတ်လပ်ပွင့်လင်းရဲ့မှာပေါ့။ သူ့ကျတော့ ...

"မင်း မတိတ်ရင် ကိုယ် ဆွဲပွေ့မိတော့မယ်၊ မတိတ်ဘူးလား"

နှင်းက မော့ကြည့်လာရင်း မျက်ရည်တွေကိုသုတ်၍ ...

"ကိုကို့ကြောင့်မဟုတ်ပါဘူးဆိုမှ"

"သိတယ်၊ အဲဒါကြောင့် အသည်းယားနေတာ၊ သိပ်အနိုင်ယူတာပဲကွာ၊ လက်ထပ်ခွင့်တောင်းမိတာလေးကို ..."





ပြော၍ ဆန်းက နှင်းလက်ကလေးကို ရှေ့ဆွဲယူလိုက်၏။ နှင်းကိုယ်လေး သူ့ဘက်ရှေ့ကိုယိမ်းကျလာမှ ...

"အကျီလဲပေးမလား၊ ချွေးစော်နံနေလို့"

"ဟင် ..."

နှင်း ပျာပျာသလဲဖြစ်သွား၏။ မျက်နှာချင်းဆိုင်ထိုင်နေရာမှ ဆန်းရဲ့ဘေးမှာ ယှဉ်လျက်ဝင်ထိုင်ကာ ...

"အဲဒါ နှင်း လုပ်ပေးရမယ့်အလုပ်တွေ ကိုကိုရယ်၊ ကိုကို ခိုင်းမှသတိရတာ၊ နှင်း စိတ်မကောင်းလိုက်တာ"

ပြောနေရင်း ခေါင်းအုံးဘေးမှာ အထပ်လိုက်လေးချထားသည့် အကျီတွေထဲက တစ်ထည်ကိုယူ၍ ဒီဘက်ပြန်လှည့်၏။

"ကိုကို ဒီဘက်နည်းနည်းလှည့်"

"အင်း"

ဆန်းက လှည့်ပေးသလိုလိုနှင့် နှင်း ကြယ်သီးဖြုတ်ပေးတော့ အနားကို ထိကပ်သွားအောင်တိုးလိုက်ပြီး ...

"အကျီက မနက်စောစောကမှလဲထားတာကွ၊ ဘာဖြစ်လို့ ထပ်လဲခိုင်းတာလဲ သိလား"

တိုးတိုးလေးကပ်မေးကာ နှင်း ပါးပြင်လေးကို ဖျတ်ခနဲနမ်း၏။

"အို ... ကိုကိုကလဲ ..."

နှင်း ရှက်သွားကာ ဟိုဘက်လှည့်ပစ်လိုက်မိသည်။

"ပြန်လှည့်နော်၊ ဒီတိုင်းလေး ကြယ်သီးဆက်ဖြုတ်နေ၊ မဟုတ်ရင် ဒီက လက်ပါလာရလိမ့်မယ်"

"ကိုကိုကလဲ ဘာမှန်းလဲမသိဘူး"

နှင်း ရင်တွေခုန်ကာ ကိုယ့်လက်ကို ထပ်ဆုပ်ထားတာတောင် လက်တွေက တုန်နေ၏။ ပြီးတော့ ချက်ချင်းကြီး အေးစက်လာတာ အံ့သြဖွယ်ပင်။



www.burmeseclassic.com

www.burmeseclassic.com



ထိုလက်ဖဝါးလေးနှစ်ဖက်ကို ဆန်းက လက်တစ်ဖက်တည်းနှင့် ဖိဆုပ်ထားလိုက်ကာ ...

"ဟိတ် ပြောနေတာ ကြားလား"

"မသိဘူးကွာ"

"မသိလို့မရဘူး၊ အဲဒါကြောင့် ဆေးရုံကဆင်းချင်တာလဲ ဉာဏ်များ မရဘူး"

ဆန်း စကားကြောင့် နှင်း ရှက်နေသည့်ကြားက ပြုံးလိုက်မိသည်။

ဆန်းက ရယ်သံသဲ့သဲ့နှင့် နှင်းပခုံးလေးကို သူ့ပခုံးနှင့်တိုက်၍ ...

"တကယ် ကတိပေးမယ်၊ ကြယ်သီးတစ်လုံးကို တစ်ခါပဲနမ်းမှာ"

"ကိုကိုနော် ..."

"နှင်းရယ် ..."

သူ နှင်းရဲ့ နီမြန်းမြန်းပါးပြင်လေးကို ချစ်စနိုး ဖိလိမ်ပစ်ချင်၏။ ပြီးတော့ ပခုံးလေးကို ရုန်းမရအောင်ဆွဲဖက်ထားပြီး နဖူးပြင်လေးကို နမ်းချင်သည်။

ရှိန်းမြမြစိမ်းနုနေသည့် နားသယ်စပ်ဆံစလေးတွေကိုလည်း အလွတ်မပေးချင်။ ဒါပေမယ့် လက်ဖဝါးလေးကိုပဲ ထွေးဆုပ်ထားရင်း ...

"သိပ်ချစ်တာပဲ ကလေးရယ်"

အချစ်ကြောင့် သူ့ရဲ့ရင်သည် ငြိမ်းချမ်းခြင်းဖြင့် ထာဝရပြီးဆုံးဖို့ အသေအချာ။

ထို့ကြောင့် ချစ်နိုင်ကြပါစေ ...။

# လရောင်ကျူးရင့်

ရွှေသဇင်စာပေ

BURMESE CLASSIC .com

www.burmeseclassic.com